# ကမ္ဘာ့လက်စွဲကျမ်း

(ပထမတွဲ)

ဟံသာဝတီဦးသုမန


သာသနာပြု-ဓမ္မကထိက
ဟံသာဝတီ - ဦးသုမန

ရန်ကုန်လွတ်လပ်ရေးအဖွဲ့ကြီး၏

ဩဝါဒါစရိယဆရာတော်နှင့်-သရက်တောတိုက်

ညီညွတ်ဖြေချမ်းရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌ

ဗုဒ္ဓဘာသာ သာသနာပြု

**နယ်သည့် ဓမ္မကထိက**

**ဟံသာဝတီ-ဦးသုမန။**

အသျှင်မြတ် ရေးသား တည်ထွင် စီရင်တော်မူအပ်သော

# ကမ္ဘာ့ လက်စွဲကျမ်း။

ပဌမတွဲ။

၁၃၀၁-ခုနှစ် ဒုတိယ ဝါဆိုလပြည့်နေ့၌ ပုံနှိပ်ပြီးစီးသည်။

သကျသီဟဓမ္မာစရိယ

အဘိဓမ္မာ ညဝါအလင်းပြ ကျမ်းပြုဆရာ

**ဦး ဖေ မြင့်။**

ကြီးကြပ်ပြင်ဆင်သည်။

အဘိုးတဖုပ် ၈-၆ Price Rs. 1/8

**ချစ်စရာစာပုံနှိပ်တိုက်။**

# မာတိကာ။


၁။ နိဒါန်း ၁

၂။ နမောတဿ ဘုရားရှိခိုး ၅

၃။ ရတနတ္တယ ပဏာမ ၆

၄။ စာရှုသူတို့အားတောင်းပန်မှာထားခြင်း ၈

၅။ ဘုရားအဖြစ်ကိုအလွန့်အလွန်ရခဲပုံကိုပြခြင်း ၉

၆။ ဘုရားရှင်တို့နှင့်တွေ့ဆုံရန်ခဲယဉ်းပုံကိုပြခြင်း ၁၁

၇။ ဘုရားရှင် သာသနာနှင့် တွေ့ဆုံသော်လည်း ကြည်ညိုရန် ခဲယဉ်းပုံကိုပြခြင်း ၁၄

၈။ သူတော်ကောင်းပုဂ္ဂိုလ်၌သာသဒ္ဓါတည်ခြင်းကို ပြခြင်း ၁၅

၉။ ဘုရားရှင်သာသနာကိုအမြဲလျက်ပျက်စီးသော သူအချို့ကိုပြခြင်း ၁၆

၁၀။ သာရခေတ်၌လည်းဤကဲ့သို့ပျက်စီးသောသူအချို့ ကိုပြခြင်း ၁၈

၁၁။ ဘုရားစသောရတနာသုံးပါးတို့အားရှေးကောင်း မှုရှိသူတို့သာ ပူဇော်နိုင်သည်ကိုပြခြင်း ၂၀

၁၂။ ဘုရားရှင်တို့အားရှိခိုးပူဇော်ရခြင်းအကျိုးကို ပြခြင်း ၂၃

# မာတိကာ။


၁၃။ ဘုရားရှင်အားပူဇော်သဖြင့် ကြီးကျယ်သော
အကျိုးကိုခံရရှိသော (သုမနမာလာကာရ) ဝတ္ထု။ ၂၆
၁၅။ သုမနပန်းသည်သဗ္ဗညုကဆုရသည်ကိုပြခြင်း ၂၉
၁၆။ သုမန ပန်းသည် ပစ္စေကဗောဓိဆုရသည်ကို
ပြခြင်း ၃၀
၁၇။ မဏ္ဍိကာဒေဝီပုရားကြီးဝတ္ထု။ ၃၃
၁၈။ မဋ္ဌကုဏ္ဍလီဝတ္ထု။ ၃၆
၁၉။ စဏ္ဍာလီအမယ်အိုကြီးဝတ္ထု။ ၃၈
၂၀။ ကောဝန္ဒနိယာမထေရ်ဝတ္ထု။ ၄၁

၂၁။ ပါဋိကလေယျကဆင်မင်းဝတ္ထု။ ၄၃
၂၂။ မက္ကဋနတ်သားဝတ္ထု။ ၄၄
၂၃။ မဏ္ဍဒါယကမထေရ်ဝတ္ထု။ ၄၆
၂၄။ ခင်ပုပ်ငှက်ဝတ္ထု။ ၄၈
၂၅။ အဂ္ဂသာဝက,မဟာသာဝကစသောဝတ္ထုတို့ကို
ရပေါင်း၍ပြခြင်း ၅၀

၂၆။ ဘုရားရှင်ကိုယ်စားစေတီများကို,ကိုးကွယ်ခန့်
ဘုရားရှင်နှင့်ပြုခြင်းကိုပြခြင်း ၅၈
ဓါတုစေတီကား ၆၀
၂၇။ စေတီတော်ခေါ်းကိုအသုံးသိသာရန်ပြခြင်း ၆၃
၂၈။ စေတီကိုပူဇော်လျှင်သက်တော်ထင်ရှားရှိသော
ဘုရားရှင်ကိုပူဇော်သည့်တူ၍ကိုပြခြင်း။ ၆၆

ဓာတုစေတီခန်း ၆၈
၂၉။ ဓါတုစေတီကိုပူဇော်ခြင်း၏အကျိုးကိုပြသော (ဇဋိလ)သုမ္ဘမထေရ်)ဝတ္ထု ၆၈
၃၀။ အဇာတသတ်မင်းဓါတ်တော်ပူဇော်ခန်းနှင့် မှတ်သားဘွယ်ဝတ္ထု။ ၇၁
၃၁။ ကောသလဥက္ကိနုတ်သွီးဝတ္ထု ၇၅
၃၂။ ဝဏ္ဏကာရမထေရ်ဝတ္ထု ၇၈
၃၃။ ဓါတုပူဇကမထေရ်ဝတ္ထု ၈၁
၃၄။ ဆဏ္ဏာဒိဆတ္တိယမထေရ်ဝတ္ထု ၈၃
၃၅။ ဓါတုစေတီကိုအထူးပူဇော်ရန်နိဂုံးကိုပြခြင်း ၈၆

ဓါတုစေတီခန်းပြီး၏။

၃၆။ ပရိဘောဂစေတီခန်း။ ၈၇
၃၇။ အာနန္ဒာဗောဓိကိုပြခြင်း ၈၉
၃၈။ သီဟိုဠ်ဗောဓိအကြောင်း ၉၁
၃၉၊ ပရိဘောဂစေတီပူဇော်ကျိုးကိုပြသောတောလ မက္ကိယ မထေရ်ဝတ္ထု ၉၂
၄၀။ ကောဒိပိယ မထေရ်ဝတ္ထု ၉၄
၄၁။ ခဇ္ဇဒါယက မထေရ်ဝတ္ထု ၉၆
၄၂။ ပဉ္စဒီပိကာဘိက္ခုနီမဝတ္ထု ၉၅

၄၃။ ညောင်ရေသွန်းခြင်းအကျိုးကိုပြသောဗောဓိသိဋ္ဌကမထေရ်ဝတ္ထု၊ ၁၀၁
၄၄။ ပရိဘောဂစေတီကိုပူဇော်ရန် တိုက်တွန်းခြင်းကိုပြခြင်း ၁၀၄

ပရိဘောဂစေတီခန်းပြီး၏။

၄၅။ ဥဒ္ဒိဿစေတီတော်အခန်း ၁၀၀
၄၆။ ကောသလမင်းကြီး၊ ရှင်ပွါးဆင်းတုကိုးကွယ်ရန်ခွင့်တောင်းသည်ကိုပြခြင်း ၁၀၇
၄၇။ ဘုရားရှင်၏ပုံတော်ထုလုပ်နိုင်သောအရာဝတ္ထု၊ တို့ကိုပြခြင်း ၁၀၈
၄၈။ ပုံသဏ္ဌာန်အနေအထားထုလုပ်ရန်အမျိုးမျိုးခွင့်ပြုသည်ကိုပြခြင်း ၁၀၉
၅၀။ မင်းကြီးဘုရားပုံတော်ထုလုပ်ခန်း ၁၁၀
၅၁။ ဝိသကြိုနတ်သားလျှပြည်သို့ဆင်းလာခြင်း ၁၁၁
၅၂။ ဆင်းတုတော်၏အံ့ဩဘွယ်တန်ခိုးနှင့်ဘုရားရှင်၏ရှုတ်ဘွယ်မိန့်ခွန်း ၁၁၂
၅၃။ ဘုရားရှင်လက်ထက်ကပင်ကိုယ်တော်စားရဟန္တာအရှင်မြတ်တို့ စေတီတည်ထားကိုးကွယ်သည်ကိုပြခြင်း ၁၁၄

၅၄။ နတ်မျှားဆင်းတုတော်ကိုးကွယ်သည်ကို
ပြခြင်း ၁၁၇
၅၅။ ရုပ်တုတော်ဥစ္စာသစေတီတော်တို့အားပူဇော်
ခြင်းအကျိုးကိုပြသော(တိရဏသာရဥပသကာ)
ဝတ္ထု ၁၂၀
၅၆။ နတ်များကို,ကိုးကွယ်ပူဇော်ခြင်း၏ကျိုးအပြစ်
ကိုပြခြင်း ၁၂၀
၅၇။ သောဏာမထေရ်၏အဘာရဟာန်းဒိုကြီးဝတ္ထု ၁၄၆
၅၈။ သုသခ်ိတမထေရ်ဝတ္ထု ၁၄၉
၅၉။ ဃောသကသူဌေးသားမထေရ်ဝတ္ထု ၁၅၀
၆၀။ ပါဒသညကမထေရ်ဝတ္ထု ၁၅၃
၆၁။ သဲပုံစေတီတော်အခဏ်း ၁၅၅
၆၂။ သကစိန္တနိယမထေရ်ဝတ္ထု ၁၅၆
၆၃။ ပုဋ္ဌိနမထေရ်ဝတ္ထု ၁၅၉
၆၄။ ဗုဒ္ဓသညကမထေရ်ဝတ္ထု ၁၆၂
၆၅။ စေတီတော်ပူဇော်မှုနှင့်ပတ်သက်၍အလွန်မှတ်
သားဘွယ်တို့ကိုပြခြင်း ၁၆၅
၆၆။ စေတီတော် ပူဇော်မှုနှင့်ပတ်သက်၍မိလိန္ဒမင်း
ကြီးနှင့်ရှင်နာဂသိန်တို့ အမေးအဖြေ ၁၆၆
၆၇။ သိရိနာဂမင်းဝတ္ထု ၁၀၇
၆၈။ ဓာတုစေတီကိုဖျက်ဆီးခြင်း အပြစ်ကိုပြသော
ဂါထာ ၁၆၈

၆၉။ ပရိဘောဂ စေတီကို ဖျက်ဆီးခြင်း အပြစ်ကိုပြ သောဂါထာ ၁၉၄

၇၀။ ဥဒ္ဒိဿစေတီကိုဖျက်ဆီးခြင်းအပြစ်ကိုပြသော ဂါထာ ၁၉၄

၇၁။ ဓမ္မစေတီကို ဖျက်ဆီးခြင်း အပြစ်ကို ပြသော ဂါထာ ၁၉၅

၇၂။ အဆုံးမဂါထာတော် ၁၉၆


## စေတီတော်အခန်းပြီး၏။


၇၃။ အထူးသတိပြုရန်အချက်ကိုပြခြင်း ၂၀၀

၇၄။ စေတီတော်မြတ် အရပ်ရပ်ကိုကန်တော့ရန်ပြ သောဗုဒ္ဓပဏာမဂါထာများ ၂၀၅

၇၅။ ဓာတုစေတီဘုရားရှိခိုး ၂၀၇

၇၆။ ပရိဘောဂစေတီဘုရားရှိခိုး ၂၀၈

၇၇။ ဥဒ္ဒိဿစေတီဘုရားရှိခိုး ၂၀၉

၇၈။ ပါဒစေတီဘုရားရှိခိုး ၂၀၉

၇၉။ ဥယျောဇဉ် ဂါထာများ ၂၁၀

၈၀။ နိဂုံးချုပ်ဥပယျောဇဉ် ၂၁၂

# နိဒါန်း။

ဤစာအုပ်ကိုရေးသားရခြင်းအကြောင်းမှာ၊မိစ္ဆာအယူချော်၊မသူတော်အများတို့သည်၊ငါတို့ဘုရားရှင်သာသနာတော်ကြီးကို၊ ပုတ်ခပ်ဆေးရေးလျက် အမျိုးမျိုးနှောင့်ယှက်ဖျက်ဆီးပြီးလျှင်၊ ပညာနုံ့ နွှေး အသိဉာဏ်ဝေးကြ၍ဗုဒ္ဓဘာသာအမည် ခံငြားသော်လည်း၊ မိမိတို့၏ဘာသာတရားတို့ကို၊ကျွန်အောင်မသိကြသော၊ယောင်တိယောင်တောင်၊ အူကြောင်ကြောင်လူတို့အား၊ မိမိတို့၏ ဘာသာဘက်သို့ဆွဲသွင်း၍၊ ဗုဒ္ဓဘာသာ သာသနာတော်ကြီးကို၊နည်းအမျိုးမျိုးတို့ဖြင့်ဖျက်ဆီး ချိုးပဲ့လျက်ရှိသောဘာသာကွဲပြားမိစ္ဆာအများတို့၏ရန်ကိုတွန်းလှန်ပြိုဖျက်ရန် အမြဲတန်းကြံစည်လျက်ရှိစဉ်၊ တဖန် တပ်မံဆိုးဝါးသည့်၊ ရွှေမြိရေးသောဖော်သေဗီ သေးဂီ ကျမ်း၌၊ဘုရားရှင်နှင့်တကွ၊စေတီတော်တို့ကိုပါ။ ထိခိုက်ပုတ်ခတ်မဟုတ်မဟတ်ရေးသားထားပြန်သည်ကို တွေ့မြင်ရ၍၊ အထွေထွေစဉ်းစားလိုက်သောအခါ၊ ယင်းကလားတွင်မက ဗုဒ္ဓဘာသာ အမည်ခံလျက်၊ မိစ္ဆာဝါဒီ၊ ဂိုဏ်းအချို့ပင်လျှင်၊ ငါတို့၏ဘုရားရှင်စေတီတော်မြတ်တို့ကို၊ ရှိခိုးပူဇော်ဖူးမျှော်မာန်လျှော့ကန်တော့ဆည်းကပ်လှူဒါန်းခြင်းအရင်ရပ်တို့သည်အကျိုးမရှိယောင်၊မိမိတို့၏တပည့်တကာတကာမများအားဟောပြောဆိုမှားပြုနေကြသဖြင့်၊ ဆရာတကာ အဖြာဖြာတို့ပင်။ စေတီတော်တို့ကို၊ အလေးဂရုမပြု၊ လျစ်လျူရှု

လျက်။ မိုက်မှိုင်းစွာ ပြစ်မှားပြောဆိုနေကြသည်ကိုတွေ့မြင် ကြားသိရပြန်တော့။ အပြင်ရန်ထက် အတွင်းရန် ကသာ လွန်ခက်၍။ ကြောက်မက်ဘွယ် ကောင်းနေသဖြင့်။ ၎င်း အ တွင်းအပြင်ဘေးရန်မှ။ အမြန်ငြိမ်းအောင် ကာကွယ်ရန် နှင့်။ မိစ္ဆာဝါဒီအယူချော်သော၊ မသူတော်တို့၏စကားချွား သည်၊ လုံးလုံးမှားယွင်းချွတ်ချော်တရားနှင့်မလျော်သော။ အ ယူဖြစ်ကြောင်းကိုထင်လင်းစွာသိရှိနိုင်ကြရန်။ ဘုရားဟော ကျမ်းဂန်မှ၊ လမ်းမှန်ရာအစစ်တရားတို့ကို။ ထင်ရှားအောင် ထုတ်ပြလျက်။ နိပါတ်တော်မဟာဝင်နှင့်။ ရာဇဝင်ကျမ်း အပေါင်းမှ။ ဝတ္ထုကြောင်း အဖြာဖြာ တို့ကို။ သင့်လျော် အောင် သက်သေ သာဓကအဖြစ် ထုတ်ပြခါ ရေးသား၍။ ကမ္ဘာသူကမ္ဘာသားတို့။ တရားစစ်တရားမှန်ကို သေချာ ဂနသိစေရအောင်၊ ၎င်းပြရေးသားမည့်ကျမ်းဖြစ်သည့်ပြင်

တိတ်တဘောင် သိုက်အများငယ်နှင့်။ နက္ခတ်သွား ဖုံဖုံ။
ဗေဒင်ကျမ်းအစုံစုံနှယ်။ ကိန်းအကုန်စုပေါင်း။ ဆရာဆရာ့ကဝိ
မော်တွေ့။ ကြည့်သော်လေတွေ့ရအကြောင်း။ ထောင့်သုံးရာ,
နှစ်ဝက်ခါမှာ။ ဖြစ်ပျက်လာတိတ်ကောင်း။ လှစ်မြွက်ခါ့နိမိတ်
လောင်းရလျှင်။ သိပ်ကောင်းဘို့ကြုံလာ။ ထောင့်သုံးရာ သုံးနှစ်
ကျရင်လ။ ဘုန်းသစ်သမတပေါ်တော့မည်သာ။ တိ,တိ,တိ,ကေ
ခါမှာ။ နေလပမာ,သာသနာတောက်မှာမို့။ ကမ္ဘာတလျောက်
အလုံးစုံဗုဒ္ဓကိုယုံ၊ မိစ္ဆာပျောက်လို့, သမ္မာခြုံမည်၊ ကမ္ဘာအ
ကုန် အုပ်စိုးမည်ကွဲ့လေး။

ရှေးဆရာမြတ်ဘို့ ရေးသား အပ်သော တေးသပ်

အတိုင်း၊ နှောင် ၁၃၃၃ ခု၊ ရောက်သော ခေတ်အခါ၌၊ ကမ္ဘာမှာ၊ တဘာသာတည်း ဖြစ်၍၊ တကမ္ဘာလုံး ဗုဒ္ဓဘာသာချည်းဖြစ်မည်ဟူသော၊ မချမလွဲ့နိုင်သည့်၊ တိတ်တဘောင်သိုက်အပေါင်းနှင့်၊ နက္ခတ်ကိန်းခန်းဗေဒင်ကျမ်း အဖုံဖုံတို့ကိုထောက်ထား၍၊ ယခုခေတ်တွင်မှက၊ နှောင်လာမည့်ခေတ်ကိုပါ၊ မြော်ကိုးလျက်ကမ္ဘာသူ ကမ္ဘာသားတို့အမြဲလက်ကိုင် ထားရမည် ဖြစ်သော၊ ဤကျမ်းကို၊ ကမ္ဘာ့လက်စွဲကျမ်း ဟု အမည်တွင်လျက်၊ စီရင်ရေးသားထုတ်ဝေရပါကြောင်း။

ပံသာ၁၁ဘိ ဦးသုခနှ။

[illegible]

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ကမ္ဘာ့လက်စွဲကျမ်း။

အရဟတော၊ မကျော်ပြင်ဗေဒ၊ ရိပ်သိဒ္ဓိဂယ် ဒိဋ္ဌိယာခြေ၊ သီလမြေနှင်၊ ရပ်နေပြီးလျက်၊ သဒ္ဓါလက်ဖြင့်၊ ကမ္မဋ္ဌာန်း ဉာဏပုဆိန်၊ စွဲမြှိန်ကိုင်ခါ၊ သံသရာငယ်၊ ကန့်အကျွတ်ကာ၊ ချိုးဖျက်တော်မူပြီးထသော။ သမ္မာ-သမ္ဗုဒ္ဓဿ၊ ဒု,သ,န, ပေ၊ လေးချက်သင်္ကာ၊ မြိုက်သောကို၊ ဆရာမလို၊ ကိုယ် တော်တိုင်သာ-သိပြီးပါက။ သာဝကဝေနေ၊ ကျွတ်ထိုက်ကြ ပေသည့်၊ ကုဋေနှစ်ဆယ်၊ ငါးလ်ခြောက်သိန်း၊ တွက်ထိန်း များစွာ၊ သတ္တဝါကို၊ မြေ့အမြိုက်၊ တိုက်ကျွေးချွတ်ပေ၊ ဂုဏ် ပေါင်းတွေကြောင့်။ ပစ္စေကာ,သာဝကဘို့နှင့်၊ မျှသောအာ သိ ဉာဏ်လည်း ရှိတော်မူ တတ်ထသော။ တဿ ဘဂဝ တော၊ ဣဿရိယ,ဓမ္မ,ယသ,သီရိ,ကာမ,ပယတ္တရုံ၊ ခြောက် ဘုန်းဂုဏ်နှင့်ပြည့်စုံကျော်ကြား၊ ထိုဘုရားရှင်ကိုယ်တော် မြတ်ကြီးအား။ အဟံ။ ရုပ်နာမ် နှစ်ပါး။ ဓါတ်တရားကို၊ မှတ် သားမြည့်ခေါ်ဘ ပည့်တော်သည်။ (ဝါ) ဗုဒ္ဓဘာသာ-သာသ နာပြုနယ်လှည့်ဓမ္မကထိကဖိုးသာ ဘိုဦးသုမနဟု ညွှတ် မြှည့်ခေါ် ဘုရားတပည့် တော်သည်။ နမော-နမကာရေ။

နမှုး နှုးလက်။ တည်ဝါးချက်ဖြင့်။ မပျက်တည်ငြား။ ဂုဏ်တော်များကို။ စိတ်ထား ရွှင်ကြည်၊ အဓိပ္ပါယ်သိဖြင့်။ ဟင်ချိမြတ်နိုး။ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏-မြတ်စွာဘုရား။

---

## ရတနတ္တယ ပဏာမ နှင့် ပဋိညာဉ်ကရဏဂါထာ။

တိလောက-သရဏံဗုဒ္ဓံ၊
ဓမ္မံ သံဃဥ္စ,ဥတ္တမံ။
ဝန္ဒိတွာဟံ,ရစိဿာမိ။
ကပ္ပ-ဟာဿ-ဗွိတံ,ဝရံ။ ။

အဟံ၊ဗုဒ္ဓဘာသာ၊ သာသနာပြု၊ နယ်လှည့် ဓမ္မကထိက(ဖားသာခတီ ဦးသုမန။)အမည်တော်ရသောငါသည်။ တိလောက-သရဏံ။ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏။ ကြည်ဖြူမြတ်နိုးရှိခိုးပူဇော်။ ဖူးမျှော်မာန်လျော့။ ကန်တော့ခါခါကိုးကွယ်ရာလည်းဖြစ်တော်မူပေထသော။ဥတ္တမံ။လူ့ပြည်နတ်ရပ်၊လောကဓါတ်တွင်။ဆတ်ဆက်မသွေ။မြတ်တော်မူပေထသော။ ဗုဒ္ဓဥ္စ၊ ဒု,သ,နိ,မဂ်။ လေးချက်သစ္စာ။မြိုက်ရသာကို။ ဆရာမလို။ ကိုယ်တော်တိုင်သာ၊ သိပြီးပါကြား။ မြတ်ဘုရားကိုရင်း။

တိလောက သရဏံ၊ ဗြဟ္မာနတ်လူ၊ သုံးဘုံ သူတို့။နာယူကျင့်ကြံ၊ ကိုးကွယ်ရန်လည်းဖြစ်တော်မူပေထသော၊ ဥတ္တမံ၊ အာသဝေါ တရားတို့၏ အာရုံ မဟုတ် သဖြင့်။ လောကီ တရား အပေါင်း တို့ထက်၊ ဆထက် လွန်ကျူး

အသုံး ဖြစ်တော် မူပေထသော၊ ဓမ္မာ၊ မဂ်လေးတန်,ဖိုလ် လေးတန်,နိဗ္ဗာန်,ပရိယတ် ဆယ်ပါးသော တရားတော် မြတ်ကိုရင်း။

တိလောက သရဏံ၊ ဖြဲ့ဣ နတ် လူ၊ သုံးဘုံသူ့ဘို၊ ကြည်ဖြူးကာခရော်၊ပူဇော်မြတ်နိုး၊ မပြတ်ကျိုး၍၊ ဝင်ရှိုး ခါခါ၊ ကိုးကွယ်ရာလည်းဖြစ်တော်မူပေထသော၊ဥက္ကာမ၊ သုံးဘုံတိုက်သူနတ်နှင့်လူတို့၊ပေးလှူဒါန၊မြတ်ဘိဇ၏၊ ကြဲချ စိုက်ပျိုးရာအစပ်၊ လယ်ယာမြေကောင်းသဘွယ် ဖြစ်သဖြင့်၊ စင်စစ်မြင့်မြတ်တော်မူပေထသော၊ သံဃာ၊ မဂ္ဂဌာန် ဖလဌာန်၊ ရှစ်တန်ထင်ပေါ်၊အရိယာသံဃာတော်အပေါင်း နှင့်တကွ၊ အရိယာနွယ်ဝင်၊ သမုတိသံဃာတော် အရှင် မြတ်ပေါင်းကိုရင်း။

ဝန္ဒိတွာ-ပန္နာမိ၊ ကျမ်းပြီး စေကြောင်း၊ ဆုမွန်တောင်း လျက်၊ ညွတ်ပြောင်းဝပ်လျိုး၊လက်စုံမိုး၍၊ရှိခိုးပါ၏၊ဝန္ဒိတွာ၊ သဒ္ဒါညွတ်ဆီး၊ရှိခိုးပြီး၍၊ ဝရံ၊ တရားစစ်တရားမှန်၊ဧကန် သိကြောင်း။ နည်းလမ်းကောင်းကို၊ ရပေါင်းသချာ၊ ရေး သားတာကြောင့်၊ မိစ္ဆာဝါဒီ၊ကျမ်းလိလိနှင့်၊ တုမှိုင်းဆ၊ ဘက်မရအောင်။ အလွန်လျှင် မြင့်မြတ်လှစွာသော၊ ကပ္ပ ဟဇ္ဇုမ္ဘိတံ၊ ကမ္ဘာသူ ကမ္ဘာသား၊ လူအများတို့၏၊ အား ထားရာ အစပ်။ လက်ကိုင် ဖြစ်သဖြင့်၊ အနှစ်ပြည့်လျှမ်း "ကမ္ဘာ့သက်စွဲကျမ်း"ကို၊ (၀၁) ကမ္ဘာတခွင်၊မကြာခင် ဗုဒ္ဓ တဘာသာတည်း ဖြစ်မှာမို့၊ အစပ်တရား၊ အနှစ်များ ကို၊မမှားသိလို၊ များလူဗိုလ်တို့၊ မငြိုငြင်၊ နိဗ္ဗာန်ခွင်သို့၊

နိုဝင် ဘောက်ရန်၊ နည်းလမ်း မှန်ကို၊ ရရန် သော်မှန်း။ ဤ “ကမ္ဘာ့သက်စွဲကျမ်း”ကို၊ ရစိသာသမိ၊ စီရင်ပြုလုပ်။ ဧေး ထုတ်လိုက်ပေတော့အံ့သတည်း။

---

## ဤစာအုပ်ကိုကြည့်ရှုသောသူတို့အား တောင်းပန်သောဂါထာ။

ခသိတံ ရစိတံစေဟာ၊
ပမာဒေန ဘမေန ဝါ၊
ဗိန္ဒုံ ယိတံ ဒယာဝက္ကော၊
သဒ္ဒေါ သံသောဓယန္တု မေ။

ရှုပါ၊ ကမ္ဘာ့သူ ကမ္ဘာ့သား လူအများတို့၏ အကျိုးကိုမြော်ကိုး၍။ ရေးသားတည့်တွင်။ စီရင် ထုတ်ဝေအပ်သော၊ ဤ“ကမ္ဘာ့သက်စွဲကျမ်း”၌၊ မေ၊ ရေးသားအားထုတ်အကျွန်ုပ်သည်။ ပမာဒေန ဝါ၊ မေ့လျော့ ချွတ်ယွင်း။ သတိကင်းသဖြင့်ရင်း။ ဘမေန ဝါ၊ အာရုံတွေပြား၊ စိတ်လွင့်ပါးသဖြင့်ရင်း။ ခလိတံ၊ သတ်ပုံသတ်ညွှန်းနှင့်ကာကွ။ ပုဒ်ပါဠ်အာဘ္ရာ။ ချော်ချွတ်ထိမ်းပါးစွာ။ ရစိတံ၊ ရေးသားစီရင်အပ်မိသော(ဝါ)မတော်တဆ ရေးမှားခဲ့မိသည်ရှိသော်။ ယံ၊ အကြင်ချွတ်ယွင်းချက်ကို။ ဧဒိ၌၊ အကယ်၍ရှေ့ပြင်ဘတ်ရှုရသည် ဖြစ်အံ့။ တံ၊ ထိုသတိချော်ခဲ့။ ငတ်ဆက်များသဖြင့်။ ယွင်းပါးထိမ်းစောင်းလေသော အာ

ချက်ကို။ ဒယာဝနေ့ှာ၊ သနားကရုဏာ။ ကိုယ်ချင်းစာ လိုက်၊ ညှာတားထောက်ထားခြင်း၊ စိတ်ကောင်းရှိတော်မူ ကြကုန်သောသနားအကြင်နာ့ ဖြင်းသူ့တော်စင်တို့သည်။ သို့သောဝယနှုတ်၊ မှန်ကြောင်းလမ်းတွင်၊ ကောင်းစွာပြင်၍၊ သုဓိသင်ရှင်းလင်းလျက်။ နှုလုံးသွင်းပြုစင်စွာနှင့်၊ ယုငင် ကာ ဘတ်ရှုတော်မူနိုင်ကြပါစေကုန်သတည်း။ ။

မှာထားချက်။ ၊ ဤစာအုပ်ကိုနေ၌လှဲဘုရားသွား အနေ မျိုးနှင့်ရေးသားမည်မဟုတ်ပါ၊ စကားသွား ရိုးရိုး ဖြင့်။ ဘတ်ရှု သူတို့ သိမြင်လွယ်အောင်။ ဆိုင်ရာ ဆိုင်ရာတို့ကို။ ပတ္တမြားဖူးကျ ရှင်လက်ဝါးပြင်တင်ကြည့်သကဲ့သို့ရင်း။ လယ်ပြင်မှာ ဆင်သွား သကဲ့သို့ခုင်း။ ထင်ရှားစွာဖွင့်ချ၍၊ မကျဉ်း မကျယ်သိမြင်လွယ် အောင် ရှင်းပြ၍ရေးသားသွားမည် ဖြစ်ပါကြောင်း၊

သဗ္ဗညုတအစစ်ဘုရားအဖြစ်ကိုအလွန့်အလွန် ရခဲသည်ကိုပြခြင်း။

ဩဒုမ္ဗရိက, ပုပ္ဖံဝ၊
စန္ဒမှိ-သ-သကံ ယထာ။
ဝါယသာနံ ယထာခီရံ။
ဒုလ္လဘံ လောကနာယကံ။
အပဒါန်ပါဠိတော်။

ဩဒုမ္ဗရိကပုပ္ဖံ။ ရေသဖန်းပွင့်ကို၊ ဒုလ္လဘံရှာဝ၊ အ လွန်ရခဲ့သကဲ့သို့ရင်း။ စန္ဒမှိ။ တာရာသနင်း။ ငွေလမင်း၌။

သသကာ်၊ ရေးရေး မှုံမှုံ။ မြင်သည့် ယုန်ကို။ ဒုလ္လဘံ ယထာ။ ဖမ်းယူခြင်းငှါ။ အလွန်ရခဲရာ သကဲ့သို့ရင်း။ ဝါယသာနံ၊ ကျေးငှက်တို့၏။ ဒိရုံ။ နို့ရည်ကို၊ ဒုလ္လဘံယထာ။ အလွန်ရနိုင်ခဲသကဲ့သို့ရင်း၊ လောကနာယကာ်။ သဗ္ဗညုတအစစ်၊ဘုရားအဖြစ်ကို။ဒုလ္လဘံ။သဒ္ဓေသဉ်ချာလွန်လေကြာသောလည်း။ တခါတရံ ရနိုင်ဘို့ရာ ခဲယဉ်းလှပေတော့သတည်း။

အပွင့်အားဖြင့်။မတွေ့ရမမြင်ရသော။ ရေသဖန်းပွင့်ကိုရင်း။ လူပြည်မှလှမ်းမြော်ကြည့်လိုက်သော်။ ယုန်ကလေးဝပ်နေသကဲ့သို့ ထင်ရသော။ လ၌ရှိသည့် ယုန်ကလေးကိုရင်း(ထိုအဓ္ဓဘာသာ)အလို။ကျေးငှက်တို့သည်။ဆာလောင်ခြင်းအမြဲနှိပ်စက်လျက်ရှိသဖြင့်။ နို့များမဖြစ် မတည်လာနိုင်ဟု မိန့်ဆိုသော ကျေးတို့၏နို့ရည်ကိုရင်း။အလွန်ရခဲသကဲ့သို့။ သစ္စာလေးပါး။ မြတ်တရားကို၊ဆရာမလို၊ကိုယ်တော်တိုင်သာ၊ သိရှိတော်မူသော။ ဘုရားရှင်၏အဖြစ်ကိုကား။အလွန်နှင့်အလွန်ရဘို့ရန်ခဲယဉ်းလှ၏ဟုမှတ်ယူရမည်။

မှတ်ချက်။ ။ဘုရားအဖြစ်အလွန်ရခဲဖြစ်ခဲသည်ဟူရာ၌။ပုရာဏ, ကဿပ,မက္ခလိ,ဂေါသာလ,အစရှိသော မိစ္ဆာဒိဋ္ဌိ မသူတော်တို့၏။ အယူချော်နေသော၊ အလွဲလွဲအမှားမှား။ အနှစ်သာရနှစ်ပြားသားမှမရှိကြသော။မိစ္ဆာဘုရားမျိုးမဟုတ်။ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့်။ သစ္စာလေးပါးမြတ်တရားဘို့ကို။ ပိုင်းခြားထင်ထင်သိမြင်တော်မူသောမြတ်စွာဘုရားကိုဆိုလိုကြောင်း။

## လောက၌ပွင့်တော်မူလာသော ဘုရားရှင်တို့နှင့် တွေ့ဆုံဘို့ရန်အလွန်ခဲယဉ်းခြင်းအကြောင်း။

ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ။ ။

လောကသ္မိံ၊ လောကကြီး၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားရှင်တို့၏ဖြစ်ထွန်း ပေါ်ပေါက်တော်မူလာခြင်းသည်။ ဒုလ္လဘော၊ ရခဲလှပေ၏။ (ဝါ)အလွန့်အလွန်ခဲယဉ်းလှပေ၏။

ဒါကြောင့် .... သင်္ချေ သင်္ချာ များလှစွာသော၊ ကမ္ဘာ့ ကမ္ဘာ။ သံသရာနိုက်၊ လူသားမှန်တို့၊ ကျင့်ကြံဘို့ဝေး၊ ကြံတွေးရုံမျှ ကြက်သီးထလောက်သော၊ အကျင့်မြတ်တွေကို မကြောက်မရွံ့ နောက်မတွန့်ဘဲ၊ ကျင့်ကြံကြိုးကုတ်၊ အားထုတ်တော်မူမှ ရတော်မူအပ်သော၊ ဘုရားအဖြစ်ကို၊ ရရှိနိုင်ဘို့ရန် အလွန့်အလွန် ခဲယဉ်းတော်မူလှသဖြင့်။ လောက၌ ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်တော် မူလာ ရခြင်း သည်လည်း။ အလွန်ခဲယဉ်းပေ၏။ ။ဤကဲ့သို့ လောက၌။ ပွင့်ထွန်းတော်မူလာရန် အလွန်ခဲယဉ်းတော်မူလှသော ဘုရားရှင်တို့သည်၊ လောက၌ ပွင့်တော်မူလာသောအခါ၌ကား၊ ကမ္ဘာ တည်အောင် နေတော်မမူကြကုန်။ ခေတ္တခဏမျှသာ တည်နေတော်မူ၍။ ကျွတ်ထိုက်သောသူ၊ ဗိုလ်လူများစွာ။ သတ္တဝါတို့အား၊ ကယ်ချွတ်တော်မူ၍၊ နိဗ္ဗာန်နန်းသို့ကြွလှမ်းတော်မူ၏။

သို့ဖြစ်၍ သာသနာအလင်းရောင်သည်၊ (၇)ရက်(၇)လီ မိုးစင်းမှောင်ကြီး ကျနေသော အမိုက်တိုက်ထည်း၌၊ လျှပ်

စစ် အလင်းရောင်ကလေး တချက်ဝင်း—ကနဲ တောက်ပလိုက်ဘာလို။ သာသနာမရှိသော-မိစ္ဆာရောင်တို့ဖြင့် ဖုံးလွှမ်းနေသော ကမ္ဘာ့ မှောင်ကြီး၌။ ဗုဒ္ဓဘာသာ-သမ္မာ-အလင်းရောင် တည်းဟူသော။ သာသနာ့-လျှင်စစ်ရောင် တခါ,တခါထွန်းပြောင်တာနှင့် တူတယ်ဟု။ ကျမ်းဂန်မှာ ထင်အရှားပြထားတယ်။

သဗ္ဗ သဗ္ဗာဝတ မေဃစ္ဆန္နေ။
သကိံဝိဇ္ဇုပဘာရိဝ။
အတိအန္ဓတမေ လောကေ၊
ဥပ္ပန္နော တထာဂတော။ ။

သဗ္ဗသဗ္ဗာဝတ မေဃစ္ဆန္နေ၊ ခုနှစ်ရက်,ခုနှစ်လီ။မိုးယံမှောင်ကြီးကျ၍နေသောအခါ၌။ သကိံဝိဇ္ဇု ပဘာရိဝ၊ တကြိမ် သာလျှင် တောက်ပြောင်၍လာသော လျှပ်စစ်ရောင်ကဲ့သို့။ အတိအန္ဓတမေ၊ အလွန်လျှင် အမိုက်မှောင် များသော။ လောကေ၊ လောကကြီးထဲ၌။ တထာဂတော၊ သုံးလောကထွန်းတင်။ ဘုရားရှင်တို့သည်။ ဥပ္ပန္နော၊ လျှပ်စစ်ရောင် ပမာကဲ့သို့၊ ပွင့်ထွန်းတော်မူလာကြလေကုန်သတည်း။

အဲဒီ ဥပမာ စကားလိုဘဲ။ ကမ္ဘာ့ကမ္ဘာ။ သံသရာကြီးထဲမှာ။ သာသနာရောင်မရှိဘဲ။ မှောင်အတိဖြစ်နေတာက၊ နေ့ညမသိနိုင်အောင်ပင်၊ မိုးယံမှောင်ကြီးကျနေတဲ့ (၇)ရက် (၇) လီအမိုက်မှောင်အရောင်နှင့်။ ဖုံး(၇)

ရက် (၇) လီအတွင်းမှာ၊ ဝင်းကနဲ လင်းပြီးပျောက် သွားတဲ့၊ လျှပ်စစ် ရောင်ကလေး အရောင်နဲ့၊ ဘယ် ဟာကများကြာ တယ် ဆိုတာသာ၊ စာဘတ်သုတ်ရှ် စဉ်းစားကြပေတော့။

ဒါ့ကြောင့်၊ လောကန္တဲ၊ဘုရားပွင့်ဘို့ရန်က လည်းခဲသည်း၊ ပွင့်ပါတော့လည်း၊ လျှပ် စစ် အရောင် ပမာဏဘယ်လောက်မျှ၊ မကြာလှသဖြင့်၊ သက်တော် ထင်ရှား၊ ဘုရားရှင်ဘို့နှင့်သေဒ်ရင်း၊ ဘုရားရှင်သာသနာတော်နှင့်သေဒ်ရင်း။ တွေ့ကြုံ ဆုံဆည်းဘို့ရာသည်၊ ဗြဟ္မာ့ပြည်ကပြစ်ချလိုက်သော အပ်သွားနှင့်၊ လူ့ပြည် က ထောင်ထားသော။ အပ်သွား တို့သည်၊ အသွားချင်းထိမိရန်မခဲယဉ်းလှ၊ ဗုဒ္ဓုပ္ပါဒ နဝမ ခဏာဖြစ်တဲ့၊ ဤခေတ် ကောင်း အခါကောင်းကြီးနှင့်တွေ့ဘို့ရန်၊ အလွန့်အလွန်ခဲယဉ်းလှပေ၏၊

မှတ်ချက်။ ။ဤနေရာ၌၊ ကမ္ဘာ ပျက်ပုံ, တည်ပုံနှင့် တကွ။ သံဝဋ္ဋကတ်,သံဝဋ္ဋဋ္ဌါယီကပ်,ဝိဝဋ္ဋကပ်,ဝိဝဋ္ဋဋ္ဌါယီကပ်,တည်းဟူသော။ မဟာကပ် ၄ ကပ်မှ တကမ္ဘာ၊ ရင်းလေးကပ်၌။ ဝိဝဋ္ဋဋ္ဌါယီကပ်မှာသာ။ဘုရားပွင့်နိုင်ပုံနှင့်၊အင္ဂသာလိနီနှင့် ထေရီဂါထာပါဠိတော်ဘို့၌ လာသော။ကာဏ–ကစ္ဆပ လိပ်ကန်းကြီးဥပမာ စသည်တို့ဖြင့်။ပြသင့်သော်လည်း ကျမ်းစာအုပ်ငယ်များဖြစ်၍ချန်ထားခဲ့ရကြောင်း၊

## အလွန်တွေ့ကြုံခဲလှသော။ ဘုရားရှင်ဗုဒ္ဓ သာသနာတော်ကြီးနှင့်တွေ့ဆုံရပါသော်လည်း။ လူတိုင်း ဘုရားကိုမကြည်ညို မကိုးကွယ်နိုင်ကြောင်း။

အလွန့်အလွန်တွေ့ကြုံခဲလှစွာသော၊ သုံးလောကထွဋ်ဒုတင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ သက်တော်ထင်ရှားပင်လျှင်။ တွေ့ဆုံကြုံကြိုက် ရခြားသော်လည်း။ နောက်နောင်က၊ "ပုဗ္ဗေစကတပုညတာ"စော်မင်္ဂလာ တရားနှင့် ဝေး၍၊ ရှေ့က ပြုအပ်ဖူး သော ကုသိုလ်လည်းမရှိ။ ဤဘဝ၌လည်း "သပ္ပုရိသူပနိဿယ"တည်းဟူသော။သူတော်ကောင်းတို့၏၊ နည်းနာနယ၊ အဆုံးမကိုလည်း။ မမှတ်မယူ။ မဆည်း မကပ်သူတို့သည်။ ကိုးကွယ်ဆည်းကပ်ရာအစစ် ဖြစ်ကြီး ဖြစ်သော် မူသော်။ ဘုရားရှင်နှင့် တွေ့မြင်ရသော်လည်းမဖူး မျှော်။ မဆည်းကပ်နိုင်။ မကြည်ညိုနိုင် ကြပေ။ ဒါဘာ့ကြောင့်လဲ ဆိုတော့။ ပြုဘူးသောကုသိုလ် လည်းမရှိ။ ယခု ဘဝမှာလည်း။သူတော်ကောင်းတို့၏ထံဆည်းကပ်၍လည်း။မနာမယူသဖြင့်။ သူတော်ကောင်းတို့သန္တာန်၌သာအမြဲတည်နေသော။ "သဒ္ဓါ" ဆိုတဲ့ရတနာ သုံးတန်။ ကံ ကံ၏အကျိုးကိုယုံကြည်တတ်သော။သူတော်ကောင်းတရားသည်အကြင်သူ့ထံ၌ မရှိ။ ထိုသူသည်၊ ဘုရားရှင်နှင့်တကွ။ ဘုရားသာသနာတော်ကြီးကို။ မကြည်ညို- မယုံကြည်နိုင်တော့ပေ။ "သနားဘွယ်ကောင်းလေစွ"

## သူတော်ကောင်းသန္တာန်၌ သာ "သဒ္ဓါ" တည်ခြင်း။

အခါတပါး၌ နတ်သား တယောက်သည်၊ ဘုရားရှင်
ထံချဉ်းကပ်၍၊ အကြ်သုသာခုပဒီဗြဲးသ၊ ဘာသ္တ၊
သုံးလောကလွန်ကား မြတ်စွာဘုရား၊ သနာပတ်မှုဘိ၊ သူ
တော်ကောင်းတို့၏သန္တာန်နှိုက် အမြဲတည်ရှိနေတဲ့ တရား
သည်ကား၊ ကိုသု၊ အဘယ်တရားပါနည်း မြတ်စွာဘုရား
ဟု၊ လျှောက်ကားသဖြင့်၊ မြတ်စွာဘုရားသည်၊ "သဒ္ဓါ"
သာခပဒီဗြဲဘိ၊ ဒေဝပုတ္တ၊ သိသိုးရေးနှင့် နေးလျှောက်
လာပြီး။ အမောင်နတ်သား၊ သာသုပတ်မှုဘိ၊ သူတော်
ကောင်းတို့၏ သန္တာန်၌၊ အမြဲတည်ရှိနေတဲ့ တရားသည်
ကား၊ "သဒ္ဓါ" ရတနာသုံးတန်၊ ကံ ကံ၏ အကျိုးကို၊ ယုံ
ကြည်ခြင်းတည်းဟူသော၊ "သဒ္ဓါ" တရားပင်လျှင် တည်း
ဟုဖြေကြားတော်မူ၏။

ဤတရားတော်ကို ထောက်ထားသဖြင့်၊ လူတိုင်း၏
သန္တာန်၌၊ သူတော်ကောင်းတရားတည်းဟူသော "သဒ္ဓါ"
မရှိနိုင် "သဒ္ဓါ" မရှိသော၊ သူတော်ကောင်းမဟုတ်သူတို့
သည်လည်း၊ ဘုရားရှင်နှင့်တကွ၊ ဘုရားသာသနာတော်
ကို၊ မယုံကြည်မကြည်ညိုနိုင်ကြကုန်။ သို့ဖြစ်၍သက်တော်
ထင်ရှား၊ ဘုရားကိုယ်တော်မြတ်နှင့် တွေ့ပါလျက်၊ မိမိတို့
သန္တာန်သူတော်ကောင်း တရားဖြစ်သော၊ "သဒ္ဓါ" မရှိသ
ဖြင့်၊ ရိုးသီးရွာ သော် လည်း၊ ရေမသောက် မချိုးရသောသူ

သူများကဲ့သို့ ပျက်စီးကြသူအပေါင်းနှင့် **သဒ္ဓါစေ သဒ္ဓါမှန်** မရှိကြ၍။ ဘုရား သာသနာ အမှီ ရပြီးမှ၊ **အသဒ္ဓိယ** တရား မသူ တော် စိတ်များ ဝင်မှား၍။ ပျက်ပြားဆုံးရှုံး။ အပါယ်သို့ စုံးစုံး မြုပ် ကြ ရသူ တို့လည်း။ များစွာ ရှိပေ၏။ "**ကြောက်မက်ဘွယ် ကောင်းစွတကား**" ၎င်း သူအချို့ကို ထုတ်ပြဦးအံ့။

## ဘုရားသာသနာတော်ကြီးကိုအမှီရပါလျက် အကျိုးမရပျက်ပြားကြသော သူအချို့ကိုပြခြင်း။

ငါတို့ဂေါတမ ဘုရားရှင်သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင်။ ဘုရားရှင်၏အမျိုး။ ယသောဓရာဒေဝီ၏ဘခင် သုပ္ပဗုဒ္ဓ။ ဘုရားကို စွပ်စွဲဆဲရေးကြသော၊ စိဉ္စမာဏဝိကာ။ သုန္ဒရီပရိဗိုဇ်မ။ မာဂဏ္ဍီမိဖုရား။ တိတ္ထိသရာကြီး ခြောက်ယောက်။ တိတ္ထိတပည့်များ။ ၎င်းတိတ္ထိကြီးတို့ကိုဘုရားစစ်မှတ်၍ကိုးကွယ်ဆည်းကပ်ကြသော။ ယောက်ျားမိန်းမ စသည်တို့သည်။ မိမိတို့၏အနီးအပါး၌ **ဘုရား** နှင့်ကွ၊တ ဈာန်အဘိညာဉ်တန်ခိုးနှင့်ပြည့်စုံကြကုန်သော ရဟန္တာ သခင် အရှင်မြတ် တို့ကို၊ မျက်မှောက် ထင်ထင် တွေ့မြင် ကြရပါလျက်နှင့်။ **ရတနာသုံးပါး**ကို ကြည်ညိုရုံ မျှသော **သဒ္ဓါ တရား** ကို မရကြကုန်။ ထိုကြောင့် ယခုကာလ၌ လည်း၊ **ဘုရားရှင်သာသနာတော်**ကိုပယ်စွန့်၍၊ **မိစ္ဆာဝါဒ**

ကိုယူပြီး လျှင်၊ ရတနာ သုံးပါးကို ဖြစ်မှားၡ၍၊ အပါယ်လားကြလတ္တံ့သောသူတို့ကို အာရုံပြု၍၊ အမျက်ဒေါသ-အကုသိုလ် အဝမ္ဗ တရားဘို့ကို၊ မဖြစ်ပွါးစေဘဲ အမြဲကရုဏာတရားကိုသာ ရှေ့ထား၍၊ ယောနိသောမနသိကာရတရားကိုသာ ပွါးများလျက်၊ ဘုရားစစ် ဘုရားမှန်။ တရားစစ်တရားမှန်တို့ကိုသာ သိစေလိုသဖြင့်၊ ဗိစစ်ထုတ်ပြခါ၊ ရေးသားရကြောင်း။

ဋင်းပြင်မှတ်သားရန်မှာ။ သဒ္ဒါတရားကိုချပြီးလျက်နှင့် အသန္တိယတရားဝင်သာလျက်၊ တဖန်ဘောက်ပြန်ခါ၊ တရားလွဲကိုလိုက်၍၊ သူတော်ကောင်းအစစ်ဘဝမှ၊ မသူတော်အဖြစ်သို့ကျရောက်တတ်ကြသေးသည်ကိုလည်း၊ အသုံးသတိထားကြကုန်ရာသည်။ ။

ဤကဲ့သို့ အသန္တိယ တရားဘက် လိုက်သွား၍၊ မိုက်မှားသောမသူတော်အဖြစ်သို့ကျရောက်လျက်၊ အပါယ်သို့လားကြရ ရှာသော၊ ယောက် ဖဘော် ဒေဝဒတ် သည်၊ ဘုရားသာသနာတော်၌ သဒ္ဓါတရားနှင့် ရဟန်းပြုပါလျက်၊ အသန္တိယတရား ဖက်၍။ သဒ္ဓါပျက်ပြားကာ၊ မြတ်စွာဘုရား၌ ရန်ငြိုးထားလေသည်။ ။ဒေဝဒတ်တပည့် ကောကာလိက။ ကောကာလိက သမုဒ္ဒသား ခဏ္ဍဒေဝီ ကာလိက တို့လည်း၊ ရဟန်းဖြစ်ကြ ကုန်လျက်နှင့် အဥ္ဇသာဝက တို့ကို စဉ်လျက်လည်း၊ ဤ သာရိ ပုဏ္ဏာ မောဂ္ဂလာန်တို့ကား၊ လောဘဘိစိ အလိုကြီးကြကုန်၏၊

ယုတ်မာသော အလိုရှိကြ၍ ကုန်၏၊ အလိုနည်းယောင်။ ရောင့်ရဲခေါင်းပါး။ အပ္ပိစ္ဆတရားရှိယောင်။ဆိတ်ငြိမ်ခြင်းကို အလိုရှိယောင်သော ဟန်ဆောင်၍။ လှည့်စားဝါကြွားကြကုန်သော သူဘ္ဍတကားဟု၊ ပြောဆို အထင် များ၍။ **အသဒ္ဓမ္မ**တရား လွှန့်စွာပွားလျက်။ အပါယ်လားကြလေကုန်သည်။ ။ဘုရားရှင်၏ အလုပ် အကျွေး **သုနက္ခတ္တ**လည်း။ သပိတ် သက်နီးတော်ကို ယူ၍။ နောက်တော်က အရိပ်ကဲ့သို့လိုက်ပြီးလျှင်။ဘုရားရှင်ကိုရှေ့ကသွား၍။ ခွေးအမှုအရာများကို ကျင့်မှားသော **ကောရခတ္တိယ**ကိုကြည်ညို၍။ ဘုရားရှင်ကို စွန့်ပယ်လျက်။ လူထွက်လေသည်။ ကဿပ ဘုရားရှင် လက်ထက် တော်က။ ပိ**ဋက** သုံးပုံဆောင် **ကပိလ**ရဟန်းလည်း။ ကဿပဘုရားရှင်၏ သာသနာတော်ကို။ သာသနာမဟုတ်အောင်ပြု၍။ အခြွေအရံပရိသတ် နှင့် တကွ။ **အသဒ္ဓမ္မ** မသူတော် တို့၏ တရားဖြစ်ပွား၍အပါယ်လားကြရလေသည်။ ။

## ယခုအခါ၌လည်း ဤကဲ့သို့ဖြစ်တတ်ပုံကို ထုတ်ပြခြင်း။

ယခုကာလ၌လည်း။ အချို့သူတို့သည်**သဒ္ဓါ**တရားနှင့်ဘုရားရှင်သာသနာ၌ ရဟန်းပြုကြလျက်။ဘုရားရှင်သိက္ခာပုဒ်တော်ကိုလွန်ကျူး၍။သိက္ခာပုဒ်တော်ကို စောင့်ရှောက်ကြကုန်သော လဇ္ဇီရဟန်းကောင်းတို့ကို။ မိမိတို့၏တပည့်

ဒါယကာ ယောက်ျား-မိန်းမ တို့နှင့်တကွ၊ ပြစ်မှား ကဲ့ရဲ့ကြခြင်း၊ ဘုရားရှင်၏ တရားတော်မြတ် တို့ကို၊ အသွဲလုံ့ အများမှား ပြောဟောကြခြင်း၊ ဘုရားရှင်၏ သာသနာတော်ကြီးနှင့်တကွ၊ စေတီတော်မြတ်တို့ကိုပင်၊ ပုတ်ခတ်ဆဲရေးခြင်း တည်းဟူသော အသင်္ခ တရား တပန်ဖြစ်သွားတတ်ခြင်းရှိကုန်၏၊

၎င်းပြင် မူလက သဒ္ဓါတရားအစစ်အမှန်ဖြင့်၊ ရတနာသုံးဘန် ကံ-ကံ၏ အကျိုးတို့ကို၊ သက်ဝင်ယုံကြည်သော ဗုဒ္ဓဘာသာသူတော်ကောင်းဖြစ်လျက်၊ နောင်အခါ၌ အသက်မွေးမှုကြောင့်၊ မိစ္ဆာဒိဋ္ဌိဂိုဏ်းသို့ဝင်၍၊ ဆရာကြီးပြုလုပ်ကာ။ ပညာ, သဒ္ဓါ, အသိဉာဏ် ပါးရှား သော လူအန္ဓ ပုဂ္ဂိုလ်များကို၊ ၎င်း မိစ္ဆာဝါဒ ဘက်သို့၊ ဥစ္စာ ရာထူး-အထူးထူး သော လာဘ်တို့ကို ပြ၍၊ ဆွဲငင်ကာ, ဟောပြောပေးခြင်းပြုကြကုန်၏။

ဤသို့စသည်ဖြင့်။ တဘဝတာမျှ ဖြစ်သော တဝမ်းတခါးအတွက်။ ဓမ္မကို-အဓမ္မ၊ အဓမ္မကို-ဓမ္မဟု မဟုတ်မတရား ဟောပြောခါ၊ ရှေးအခါ မူလကသဒ္ဓါတရား အစစ်အမှန်ရှိဘူးပါလျက်။ နောက်အခါ၌ "**အသင်္ခ**" မသူတော်တရား၊ တဘန်ဖြစ်ပွားပြန်၍။ အထက်ထက်ကပြခဲ့သော။ **ဒေဝဒတ်**စသည့် သူများကဲ့သို့။ အပါယ် ငရဲသို့။ ကျရောက်တတ်ကြောင်းကို အထူးသတိတရား ရှေ့ထားကြလျက်။ မဖြစ်သေးသောသဒ္ဓါတရားကို ဖြစ်ပွားအောင်။

ဖြစ်ပြီးသော သဒ္ဒါတရားကို။ မပျက်ပြားရအောင်။ ကြပ်ကြပ်နှလုံးသွင်းခါ၊ ပွါးများကြရာသည်။

## ဘုရား အစရှိသော ရတနာ မြတ်သုံးပါး တို့ အား။ ရှေးကပြုဘူး။ ကုသိုလ်ထူးရှိသူများမှသာလျှင် ဆည်းကပ် ပူဇော် ဖူးမျှော် နိုင်ခြင်း။

စိတ္တိကတံမဟာဿဒ္ဓ။
အတုလံ ဒုလ္လဘ ဒဿနံ။
အနောမ သတ္တ ပရိဘောဂံ။
ရတနံတေန ဝုစ္စတိ။ ။

စိတ္တိကတံ။ စိတ်၌စွဲကပ်။ အလေးအမြတ်လည်းပြုအပ်၏။ မဟာဿဒ္ဓ။ ကာသိတိုင်းဖြစ်။ ပုဆိုးသစ်ထက်ဆထက်လွန်ကျူး။ အထူးအားဖြင့်လည်း။ အဘိုးများစွာထိုက်တန်လှပေ၏။ အတုလံ။ ပြိုင်ဘက်ကင်းကွာ။ နှိုင်းယှဉ်စရာလည်းမရှိ။ ဒုလ္လဘ ဒဿနံ။ ဖူးမျှော်ရခြင်း၌အလွန့်အလွန်လည်း၊ ခဲယဉ်းလှပေ၏။ အနောမသတ္တပရိဘောဂံ။ ပါရမီဖြည့်ဘူး။ ပုဂ္ဂိုလ်ထူးတို့၏။ ဆည်းပူးမှီဝဲ။ အမြဲသုံးဆောင်ရာလည်းဖြစ်၏၊ တေန။ထိုအကြောင်းငါးပါးကြောင့်၊ (၀၁) ထိုသို့ထူးခြား။ အကြောင်းငါးပါးနှင့်၊ ပြည့်ပြား ပေအပ်။ ဂုဏ်သကပ်ကြောင့်။ ဗုဒ္ဓါဒိ၊ ဘုရား စသော။ ရတနာ မြတ်သုံးပါးကို။ ရတနံ။ သုံးဘုံ

တိုက်သူ၊ နတ်နှင့်လူတို့၊ ကြည်ဖြူးကော်ရော်၊ ပူဇော်ကြရာ ရတနာဟူ၍ ၊ ဝုစ္စတိ၊ မချုပ်ပုံသေ ဆိုအပ်ပေ၏။ ။

ဤသို့၊ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ သုတ္တနိပါတ်အဋ္ဌကထာစသော၊ ကျမ်းဂန်များစွာတို့က၊ ဥပမာအဖုံဖုံ တို့ကိုဆောင်၍၊ ပြတော်မူကြသည်ကိုထောက်ဆသဖြင့်၊ ကမ္ဘာ သင်္ချေ၊ လွန်လေပြီးသော်လည်း၊ ဘုရား အစရှိသော၊ ရတနာမြတ်သုံးပါးတို့အား၊ ကိုးကွယ် ဆည်းကပ်၍၊ ရှိခိုး ပူဇော်၊ ဖူးမျှော်နိုင်ခြင်းသည်ကား၊ ပုဗ္ဗေစ ကတပုညတာ တည်းဟူသော၊ ရှေးကပြုဘူး ကုသိုလ်ထူး ပါရမီ အထုံရှိ ကြကုန်သော သူတို့မှသာလျှင်၊ ဘုရားရှင်တို့နှင့် တွေ့ကြုံ ဆုံဆည်းနိုင်၍၊ ဘုရားရှင်တို့အပေါ်၌လည်း၊ သဒ္ဓါကြည်ညို နိုင်ကြ ပေသည်။ ။ရှေးပါရမီသမ္ဘာရ မရှိကြ၍၊ ကုသိုလ်နဲ့ သဒ္ဓါနဲ့ကြကုန်သော၊ ဘုန်းကံပါးရှား ထိုသူများ၌ မူကား၊ ဘုရားရှင်တို့ကို၊ တွေ့ဘို့ ဖူးဘို့ မဆိုထားဘိ၊ ဘုရား ဟူသော အသံကိုမျှပင်၊ မကြား မသိနိုင်ကြပေ၊ ဘုရား ဘုရား ဟူသော အသံကို ကြားနိုင် ဘို့ရန်ကား၊ လွယ်သည့်မဟုတ်၊ အလွန့်အလွန်ကြီး ခဲယဉ်းသည်ဟု မှတ်ရမည်။ ။ဒါကြောင့် ခုဒ္ဒကပါဠိတော် ၌၊ ဘုရားရှင် ကိုယ်တော်မြတ်က၊

ဃောသောပိ ခေါ - ဧသော ဂဟပတိ၊
ဒုလ္လဘော လောကသ္မိံ - ယဒိဒံ ဗုဒ္ဓေါတိ။ ။

ဂဟပတိ။ သူကြွယ်-သူဌေး၊ ဗုဒ္ဓေါတိ။ ဘုရားဟူသော

ယဒိဒံ ဃောသော။ အကြင်အသံသည်။ အဗ္ဘုဂ္ဂ၊ ရှိ၏။ ဃောသော ဃောသောပိခေါ။ ထိုဘုရား,ဘုရား ဟူသော အသံသည် လည်း၊ လောကသ္မိံ။ လောက၌၊ ဒုလ္လဘော၊ ကြားရခဲ၏။ ဟူ၍ ဟောတော်မူသော။ တရားတော်ကိုတော်ဆ၍ သော်ရင်း။

ဗုဒ္ဓေါ ဗုဒ္ဓေါတိ ဃောသော၊
အတိဒုလ္လဘတရော−ကထာ။
ဗုဒ္ဓဘာဝေါ လောကေ။

လောကေ၊ လောက၌။ ဗုဒ္ဓေါ ဗုဒ္ဓေါတိ ဃောသော ဘုရား−ဘုရားဟူသောအသံကိုပင်။ အတိဒုလ္လဘတရော၊ အလွန်ကြားရခဲ၏။ ဗုဒ္ဓဘာဝေါ၊ ဘုရား အဖြစ် ကိုကား။ ကာကထာ၊ အဘယ်မှာ ဆိုဘွယ်ရှိတော့အံ့နည်း။ အတိ ဒုလ္လဘတရောဝ။ အလွန် ရခဲသည်သာလျှင်တည်း။ ။ ဟူ၍−မဟာနမက္ကာရ ကျမ်း၌ လာသည်ကို ထောက်ဆ၍ ရင်း။ ဘုရား−ဘုရား ဟူသော အသံ ကြားရဘို့ပင် ဤမျှ လောက်ခဲယဉ်းပါက။ ဘုရားရှင်အား ဦးတင်၍ ဖူးမြင်နိုင် ဘို့ကား၊ ဤထက် သာလွန်၍ ခဲယဉ်းလှပေသည်ဟု မချ မှတ်ယူရပေမည်။ ။ဒါ့ကြောင့်"ဝိမာနဝတ္ထုပါဠိတော်"၌၊

ဒုလ္လဘံ ဒဿနံ ဟောတိ။
လောကနာထာနတာဒိနံ။ ။

တာဒိနံ။ တာဒိဂုဏ်နှင့်ပြည့်စုံတော် မူပေ ထသော။ လောကနာထာန−လောကနာထာနံ။ လောက ထွန့်တင်၊

ဘုရားရှင်တို့ကို။ ဒဿနံ၊ အဉ္ဇလိ ဂါရဝဖြင့်၊ ပဉ္စာဝမ ဦးတင်၍၊ဖူးမြင်ရခြင်းသည်၊ ဒုလ္လဘံ၊ ရခဲလှပေ၏၊ (၀၇) သင်္ချေကမ္ဘာ၊လွန်လေကြာလည်း၊တရံတခါ၊ တွေ့ဆုံ ဦး တင်၍၊ဖူးမြင်တို့ရန် ခဲယဉ်းလှပေတော့သတည်း၊ ။

ဤကဲ့သို့ပါဠိတော်-အဋ္ဌကထာ-ကျမ်းအဖြာဖြာတို့၌ တရားတော်,စကားတော်တို့ကို ထောက်ဆကြည့်ပါလျှင်၊ လောက၌ ဘုရားရှင်တို့၏ဖြစ်ရခြင်း၊ ဘုရားရှင်တို့၏ ပွင့် ထွန်း ပေါ်ပေါက် လာသော ဗုဒ္ဓုပ္ပါဒ နဝမ ခဏ ဟု ဆို အပ်သော သာသနာတော်နှင့် တွေ့ကြုံရခြင်း၊ ဘုရားဟု သောအသံကိုကြားသိရခြင်း၊ ဘုရားရှင်တို့အားဖူးမျှော်ရ ခြင်း။ ဤသို့သော ဒုလ္လဘ တို့ကို၊ ကြုံရတို့ကား မိုဃ်းနှင့် မြေကြီး "လင်းကွင်း" တီးမျှခဲယဉ်းလှပေ၏၊

## ဘုရားရှင်တို့ကို ကြည်ညိုမြတ်နိုး ရှိခိုးပူဇော် ရခြင်း၏ အကျိုးကို ပြခြင်း။

ဤမျှရခဲ,ကြုံခဲ,တွေ့ခဲလှစွာသော၊ အရဟံအစ ဘဂဝါ အသုံးရှိသော၊ကျေးဇူးတော်,ဘုန်းတော်,ကံတော်,ဉာဏ် တော်, တန်းခိုးတော်တို့နှင့် ပြည့်စုံတော်မူသော။ မြတ်စွာ ဘုရားအား၊ ကြည်ညိုမြတ်နိုးရှိခိုးပူဇော်ကြကုန်သော။ လူ နတ်-ဗြဟ္မာ-သတ္တဝါ အပေါင်း တို့သည်။ လူ,နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာမြတ်ကို။ မချွတ်ကန် အမှန်ရနိုင်သည့် ဟု၊ အသဲစွဲအောင်။ အမြဲဘဲမှတ်ယူကြလေကုန်၊ ။ရဂို

ကြောင်းမှန်ကန်ပုံ အထောက် အထားကို၊ အောက်နားက ပါဠိကိုရှုပါ။ ။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ ဗုဒ္ဓေ သမံ ဖလံ။
စေတောပဏိဓိ ဟေတုဟိ၊
သတ္တာ ဂစ္ဆန္တိ-သုဂ္ဂတိံ။ ။

ဝိမာနဝတ္ထုပါဠိတော်။

တိဋ္ဌန္တေစ၊ သက်တော်ထင်ရှား ရှိသော ဘုရားရှင် ကိုယ်တော် မြတ်၌ရင်း၊ နိဗ္ဗုတေစ။ ပရိနိဗ္ဗာန်။ ဝင်စံကြွ သွား။မြတ်ဘုရား၏။ ကိုယ်စားတော် ဖြစ်သော။ စေတီ တော်မြတ် အပေါင်း၌ ရင်း။ ဗုဒ္ဓေ။ သဒ္ဓါကဲ့ပို။ ကြည်ညို တတ်သော စိတ်သည်၊ သမေ။ အညီအမျှ။ တူစွာထား နိုင်ကြသည်၊ သတိ၊ ရှိသော်၊ သမံ ဖလံ။ မပိုမကြွ။ တူမျှ သောအကျိုးကိုရသည်။ ဟောတိ၊ မချပုံသေဖြစ်ပါပေ၏။ ဟိ-သစ္စံ။ သက်တော်ထင်ရှား၊မြတ်ဘုရားနှင့်။ ကိုယ်စား စေတီ။ ထိုနှစ်လီကို၊ တူညီစိတ်ထား။ ဆည်းကပ်ငြားက၊ ကျိုးကားညီမျှ၊အမှန်ရ၏။ ဟူသော ထိုစကားသည်။မမှား ဧကန်။စင်စစ်မှန်၏။ စေတောပဏိဓိဟေတုဟိ၊ ဂုဏ်တော် သို့ရောက်အောင်။ မိမိတို့ စိတ်ထား ကောင်းကြ သော ကြောင့် သာလျှင်။ သတ္တာ။ ရှင်တော် ဘုရား၊ ကိုယ်စား စေတီ။ အလီလီကို။ ရှင်ကြည့်ကိုးစား။ သတ္တဝါများတို့ သည်၊ သုဂ္ဂတိံ။ လူ,နတ်,နိဗ္ဗာန်။ သုံးတန်သော- သုဂတိ

အထပ်။ ချမ်းသာရာ အရပ်သို့၊ဂန္ဓကုဋိ၊ ဝမ်း သာ ဝမ်း မြောက် နှင့်၊သွားရောက်ကြရလေကုန်တော့သတည်း။

ဤကဲ့သို့ ဝိမာနဝတ္ထုပါဠိတော်၌၊အသေအချာပြထား ပါသဖြင့်။ သက်တော်ထင်ရှား ရှိသော၊ ဘုရားရှင်ကိုယ် တော်မြတ်ကြီးအားဖြင့်။ ဘုရား ပရိနိဗ္ဗာန် စံလွန်သဖြင့်၊ ကြွင်းကျန်ရစ်ခဲ့သော၊ ဓါတ်တော် မွေတော်နှင့်တကွ၊စေ တီတော်အရပ်ရပ်ကိုဖြင့်။ ဆည်းကပ် ကိုးကွယ် ကြကုန် သော၊ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါ အပေါင်း တို့သည်၊ လူ, နတ်,နိဗ္ဗာန်, သုံးဘန်သော ချမ်းသာမြတ်ကို၊ မချ ရနိုင် ကြောင်းကို၊ ထင်ထင်ရှားရှား၊ သက်သေခံ စကားဖြင့်၊ ပြထားတော်မူပေ၏။ ။သို့ဖြစ်၍၊ နောက်အပိုင်းကရေး သားခဲ့ပြီးသည့် အတိုင်း၊ ဘုရားရှင်တို့၏၊ လောက၌ဖြစ် ပေါ်လာရဘို့ရန်သည်၊ မိုဃ်းနှင့် မြေကြီး၊ (လင်းကွင်း။) တီးမိရန်မှုဖြင့်-ဗြဟ္မာပြည်က အပ်သွားနှင့်၊ လူ့ပြည်က အပ်သွား ၂ ခုဟာ၊အပ်သွားချင်းထိဘို့ခန့်မှုဖြင့်။အနှစ်တ ရာ တထောင်မှ တခါ ခေါင်းပေါ်လာသော၊ လိပ်ကန်းကြီး ၏ဦးခေါင်းနှင့်၊ သမုဒ္ဒရာထည်းမှာထင်ရာမျောပါနေသော ထမ်းပိုးပေါက် ဝါးလုံးပေါက်နှင့်။ စွပ်မိဘို့ရန်ဖြင့်၊ ခဲယဉ်း လှသကဲ့သို့။အလွန်လျှင်ခဲယဉ်းလှစွာသော၊ဘုရားရှင်တို့၏ ပွင့်တော်မူလာခြင်း။ ၎င်းသာသနာနှင့် ကြုံကြိုက် တွေ့ဆုံ ခြင်း ဘုရားဟူသောအသံမျှကြားနာရခြင်း။ဘုရားရှင်အား ဖူးတွေ့ရခြင်း၊ တည်းဟူသောဒုလ္လဘ၊ ကြုံရတဲ့ အခါမျိုး ကား၊အထက်ကပြခဲ့သည့် အတိုင်း၊အလွန့်အလွန်ခဲယဉ်း

လှပေ၏။ ။ဤကဲ့သို့ တွေ့ခဲ၊ ကြုံခဲလှစွာသောသက်တော်ထင်ရှား မြတ်စွာဘုရားနှင့်တကွ။ စေတီတော် မြတ်တို့အား။ ကိုးကွယ်ဆည်းကပ်လျက် လှူဒါန်း ပူဇော်ကြကုန်သောသူ အပေါင်းတို့သည်။ လူ-နတ်-နိဗ္ဗာန်။ သုံး တန်သောချမ်းသာမြတ်တို့ကို မချခံစားရကြောင်း။ ဝတ္ထုသက်သေ။ အထွေထွေတို့ဖြင့်၊ တွေ့ဝေရိက်မှား။ ဒိဋ္ဌိမပွားရအောင်။ထင်ရှားစွာထုတ်နုတ်၍။ရှင်းလင်းကာစီစဉ်လျက်တည်ထွင်ကာပြီးအံ့။ ။

**အထူးမှတ်ရန်မှာ။** ။ဤကျမ်း၌ဖော်ပြလတ္တံ့သော။ဝတ္ထုတို့ကိုအကျယ်ရေးသားမည်မဟုတ်။ ကျမ်းစာအုပ်ကား ငယ်သဖြင့်။ သိလွယ်ရုံစကားတို့ဖြင့်။ ကျဉ်းနိုင်သမျှ အကျဉ်းချုံ၍။ တိုတို,တုပ်တုပ်နှင့်။ သက်သေ သာဓကပြမည်ဖြစ်ကြောင်း။

---

## သက်တော်ထင်ရှားမြတ်စွာဘုရားအား။ ရှိခိုးပူဇော်သဖြင့်။ ကြီးကျယ်သောအကျိုးထူး မဟာဖလတို့ကို။ ခံစားရရှိသော ဝတ္ထုသက်သေတို့တွင်

## သုမန-မာလာကာရ ပန်းသည်ဝတ္ထု။

ငါတို့သုံးလောကထွဋ်ထား။ ဂေါတမမြတ်စွာဘုရားသည်၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌နေတော်မူစဉ်၊ ထိုပြည်၌။ သုမနလာအမည်ရှိသော။ ပန်းသည်,သည်

ဗိမ္ဗိသာရမင်းကြီးအား၊နေ့စဉ် ငြတ်လေးပန်း၊ ၎င်ကွမ်း၊စာ ရှစ်ဝလယ်ချကို။ ဆက် ကင်ဇော်၊ တနှုးသော အခါများ ဖြတ်စွာဘုရားသည်၊ ရောင်ခြည်တော် ခြောက်ဖြာ ကွန့်မြူး လျက်၊ မြို့တွင်းသို့ဆွမ်းခံတော်မူရာ၊ ၎င်းပန်းသည်လည်း၊ မင်းကြီးထံသို့ပန်းပို့ခုန်အလာ၊ ဘုရားရှင်ကို ဖူးမြင်မှူး မျှော်ရ၍၊ အလွန်ကြည်ညိုမြတ်နိုးလှသဖြင့် 'ယနေ့' ငါမင်း ကြီးကိုပန်းမဆက်နိုင်သဖြင့်၊ ငါ့ကိုဘုရင်မင်းဖြတ်သတ် လိုက,သတ်ပစေတော့။ ငါသည် ဤပန်း တို့ကို၊ ဘုရား အားသာလျှင်၊ ပူဇော်တော့အံ့ဟု၊ စိတ်ကိုဆုံးဖြတ်လျက် ပါသမျှပန်းတို့ကို၊ မြတ်စွာဘုရားအား၊ လှူဒါန်းပူဇော် လိုက်လေ၏။

## အံ့ဘွယ်ဖြစ်သောဘုရားရှင်၏တန်ခိုးတော်။

အဘယ်သို့ လှူဒါန်းပူဇော်သနည်းဟူမူကား၊......ရှေး ဦးစွာနှစ်ဆုပ်မျှသောပန်းတို့ကို၊မြတ်စွာဘုရား၏အထက် သို့ကြဲဖြောက်ပစ်ခါပူဇော်လိုက်၏။ ထိုပစ်လိုက်သောပန်း ဆုပ်တို့သည်၊ ဦးထိပ်မကိုဋ်တော်ထက်၌၊ ဗိတာန်မျက်နှာ ကြက် ဖြစ်၍ တည်ကုန်၏။ နောက်ထပ် နှစ်ဆုပ် ကြဲလှူ လိုက်ပြန်သော် ထိုပန်းဆုပ် တို့သည်၊ လက်ျာလက် နံပါး တော်ဖြင့်။ပန်းအမိုး အကာ အဖြစ်အားဖြင့်၊ အောက်သို့တွဲ လျား ကျဆင်းလျက် တည်ကုန်၏။ တပါးသော ပန်းနှစ် ဆုပ်တို့ကိုကြဲဖြောက်ကာပူဇော်လိုက်ပြန်သော်။ထိုပန်းတို့ သည်။ကျောက်ကုန်း။ ကျောဘက် နံပါးတော်ဖြင့်၊အောက်

သို့ တွဲလျားကျဆင်းလျက် ရှေးနည်းအတူ သာလျှင်တည်ကုန်၏။ နောက်ထပ်တဖန်။ ကြွေပြောင်ပြစ်ကာ လှူဒါန်းပူဇော် လိုက်ပြန်လေသော်။ ထိုပန်းတို့သည်။ လက်ဝဲ ဘက်နံပါးတော်ဖြင့်၊ အောက်သို့ တွဲလျားကျဆင်းလျက်။ ရှေးနည်းတူသာလျှင် တည်ကုန်၏။ ဤသို့လျှင်။ ရှစ်ကွမ်းစားကုန်လေသော်။ ထိုပန်းတို့သည်။ ဘုရားရှင်၏ အထက်မှ။ မျက်နှာကြက်ထီး ဘုံခွန်ပမာ။ အလွန်တင့်တယ်စွာတည်နေကြကုန်လျက်။ ဘုရားကြွသွားတော်မူရာသို့။ ငွေပြား-ငွေချပ်-ငွေထီးပမာ။ အစဉ်လိုက်ကြလေကုန်၏။ ။တိုင်းသူပြည်သားတို့သည်လည်း၊ အုတ် အုတ် ကျက် ကျက်ဖြစ်လျက်။ ပြည်တွင်းကိုးကုဋေ၊ ပြည်ပကိုးကုဋေ အားဖြင့်၊ တဆယ်ရှစ်ကုဋေသော လူအပေါင်းတို့တွင်။ တယောက်သောသူမျှ။ လှူဒါန်း ပူဇော်ဘွယ်ရာ။ ဆွမ်းစသည်ကို ယူလျက်။ အိမ်မှထွက်လာသူမရှိပေ။ သုမနပန်းသည်လည်း အလွန်ဝမ်းသာဝမ်းမြောက် ဖြစ်၍*ပီတိ ငါးပါး ဖြင့် ပြည့်လျက်ရှိ၏။

---

*ပီတိငါးပါးဟူသည်။ ။ခုဒ္ဒကာပီတိ (အနည်းငယ်နှစ်သက်ခြင်း)။ ခဏိကာပီတိ (တခဏနှစ်သက်ခြင်း)။ ဩက္ကန္တိကာပီတိ (သက်ဝင်၍နှစ်သက်ခြင်း)။ ဥဗ္ဗေဂါပီတိ (ကောင်းကင်သို့ လွင့်တက်စေတတ်သော နှစ်သက်ခြင်း)။ ဖရဏာပီတိ (ကိုယ်အလုံးပြန့်နှံ့သွားအောင်နှစ်သက်ခြင်း)။

## မယားမိုက်မဲပုံ။

မြတ်စွာဘုရားအားအမျိုးမျိုးချီးမွမ်းပြီး, ဂိုဒိုးပူဇော်လျက် အိမ်ပြန်သွားရာ၊ရနေကျငွေရှစ်သပြာကိုမယားကတောင်းသော်။ငါသည်-မင်းအားမဆက်ကပ်ခဲ့ရ၊ဘုရားအားသာလှူခဲ့ပုံနှင့်။အသုံးသုံးအံ့ဘွယ်တို့ကိုပြောပြရာ၊မယားမိုက်သည် ဝမ်းမသာနိုင်ဘဲ၊ ဆဲဆိုလျက်၊ မင်းအပြစ်ပေးလျှင် သင်ခံတော့ ငါနှင့်မဆိုင်ဟု၊ ဘုရင်မင်းမြတ်ထံသို့သွား၍၊ ၎င်းပန်းသည်ယောကျ်ားပြုသမျှအမှုသည်၊ ကောင်းသည်ဖြစ်စေ။ဆိုးသည်ဖြစ်စေ သူနှင့်မဆိုင်ပါဟု၊ မင်းပြစ်ကိုကြောက်၍၊ ကိုယ်လွတ်ရုံးလျက်သွားသေ၏။

မှတ်ချက်။ ။ဤနေရာ၌ မယားသည် ဝမ်းသာဝမ်းမြောက်ဖြစ်၍ သာဓုခေါ်ကာ။ သဘောတူ နှစ်သက်ပါက၊ ကြီးကျယ်သော အကျိုးကို မုချရပေလိမ့်မည်၊ ယခုမှာကား၊ ဝမ်းမသာနိုင်ဘဲ လင်ကိုဆဲ၍ ရှောင်လွှဲထွက်သွားသဖြင့်။ လောကီ,လောကုတ္တရာ အကျိုးယုတ်ပေတော့၏။ ။သတိရှိကြစေရာ။

## သုမနပန်းသည်သဗ္ဗဒကဆုလာဘ်ရခဏ်း။

မြတ်စွာဘုရားလည်း အစဉ်အတိုင်းကြွ၍၊ မင်းကြီးနန်းတော် ယင်ပြင်မဏ္ဍပ်နိုက်၊ တရား ဟောတော်မူပြီး၊ ကျောင်းတော်သို့ကြွတော်မူသော်၊မင်းကြီးဤကဲ့သို့မြတ်စွာဘုရား ဦးခေါင်းတော်အထက်မှ။ ကောင်းကင်နိုက် အာ

လိုလိုတည်လျက်။ ထိုးတံခွန်ပမာလိုက်နေသေး။ ပန်းတို့ကိုထူးဆန်းစွာမြင်ရသဖြင့်၊အလွန်ဝမ်းမြောက်၍။ သုမနပန်းသည်အားခေါ်တော်မူပြီးလျှင်။ (၁)ဆင်ရှစ်စီး။ (၂) မြင်းရှစ်စီး။ (၃)ကျွန်မိန်းမရှစ်ယောက်။ (၄)ကျွန်ယောကျ်ားရှစ်ယောက်။ (၅) မြတ်သောတန်ဆာရှစ်ခု။ (၆) အလုံးစုံသော တန်ဆာတို့ဖြင့်။ လှပတင့်တယ်စွာ ဝတ်ဆင်ထားသော။ သတို့သမီး ကညာရှစ်ယောက်။ (၇) အသပြာ ရှစ်ထောင်။ (၈) အခွန် များစွာထွက်သော ရွာကြီး ရှစ်ရွာ။ ဤကဲ့သို့။ ရှစ်ခု, ရှစ်ခုစီ အားဖြင့်။ **သဗ္ဗဋ္ဌကဆုလာဘ်**ကြီးများကို ရရှိသဖြင့် ဤဘဝမှာပင် ဒိဋ္ဌဓမ္မအကျိုးရရှိ၍။ သူဆင်းရဲဘဝမှ။သူချမ်းသာအစစ်။ရှာစားမင်းကြီးဖြစ်ရ၏။ ဤကဲ့သို့ လောကအကျိုးတွင်မက။ လောကုတ္တရာ အကျိုးကိုလည်း အံ့ဩဘွယ်ရရှိပုံကိုပြဦးအံ့။ ။

## ပစ္စကဗေဒမိဆု။ ဗျာဒိတ်ပေးခန်း။

ရှင်အာနန္ဒာမထေရ်သည်။ ဘုရားရှင်ထံသို့ချဉ်းကပ်၍။ သုမနပန်းသည်၏။ နောင်အကျိုးကို မြော်ကိုးလျှောက်ထားလေသော်။ ချစ်သားအာနန္ဒာ။ ဤအလှူသည်နည်းသည်ဟု မမှတ်အပ်။ အသိုးမသိုက်တန်လှဟုမမှတ်အပ်။ စေတနာသာပဓာနဖြစ်သည့်အတိုင်း၊ ငါဘုရားအား၊စေတနာသန်သန်နှင့်။ လှူရသောကောင်းမှုကြောင့်။ ဘဝသံသရာ၌။ အပါယ်လေးပါး၊ မသွားရတော့ဘဲ။ လူ,နတ်,တို့၏စည်း

ဗိမာန်ကို ခံစား,စံစားပြီးနောက်၊ ပစ္စေကာဗုဒ္ဓါအစစ်ဘုရား ငယ်ဘဆုဖြစ်၍၊ နိဗ္ဗာန်ယူသိမ်း ငြိမ်းတော်မူလိမ့်မည်ဟု ဟောတော်မူ၏၊

ကပ္ပါနံ,သတ-သဟဿ ၊
ဒုဂ္ဂတိံ,နုဂမိဿတိ၊
ဒွတ္တ,ဒေဝမနုဿေသု၊
ဖလံတေဿကမ္မုနော၊
ပစ္ဆာပစ္စေကသမ္ဗုဒ္ဓေါ၊
သုမနောနာမဘဝိဿတိ၊ ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တေဿ ကမ္မုနော၊ ထိုကောင်းမှုကံ၏၊ ဖလံ၊ အကျိုးသည်။ ကပ္ပါနံ၊ ကမ္ဘာတို့၏, သတ-သဟဿံ၊ တသိန်း ကာလ ပတ်လုံး။ဒုဂ္ဂတိံ၊ ငရဲတိရစ္ဆာန်,ပြိတ္တာအသုရကာယ်၊ အပါယ်လေးပါး။မကောင်းသောအသားသို့။ နုဂမိဿတိ၊ မသွားရ။ မလားရလတ္တံ့။ ဒေဝ မနုဿေသု၊ နတ်ပြည်,လူပြည်တို့၌၊ဒွတ္တ၊ တည်ရှိ၍၊ ပစ္ဆာ၊ နောက်ကာလ၌၊ သုမနောနာမ၊ သုမန,အမည်ရှိသော။ ပစ္စေကဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါ-ဘုရားသည်။ ဘဝိဿတိ၊ အမှန်စင်စစ်ကေန်ဖြစ်လတံ့။ ။

မြတ်စွာဘုရားလည်းကျောင်းတော်သို့ ဆက်လက်ကြွသွားတော်မူသော်။ ဂန္ဓကုဋိတံခါးသရောက်မှပန်းတို့သည် ကျရစ်ကြကုန်၏။ ညချမ်းအခါ၌။ ရဟန်းတို့သည်၊ ပန်းသည်၏ဆုလာဘ်ရပုံနှင့်တကွ၊ အလုံးစုံတို့ကို။ တရားသ

ဘင်ဒွဲပြောဆိုနေစဉ်၊ ဘုရားရှင်ကြွလာလျက်။ မေးတော်မူပြီး။ တရားတော်ကိုဟောတော်မူ၏။ ။

## အမြဲနှုတ်ငုံထား၍မှတ်သားသင့်သော ဒေသနာတော်။

တဥ္စကမ္မံ—ကတံသာဓု၊
ယံကတွာနာနုတပ္ပတိ။
ယဿ-ပတီတော-သုမနော။
ဝိပါကံ—ပဋိသေဝတိ။
ဓမ္မပဒပါဠိတော်။

ယံကမ္မံ၊အကြောင်းအမှုကို။ ကတွာ။ပြု၍။(ဝါ)ပြုပြီးသော်၊ နာနုတပ္ပတိ၊ နောင်တ,တဖန်မပူပန်ရပေ။ ယဿကမ္မဿ၊ ငါမိပြုလုပ်ရသော၊အကြောင်းကံ၏။ ဝိပါကံ၊ ကျေးဇူးကို။ ပတီတော- ပီတိအဟုန်ဖြင့်။ နှစ်သက်ရသည်ဖြစ်၍။ သုမနော။ ဝမ်းမြောက်,ဝမ်းသာ။ ပဋိသေဝတိ။ သုံးဆောင်မှီဝဲရ၏။ တဥ္စကမ္မံ။ ထိုကောင်းမှုကံကိုသာလျှင်။ ကတံ ပြုရခြင်းသည်။ သာဓု,ကောင်းလှပေတော့သတည်း။

ဤဒေသနာတော်နှင့်တကွ,သုမနပန်းသည်၏။ ဘုရားအားပန်းပူဇော်ရသော။ လောကသိသရေ။ နှစ်ဖြာအကျိုးတို့ကို။ ပွင့်ဖြိုး ကြီးကျယ်စွာ ရရှိပုံကို ထောက် ထား၍။ ရှင်တော်ဘုရား၏။ ဂုဏ်တော်,ကျေးဇူးတော်အပေါင်းတို့အား၊ ကောင်းကောင်းကြီးယုံကြည်မြတ်နိုးကြရာသည်။

သုမနပန်းသည်ဝတ္ထုပြီး၏။

# မလ္လိကာမိဖုရား၀တ္ထု။

ဘုရားရှင်လက်ထက်တော်က၊ သာဝတ္ထိပြည်၌၊ ပန်းသည်ကြီး၏သမီး၊ မလ္လိကာ အမည်ရှိသော သတို့သမီး တယောက်ရှိ၏၊ ၎င်းသတို့သမီးသည်၊ တနေ့သောအခါပန်းများဆွတ်ခူးရန်၊ မိမိ၏ ပန်းခြံသို့ သွားစဉ်၊ သံဃာတော် အပေါင်းခြံရံလျက်၊ မြို့တွင်းသို့ ဆွမ်းခံကြွသာတော်မူသော၊ ဘုရားသခင်ကိုတွေ့မြင်တော်မူလေသော်၊ အလွန်ကြည်ညိုခြင်းဖြစ်၍၊ မိမိစားရန်ယူခဲ့သော၊ *(မုယောမုန့်) သုံးခဲကို ဘုရားရှင်သည်၊ ၎င်းသတို့သမီး၏ မုန့်ကလေး သုံးခုကိုအလှူခံတော်မူပြီး †ပြုံးတော်မူ၍၊ အရှင်အာနန္ဒာသည်ပြုံးတော်မူခြင်း၏၊ အကြောင်းရင်းကို မေးလျှောက်တော်မူသောအခါ ဘုရားရှင် ကိုယ်တော်မြတ်က၊ ချစ်သားအာနန္ဒာ၊ ဤသတို့သမီးငယ်ကား၊ ငါဘုရားအား ယခု ပေးသောမုန့် ဆွမ်းလှူဒါန်းရသောကောင်းမှုကြောင့်၊ ယနေ့ပင်လျှင်၊ ဆင်းရဲသော အဆင့် အတန်းမှ လွတ်၍၊ အလွန်ချမ်းသာ သော၊ မိဖုရားကြီး ဖြစ်လတ္တံ့ ဟု ဟောတော်မူလျက် ကြွသွားတော်မူလေ၏။ ။

---

*မုယောမုန့်—ကား ကောင်းသောအစာမပါဘဲ၊ ဆီမပါအရသာမရှိ။ ဆန်ကြမ်းကို ထောင်းပြီးဆုပ်နယ်သော။ ဆင်းရဲသူ, ဆင်းရဲသား အစာဖြစ်သော မုန့်အကြမ်းစားတည်း။

†ဘုရားတို့မည်သည် အကြောင်းမရှိဘဲ အဘယ်အခါမှ အလကား သက်သက်ပြုံးတော်မမူကြောင်း။ ။

## မိဖုရားကြီးဖြစ်ရခြင်း။

သတို့သမီးငယ်လည်း။ ပန်းခြံသို့ သွား၍။ သီချင်းကလေး တကျူကျူနှင့်။ ပန်းများကိုဆွတ်ခူးနေစဉ်။ ကောသလ မင်းကြီး လည်း။ အဇာတသတ်မင်းနှင့်။ စစ်ထိုးရာမှအပြန်။ မလ္လိကာသူငယ်မကလေး၏။ အသံကိုကြားလျှင်။ အလွန်တပ်နှစ်သက်ခြင်းဖြစ်လှသဖြင့်။ ရှေ့ကိုမသွားနိုင်။ ပန်းခြံသို့ဝင်သွားသောအခါ။ သတို့သမီးငယ်ကိုမြင်ရလျှင်မြင်ရခြင်း။ သာလွန်ပိုမို၍ချစ်ခင်သောစိတ်ရှိသဖြင့်။ အရှင်ခင်ပွန်းသင် ရှိမရှိမေးမြန်တော်မူရာ။ မရှိမှန်းသိရ၍။ မိဘအိမ်မှတောင်းယူပြီးနန်းတော်သို့ဆောင်ကြဉ်းလျက် အဘိသိက်သွန်းကာ။ မိဖုရားကြီး အရာထား၍။ မြှောက်စားတော်မူလေ၏၊ ၎င်းမိဖုရားကြီးကို၊ မင်းကြီးသည်၊ အလွန်ချစ်မြတ်နိုးသဖြင့်။ အစစ အရာရာ၌။ မိဖုရားကြီးစိမ်တိုင်းပြီး ပြည့်စုံရ၏။ မလ္လိကာမိဖုရားကြီးသည် ဘုရားရှင်တို့နှင့်အလွန်အကျွမ်းတဝင် ဆည်းကပ်ကြည်ညိုလှူဒါန်းပူဇော်သဖြင့်။ ယခု အခါ၌။ တုသိတာနတ်ပြည်၌။ ကြီးကျယ်သော။ နတ်စည်းစိမ်ရှင်ကြီးဖြစ်၍ နေတော်မူလေသတည်း။ ။

ဒါ့ကြောင့်။ ဒါန၏အကျိုးသည်။ ကောင်းမှုရှင်အား။ ယခုဘဝနှင့်တကွ။ ဘဝအဆက်ဆက်၌။ အစိုးရခြင်း။ ရတနာရွှေငွေ-အထွေထွေတို့ဖြင့်။ ပေါများချမ်းသာခြင်း။ သံသရာတခွင်၌အပါယ်အစရှိသော။ ဘေးအပေါင်းမှကင်းလွတ်အောင်။ စောင့်ရှောက်ခြင်း။ စိတ်၏ချမ်းသာခြင်း။ ကိုယ်၏

ချမ်းသာခြင်းနှင့် အမြဲထာဝရ ပြည့်စုံအောင် ဖြစ်စေနိုင်ခြင်းတို့ဖြင့်။ မချမ်း-ပြည့်စုံနိုင်တယ်ဟုမှတ်ရမယ်။

ဒါနံ ဗုဒ္ဓသာသနမ္ဘူတံ၊
ဒါနံ ဘောဂေ ဥပဗ္ဗိတံ၊
ဒါနံ အတ္တာ နုရက္ခဏ၊
ဒါနံ သုခပဝဒနံ၊

ဒါနံ၊ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း ဒါနသည်၊ ဗုဒ္ဓသာသနမ္ဘူတံ၊ အာကာလွှမ်းမိုး၊ ဘုန်းတန်ခိုးတို့ဖြင့်၊ အုပ်စိုးဒိုင်ပိုင်၊ ဖြစ်စေနိုင်၏၊ ဒါနံ၊ တဆုပ်တခဲ၊ နဲများမဟူ၊ ပေးလှူစာဂ မြတ်ဒါနသည်၊ ဘောဂေ၊ ပစ္စည်းဥစ္စာ၊ ရတနာ့ရွှေငွေ၊ အတွေတွေ တို့ကို၊ ဥပဗ္ဗိတံ၊ ပေးကမ်း သုံးစား၊ မကုန်ပြားအောင်၊ တိုးပွါးဖြိုင်ဖြိုင်၊ ဖြစ်စေနိုင်၏၊ ဒါနံ၊ အလှူဒါနသည်၊ အတ္တံ၊ကုသိုလ်ကောင်းမှု ပြုရစ်ချင်၊ အလှူရှင်ကို၊ အနုရက္ခဏ၊ သံသရာတလျှောက်၊ ဘေးမရောက်အောင်၊ မပြတ်စောက်ရှောက်ပါပေ၏၊ ဒါနံ၊ ပေးလှူစာဂ၊ မြတ်ဒါနသည်၊ သုခပဝဒနံ၊ ကိုယ်စိတ်နှစ်ပြာ၊ ချမ်းသာများကို၊ တိုးပွါးဖြိုင်ဖြိုင်ဖြစ်စေနိုင်၏၊

ဘုရားရှင်အား၊ မပြောပလောက်သော၊ မုဒယောမုန့်ကလေးလှူဒါန်းရသဖြင့်၊ ပစ္စုပ္ပန်-သံသရာ၊ နှစ်ပြာကောင်းကျိုးကိုရရှိသောမလ္လိကာမိဖုရားကြီး ဝတ္ထုကိုလည်း၊ နည်းယူမှတ်သား၊ နှလုံးထားကြရာသည်၊ ။

မလ္လိကာမိဖုရားကြီးဝတ္ထုပြီး၏။

## မဋ္ဌကုဏ္ဍလီဝတ္ထု။

ငါတို့ဘုရားရှင်လက်ထက်တော်က။ သာဝတ္ထိပြည်၌။ အဒိန္နပုဗ္ဗက ပုဏ္ဏားသူဌေးသည်ရှိ၏။ ၎င်းသူဌေးသည်။ အလွန် နှမြော ကုတ်ကတ်၏။ သူတပါးလည်းမလှူ။ မိမိလည်းမစား။ ဣသာသာမန္တရ များလှပေ၏။ ထိုသူဌေးကြီး၌။ မဋ္ဌကုဏ္ဍလီအမည်ရှိသော။ သားတယောက်ရှိ၏။ ၎င်းသူဌေးသားသည်လည်း၊ ဒါန,သီလ, အစရှိသော။ ကုသိုလ်ကိုအနည်းငယ်မျှ,မပြုစဖူး။ တနေ့သောအခါ။ အလွန်မမာမကျန်းဖြစ်၍။ သေခါနီးဆဲဆဲ၌။ ဘုရားရှင်သည်။ မြို့တွင်းသို့ ရောင်ခြည်တော်ခြောက်ဖြာကွန့်မြူးလျက်။ ဆွမ်းခံကြွလာတော်မူသောအခါ ဘုရားရှင် ရောင်ခြည်တော်ကိုမြင်ရ၍၊ စိတ်ထဲ၌ ကြည်ညို နှစ်သက်သော စိတ်ဖြစ်စဉ်။ ရုတ်စိတ်ကျ၍ သေလေသော်။ တာဝတိံသာနတ်ပြည်၌။ ယူဇနာသုံးဆယ်ရှိသော။ ရွှေဗိမာန်မှာ။ နတ်သမီး တထောင် ခြံရံလျက်။ မဋ္ဌကုဏ္ဍလီနတ်သားဟူ၍။ ထင်ရှားစွာသွား၍ဖြစ်ရ၏။

## နတ်သားလူ့ပြည်သို့ဆင်းလာခြင်း။

ထိုအခါနတ်သားသည်။ ဘုံဗိမာန်ပြသာဒ်နှင့်တကွ။ ဘုရားထံဆင်းလာ၍၊ မြတ်စွာဘုရား၌။ စိတ်ဖြင့်ကြည်ညိုရုံမျှဖြင့်။ ဤကဲ့သို့။ ကြီးကျယ်မြင့်မြတ်သော၊ စည်းစိမ်ချမ်းသာကို တပည့်တော် ရပါသည် ဘုရားဟု လျှောက်ထားလေသော်၊ ဘုရားရှင်က။ ငါဘုရားအားနှုတ်ဖြင့်ရွတ်

ဆို၍သော်ငြား၊ ကိုယ်ဖြင့်ပြု၍ သော်ငြား၊ စိတ်ဖြင့်ကြံ၍ သော်ငြား။ ပြောဆိုပြုလုပ်ကြံစည်၍၊ ကြည်ညိုမြတ်နိုးခြင်း သည့်,အကျိုးရှိသည်သာတည်းဟု၊ ဟောကြားတော်မူ၏၊

မနောပုဗ္ဗင်္ဂမာဓမ္မာ။
မနောသေဋ္ဌာ–မနောမယာ၊
မနသာစေပသန္နေန။
ဘာသတိဝါ–ကရောတိဝါ၊
တတောနံ-သုခမနွေတိ၊
ဆာယာဝ–အနုပါယိနီ၊

ဘိက္ခဝေ၊ ချစ်သား,ချစ်သမီးအပေါင်းတို့။ ဓမ္မာ၊ ဝေဒနာက္ခန္ဓာ၊ အစရှိသော တရားသုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာ။ စိတ်သာသျှင် ပြဋ္ဌာန်းခြင်း ရှိကုန်၏၊ မနောသေဋ္ဌာ၊ စိတ်သာလျှင်–အကြီး အမြတ် ဖြစ်ကုန်၏။ မနောမယာ၊ စိတ်ဖြင့်ပြီးကုန်၏၊စေ၊အကယ် ၍။ ပသန္နေန၊ သဒ္ဓါကြည်ညိုသော မနသာ၊ စိတ်ဖြင့်၊ယော ကောစိ၊ အမှတ်မရှိသောသူသည်၊ ဘာသတိဝါ၊ ရွတ်ဆို မှုလည်းရွတ်ဆိုငြားအံ့။ ကရောတိဝါ၊ကိုယ်ဖြင့်ပြုမှုလည်း ပြုငြားအံ့။ စိန္တေတိဝါ၊ စိတ်ဖြင့် ကြံမှုလည်း ကြံငြားအံ့၊ ဧဝံသတိ၊ဤသို့အဒ္ဓါကြည်လင်။စိတ် အစဉ်ဖြင့်။ ဆိုသည့်, ပြုသည့်,ကြံစီသည့်ရှိသော်၊တတော၊ ထိုကြည်လင်သော စိတ်အလိုဖြင့်၊ဆိုခြင်း, ပြုခြင်း, ကြံစည်ခြင်းဟူသောသုစ ရိုက်ကြောင့်။ဆာယာ, အရိပ်သည်။ အနုပါယိနီဣဝ၊သွား

လေရာ ရာ။ မကွာစဉ်ရိုက်။ အမြဲလိုက်သကဲ့သို့။ သုခံ၊ သူ နတ်နိဗ္ဗာန် သုံးတန်သောချမ်းသာသည်၊ နံပုဂ္ဂလံ၊ ထိုကု သိုလ်ရှင်ဖြစ်သော ပုဂ္ဂိုလ်သို့။ အနွေတိ၊ အနုဗန္ဓတိ၊ ဖြစ်လေ ရာရာ။ မကွာစဉ်ရိုက်အမြဲလိုက်၏။

ဤဒေသနာတော် ကြားနာရသဖြင့်၊ မဋ္ဌကုဏ္ဍလီ နတ် သားနှင့်။အဒိန္နပုဗ္ဗကသူဌေးတို့သောတာပန်တည်ကြသေ ၏။ထိုကြောင့် မဋ္ဌကုဏ္ဍလီ သူဌေးသားသည်။စိတ်မျှဖြင့်။ ရှင်တော်ဘုရားအား ကြည်ညိုမြတ်နိုး ရသော ကောင်း မှုသည်။ကြီးကျယ်သော နတ်စည်းစိမ်ကို ရရှိရုံတွင်မက အပါယ်တံခါးပိတ်၍၊နိဗ္ဗာန်တံခါးပွင့်ကာ-ဝင်သွားရသော အရိယာအစစ်။ သောတာပန် ပုဂ္ဂိုလ်ကြီးဖြစ်ရခြင်း၊ အ ကြောင်းရင်းမဟာပွဲလတ္တိုကိုလည်း။ ကြပ်ကြပ်ကြီးသိမြင် ကြရာသည်။ ၂

မဋ္ဌကုဏ္ဍလီဝတ္ထုပြီး၏။

## စဏ္ဍာလီ အမယ်အိုကြီး ဝတ္ထု။

မြတ်စွာဘုရား ရှင်သည်။ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန် ကျောင်းတော်၌သီတင်းသုံးနေ့ တော်မူစဉ်။စဏ္ဍာ လီအမယ်အို။ ခွန်းစဏ္ဍားမကြီး၏။ ယနေ့သေ၍ငရဲသို့ကျ မည်အရေးကို။ ရွှေဉာဏ်တော်၌ မြင်လေသော်။ အပါယ် ဘေးမှလွတ်၍နတ်ပြည်သို့ ရောက်စိမ့်သော၄ါ။ရဟန်းသံ

ယာခြံ၌လျက်၊ မြို့တွင်းသို့သွင်းခံရန် ကြွတော်မူခဲ့လေ၏၊ လမ်းခရီး၌၊ ထို အမယ်အိုကြီးနှင့် ရင်ဆိုင် တွေ့ကြလေသော်ဘုရားရှင်သည်၊ ရှေ့မှတည့်တည့်ရပ်တော်မူနေ၏၊ စဏ္ဍာလီအမယ်ကြီးသည်၊တောင်ဝှေးကို ထောက်လျက်၊ ဘုရားကိုရှိမခိုး.ဘဲရပ်နေလေ၏၊ ရှင်အာနန္ဒာသည်၊ ဘုရား၏ အလိုကို သိသဖြင့်၊ အမယ်အိုကြီးအနားသို့ ကပ်သွားပြီး၊စဏ္ဍာလီအမယ်ကြီး၊သင့်အားကရုဏာရှေ့ထား၍ ကြွလာရပ်နေတော်မူသော၊မြတ်စွာဘုရားအား၊ရှိခိုးပါတော့လော့။ ရှိခိုးပါတော့လော၊ သင်၏ အသက်ကား၊သေဘက်နီးကပ်နေပြီ၊တာဒိဂုဏ်ဖြင့် ပြည့်စုံကျော်ကြားသောသဗ္ဗညု ရှင်တော်ဘုရားအား၊ သင်သည် လက်အုပ်ချီမိုး၍၊ ရှိခိုးပါလေလောဟု။ ရှင်မောဂ္ဂလာန် အတန် တန် တိုက်တွန်းမှ၊အားနာ,ပါးနာနှင့်၊ ဘုရားရှင်အားရှိခိုးလေ၏၊

ထိုအခါမှ–ဘုရားရှင်လဲမြို့တွင်းသို့၊ ကြွသွားတော်မူလေ၏။ စဏ္ဍာလီအမယ်ကြီးလည်း၊မြို့ပြင်ထွက်သွားလေသော်၊ နွားမခွေ့သတ် သဖြင့် သေလေသျှင်၊ ဘုရား၊ရှင်အား။ တကြိမ်တခါမျှ–ရှိခိုးရသောကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌၊ နတ်သမီးဘထောင်အခြံအရံနှင့် တကွ။ တင့်တယ်စွာဖြစ်လေ၏။

## နတ်သမီး လူ့ပြည်ဆင်းလာခြင်း။

ထိုအခါ-မိမိ၏ကောင်းမှုဆင်ချင်သော်။ အရှင်မောဂ္ဂ

လာန်၏တိုက်တွန်းချက်ကြောင့်။ ဘုရား ရှင်အားရှိခိုးခဲ့သ ဖြင့်။ ဤကဲ့သို့ကြီးကျယ်ကောင်းမြတ်သော။ စည်းစိမ်ကို ရရှိကြောင်းသိမြင်သဖြင့်။ အရှင်မောဂ္ဂလာန်ထံသို့။ ဘုံဗိ မာန်။ အခြံအရံနှင့်တကွ။ ဆင်းလာ၍။ ရိုသေစွာရှိခိုး နေ လေ၏။ ထိုအခါမထေရ်မြတ်က။မည်သူနည်းဟုမေးလေ သော်၊ စဏ္ဍာလီနတ်သမီးကလျှောက်ထားသည်မှာ။

အဟံဘဒ္ဒန္တေ စဏ္ဍာလီ၊
တယာသထေရေနပေသိတော။
ဝန္ဒိအရဟတောပါဒေ၊
ဂေါတမဿ-ယသဿိနော။

ဘဒ္ဒန္တေ၊ ကရုဏာပွါးအရှင်ဘုရား။ ထေရေန၊ ဂုဏ် ရောင်လျှံညီးမထေရ်ကြီးဖြစ်တော်မူသော။ တယာ၊ ကရု ဏာပွါး၊ အရှင်မြတ်ဘုရားသည်။ ပေသိတော၊ နတ်ရွာ လားရန်၊ ရည်သန်ပြဋ္ဌွန်း။ တိုက်တွန်း နှိုးဆော်အပ်သည် ဖြစ်၍။ အရဟတော၊ ဗြဟ္မာနတ်လူ။သုံးဘုံသူတို့။ကြည်ဖြူ ကော်ရော်။ ပူဇော်အပ် တော်မူထသော။ ယသဿိနော၊ အခြံအရံအကျော်အစောဂုဏ်နှင့်၊ ပြည့်စုံတော် မူပေထ သော။ဂေါတမဿ၊ဂေါတမနွယ်ဘွား။ မြတ်ဘုရား၏။ပါ ဒေ၊ခြေတော်အစုံ။ကြာပဒုံတို့ကို။ဝန္ဒိ၊အားနာ၍သာ။လက် ဆယ်ဖြာဖြင့်။ထိပ်မှာတင်မိုး၊ရှိခိုးကန်တော့လာခဲ့ပါသော အဟံ၊ တပည့်တော်မသည့်ကား၊ စဏ္ဍာလီ၊စဏ္ဍာလီဟု။ သညီခေါ်သ။အမည်ရသော။ အမယ်အို မကြီးပါဘုရား။

ဤသို့ လျှောက်ထားလျက်၊ ရှင်မောဂ္ဂလာန် မထေရ်မြတ်၏ တရားတော်ကို၊ နာကြား၍ နတ်ပြည်သို့ ပြန်သွားလေ၏၊ ဤဝတ္ထုကိုထောက်၍လည်း၊ ဘုရားရှင်၌၊ ရှိခိုးမှုဖြစ်ရခြင်း၏ အကျိုးကြီးကြောင်းကို သိကြရာသည်၊

စဏ္ဍာလီအမယ်ဗိုဝတ္ထု ပြီး၏။

## ကေဝဋ္ဋနိယမထေရ်ဝတ္ထု။

ဤကမ္ဘာမှ ပြန်၍ရေတွက်။ သုံးဆဲ့တကမ္ဘာထက်၌၊ အနောမ ပြည်ကြီးတွင်၊ ဝေဿဘူ မြတ်စွာဘုရားသခင်သည် ပွင့်တော်မူသောအခါ၊ အရှင်ကေဝဋ္ဋနိယ မထေရ်အလောင်းသည်။ တဦးသောအမျိုးသားဖြစ်လေ၏၊ တနေ့သောအခါ ဝေဿဘူ ဘုရားရှင်ကို တွေ့မြင်ရသဖြင့်၊ အလွန်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍၊ မြတ်စွာဘုရားအား တကြိမ်မျှ ရှိသေစွာရှိခိုးခဲ့ဘူးသောကောင်းမှုကြောင့်၊ ဤလူ့ဘဝမှသေသော်။ နတ်ပြည်၌ ဖြစ်လေ၏၊ ထိုကောင်းမှုကုသိုလ်ကံကြောင့်၊ သုံးဆဲ့တကမ္ဘာ တိုင်တိုင်။ အပါယ်လေးပါးသို့ မလားမကျရဘဲ။ လူ့ပြည်နတ်ချပ်၊ မြင့်မြတ်သောဘုံဘဝတို့၌။ ကြီးကျယ်ကောင်းမွန်သော စည်းစိမ်ချမ်းသာတို့ကို။ ကြိမ်ဖန်များစွာလှည့်လည်ကာ ခံစားရပြီးမှ၊ ငါတို့မြတ်စွာဘုရားသခင် လက်ထက်တော်အခါ၌၊ ပစ္စည်းဘဏ္ဍာ ချမ်းသာကြွယ်ဝသော အမျိုးကောင်းသား

တယောက် ဖြစ်သာ၍။ သိကြား လိမ္မာသော အရွယ်သို့
ရောက်သောအခါ။ ဘုရားသာသနာတော်သို့ဝင်၍ရဟန်းပြု
သဖြင့်။ ရဟန္တာဖြစ်ခါဇောဝန္ဒနိယာမထေရ်ဟူ၍ နေလအ
သ င်၊အလွန်လျှင်ထင်ရှားတော်မူ၏။ ထိုအခါ မထေရ်
ဖြတ်သည်။ မိမိ၏ရှေးရှေးဘဝကာလက ပြုခဲ့ဘူးတဲ့အကျိုး
ဆက်ကို ကြည့်ရှုတော်မူသော်။ အလွန် ဝမ်းသာတော်မူ
သဖြင့်။ ပရိသတ်များတို့အား ထင်ရှားစွာသိစေ၍။ သဒ္ဒါ
တရားပိုရှိ ထက်မျက်စေခြင်းငှါ၊ ဥဒါန်းဘရားဖြင့် ဟော
ကြားတော်မူ၏။ ။

ဧကတိံသေ-ဣတောကပ္ပေ၊
ယံကမ္မ-မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ဝန္ဒနာယ-ဣဒံဖလံ။

ဣတော၊ ယခုဖြစ်လာ၏ကမ္ဘာမှ။ ဧကတိံသေကပ္ပေ၊
ပြန်၍ရေတွက်။သုံးဆဲ့တကမ္ဘာထက်၌။ ယံကမ္မံ၊ အကြင်
ရှိခိုးခြင်း ကုသိုလ်ကံကို။ တဒါ၊ ထိုဝေဿဘူဘုရားပွင့်
တော်မူသော အခါ၌။ အကရိံ၊ သဒ္ဒါညွတ်နူး၍ ပြုခဲ့ဘူးပြီ။
တတော-ပဘုတိ၊ ထိုဝေဿဘူဘုရားရှင်အား။ တကြိမ်
တခါမျှ ရှိခိုးခဲ့သည့်ကစ၍။ဒုဂ္ဂတိံ၊အပါယ်ဌာန။ ဒုဂ္ဂတိဘ
ဝကို။နာဘိဇာနာမိ၊တခါဘူးမျှမသိစဘူး-မရောက်ဘူးပါ။
ဣဒံ၊ဤသို့။ သုံးဆဲ့တကမ္ဘာဘို့ပတ်လုံး။ အပါယ်သို့မလား
မရောက်ရဘဲ။ သူနတ်ဘို့၏စည်းစိမ်ကို ခံစားစံစားပြီး၍။

ယာခုဘဝမှာ ရဟန္တာကြီး ဖြစ်၍ လာရခြင်းသည်ကား၊ ဝန္ဒနာသာယ၊ ဘုရားရှင်အား တကြိမ်တခါမျှ ရှိခိုးခဲ့ရခြင်း၏၊ ပသံ၊ ဥပနိဿာယ။ ပဋည်းချ၍၊ ကျမဝဘုံးဝါက်၊ အကျိုးဆက်ပေတည်း၊ ။ဤကဲ့သို့ တကြိမ်တခါမျှ၊ ဘုရားရှင်အား၊ ဦးတင်၍ ဖူးမြင်ရှိခိုးခဲ့ရသော ကောဏ္ဍညယသေဒိဝတ္ထုကိုထောက်၍၊ ဘုရားရှင်အား ရှိခိုးပူဇော်ခြင်း၏ အကျိုးမဟာမွသဘ်ကိုလည်း သိကြရသည်၊ ။

ကောဝဏ္ဏနိယမထေရ်ဝတ္ထု ပြီး၏။

---

## ပါဠိလေယျကဆင်မင်းဝတ္ထု။

ဘုရားရှင်သည် ကောသမ္ဗီ ပြည်၊ ဃောသိတာရုံကျောင်းတော်၌။သီတင်းသုံးတော်မူစဉ်။ ပြောနှိုးအားပါင်တို့ခိုက်ရန်ဖြစ်ပွား။အချင်းများကြသည်ကို ဆုံးဆုံးမ၍မရသဖြင့် *ပလလဲတောသို့ တပါးတည်း ကြွသွားတော်မူလေ၏။ ထိုအခါ ပါဠိလေယျက တောနက် ပလလဲ ဆင်မင်းသည်ရှိ၏။ ။ထိုဆင်မင်းသည်ဘုရားကိုမြင်သဖြင့်၊ အလွန်ကြည်ညို၍။ရှင်အာနန္ဒာမထေရ်ကဲ့သို့။ လိုသေးသေးမရှိ။ ရေပူ့ရေချမ်း ကမ်းလမ်းလျက် တဝါတွင်းပတ်လုံး

---

*ပါဠိလေယျကတောဟူ၍ရှင်း။ထိုတောမှာနေသဖြင့် ပါဠိလေယျကဆင်မင်းဟူ၍ရှင်း။မြန်မာလိုအားဖြင့်။ပလလည်းဆင်မင်း ပလလဲဆင်မင်းဟူ၍ခေါ်ကြ၏။အတူတူပင်ဟုမှတ်ပါလေ။

လုပ်ကျွေး၏။ ဝါကျွတ်သော် ရှင်အာနန္ဒာမထေရ် လာ၍ ပင့်သဖြင့်၊ ဘုရားရှင် ပြန်ကြွတော်မူလျှင်။ အလွန် လွမ်းဆွတ်ပူဆွေးငိုကြွေးလျက်ကျန်ရစ်ခဲ့ရသဖြင့်။ မမြင်ရသော မျက်စိ ကွယ်ရာသို့။ ဘုရားရှင်လဲ ရောက်သွားရော။ ပလလဲ ဆင်မင်းလည်း ရင်ကွဲနာကျ၍ သေရှာရော။ ထိုဆင်မင်းသည်၊ ဘုရားကို လုပ်ကျွေးပူဇော်ရသော ကောင်းမှုကြောင့်။ သေလျှင်သေခြင်း တာဝတိံသာနတ်ပြည်-ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ကြီး၌၊ နတ်သမီး တထောင်ခြံရံလျက် ပါလိလေယျကနတ်သားဟုထင်ရှားစွာ သွား၍ ဖြစ်ရလေ၏။ ။

ပလလဲဆင်မင်းဝတ္ထုပြီး၏။

## မက္ကဋ နတ်သား ဝတ္ထု။

ရှင်း ကောသမ္ဗီကဘိက္ခုဝတ္ထုနှင့်။ ဘုရားရှင် ပလလည်းတော၌ သီတင်းသုံး ဝါဆိုတော်မူစဉ်။ ပါလိလေယျက ဆင်မင်းသည်၊ ဘုရားရှင်အား အမြဲမပြတ် ဝတ်ပြုနေသည်ကို။မျောက်တကောင်သည့်မြင်ရသောအခါ။ငါသည်လဲ တစုံ တခုကို လှူဒါန်းခြင်း ငှါ သင့်၏ဟု ကြံလျက်။ တောထည်းသို့ ဝင်၍ လိုက်လံရှာဖွေသော်၊ ပျားများမရှိသော။ ပျားလဘိုပိုင်တခုကိုတွေ့သဖြင့်၊ ဝမ်းသာအားရယူခဲ့ပြီးဘုရားရှင်အားလှူဒါန်းပူဇော်၏။ ပဌမ-ပျားဥများရှိနေ၍။ဘုရားမဘုဉ်းပေးသည်ကိုမြင်သဖြင့်။ တဖန်-ပြန်

ယူ၍၊ ပျားဥများကို ဖယ်ရှားပြီး၊ ငှက်ပျောရွက်၌ ထည့်၍ ကပ်လေသော်ဘုရားရှင်သည်ဘုဉ်းပေးတော်မူ၏၊ ထိုသို့ ဘုဉ်းပေးသည်ကို လှူသောမြောက်မြင်လေသော်၊ အလွန် ဝမ်းမြောက်သဖြင့်။ အမျိုးမျိုး ခုံပေါက် ကသောကြောင့်၊ သစ်ကိုင်းကျိုးကျ၍၊ အောက်မှသစ်ငုတ်ပူးသဖြင့်၊ ဤနေရာ တွင်သေရှာလေ၏။ ထိုမျောက်သည်၊ ဘုရားကိုပျားလဘို့ လှူရသောကောင်းမှုကြောင့်၊ သေသောအခါ တာဝတိံသာ နတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌၊ နတ်သမီး တထောင် ခြံရံလျက် မက္ကဋ နတ်သားဟု ထင်ရှားစွာ ဖြစ် လေ၏။

---

မှတ်ချက်။ ။ဤနေရာ၌ သမဏောန သမဏော၊ ဂေါဏောန ဂေါဏော။ တငါနားနီ တငါ။ မုဆိုးနားနီး မုဆိုး။ ဘုရားတကာ နားနီး။ ဘုရားတကာ ဆိုတာလို။ သူတော်ကောင်း ဆင်မင်းကို မြင်၍။ မျောက်၏ကောင်းမြတ်သောစိတ်အကြံနှင့်၊ အလှူလုပ်ပုံ ကိုကြည့်၍။ သူတော်ကောင်းများနှင့်သာ အမြဲပေါင်းသင်းမှီဝဲ သင့်၏ဟု ရင်းဝတ္ထုကိုရင်း။ ပုဗ္ဗကကျေးသား ဝတ္ထု စသည်တို့ ကိုရင်း မသူတော်တို့ကို မမှီဝဲသင့်ဟု သတ္တိဂုမ္ဘ ကျေးသား၊ အဇာတသတ်မင်း၊ ဗြဟ္မဒတ်မင်း၏မင်္ဂလာဆင်စသောဝတ္ထုတို့ ကိုပုင်းသတိပြုရာသည်။

မျောက်နတ်သားဝတ္ထုပြီး၏။

## မဏ္ဍဒါယကမဇထေရ်ဝတ္ထု။

ဤကမ္ဘာမှ၊ ပြန်၍ရေတွက်သည်ရှိသော်။ ကိုးဆဲ့လေးကမ္ဘာထက်က။ဝေဘာရပြည်ကြီးတွင်၊ သိဒ္ဓတ်ဘုရားသခင်ပွင့်တော်မူသောအခါ၊ အရှင်မဏ္ဍဒါယကမထေရ် အလောင်းသည်။အဟိတ်တိရစ္ဆာန်,ဝံလိုင်ငှက်မျိုး၌ဖြစ်၍၊စန္ဒဘာဂအမည်ရှိသော။မြစ်ကိုအမှီပြုလျက်။၎င်းမြစ်ကမ်းခြေ၌နေလေ၏၊ တနေ့သောအခါ။သိဒ္ဓတ်မြတ်စွာဘုရားသခင်ကြွသွားတော်မူသည်ကို မြင်လျက်။ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍။မိမိစားရန်အလို့ငှါထားအပ်သော။ငါးကြီးတကောင်ကိုယူ၍။ဘုရားသခင်အား ရှိသေစွာ လှူဒါန်းပူဇော်လေ၏။ထိုဝံလိုင်ငှက်သည်။ အသက်တိုင်းနေ၍၊ ငှက်ဘဝမှသေလေသော်။ ငါးကိုလှူရသော ကုသိုလ်ကံကြောင့်၊နတ်ပြည်၌ဖြစ်၍။ကြီးကျယ်သောစည်းစိမ်ချမ်းသာကိုခံစားစံစားရလေ၏။ထိုဘဝကစ၍။ကိုးဆဲ့လေးကမ္ဘာပတ်လုံး၊အပါယ်လေးပါးသို့မလားမရောက်ရဘဲ။လူ နတ်ဘုံ၏ စည်းစိမ်တို့ကိုသာကြိမ်ဘန်များစွာ။ ချမ်းချမ်းသာသာခံစားစံစားလျက်။ ငါတို့မြတ်စွာဘုရားသခင် လက်ထက်တော်သို့ရောက်သောအခါ။ ရတနာရွှေငွေ။အထွေထွေတို့ဖြင့်ပြည့်စုံကြွယ်ဝသော။အမျိုးကောင်းသား တယောက်ဖြစ်လာ၍။ထိုမှာရေးခြာ-သိတက်သောအရွယ်သို့ရောက်လတ်သော်။ဘုရားရှင်သာသနာသို့ဝင်၍ ရဟန်းပြုပြီးလျှင်၊ တရားကိုအားထုတ်သဖြင့်။ မကြာမြင့်မီပင်၊ ရဟန္တာဖြစ်တော်မူ၍

ဈေးဘုသိလ်အားလျော်စွာ "မဏ္ဍဒါယကမထေရ်" ဟု၊ နေလသဘွယ်။ တင့်တယ်ထင်ရှားသောင်မှုလေ၏၊ ထိုမထေရ်သည်ရဟန္တာဖြစ်တော်မူသဖြင့် ဓိဓိကုသိုလ်ကို ဆင်ခြင်အောက်မေ့၍ဝမ်းမြောက်ဝမ်းသာ-ဥဒါန်းစကားဖြင့်ဟောကြားတော်မူသည်ကား၊ ။

စတုနဝုတိတောကပ္ပေ၊
ယံသ ဏ္ဍ ယဒဒိံ တဒါ၊
ဒုဂ္ဂတိံ နာဘိ-ဇာနာမိ၊
မဏ္ဍဒါနဿ ဣဒံ ဖလံ။ ။

ဆိုသော၊ ဤကမ္ဘာမှ၊ စတုနဝုတိကပ္ပေ၊ ပြန်ဆရေတွက်၍ကိုးဆဲ့လေးကမ္ဘာထက်၌။ တဒါ၊ ထိုသိဒ္ဓတ်ဘုရားရှင်ပွင့်တော်မူသော အခါ၌၊ ယံမဏ္ဍံ၊ အကြင် ငါးကို၊ အဒဒိံ၊ သင်္ဃါဖွေးပြု၍၊ ပေးလှူခဲ့ဘူးလေပြီ၊ တတော၊ ပဘုတိ၊ ထိုဘဝမှစ၍၊ ဒုဂ္ဂတိံ၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ မသိစဘူး၊ မရောက်ဘူးပါ။ ဣဒံ၊ ဤသို့ကိုးဆဲ့လေးကမ္ဘာပတ်လုံး။ အပါယ်သို့မလားရဘဲ၊ လူနတ်တို့၏စည်းစိမ်တို့ကို ခံစားစံစားရပြီး၍၊ ယခုလိုဘုရားသားတော်အာစစ်၊ ရဟန္တာဖြစ်လာရခြင်းသည်ကား။ မဏ္ဍဒါနဿ၊ ငါးလှူရခြင်း၏။ ဖလံ၊ အကျိုးပေတည်း။ ။

မဏ္ဍဒါယကာမထေရ်ဝတ္ထုပြီး၏။

## ခင်ပုပ်ငှက်ဝတ္ထု။

ငါတို့ဂေါတမဘုရားသခင်သည်။ ဝေဒိသကတောင် ဣန္ဒသာလလိုဏ်ဂူ၌။ သီတင်းသုံး နေတော်မူစဉ်။ ထိုဂူ အနီး၌ နေသော။ ခင်ပုပ်ငှက် တကောင်သည်ရှိ၏။ တနေ့ သ၌။ မြတ်စွာဘုရားသည် ညနေချမ်းအခါ၌။ ရဟန်းသံ ဃာ ခြံရံလျက် တင့်တယ် စံပယ်စွာ နေတော်မူစဉ်။ ၎င်း ခင်ပုပ်ငှက်သည် ကောင်းကင်မှ မြင်၍။အောက်သို့ ဆင်း လာကာ၊အတောင်တို့ကို ညွတ်လျက်၊ လက်အုပ် ချီသကဲ့ သို့ ပြု၍။ ဦးခေါင်းငုံ့ ကိုကာရှိခိုးပူဇော်လေ၏။ ထိုအခြင်း အရာကို ဘုရားရှင်မြင်တော်မူ၍။ ပြုံးတော်မူ၏။ ပြုံးတော် မူခြင်း၏ အကြောင်းကို။ ရှင်အာနန္ဒာ လျှောက်ထား လေ သော်၊ အာနန္ဒာ-ဤခင်ပုပ်ငှက်ကို ကြည့်လော့။ ဤငှက် သည် ငါဘုရား၌၎င်း၊ သံဃာ၌၎င်း။ စိတ်ကိုကြည်ညိုစေ လေ၍။ ရှိခိုးရသောကောင်းမှုကြောင့်။ ကမ္ဘာတသိန်းတိုင် တိုင်အပါယ်မလားရဘဲ။ လူ့နတ်တို့၏စည်းစိမ်ကို ခံစား ပြီးလျှင်၊ အဆုံးဘဝ၌ **သောမနဿ** အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်လတံ့ဟု ဗျာဒိတ်ကြားတော်မူ၏။ ။

## ဘုရားဗျာဒိတ်တော်။

ဥလူကမဏ္ဍလက္ခိကာ၊
ဝေဒိသကေစိရဒီဃဝါသိကာ၊
သုခိဘောသိတွံ-အယျကောသိယာ၊
ကာလုဋ္ဌိတံပဿသိဗုဒ္ဓရံ။

မယိစိတ္တံ ပသာဒေတွာ၊
ဘိက္ခုသံဃေ အနုတ္တရေ၊
ကပ္ပါနံ သတသဟဿာနိ၊
ဒုဂ္ဂတိံ သော-နဂစ္ဆတိ။ ။
ဒေဝလောကာ,စဝိတွာန၊
ကုသလမူလေန စောဒိတော၊
ဘဝိဿတိ—အနန္တဉာဏော၊
သောမနဿောတိ ဝိဿုတော။ ။

တဒါ၊ ထိုအခါ၌။ ရက္ခဒေဝတာ၊ ရုက္ခစိုး နတ်သည်။ မဟာ ရုက္ခိက၊ ဝန်းသောမျက်စိရှိသော။ ဝေဒိသကေ၊ ဝေဒိ သကတောင်၌။ ဝိရုဠှဝါသိက၊ အခါလေးဖြင့်နေသော။ ဂေါသိယ၊ ဂေါသိယအနွယ်ဖြစ်သော။ အယျဥလူက၊ အရှင်ခင်ပုပ်ဌက်၊ တွံ၊ သင်သည်။ ကာလုမ္ဗတံ၊ ညချမ်းအခါ၌နေ့သန့်တော် မူရာမှ ထသော၊ ဗုဒ္ဓါရံ၊ ဘုရားမြတ်ကို၊ ပဿသိ၊ ဖူးမြင်၏။ တွံ၊ သင်သည်။ သုခိတော၊ ချမ်းသာခြင်းသို့ ရောက်သည်။ အသိ၊ ဖြစ်တော့၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

အာဒန္တ၊ အာဒန္တာ။ ဧသော၊ ဤခင်ပုပ်ဌက်သည်။ အနုတ္တရေ၊ မိမိထက်မြတ်သောသူမရှိသော။ မယိစ၊ ငါဘုရား၌၎င်း။ ဘိက္ခုသံဃေစ၊ ရဟန်းသံဃာ၌၎င်း။ စိတ္တံ၊ စိတ်ကို။ ပသာဒေတွာ၊ ကြည်ညိုစေ၍။ ကပ္ပါနံ၊ ကမ္ဘာတို့၏။ သတသဟဿာနိ၊ တသိန်းတို့ပတ်လုံး။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးသို့။ နဂစ္ဆတိ၊ မလားမရောက်ရလတ္တံ့။

ဒေဝလောကာ၊ နတ်ပြည်မှ။ စဝိတွာန၊ ရွေ့လျော၍။ ကုသလမူလေန။ ကုသိုလ်အရင်းသည်။ စောဒိတော၊ နှိုးဆော်အပ်သည်ဖြစ်၍။ သောမနဿေတိ၊အမည်ဘွဲ့တော် အားဖြင့်။ "**သောမနဿ**"ဟူ၍။ ဝိဿုတော၊ကျော်စော ထင်ရှားသော။ အနန္တဉာဏော၊ အဆုံး မရှိသော ဉာဏ်တော်နှင့်ပြည့်စုံသော။ ပဏ္ဍိတကုမာရော၊ ဘုရားငယ် တဆူသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဇာတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ မှာဒိတ်စကားဖြင့်။ ဟောကြားတော်မူ၏။ ။

ခင်ပုပ်ငှက်ဝတ္ထုပြီး၏။

## အဂ္ဂသာဝက-မဟာသာဝကစသည့် ဝတ္ထုများကို စုပေါင်း၍အကျဉ်း ပြခြင်း။

ဤကမ္ဘာမှရှေးသော်တသင်္ချေနှင့်ကမ္ဘာတသိန်းထက်က။ အရှင်သာရိပုတ္တရာ အလောင်းကား။ **သရဒ,ရသေ့**။ အရှင်မောဂ္ဂလာန် အလောင်းကား **သိရိဝဍ္ဎနသူဌေး**။ သူငယ်ချင်းနှစ်ယောက်ဖြစ်စဉ်။အနောမဒဿီဘုရားရှင်ထံ၌ **အဂ္ဂသာဝကဆု**တောင်း၍ ကုသိုလ် ပြုခဲ့ကြသဖြင့်။ ယခု ဂေါတမ ဘုရားလက်ထက်တော်မှာ။ ဆုတောင်းတိုင်း ပြည့်တော်မူခဲ့ကြသည်။

ထိုနည်းတူ—အဂ္ဂသာဝိကာမ ဖြစ်ကြသော။လက်ျာရံ ခေမာထေရီမနှင့်၊ လက်ဝဲရံဥပ္ပလဝဏ်ထေရီမတို့လည်း။

ကမ္ဘာတသိန်းအထက်က၊ ပဒုမုတ္တရမြတ်စွာဘုရားကား၊ ကြီး
ပွင့်သောအခါ ပူဇော်ပြု၍၊ ဆုထူးပန်တော်မူခဲ့ကြသဖြင့်၊ ယခု
ဂေါတမဘုရားလက်ထက်တော်မှာ၊ ဆုတောင်းတိုင်း ပြည့်
တော်မူခဲ့ကြသည်၊

ထို့နည်းတူ - မဟာသာဝက ဖြစ်တော်မူကြသော၊ ဘု
ရားရှင်၏ တရားတော်ကို ရှေးဦးစွာနာခံ၍၊ တရားသုံးကို
ရှေးဦးစွာ ရတော်မူကြသော။ ကောဏ္ဍည မဟာနာမ်-အစရှိ
သော ပဉ္စဝဂ္ဂီငါးဦး တို့သည်လည်း၊ ပဒုမုတ္တရ ဘုရားရှင်
နှင့်။ ဝိပဿီ ဘုရားရှင် တို့ထံ၊ တရားဦးရရန် ဆုထူးပန်
တော်မူခဲ့ကြသဖြင့်။ ဤဂေါတမ ဘုရားရှင်လက်ထက်တော်၌
တောင်းတော်မူတိုင်း ပြည့်စုံတော်မူကြရလေသည်၊

ထို့အတူ—အာနန္ဒာမထေရ်၊ အရှင်အနုရုဒ္ဓါ၊ ရှင်သီဝလိ
အစရှိသော။ တောင်ရေ မထေရ်မြတ်တို့လည်း။ အသီးသီး
သောဘုရားရှင်တို့ထံ၌၊ ဆည်းကပ်ပူဇော်-ဖူးမြော်ရှိခိုးပြီး၊
အမျိုးမျိုး အလိုရှိရာဆုကို တောင်း တော်မူခဲ့ သည်ချည်း
ဟုမှတ်ယူရမည်။ ။

ထို့အတူ။ **ဇေတဝီကသူဌေးသည်။** ၉၁ ကမ္ဘာအထက်
၌၊ **ဝိပဿီ**မြတ်စွာဘုရားရှင်အား။ ရတနာ(၇)ပါးမွမ်းမံစီ
ခြယ်၍ ဂန္ဓကုဋိကျောင်းတော်ကိုဆောက်လုပ်၍၊ လှူဒါန်း
လျက်။ ရတနာ (၇)ပါး ကြဲဖြန့်၍။ လှူဒါန်းပူဇော်ကာ။ ဆု
များတောင်းခဲ့ဘူးသော ကောင်းမှုကြောင့်။ ဂေါတမဘုရားရှင်
လက်ထက်တော်၌ဘသဲ့ခြံပယ်မျှသော မြေအပြင်၌။ရတ
နာ(၇)ပါးဖြင့်ပြီးသော။ဘုံခုနှစ်ဆင့်ရှိပြာသာဒ် ကြီးပေါက်

မြင့်မြတ် ထူးချွန်လှသော။ ခုနစ်နှစ်သွီးက—သောတာပန် တည်လျက်။ မဟာလတာ တန်းဆာမြတ်ကြီးကို ဆင်နိုင် ရန်။ ဆင်ပြောင် ငါးစီးအား ဆောင် နိုင်၍။ သား ဆယ့် ယောက်-သွီး ဆယ်ယောက်အားဖြင့် သားသွီး နှစ်ဆယ်။ ၎င်းတို့ကအစဉ်သဖြင့်ပေါက်ပွားသော မြေး,လေးရော၊ မြစ် ၅၈ ထောင် ဖြစ်သ ဖြင့်။ သား--သွီး—မြေး—မြစ်—ပေါင်း **၅၈ထောင့်လေးရာနှစ်ဆယ်** တို့နှင့်တကွ။ ရွှေငွေရတနာ ကျေးကျွန် အစရှိသော။ အခြံအရံ စည်းစိမ်နှင့်ပြည့်စုံ၍။ *ရှစ်ပါးသောဆုအသူးနှင့်ပြည့်စုံလျက်။ ဇမ္ဗူဒိပါတကျွန်း လုံး ထင်ရှား ကျော်စောသော ပုဗ္ဗါရုံ ကျောင်းအမကြီး ဝိသာခါသည်လည်း။ ဤကမ္ဘာမှ ရေတွက်သော်။ ကမ္ဘာ တသိန်းထက်က။ ပဒုမုတ္တရဘုရားရှင်ထံ၌ အလှူကောင်းမှု ပြု၍။ဤဝိလိုအပ်သောဆုများတောင်းခဲ့ သောကြောင့်၊ဘဝ သံသရာမှာ ချမ်းသာခြင်းအဖြာဖြာတို့နှင့်ပြည့်စုံခဲ့၍ ယခု ဤဘုရားလက်ထက်တော်၌။ မေဏ္ဍကသူဌေးကြီး ၏သား

---

*ဝိသာခါ ရသောဆုရှစ်ပါးကား။ ။သံဃာအား အသက် ထက်ဆုံး-မိုဃ်းရေခံ သင်္ကန်းလှူဒါန်းခြင်း။ အာဂန္တု ရဟန်း အားဆွမ်းလှူခြင်း။ခရီးသွားရဟန်းအားဆွမ်းလှူခြင်း။ ဖျားနာ သောရဟန်းအား ဆွမ်းလှူခြင်း။ ဖျားနာသော ရဟန်းကိုလုပ် ကျွေးသော ရဟန်းအား ဆွမ်းလှူခြင်း။ ဖျားနာသော ရဟန်း အား ဆေးလှူခြင်း။ အမြဲယာဂုလှူခြင်း။ ဘိက္ခုနီ သံဃာအား ရေသနုပ်သင်္ကန်းလှူခြင်းတို့တည်း။ ။

ဖြစ်သော၊ ဓနဥစ္စာသူဌေး၏သမီးရတနာ-ဒိသာခါဖြစ်လာပြီး။ဘုရားရှင်၏ အကျွမ်းအဝင်သောအလုပ်အကျွေးဒါယိကာမဖြစ်ကာ၊ ကြီးကျယ်သောကောင်းမှုနှင့်,စည်းစိမ်ရှင်ကြီးဖြစ်လာရပေသည်။ ။

ထိုမှတပါး ဝဇ္ဇိသက်သေပေါင်း များစွာရှိပေသေး၏၊ သို့သော်,ဤမျှသောက်ပြသင့်ထင်ရှားသိသာလောက်ပေ၏၊ အထက်ကအာသီးသီးဖော်ပြခဲ့သည့်အတိုင်း၊ရှေးရေးဟောက်ရေးမြွေဒုံတွေးတတ်သော ကိုယ်မဆိုကာ.ဘိ၊ တိရစ္ဆာန်သတ္တဂါဖ်ဂိုပင်လျှင်။ဘုရားရှင်အားနှိုးပူဇော်ကြရသဖြင့်မည်မျှသောက် ကြီးကျယ်သော အကျိုးသုံးတရားဘို့ကို၊ ရရှိခံစားကြရသည်ဆိုတာ။သေချာကြည့်ရှု သတိပြုလျက်ဘုရားရှင်အား လှူဒါန်း ပူဇော်၊ ဖူးမျှော်ရှိခိုးခြင်း စသောကောင်းမှုဘို့၏-အကျိုးကြီးကျယ်ပုံကို သိမြင်ကြရသဖြင့်၊ ဘုရားရှင်၏ ဂုဏ်တော်တို့ကို။ မပြတ် အောက်မေ့ကြရာသည်။ ။

ဤနေရာ၌ ယခုကာလ ပြောများ,ဆိုများ။ မိန္တာဉာဏ်ဝင်စား။ အသိဉာဏ်ပါးသူဘို့။ လမ်းမှားရအောင်။ မှတ်သားဘွယ်-အဋ္ဌကထာစကားဖြင့်။ ကြားညှင်လျက်၊ အကျဉ်းမျှကို ရှင်းပြလုတ်ဖော်၍ ပြလိုက်ပါဦးအံ့၊

အနာဂါမိစေဘိက္ခဝေ-ဂိဟိဟောတု၊
တေန တဒဟုပဉ္စမိတသာဝိ-သာမဏေရသ
အဘိဝါဒနာဒိနိ-ကာတဗ္ဗာနေဝ။ ။

ဘိက္ခုဝေ၊ရဟန်းတို့။ ဝိယာ၊သူသည်။ အနာဂါမိ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးသည်။ ဧဝံဟောတု၊ အကယ်၍ဖြစ်စေဦး၊ တေန၊ ထိုသူအနာဂါမ် ပုဂ္ဂိုလ်ကြီးသည်။ တဒဟုပဗ္ဗဇိတဿ၊ထိုနေ့ရှင်ပြုစဖြစ်သော။ သာမဏေရဿပိ၊ သာမဏေငယ်အားလည်း။အဘိဝါဒနာဒီနိ၊ရှိခိုးခြင်းအစရှိသည်တို့ကို။ကာတဗ္ဗာနေဝ၊ပြုအပ်ကုန်သည်သာလျှင်တည်း။ ။

**မှတ်ချက်**၊ ။ဤအဋ္ဌကထာဆရာအရှင်မြတ်။မိန့်မှာအပ်သည်ကို။ကြပ်ကြပ်ကြည့်ရှုသတိပြုကြပါ။ယခုကာလ၌။"ကာ"ကြီးပုတ်လောက်ရေးပြလို့မှထင်းတချောင်း မခွေတတ်တဲ့ လူ့အနွံ့,အသိဉာဏ် မလျှာ သမားအချို့က။ ငါတို့ သောတာပန်ဖြစ်နေပြီ။ ပုထုဇဉ် ရဟန်းများကို ရှိမခိုးကောင်း။ တို့ကအရိယာကြီး၊ သူတို့က ပုထုဇဉ်။ တို့ ရှိခိုးလိုက်လျှင်။ ထိုရှိခိုးခံတဲ့ရဟန်း သာမဏေတို့ အပါယ် ရောက်ကုန်မည်လိုလို။အရူးကြောင်ကြောင်,အ-တတမိ္တသာ ဉာဏ်ဝဇနဖြင့်ပြောမှါးတတ်ကြလေသည်။စင်စစ်မှာ ဘုရားရှင် လက်ထက်တော် တို့ကပင်။ သောတာပန်, သကဒါဂါမ်,အနာဂါမ် ပုဂ္ဂိုလ်ကြီးများဖြစ်ကြတဲ့။ အနာထပိဏ်,ဝိသာခါ, ပိမ္ဗိသာရမင်း, အနာထပိဏ်သူဌေးသမီးသကဒါဂါမ် ပုဂ္ဂိုလ်သုမနဒေဝီ,ကဿပဘုရားရှင် လက်ထက်တော်က။ အလွန်ထင်ရှားသောအနာဂါမ်ပုဂ္ဂိုလ်ဃဋီကာရအိုး

ထိန်းဆရာကြီးစသည်တို့ပင်၊ ဘုရားရှင်သါ့တော်
ရဟန်း,သာမဏေမှန်သမျှတို့ကို၊ ဂါရဝဖြင့် တုပ်
ကွပ်ချိကျိုး ရှိခိုးကြလျက်၊ လှူဒါန်းသွယ် အသွယ်
သွယ်တို့ဖြင့်၊ နေ့စဉ်မပြတ်ရအောင် အားထုတ်ပူ
ဇော်ကြသည်ကို အထူးသတိချပ်၍၊ မသူ့တော်
လမ်းမှာ။ အချမ်းသဘောတို့၏စကားကို၊ များများ
ကြီး ရှောင်ကြဉ်ဖယ်ရှား၍၊ ဘုရားရှင်အလိုတော်
ကျ၊ ကုသိုလ်မှန်သမျှ ပန်းကုံးကို၊ သီကုံးရဆောင်း
လျက်။ သူ့တော်ကောင်းကြီးတို့ထုံး နှလုံးပြုကာ၊
ပွားများအားထုတ်ကြရသည်။ သို့ဖြစ်၍အောက်
နားက၊ ဘုရားရှင်ဟောကြားပါဠိတော်စကားကို
ကျက်မှတ်လိုက်ကြပါဒုံး။ ။

ယထာပိပုပ္ဖရာသိမှာ၊
ကယိရာ,မာလာဂုဏေ,ဗဟူ။
ဧဝံဇာတေနမစ္စေန၊
ကတ္တဗ္ဗံကုသလံဗဟုံ၊ ။
(ဓမ္မပဒပါဠိတော်)

ပုပ္ဖရာသိမှာ၊ အထူးထူးသော ပန်းတို့၏အပေါင်းအစု
မှ၊ ဗဟူ၊ များစွာကုန်သော။ မာလာဂုဏေ၊ ပန်းကုံးအထူး
တို့ကို၊ ကယိရာယထာ၊ ပြုရာသကဲ့သို့၊ ဧဝံတထာ၊ ထိုအ
တူ၊ ဇာတေန၊ ဖွားမြင်ပြီး၍။ မစ္စေန၊ သေခြင်းဥါဒ်ထိုက်သော
သတ္တဝါသည်။ ဗဟုံ၊ များလှစွာသော။ ကုသလံ၊ ဆယ်
ဖြာပုည။ ကုသလကို။ ကတ္တဗ္ဗံ၊ မနားမနေ၊ ပြုသင့်ပေ၏။

ဧင်းဂါထာအဓိပ္ပါယ်မှာ၊ အမျိုးမျိုးသော ပန်းတို့ကိုဧ ဆောင်း၍။ ပန်းကုံးဖြစ်အောင်ကုံးရာသကဲ့သို့ သုံးဆဲ့တဘုံ မှမလွတ်မြောက်သေးသော သတ္တဝါမှန်သမျှတို့သည် ဒါန စသော အထူးထူးသောကုသိုလ်တို့ကို။ နေ့ညမပြတ်အမြဲဧ ဆောင်းပြုလုပ်ကြရမည်ဟုဆိုလိုသည်။ ။

ဤကား ဘုရားရှင်ကိုယ်တော်မြတ်အား။ ရှိခိုးပူဇော် ကြရ သောသူတို့၏ အကျိုးတို့ကို ပြကြောင်းဖြစ်သော စကားအစဉ် ဝတ္ထုအစဉ်ကားပြီး၏။ ။

## စေတီတော်များကိုဘုရားရှင်ကိုယ်စား ကိုးကွယ်ရန် ဘုရားရှင်ခွင့်ပြုတော်မူကြောင်းကိုပြခြင်း။

သက်တော်ထင်ရှားမြတ်စွာဘုရားတို့ကို။ ရှိခိုး ပူဇော်ခြင်း စသည် ပြုကြသဖြင့်။ လူ့,နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာမြတ်တို့ကို ရရှိသောအကျိုး မဟာဖလတို့ကို ပြပြီးပြီ ဖြစ်၍။ မိန္တာ အယူချော်။ မသူတော်ဂိုဏ်းဝင်၊ အဆင်ခြင်ကင်းပ။ လူအန္ဓတို့ သည်။ ဘုရားရှင်ကိုယ်တော်စား။တည့်ထားတော် မူခဲ့သော စေတီတော် တို့အား။ ရှိခိုး ပူဇော် ခြင်း စသော ကောင်းမှုတို့ကို ပြုခြင်း၌။ အကျိုး မရှိဟု ပြောမှား–ဆိုမှား–အယူမှားနေကြသောသူတို့အား အပြစ်မများ ဒိဋ္ဌိဟာမပွားရအောင်။ ထင်ရှားစွာ သိ ရှိကြရန်။ ဆိုင်ရာဆိုင်ရာတို့ကိုပြဦးအံ့။ ။

## ဘုရားရှင်နှင့်ရှင်အာနန္ဒာ အမေး-အဖြေ။

မြတ်စွာဘုရား သခင်သည်၊ သာဝတ္ထိပြည်-ဇေတဝန် ကျောင်းတော်၌၊ သီတင်းသုံးတော်မူစဉ်၊ အချင်တပါးသို့ ဘုရားရှင်ဒေသစာရီကြွသွားတော်မူလျှင်၊ ပန်းနံ့သာလက် စွဲလျက်၊ ဘုရားကို ဖူးမျှော်-ပူဇော်ရန်၊ ကျောင်းတော်သို့ ရောက်လာကြကုန်သော သူတို့သည်၊ ဘုရားရှင်ကို မဖူး မတွေ့ရသဖြင့်၊ ဂန္ဓကုဋိတံခါးတွင်း စွန့်ပစ်၍၊ အလွန်စိတ် ပျက်စွာ ပြန်၍, ပြန်၍ သွားကြရ သည်ကို၊ အနာထပိဏ် သည် မြင်ရသောအခါ။ စိတ်နှလုံး မချမ်းသာသဖြင့်၊ ရှင် အာနန္ဒာမထေရ်ထံ ချဉ်းကပ်၍၊ ဘုရားရှင် မရှိသည့် အခါ၊ ဘုရားသခင်၏ ကိုယ်တော်စား၊ ရှိခိုးပူဇော် ဖူးမျှော်ဆည်း ကပ်အလေးအမြတ်ပြုသင့်သောအရာကိုသိသာရန်၊ဘုရား ရှင်အားလျှောက်ထားရန်တောင်းပန်လေသော်၊ရှင်အာနန္ဒာ သည် ဘုရားရှင်ထံသို့ကပ်လျက်၊

၁။ အမေး။ ကတိနုခေါဘန္တေ, စေတိယာနိ။

၂။ အဖြေ။ တီဏိ အာနန္ဒ။

၃။ အမေး။ ကတီဘန္တေတီဏိ။

၄။ အဖြေ။ သာရီရိကံ,ပရိဘောဂိကံ,ဥဒ္ဒိဿကံ၊

၁၊ ဘန္တေ၊ သုံးလောက ထွန်းထား မြတ်စွာဘုရား။ စေတီယာနိ၊ ရှင်တော်မြတ်ဘုရား၏ကိုယ်တော်စား။ ကိုး

ကွယ်ရမည့် စေတီတော်မြတ်တို့သည်ကား။ ကတိနှစ်ခါ၊ အဘယ်နှစ်ပါးရှိပါကုန်သနည်း မြတ်စွာဘုရား။

၂။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ စေတီယာနိ၊ ငါ၏ ကိုယ်စား။ ကိုးကွယ်ဆည်းကပ်၊ မပြတ်အောက်မေ့ရမည့် စေတီတော်တို့သည်ကား။ တိဏိ၊ သရုပ်မိုင်းခြားသုံးပါး တို့ ပတည်း။

၃။ တဒ္ဓေ၊ ဇာသရိယ-မွေ-ယဿ-ဘိရိ-ကာမ ပယတ္တရုံ။ ခြေကျတုန်းဂုဏ်နှင့် ပြည့်စုံကျော်ကြား။ မြတ်စွာဘုရား၊ တိဏိ၊ သုံးပါးတို့ဟူသည်၊ ကတိ၊ သရုပ်မိုင်း ခြား။ အဘယ်သုံးပါးတို့ပါနည်း မြတ်စွာဘုရား။

၄။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ စေတီယာနိ၊ ငါ၏ ကိုယ်စား။ ကိုးကွယ်ဆည်းကပ်၊ မပြတ်အောက်မေ့ရမည့် စေတီတော်မြတ် တို့သည်ကား။ သာရီရိကံ၊ သရီရဓါတ် တော်ကို၊ တည်ထားကိုးကွယ်ကြသော **သာရီရိကစေတီ** ၎င်း။ ပရိဘောဂိကံ၊ ရှင်တော်ဘုရား၏ အသုံးအဆောင်။ သင်္ကန်း, သပိတ်, ပရိက္ခရာနှင့် ဗောဓိပင်တည်းဟူသော **ပရိဘောဂစေတီ** ၎င်း။ ဥဒ္ဒိဿကံ၊ ဘုရားရှင်၏ပုံတော်ကို၊ သွန်း ထု ရေးဆွဲ၍ ကိုးကွယ်ခြင်းတည်းဟူသော **ဥဒ္ဒိဿစေ တီ** ၎င်း။ ဣတိ၊ ဤသို့။ တိဏိ၊ အရေအတွက်အားဖြင့်၊ သုံးပါး အပြားရှိကုန်၏။ ။ဤသို့အရှင်အာနန္ဒာမထေရ်က မေး လျှောက်သဖြင့်။ ဘုရားရှင်က-ငါ၏ကိုယ်စား။ ငါနှင့်ထပ် တူထား၍ကိုးကွယ်ကြရန်ကား။ ဓါတုစေတီ, ပရိဘောဂ

စေတီ,ဥဒ္ဒိဿစေတီ,တည်းဟူသော။စေတီသုံးပါးရှိသည် မှတ်ရမည် အာနန္ဒာဟုဟောတော်မူ၏။ ထိုအခါ အာနန္ဒာ မထေရ်မြတ်က။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်၊ ဤ စေတီ သုံးပါးလုံးကို ကိုးကွယ်နိုင်ပါသလား ဟု လျှောက် ထားလို၍။

မေး။ သက္ကာပနဘန္တေတုမှေသု,ဓရန္တေသု,တေသံ ကာတုံ။

ဘန္တေ၊ ဘုန်းတော်ကြီးမြတ်းတော် မူပါပေသော မြတ် စွာဘုရား၊ တုမှေ၊ အရှင် ဘုရား တို့သည်၊ ဓရန္တေသု၊ သက်တော်ထင်ရှား ရှိတော်မူကုန်စဉ်၊ တေသံ၊ထိုစေတီ သုံးပါးတို့ကို၊ ကာတုံ၊ ပြုလုပ်ကိုးကွယ်ခြင်းငှါ၊ သက္ကာ၊ တတ် ကောင်းပါ၏လားမြတ်စွာဘုရား။

ဖြေ။ အာနန္ဒသာရီရိကံ နသက္ကာကာတုံ၊ ဗုဒ္ဓါနံပရိ နိဗ္ဗာနကာလေ၊ သက္ကာ ကာတုံ။ ဥဒ္ဒိဿကံ ပရိဘောဂိ ကဥ္စသက္ကာဟောတိ၊ ။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ သာရီရိကံ ဓါတ်တော်ကို ထည့်သွင်းကိုးကွယ်ရတဲ့၊ သာရီရိကစေတီကို။ ကာတုံ၊ ပြုလုပ်ကိုးကွယ်ခြင်းငှါ၊ နသက္ကာ၊ မတတ်ကောင်း (ဝါ) မဖြစ်နိုင်သေး။ ဗုဒ္ဓါနံ ဘုရားရှင်တို့၏။ ပရိနိဗ္ဗာနကာလေ၊ ပရိနိဗ္ဗာန်ပြုပြီးသောအခါ၌၊ ကာတုံ၊ ပြုလုပ်ကိုးကွယ်ခြင်း ငှါ။ သက္ကာ၊ တတ်ကောင်း၏။ ဥဒ္ဒိဿကဥ္စ၊ ဥဒ္ဒိဿက စေတီကိုရင်း။ ပရိဘောဂိကဥ္စ၊ ပရိဘောဂိကစေတီ ကို

၎င်း။ ကာတုံ၊ ပြုလုပ်ကိုးကွယ် ခြင်းငှါ။ဟောတိ၊ မုချစင်စစ်ဧကန်ဖြစ်ပေတော့၏။ ။

အာနန္ဒာမထေရ်မြတ်ကား၊ အရှင်ဘုရား။ အရှင်ဘုရား့တို့ ရှိတော်မူစဉ်။ စေတီသုံးပါးလုံးကို၊ ကိုးကွယ်နိုင်ခွင့်ရှိပါသလားဘုရားဟု လျှောက်လေတော့။ မြတ်စွာဘုရားကား၊ ချစ်သားအာနန္ဒာ။ ဓါတ်တော် ဆိုသည်မှာ။ ငါဘုရားတို့ ပရိနိဗ္ဗာန်ဝင်စံတော်မူမှ ကြွင်းကျန်ရစ်မည်ဖြစ်၍ ဓါတုစေတီကိုငါဘုရားတို့ ပရိနိဗ္ဗာန် လွန်တော်မူပြီးမှ။ ကိုးကွယ်ခြင်းအမှုပြုနိုင်လိမ့်မည်။ ။ထိုမှကြွင်းကျန်သော၊ ပရိဘောဂစေတီ ဥဒ္ဒိဿစေတီတော်တို့ကိုကား။ ငါဘုရားရှိတော်မူစဉ်ပင်လျှင်ငါဘုရားနှင့်ထပ်တူထား၍။ ကိုးစားသမှု။ ရှိခိုးပူဇော်ခြင်းကို ပြုနိုင်၏ အာနန္ဒာဟု ဘုရားရှင် မိန့်မှာတော်မူကြောင်း (**မဟာကာလိင်္ဂဇာတ်**) တော်တွင်အတိအလင်းဖွင့်ဟဟောကြား ခွင့်ပြုတော်မူသွားသည်များကို။ အထူးသတိပြုမှတ်သားကြကုန်ရာသည်။

**မှတ်ချက်။** ။သာရတ္ထဒီပနီဋီကာ၌။ ပရိဘောဂစေတီ။ ဓာတုစေတီ ဓမ္မစေတီဟုစေတီ ၃ ပါးပြ၏။ ။တနည်း။ ဓာတုစေတီ။ ပရိဘောဂစေတီ။ ဥဒ္ဒိဿစေတီ။ ဓမ္မစေတီဟု။ စေတီ ၄ ပါးပြတော်မူ၏။ ။သို့သော် ဓမ္မစေတီ။ ပါဠိ စေတီတို့ကို။ ဥဒ္ဒိဿစေတီသို့သွင်း၍ယူရမည်ဟုမှတ်လေ။

ထို့ကြောင့်။ စေတီတော်ကို ပူဇော်ကိုးကွယ်ကြခြင်းသည်။ ယခုအခါကာလမှဖြစ်ပေါ်သည်မဟုတ်၊ ဘုရားရှင်

သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ကာလကပင်၊ ပုထုဇဉ်မဆိုထားဘိ။ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ အရှင်မြတ်ဖြစ်ကြ ကုန်သော၊ သူတော်ကောင်း အစစ်ကြီးတို့သည်။ ဘုရားရှင်၏ကိုယ်စား၊ စေတီတော်များကို၊ ကိုးကွယ်ဆည်းကပ်၊ မပြတ်အောက်မေ့လျှက်ရှိခိုး ပူဇော်ကြလေသည်။ ၎င်းအကြောင်းတို့ကိုလည်း၊ ဆိုင်ရာ စေတီခန်းတို့၌ ထင်ရှား သိသာအောင်၊ ခွဲခြားပိုင်းခြား၍၊ ပတ္တမြားမျက်ရှင်ကို၊ လက်ဝါးဖြင့် တင်ကြည့်သကဲ့သို့ ရှင်းရှင်း လင်းလင်းသိမြင် မှတ်သားနိုင်ရန် ထုတ်နှုတ်ရေးသား ဘော်ပြသွားမည်ဖြစ်ကြောင်း။

ဤစေတီ အခန်း၌။ မြတ်စွာဘုရားရှင် သည်။ (တေရသနိပါတ်) မဟာကာလိင်္ဂဇာတ်တော်၌အကျယ် ဟောထားတော်မူ၏။ ဤကျမ်းငယ်၌၊ မဘော်နိုင်သဖြင့်၊ အကျယ်လိုသော၊ အင်္ဂုတ္တိုရ်ပါဠိတော်အဋ္ဌကထာတို့၌ယူပါလေ။

## စေတီတော်ခန်းကို။ အထူးသိသာရန်ပြခြင်း။

လောက၌ လူနတ်ဗြဟ္မာ သတ္တဝါတို့၊ ကိုးကွယ်ဆည်းကပ်၍ရှိခိုးပူဇော်ရန်။ စေတီထိုက်သော ပုဂ္ဂိုလ်ကား၊ လေးပါးရှိကုန်၏။ ဘယ်လေးပါးနည်းဟူမူသဗ္ဗညုဘုရားရှင်တပါး။ ပစ္စေကဗုဒ္ဓါတပါး၊ ရဟန္တာတပါး။ စကြဝတေးမင်းလည်းတပါးဟု ဘုရားရှင် ဟောကြားတော်မူသည်။

စတ္တာရောဘိက္ခဝေ ထုပါရဟာပုဂ္ဂလာ၊
လောကသ္မိံ၊သန္တောသံဝိဇ္ဇမာနာ၊
ကတမေစတ္တာရော၊ဗုဒ္ဓေါ,ပစ္စေကဗုဒ္ဓေါ,
အရဟာ,စက္ကဝတ္တိတိ။ ၊

ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့။လောကသ္မိံ၊လောက၌။ သန္တော၊ သံဝိဇ္ဇမာနာ၊ ထင်ရှားရှိကုန်သော။ ထုပါရဟာ၊ စေတီထိုက်ကုန်သော။ပုဂ္ဂလာ၊ပုဂ္ဂိုလ်တို့သည်။စတ္တာရော၊ လေးပါးတို့တည်း။ ကတမေစတ္တာရော၊ အဘယ်လေးပါး တို့နည်းဟူမူကား၊ဗုဒ္ဓေါစ၊ သဗ္ဗညုဘုရားရှင်၎င်း။ပစ္စေက ဗုဒ္ဓေါစ၊ ပစ္စေကဗုဒ္ဓါဘုရားငယ်၎င်း။ အရဟာစ၊ရဟန္တာ ၎င်း။ စက္ကဝတ္တိစ၊ စကြာဝတေးမင်း၎င်း။ ဣတိ ဣမေစတ္တာ ရော၊ ဤလေးပါးတို့တည်း။

ဤကဲ့သို့၊ အထက်၌ဖေါ်ပြလိုက်သော။ စေတီလေးပါး တို့တွင်။ သဗ္ဗညုတအရှင်။ဘုရားသခင်တို့နှင့်၊ ရဟန္တာမ ထေရ်မြတ်တို့၏ ကိုယ်စားစေတီတော်များကို။ ကိုးကွယ် ပူဇော်ချခြင်းကို မဆိုထားဘိ။ ကိလေသာ တန်းလန်းနှင့် ပုထုဇန်အတန်းအစားဖြစ်သော။နောက်နောက်ကကျသိုလ် ပင့်မြှောက်၍။ လောကဂုဏ် အထက်တန်း ရောက်သော၊ စကြာဝတေးမင်း၏၊အရိုးစေတီတော်ကို။ရှိခိုး‐ပူဇော်ခြင်း သည်ပင်လျှင်။ လူနတ်တို့၏ စည်းစိမ်ချမ်းသာကို။ မချရရှိ ခံစားရကြောင်းကို။ ဒုကနိပါတ်အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ထင်ရှားစွာ ပြတော်မူထားသည်မှာ။

ပစ္စာဝတ္တိနာဒေဝတီယံ-ဇဂ္ဂတွာ၊
နေ့-သမ္မတ္တိသေသလဘာန္တိ၊ ။

စက္ကာဝတ္တိနော၊ စကြဝဠာအနန္တ၏ ပေတီယံဝေဟိကို၊ ဇဂ္ဂိတွာ၊ ကောင်းစွာဂြိုဟ်ပြင်၍သုတ်သင်ပူဇော်၍ နေ့သမ္မတ္တိ ယော၊ လူ့မင်း၊နတ်မင်း အဖြစ်ဟုဆိုအပ်သောသုံးပါးသော လောကီစည်းစိမ်ချမ်းသာကို၊လဘန္တိ ခံ၊စားရကုန်၏။

ဤကဲ့သို့ စကြဝဠာ၏ စေတီတော်သောင်၊ ဤမျှ-လူ ချမ်းသာ နတ်ချမ်းသာကို ပေးနိုင်ပါသောလျှင်၊ ဘုရားရှင် တို့၏ စေတီတော်တို့ သည်ကား၊ ဘယ်မျှသော ဥယျာဉ်ရာရှိအံ့ နည်း၊ မချ-လူ၊နတ်၊နိဗ္ဗာန် သုံးတန်သောချမ်းသာမြတ်ကို၊ စင်စစ်ကေန် အမှန်ရမည်ဟု မှတ်ကြရမည်။ ဒါ့ကြောင့်-ရှင်းအဋ္ဌကထာဥပင်

ဗုဒ္ဓါနံ စေတီယံ·ဇဂ္ဂိတွာ-တိဿော၊
သမ္ပတ္တိယောသလဘန္တိ။ ။

ဗုဒ္ဓါနံ၊ဘုရားပစ္စေကဗုဒ္ဓါ·ရဟန္တာသာဝကတို့၏။စေတီယံ၊စေတီတော်ကို။ ဇဂ္ဂိတွာ၊ ကောင်းစွာ ပြုပြင်၍သုတ်သင်ပူဇော်၍(ဝါ) ရှိခိုး ပူဇော်သည် ရှိသော်။တိဿော သမ္ပတ္တိယော၊ လူ့, နတ်, နိဗ္ဗာန်, သုံးတန်သော စည်းစိမ် ချမ်းသာတို့ကို။လဘန္တိ၊ မချွတ်ဧကန်ရရှိနိုင်ကြလေကုန်၏။

ဤသို့ ဘုရားရှင်စေတီတော် တို့ကို ရှိခိုးပူဇော်က၊ လူ နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိကြောင်း ဖွင့်ပြ သော တရားတော်တို့ကိုလည်း အထူးမှတ်ယူကြရာသည်၊

## စေတီရှိခိုးပူဇော်လျှင်။သက်တော်ထင်ရှား မြတ်ဘုရား၌ ပူဇော်သည်နှင့် တူပုံကို ပြခြင်း။

ဓရမာနံ ဘဂဝန္တံ—ပစ္စယေဟိဥပဋ္ဌဟန္တာ၊
ပူဇေန္တာ-ပရိနိဗ္ဗုတဉ္စ—ဘဂဝန္တံ-ဥဒ္ဒိဿ၊
ဓါတုစေတိယာဒိကေ—ဥပဋ္ဌဟန္တာ-ပူဇေန္တာ၊
ဗုဒ္ဓေဒါနံ-ဒဒန္တိ နာမ။ ။

ဓရမာနံ၊ သက်တော်ထင်ရှားရှိသော၊ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ပစ္စယေဟိ၊ ပစ္စည်းလေးပါး တို့ဖြင့်။ ဥပဋ္ဌဟန္တာ-ပူဇေန္တာ၊ လုပ်ကျွေးပြုစု ပူဇော်ကြကုန်သော သူတို့သည်၎င်း။ ပရိနိဗ္ဗုတဉ္စဘဂဝန္တံ၊ ပရိနိဗ္ဗာန်စံယူတော်မူပြီးသောမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ရည်မှတ်၍။ ဓါတုစေတိယာဒိကေ၊ ဓါတုစေတီ စသည်တို့ကို၊ ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်၊ ဥပဋ္ဌဟန္တာ-ပူဇေန္တာ၊ လုပ်ကျွေးပြုစုပူဇော်ကုန်သောသူတို့သည်၎င်း။ ဗုဒ္ဓေ၊မြတ်စွာဘုရား၌။ ဒါနံ၊ အလှူကို။ ဒဒန္တိနာမ၊ ပေးလှူပူဇော်သည် မည်ကုန်၏။ ။

ဤသို့ပြဆိုတော်မူအပ်သော ကျမ်းဂန်တို့ကို လမ်းမှန်အောင် ကြည့်ရှု၍။ဘုရားရှင် ကိုယ်တော်စား။စေတီတော်များကို။ ရှိခိုးပူဇော်-ဖူးမြော်ရခြင်း တို့သည်ကား။ အလွန်ကြီးကျယ်သော။ လူ,နတ်,နိဗ္ဗာန်,သုံးတန်သော။ ချမ်းသာ

မြတ်ကြီးဘို့က၊ မရှုချင်ကြောင်း။ ယုံကြည်ကိုးပွား၊ နှလုံး
ထားလျက်၊ စေတီတော်မြတ်ဘို့အား၊ အရှင်ဂုဏ်တော်
မြတ်ကို အာရုံကပ်၍၊ မပြတ်ဆောင်ရှိခိုးပူဇော်ကြရာသည်၊
ဟိုးကြောင့်၊ သီသကျွန်အဋ္ဌကသာ ဆာရ မြတ်က၊ စေတီ
တော်မြတ်ကို ချီသေဝ္ဂာလက်ဂုပ်ရော်လှည့်၍၊ အရှင်ဘုရားရှုက်
နှာ၊ ရှစ်မျက်နှာဘို့နှင့်အောင်၊ အလွန်ကြည်ညိုဖွယ်ရှိသော
တော်ဖြင့်ရှိခိုးကြသင့်ကြောင်းကို ဖွင့်ပြဆောင်ရသည်နှင့်၊ ။

မဟာထုံ့စေတိယံ-တိ ရူပံ၊ ပဒက္ခိဏံ ကတွာ။
စတုသု-အဋ္ဌသု-ဌါနေသု-ဝန္ဒိတွာ။ ။

မဟာထုံ့၊ ကြီးကျယ်ပြင့်မြတ်တော်မူသော၊ စေတီ
ယံ၊ စေတီတော်မြတ်ကို၊ တိက္ခတ္တုံ သုံးကြိမ်၊ ပဒက္ခိဏံ
ကတွာ၊ လက်ျာရစ်ပတ်ခြင်း အနုအသေပြု၍၊ စတုသု-အဋ္ဌ
သု-ဌာနေသု၊ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ အရပ်
တို့၌၊ ဝန္ဒိတွာ၊ ရှိခိုးအပ်၏။ ။

ထိုမှတပါး၊ ဘုရားရှင်၏ ကိုယ်တော်ဝါးဓါတု
စေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီမြတ်ဘို့ကို၊
အချုပ်အစရှိသော၊ ရှင်တော်မြတ်ဘုရား၏ ဂုဏ်
တော်ကို အာရုံပြု၍ ရှိခိုးပူဇော်ကြမှုသော်၊ အဆုံး
အစမရှိသောအကျိုးမဟာမှလဘို့ကိုရကြောင်းကို
ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော ကျမ်းကြီး
ကျမ်းခိုင်တို့၌၊ များစွာဖွင့်ပြတော်မူကြပေ၏၊ အား
လုံးတော်ပြနေက၊ ကျမ်းလေးမည် ဖြစ်၍၊ ဤမှ

သောက်ပင် ပြလိုက်ခြင်း ဖြစ်ပေ၏၊ သို့သော် ဤ အတက်ပါစကားရပ်တို့နှင့်ပင်။ တရားသိမြင်၊ သူတော်စဉ်မှန်သူ များ၊ သဘောကျနှစ်သက်သောက်ပါပြီ။ သို့သော်လည်းရှင်းသည်ထက်ရှင်း။လင်းသည့်ထက် လင်း၍ သိမြင်ကြရလေအောင်၊ အောက်၌ ငွေသက်သေ အမျိုးမျိုးဖြင့် ပြသွားအံ့မည် ဖြစ်ကြောင်း။ ။

## ဓာတုစေတီတော်များကိုရှိခိုးပူဇော်ရသည်၏ အကျိုးကိုပြခြင်း။

### ဇန္ဒီလသာ့ဒွေးမထေရ်ဝတ္ထု။

ငါတို့ဂေါတမမြတ်စွာဘုရားပွင့်တော်မမူမီ၊ ဤကမ္ဘာတွင်ပွင့်တော်မူသော ကဿပ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော် မူလေသော်။ ဘုရားရှင်၏ ဓာတ်တော် တို့ကို ဌာပနာပြု၍။ စေတီ တည်ထား ကိုးကွယ်ကြ၏။ ထိုအခါ ဇန္ဒီသာ အလောင်းသည်။ ရွှေပန်းထိမ်သည်ဖြစ်၏၊ တနေ့သောအခါ ရဟန္တာ မထေရ်တပါးသည်။ ဘုရားရှင်အား ရှိခိုးပူဇော်ရန်ကြွလာတော်မူသော်။ စေတီတော်၌မြောက်ဘက်အဒိုင်း၌။ရွှေချ၍ပြီး။တန်းလန်းကြီးကျန်နေသည်ကို တွေ့ရသဖြင့်။ ပန်းရံသမားတို့အား"ဒါယကာတို့-ဘုရားစေတီတော်၌။ဘာ့ကြောင့်အပြီးမသတ်ပါသနည်း"ဟုမေး

လေသော်၊ ရွှေမလောက်ကြောင်းလျှောက်သဖြင့်မြို့တွင်း
သို့ကြွသွားပြီး နှိုးဆော်လေသောအခါ ဗုဒ္ဓိသ အလေသင်း
ရွှေမျှးထိမ်သည် အိမ်သို့ ရောက်ခဲ့သော်၊ တကာသော်
ဘုရားရှင်ရွှေလိုက်၏၊ သင်သည်မြင့်မြတ်သောကောင်းမှုကို
ပြုခြင်းငှါ သင့်၏ဟု ဟောတော်မူ၏၊ ထိုအခါ ပန်းထိမ်
သည်,သည်၊ အိမ်ရှင်မယားနှင့်နှံဖြစ်ပြီးခါစဖြစ်၍၊ စိတ်
ဆိုးနေစဉ်ဖြစ်သဖြင့်၊ တရားမဝင်ဘဲ၊ အမှားထင်ကာ၊ အို-
ကိုယ်တော်ဘုရားရွှေမလောက်ဘာဘာဆိုင်သလဲ၊ ရွှေမှ
၍ ပြီးသျှင်၊ ရေထဲမျှောလိုက်ပါသေးဟု၊ ဒေါသအလျှောက်
အသင်အခြင်ကင်းသျှင်ပြောလိုက်လေ၏၊

ထိုအခါ အိမ်အဝင်း၌၊ မယားလိမ္မာကြားလေသော်၊
အပြင်သို့ ထွက်လာလျှက်၊ ရှင်ဘယ့်နှယ် စကားပြောဘာ
လဲ၊ ကျွန်မကို စိတ်ဆိုးသျှင်၊ ကျွန်မကို ရိုက်နိုင်ပါသည်၊
ဆဲဆိုနိုင်ပါသည်၊ အပြစ်ကင်းတော်မူသောဘုရားရှင်အား
ဘာပြု၍ ဆဲဆိုပါသလဲဟု ပြောလေ၏၊ ရွှေပန်းထိမ်သည်
သည်၊ မိမိ မှားမှန်းချက်ခြင်း သိရှိကာ၊ သတိရသဖြင့်၊ ရ
ဟန္တာအရှင်မြတ်အား တောင်းပန်လေ၏၊ မတော်ရ်စိတ်က
ငါ့ကို ဆဲသည်မဟုတ်၊ ဘုရားရှင်အား ပြစ်မှား ပြောဆိုမိ
သည်ဖြစ်သောကြောင့်၊ ဘုရားရှင်အား ကန်တော့ရမည်
ဟု မိန့်လေသော်၊ ဘယ်သို့ ကန်တော့ ရပါမည်နည်းဟု
လျှောက်သောအခါ၊ လိုသောရွှေကိုချလှူ၍၊ ရွှေပန်းခိုင်သုံး
ခိုင်ဖြင့် လှူဒါန်းပူဇော်ကာ၊ မြစ်ထဲသို့ ဆင်းငုတ်၍ ဖို့ငွပ်
သောရေဖြင့် ဘုရားရှင်အား၊ တောင်းပန်ကန်တော့ ရမည်

ဟု ဆိုလေ၏။ ထိုအခါ ရွှေပန်းတိမ်သည်သည်၊ ရဟန္တာ မထေရ်၊ စီရင်မိန့်မှာတော်မူတိုင်း ပြုလေ၏။ ထိုကောင်းမှု ကြောင့်။ ကဿပဘုရားနှင့်ဂေါတ္တမဘုရားစပ်ကြားမှာ။ ံပု၊ နတ်,တို့၏ စည်းစိမ်ကို ခံစားပြီး။ ဂေါတ္တမဘုရား လက်ထက် တော်၌။ တက္ကသိုလ်ပြည်ကြီးတွင်။ အတောင် ရှစ်ဆယ်ရှိ သောရွှေတောင်ကြီး၏အရှင် (ဇဋိလသူဌေးကြီး)ဟု ထင် ရှားကျော်ကြားလေ၏။နောင်အရွယ်ကြီးပြင်းလာသောအ ခါ။ဘုရားထံရဟန်းပြုသဖြင့်။ မကြာမီရဟန္တာ ဖြစ်သော ကြောင့်၊ “ဇဋိလမထေရ်”ဟု။ ဘုရားသာသနာ၌ထင်ရှား တော်မူ၏။

**မှတ်ချက်။** ။ဤဝတ္ထု၌။ စေတီတော်ကို ရေထဲ ဖြစ် လိုက်ပါလားဟု။ ပြောဆိုမိသောကြောင့်။ (၇) ခုနှစ်ဘဝ တိုင်ရေမျောခံရ၏။ နောက်ဆုံးနိဗ္ဗာန်ကူးတော်မူမည့် ဘဝ မှာပင်။ဗါရာဏသီသူကြီး၏သမီးနှင့်ဝိဇ္ဇာဓိုရ်တို့တိတ်တိတ် များယှဉ်းရာမှ၊ လူမသိအောင်မွေးပြီး။ အိုးထဲထည့်၍ရေ မျှောခံရ၏။ သို့သော်-ချက်ခြင်းသတိရ၍။ ဘုရားရှင်စေတီ တော်ကို တောင်းပန် ကန်တော့ခဲ့သဖြင့်၊ ကယ်သူတွေ့ရ လျက်။ စေတီကိုရွှေချခြင်း။ရွှေပန်းခိုင်လှူခဲ့ရခြင်း။ ကောင်းမှု ကြောင့်အတောင်ရှစ်ဆယ်ရှိသော။ ရွှေတောင်းကြီးပေါက် ကာ။ သုံးမကုန်လှူမခန်းအောင်ပေါများသော သူဌေးကြီး ဖြစ်ရသည့်ပြင်။အရဟတ္တဖိုလ်အောင်ပန်းဆွတ်လှမ်းတော် မူ၍။ နိဗ္ဗာန်နန်းစံမြန်းတော်မူရလေသည်။

မှတ်ချက်။ ပန်းတိမ်သည် ဘဝက။ သားသုံးယောက်ရှိ၏။ ထိုသားတို့ပင်ယခုဘဝမှာ။သားသုံးယောက်ဖြစ်လာ၏။ အရင်က မယားပင် ယခုမယားဖြစ်လာ၏။ ရှေးဘဝက၊ ရွှေပန်းနိုင်ကူ၍ မလုပ်သောသား ၂ ယောက်သည်၊ယခုဘဝမှာရွှေတောင်မှရွှေကိုမယူနိုင်ကူလုပ်သော သားငယ်သာလျှင်။ ရွှေတောင်မှရွှေကိုယူရသဖြင့်။ သားငယ်အားအမွေအားလုံးပေးခဲ့၏။ ဒါကြောင့် မိဘ၏ကိစ္စအဝဝကို။ သားသမီးများသည် ကူညီလုပ်ဆောင်ပေးကြရာသည်။ ဤဝတ္ထုကို ထောက်၍လည်း စေတီတော်အား ပူဇော်က အကျိုးရှိပုံ–အပြစ်ကြီးပုံ တို့ကို သိရှိ၍။ အထူးသတိ ထားကြရာသည်။

[illegible]

## အဇာတသတ်မင်း ဓာတ်တော်ပူဇော်ခြင်းနှင့် မှတ်သားဘွယ်ဝတ္ထု။

ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးသော်။အဇာတသတ်မင်းသည် မိမိအဘို့ ဝေရ ရအပ်သော ဓာတ်တော် တစိတ် သားကို။ ရှင်တော်ဘုရားဂုဏ်အာရုံပြုလျက်၊ ခုနစ်နှစ်,ခုနစ်လ,ခုနစ်ရက်တိုင်တိုင်ကြာအောင်။ အခမ်းအနားကြီးကျယ်စွာဖြင့် ပင့်ဆောင်ပူဇော်လေသော်။ သဒ္ဓါတရားနှင့်ပြည့်စုံသူ၊ သူတော်ကောင်းအသင်္ချေဘို့ရှိသည်။ဓာတ်တော်ပူဇော်ပွဲဝင်နွဲ၍။အထူးထူးရှိရိုး ပူဇော်ကြသဖြင့်နတ်ပြည်ရောက်ကြလေ၏။ ။အယူယွင်းမှား။ မိစ္ဆာဉာဏ်ဝင်စားသည်၊ သဒ္ဓါကင်းပ၊ သူဗာလ ဖြစ်ကြကုန်သော။ ရှစ်သောင်းခြောက်

ယောင်သောလူအပေါင်းတို့သည်။မသဒ္ဒါမကြည်ညိုဘဲကဲ့ရဲ့ပြစ်တင် ကြသဖြင့်။ဗြိဟ္မာတုံသို့ချည်း လားကြရကုန်၏။

---

## ဤအကြောင်းထင်ရှားစွာ သက်သေပြဦးအံ့။

ရာဇဂြိုဟ်ပြည်ဝယ် သူကြွယ်တယောက်သည်။မိမိ၏ မယား သွီး ချွေးမ–ဤသုံးယောက်တို့သည်။ထိုပင့်ဆောင် လာသောခေတ်တော်ဘုရားကိုပူဇော်ရန်၊ ပန်းနံ့သာလက်စွဲ၍ သွားသည်ကို **စက်ဆုပ်ရွံရှာဘွယ် ဒီအခိုးတိုက္ခိ မုဇော်သဖြင့် ဘယ်အကျိုးရှိအံ့နည်း** ဟု ပြောဆို ကဲ့ရဲ့ဆဲရေး၍ တားမြစ်၏။ သားမယားတို့ကားသွားမြဲသွား၍ပူဇော်၏။ ထိုမယား–သွီး–ချွေးမ သုံးယောက် တို့သည်၊ သေသော အခါနတ်ပြည်သို့ရောက်ကြလေ၏၊ သူကြွယ်ကားအလွန့် အလွန် မခံနိုင် သောက်အောင် ပါးစပ်ပုပ်၍၊ ကြီးကျယ် သောဒုက္ခတို့ကို ခံစားရသည့် ဗြိဟ္မာ ဖြစ်လေ၏။ တနေ့ သောအခါ။အရှင်မဟာကဿပသည်။ဖြစ်မှားတတ်သော သတ္တဝါတို့ကို သနားတော် မူသဖြင့်။ ထိုစေတီတော်ပေါ် မှာနေ၍။ *လောကာဒိဝရဏ ဉာဏ်တော်,တန်ခိုးတော်ကို ဘန်ဆင်းပြီး။ လူ, နတ်, ဗြိဟ္မာ တို့ကို။ အတားအဆီးမရှိ အသီးသီးမြင်စေတော်မူ၏။ ။

*လောကဝိဝရဏဉာဏ်၊ ဟူသည်ကား။ လူများ၏ ပသာဒ စက္ခုဖြင့် (၀၁) မျက်စိရိုးရိုးဖြင့်။ နတ်များ ဗြိဟ္မာများ စသည်တို့ ကိုအထူးမြင်နိုင်အောင်။ လောကကြီးကိုအဆည်းအတားမရှိ။ ဟင်းလင်းဖွင့်ပေးတော်မူသော တန်ခိုးတော်တည်း။

ထိုအခါ လူများမြင်စဉ်၊ သူကြွယ်ကဖြစ်သော ဗြဟ္မာကို၊ ရှင်မဟာကဿပသည်၊ ဗြဟ္မာ သင့်ခံတွင်းကား အလွန်ပုပ်၏။ ပုံပန်းကားကြောက်မက်ဘွယ်ရှိ၏။ ဘယ်အဖြစ်နှင့်ဗြဟ္မာဖြစ်သလဲဟု မေးလေသော်၊ ခတ်တော် တို့ကိုကဲ့ရဲ့ ဆဲရေး ခဲ့သော ကြောင့် ပါဘုရား ဟု လျှောက်ထားသည့်ပြင်၊ နောက်ဘဝက တော်ခဲ့ဘူးသော၊ မယား၊သမီး၊ ချွေးမဖြစ်တဲ့နတ်သမီးတို့ကိုညွှန်ပြ၍၊ ဤသူတို့ကား၊တပည့်တော် တားသော်လည်း မရဘဲ၊ ခတ်တော် ပူဇော်ခဲ့ကြသဖြင့်၊နတ်သမီးတွေဖြစ်ရပါသည်၊ တပည့်တော်နှင့်တကွ ဟောဒီ-လူမိုက်တရသော ဗြဟ္မာဖြစ်ကြရပါသည်ဘုရားဟု လျှောက်ထားတဲ့ဂါထာစကားကိုမှတ်သားလိုက်ကြပါဒုံး၊

ဆဍ္ဍာသိတိ-သဟာဿာနိ၊
မယံပစ္စတ္တဝေဒနာ၊
ထူပပူဇံ-ဝိဝဇ္ဇေတွာ၊
ပစ္စာမ,နိရယေ-ဘုသံ၊ ။

ဆဍ္ဍာသိတိ-သဟာဿာနိ၊ ရှစ်သောင်းခြောက်ထောင်ကုန်သော၊ မယံ၊ ဗြဟ္မာ ဖြစ်ကြ ကုန်သော အကျွန်ုပ်တို့သည်။ ထူပပူဇံ၊စေတီပုထိုးအား။ရှိခိုးဝပ်စင်း။ ကိုးကွယ်ပူဇော်ခြင်းကို၊ ဝိဝဇ္ဇေတွာ၊ကဲ့ရဲ့ရှုပ်ချမိခဲ့ကြသောကြောင့်ပစ္စတ္တ ဝေဒနာ၊ အသီးသီး ဆင်းရဲကြီးတို့ကို။ ခံ့ငြီးဘွယ်ခံစားကြရကုန်လျှက်။ နိရယေ၊ ငရဲပမာ။ဆင်းရဲစွာသော

ပြိတ္တာဘုံ၌။ ဘုသံ၊ ပူလောင်ပြင်းပြစွာ၊ ပစ္စာမ၊ ခံစားဒုက္ခ၊ ကျက်ကြရပါကုန်၏။ ။

ဤမှာပါး မှတ်သားဘွယ် ဂါထာ များဖြင့်။ များစွာလျှောက်ထားသေး၏။ ဤကျမ်းငယ်၌။ အကုန်ပြက။ အလွန်ကျယ်ဝန်း၍ ကျမ်းလေးမည်စိုး သောကြောင့် မပြနိုင် တော့ပါ။ သို့သော် အလွန် မှတ်သားစရာကောင်းသော။ အောက်နားကဂါထာ တပုဒ်ကိုတော့ထည့်ပြလိုက်ပါအုံးမည်။ မှတ်သား ကြည့်ရှုကြပါကုန်။

ယေစခေါထူပပူဇာယ၊
ဝဏ္ဏဂန္ဓ,အရဟတော,မဟေ၊
အာဒိနဝံပကာသေန္တိ၊
ဝိဝေစယေထတေ,တတော၊ ။

ထူပပူဇာယ၊ စေတီကို၊ ပူဇော်ခြင်းဖြင့်၊ အရဟတော၊ မြတ်စွာဘုရားအား၊ မဟေ၊ ပူဇော်လှူဒါန်းမှုသည်၊ ဝဏ္ဏဂန္ဓံ၊ ဖြစ်သည်ရှိသော်၊ (ဝါ) ဖြစ်လေသောကြောင့်။ ယေစခေါ၊ အကျွန်ုပ်အသွင်။ အကြင်လူမိုက်တို့သည်ကား။ ထူပ ပူဇာ ယ၊ စေတီတော်ကို ပူဇော်ခြင်း၌။ အာဒိနဝံ၊ အပြစ်ဒေါသ ကို။ ပကာသေန္တိ၊ ပြကုန်၏။ တေ၊ ထိုသူမိုက် တို့ကို၊ တတော၊ ထိုမိစ္ဆာညစ်ကျူ၊မကောင်းမှုမှ။ ဝိဝေစယေထ၊ တားမြစ်တော်မူပါကုန်ဘုရား။ ။

ဤသို့ ပြိတ္တာက။ မိမိများယွင်းခဲ့ကြောင်းကို ဝန်ခံ၍၊ ဘ

ပသ္ဒတော်လို သူမိုက်တွေအများကြီးရှိကြပါလိမ့်အုံးမည်၊ ထိုလူမိုက်တို့ကို သနား သဖြင့် တရားပြတော်မူ၍၊ ဘေဘီ တော်ကိုးကွယ်ပူဇော်ခြင်းသည်၊ ရှင်တော်ဘုရား ပူဇော် တာနှင့်အတူတူဖြစ်ကြောင်းတို့ကို ဟောကြားဆုံးမတော် မူပါမည့်အကြောင်းတို့ကိုသွားဆိုသား၍၊ ဘေဘီတော် ပူ ဇော်လာကြသော နတ်သား နတ်သမီးတို့ကိုပြ၍၊ ထိုသူတို့ ကား။ ၂ ဘေဘီတော်ကိုပန်းနှံ့သာတို့ဖြင့် ပူဇော်ရှိခိုးကြ၍ ဤကဲ့သို့ ကောင်းကျိုးရှိကြကြောင်းသျှောက်ထားလေ၏၊ ထိုအခါ လူများအပေါင်းတို့သည်။ နတ်များ-ပြိတ္တာများကို မျက်ဝါးထင်ထင် တွေ့မြင်ရခြင်း။ ပြိတ္တာကြီး၏ လျှောက် ထားချက်တို့ကို ကြားရ၍၊ တန်းခိုး တော်ဖြင့် ပြတော်မူ သော ရှင်မဟာ ကဿပ အား ကျေးဇူးတင်စွာ ရှိခိုးကြ ခြင်း။ ဘုရားရှင်ကိုယ်စား ဘေဘီတော်မြတ် များကိုလည်း အဘိုင်းထက်အလွန် ကြည်ညိုစွာ ရှိခိုးပူဇော်ခြင်း ပြုကြသ ဖြင့်၊ သုဂတိဘဝသို့သသွားကြလေကုန်၏၊ ။

—————◆◆◆—————

## ကောသလ္လကီနတ်သမီးဝတ္ထု။

အခါတပါး၌ ထိုခတ်တော်ဘိုကို၊အဇာတသတ်မင် တည်ထားကိုးကွယ်သော ဓေတီတော်မြတ်သို့၊ ရာဇဂြိုဟ် သူ-မိန်းမတဦးသည်။ နံ့နက်စောစောထ၍၊ သပွတ်ခါးပန်း လေးပွင့်တို့ကို ဆွတ်ခူးလျက် ဆောင်ယူကာ၊ ဓေတီကိုလှူ ဒါန်းပူဇော်ရန် ရည်မှန်းလျက် လာခဲ့လေ၏။ ထိုအခါ လမ်း

အကြား၌ ကလေးရှိသောနွားမ တကောင်သည်၊ ထိုမိန်းမ အား လိုက်၍ ဖွေ့သတ်သဖြင့် သေလေသော်။ ဘုရားရှင့် စေတီတော်ကိုပန်းလှူဒါန်းချန် အာရုံပြု၍ လာသော သဒ္ဓါ စောကြောင့်။ တာဝတိံသာနတ်ပြည်၌ ရွှေရထား-ရွှေအ ဝတ်တန်းဆာ၊ ရွှေထီး။ ရွှေတံခွန်။ ရွှေပြာသာဒ စသည်တို့ ဖြင့် တင့်တယ်စွာသောနတ်သမီးသွား၍ဖြစ်လေ၏။ ။ထို အခါ သိကြားမင်းက အသစ်ဖြစ်သော နတ်သမီး၏အနံ့ ဘွယ် ကိုမြင်၍ မေးလေသော်။ နောက် အကြောင်းကို ပြန်ပြော သော ဂါထာတို့တွင်။ အလွန် မှတ်ဘွယ် ကောင်းသော ဂါထာတပုဒ်ကိုပြပါဦးအံ့။သတိပြု၍ကြည့်ရှုကြပါကုန်။

တတောမံအဝမိဂါဝိ၊
ထုပံအပဋ္ဌမာနသံ။
တံစာဟံအဘိသမ္ဘောယျ၊
ဘိယျောနန္ဒုဏ္ဍာတောသိယာ။ ။

တတော၊ ထို-စေတီတော်ကို ပန်းပူဇော်လိုသော စိတ် ကိုသာ အာရုံပြု၍လာသဖြင့်။ နွားလာမည့်ခရီးကို မစဉ်း စားမဆင်ခြင်မိသောကြောင့်။ထုပံ၊စေတီတော်ကို။အပဋ္ဌ မာနသံ၊ ကိုယ်တိုင်မရောက်သော။ အလိုဆန္ဒရှိသော (ဝါ) စိတ်စေတနာသာစောလျက်ရှိသော။ မံ၊အကျွန်ုပ်ကို။ ဂါဝိ၊ သားရှိသောနွားမသည်။ အဝမိ၊ ဖွေ့သတ်လေ၏။ အဟံ၊ စေတီတော်ကိုမရောက်မီ၊ လမ်းအကြား၌နွားဖွေ့၍သေရ သော အကျွန်ုပ်သည်။ တံ၊ ထိုပန်း တို့ဖြင့် ပူဇော်ခြင်း

ကောင်းမှုကို၊ ဧအဘိသင်္ချေယျ၊ အကာလ်၌ ဝေဿီဘော်
သို့ရောက်၍၊ ကံသုံးပါး မြောက်အောင် အသို ရှိသည့် အ
တိုင်း၊ ဆည်းပူးရပါမှုကား၊ ဘုရားတာ၊ ဤစည်းစိမ်ကာ၊
ဘိသေသာ၊ဆထက်တံပိုးတိုး၍၊ လွန်ကဲသုံးချွန်သော စည်း
စိမ်သည်၊ ဿိယာနန္ဒ၊ မုချမှန်စွာ ဖြစ်းပရာ၏၊ ။

ဤကဲ့သို့ နတ်သျှိုးလျှောက်ထားတဲ့စကားကို၊ သိကြား
မင်းကြားရသျှင်၊ အလွန်နှံ့သြာမ်းမြောက်လျှက်၊ မာဘာသိ
နတ်သားအား တိုင်တယ်ကာ အစကား၍၊ နတ်အချျားဘို့
အား၊နတ်သျှိုးကိုသက်သေထား၍၊ အောက်ပါဂါထာဖြင့်၊
ဟောကြားလေ၏။

ပဿမာတလိအစ္ဆရံ၊
စိတ္တံကမ္မ-ဖလံဣဒံ။
အပ္ပကံပိ-ကတံဒေယျံ၊
ပုညံဟောတိမဟပ္ဖလံ။ ။

မာတလိ၊ ငါ၏ထံပါး၌ ဝင်တွားခစား၊ မာတလိနတ်
သား၊ အစ္ဆရံ၊ အလွန်အကြူး၊ အထူး အံ့သြဘွယ်ကြီး
လည်းဖြစ်ပေထသော၊ ဣတ္တံ၊ အလွန်တရာမှဆန်းကြယ်သွ
စွာသော၊ ဣဒံဖလံ၊ ဤကုသိုလ်ကံ၏အကျိုးကို၊ ပဿ၊ စေ့
စေ့ငုငု၊ သတိပြု၍ကြည့်ရှုလိုက်ပါတော့လော။ အပ္ပကံပိ၊
မပြောပ လောက်ရာ။ အနည်းငယ် ကလေးမျှ ဖြစ်သော။
ဒေယျံ၊ စိတ်၌လှူလို။ဒါနဝတ္ထုကို။ ကတံ၊ စိတ်၌ချည်ချော်
၍၊ ပူဇော်ခြင်းပြုရသော။ ပုညံ၊ ကောင်းမှုသည်၊ မဟပ္ဖလံ၊

ကြီးကျယ်ခြင့်မြတ်သောအကျိုးကိုရသည်၊ ဟောတိ၊ အာ ခြင်အားဖြင့်။ ထင်ရှားဖြစ်ပေါ်၍သာရလေတော့သတည်း။

ဤကဲ့သို့ သိကြွားဖင်း သည်။ ထိုနတ်သွီးကို မျက်မြင် သက်သေထား၍။ စေတီတော်မြတ်တွေ ပူဇော် ရခြင်း၏၊ အကျိုးဘုန်ကိုများစွာဟောကြားလျက်။ ရွှေသက်လက်ပြီး ဥယျာဉ်ကစား မသွားတော့ဘဲ။ နောက်သို့ ပြန်ဆုတ်ပြီး၊ ရှုဋ္ဌာမဏိစေတီသို့သွားကြလျက်။ (၇)ရက်တိုင်တိုင်။ စေ တီတော်မြတ်အား၊ရှိခိုးပူဇော်ပွဲကြီးပြုလုပ်ကြကြောင်းကို။ ထိုမိဋ္ဌဝိမာနဝတ္ထုပါဠိတော်-အဋ္ဌကထာ တို့၌ပင် ဖွင့်ပြ တော်မူလေသည်။ သို့ဖြစ်၍ ဤအထက်ပါ ဝတ္ထု တို့ကို။ ထောက်ထား သဖြင့်လည်း။ ရှင်တော်ဘုရား ကိုယ်တော် စား စေတီတော်များကို။ ရှိခိုးပူဇော်ခြင်းသည်။ အလွန်အ ကျိုးကြီး၍။ ပြစ်မှားခြင်းသည်လည်း အလွန့်အလွန် အပြစ် ကြီး၏ဟုအမြဲမှတ်ယူကြရာသည်။ ။

ကောသာဠကီနတ်သွီးဝတ္ထုပြီး၏။

## ဝဏ္ဏကာရမထေရ်ဝတ္ထု။

ဤကမ္ဘာမှပြန်၍ရေတွက်သည်ရှိသော်။ သုံးဆဲ့တကမ္ဘာ ထက်၌ ။အရုဏာဝတီ ပြည်ကြီးတွင်၊ သိခီ မြတ်စွာဘုရား သခင်သည်။ လူတွင်ထင်ရှား၊သူ့ဉာဏ်ဖြစ်တော်မူသောအခါ။ အရှင်ဝဏ္ဏကာရ မထေရ် အလောင်းသည်။ အဝတ် တို့၌ အနီ, အဝါ, အပြာ, အစိမ်း, ပန်းပွင့်, ပန်းပြောက် စသော

အရောင်အဆင်းတို့ကို၊ ဆိုးခြင်းပုံနှိုက်ခြင်းအ[illegible]ပြုသ[illegible] ပန်းမန်း အလုပ် နှင့် အသက် မွေးသော အမျိုးသား တယောက်ဖြစ်လေ၏၊ထိုအခါကာလ သိင်္ဘာရေးနှင့်ပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့်၊ ကြွင်းကျန်ရစ်သောခတ်သောင်တို့ကို ဌာပနာ၍။ စေတီတည်ထားကိုးကွယ်ကြသောရဟန်း,နှင့် လူအပေါင်းတို့ လှူဒါန်း ပူဇော်ထားသော အဝတ်အထည် ပေါင်းတို့ကို ရဆောင်းယူငင်၍၊ ပြစင်အောင်ဖွတ်လျှော် ပြီးလျှင်။ပန်းပွင့်,ပန်းပြောက်သောအရောင်အဆင်းအမျိုး မျိုးတို့ကို လှပစွာရိုက်နှိပ်လျှက်လှူဒါန်းလေ၏။

ဤကောင်းမှုကြောင့် ထိုပန်းခဲ့သမားသည်။ ဤဘဝ မှပုတေသေလေသော်။ နတ်ပြည်၌ ဖြစ်ပြီး၊ နောင်လည်း ထို ကောင်းမှုကံကြောင့်။သုံးဆဲ့ဘကမ္ဘာတို့ပတ်လုံး၊ အပါယ် လေးပါးသို့လားမရောက်ရဘဲ၊ လူ့ နတ်တို့၏စည်းစိမ်ကိုခံ စားရလျှက်၊ ငါဘုရားရှင် လက်ထက်တော်၌။ ပစ္စည်း ဥစ္စါရတနာရွှေငွေအထွေထွေတို့ဖြင့်ပေါများချမ်းသာသော အမျိုး၌၊အရောင်အဆင်းအလွန်တင့်တယ်သပ္ပသော အမျိုး သားတယောက်ဖြစ်လာ၍ အရွယ်ရောက်လတ်သော်၊ ဘု ရားရှင် သာသနာ တော်၌ ရဟန်း ပြုလျှင်။ မကြာ မီပင် ရဟန္တာ ဖြစ်တော်မူလေ၏။ ။ထိုကြောင့် မိမိကောင်းမှု နှင့်လိုက်အောင်ဘွဲ့အမည်တော့ရသောဝဏ္ဏကာရမထေရ် သည်။မိမိနေ့ခံကပြုခဲ့သောကောင်းမှုအကျိုးကား။ ပရိသတ် များသိရှိရသဖြင့်သဒ္ဓါတရားပွားစေခြင်းငှာ။ ဥဒါန်းစကား ဖြင့်ဤသို့ရွတ်ဆိုတော်မူ၏။

ကေတိံသ—ဇာတောကပ္ပေ၊
ယံဝဏ္ဏံ—ရဇ္ဇယိံတဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ဝဏ္ဏဒါနဿိဒံဖလံ။ ။

ဇာတော၊ ဤဘဒ္ဒကမ္ဘာမှ။ ကေတိံသကပ္ပေ၊ ပြန်ဆရေတွက်၊သုံးဆဲ့တကမ္ဘာထက်၌၊တဒါ၊ထိုသိခီဘုရားရှင်ပွင့်တော်မူသောအခါက။ ယံဝဏ္ဏံ၊ အကြင်,အနီ,အဝါ,အပြာအစိမ်းစသော အရောင်အဆင်းကို။ ရဇ္ဇယိံ၊ဆိုးပြီး (ဝါ) ဆိုး၍ လှူဒါန်းခဲ့ဘူး လေပြီ။ တတော၊ ပဘုတိ၊ ထိုစေတီတော်မြတ်အား။အဝတ်ဟောင်းတို့ကို တဖန် အသစ်ဆိုး၍ အမျိုးမျိုးလှူဒါန်းခဲ့သောဘဝမှစ၍။ ဒုဂ္ဂတိံ၊ အပါယ်ဌာန။ ဒုဂ္ဂတိဘဝကို။ နာဘိ ဇာနာမိ၊ တခါ ဘူးမျှ မသိ စဘူး။ မရောက်ဘူးပါ။ ဣဒံ၊ ဤသို့ သုံးဆဲ့တကမ္ဘာတိုင်တိုင်။ အပါယ်သို့မလားမရောက်ရဘဲ၊ လူ့မင်း,နတ်မင်းတို့၏စည်းစိမ်ချမ်းသာကိုခံစားစံစားရခြင်းသည်ကား။ဝဏ္ဏဒါနဿ၊ အဝတ်ဟောင်းကို-အသစ်ဖြစ်အောင်ဆိုး၍၊ ပန်းပွင့်, ပန်းပြောက် စသည် ရိုက်နှိပ်လျက်။ အဆင်းအရောင်တို့ကို လှူဒါန်းခြင်း၏။ ဖလံ၊ ဥပနိဿယ။ပစ္စည်းရ၍။ ကျူမတို့းတက် အကျိုးဆက်ပေတည်း။ ။

မှတ်ချက်။ ဤကဲ့သို့အပဒါန်လာ၊ရဟန္တာ,ရဟန္တာမတို့။တို့၏ပြုခဲ့သောကောင်းမှုကိုအကျယ်ပြန်ဟောသော ပါဠိတော်တို့ကိုအကုန်မဖေါ်ပြဘဲ ဆိုလိုရင်းစကားတို့ကို။ မြန်မာလို ပြန်ဆိုထည့်သွင်းပြီးလိုရင်း ဂါထာကိုထည့်သွင်း၍ရေးသားသွားပါမည်။

ဝဏ္ဏကာရမထေရဝတ္ထုပြီး၏။

## ဓါတုပူဇကမထေရ်ဝတ္ထု။

ဤကမ္ဘာမှ ပြန်ဆရေတွက်သည့်ရှိသော်၊ ကိုးဆဲ့လေး ကမ္ဘာတက်က၊ ဝေဘာရပြည်ကြီးတွင်၊ သိဒ္ဓတ် မြတ်စွာ ဘုရားပွင့်တော်မူသောအခါ၊ အရှင်ဓါတုပူဇက မထေရ် အလောင်းသည်၊ မထင်ရှားသော အမျိုး၌ အမျိုးကောင်းသား ယောက်ဖြစ်လေ၏၊ သိဒ္ဓတ္ထဘုရားသခင်ပရိနိဗ္ဗာန် စံတော် မူပြီးသောအခါ၊ ဘုရားသခင်၏တဆူသောဓါတ်တော်ကို ရ၍၊ အားရဝမ်းသာ သဒ္ဒါတရားထက်သန်ရှာဖြင့်၊ ငါးနှစ် တိုင်တိုင်ကိုးကွယ်ဆည်းကပ်၊ မပြတ်လှူဒါန်းပူဇော်၊ ပူး မြှော်ရှိခိုးခြင်းအမှုပြုခဲ့လေ၏၊ ထိုကောင်းမှုကြောင့် ဤဘ ဝမှ ရတေလေသော်၊ နတ်ပြည်၌ဖြစ်၍ ကြီးကျယ်နိုင်မြတ် သော စည်းစိမ် ချမ်းသာတို့ကို ခံစားနေလေ၏၊ ဤသို့လျှင် ကိုးဆဲ့လေးကမ္ဘာပတ်လုံး၊ အပါယ်လေးပါးသို့ မလား မ ရောက်ရဘဲ၊ လူမင်း, နတ်မင်း တို့၏ ကြီးကျယ် ရိုင်ညိမ်၊ စည်းစိမ်တို့ကို၊ အကြိမ်ကြိမ် ခံစားရလေ၏။ ။

ငါတို့ ဘုရားရှင် လက်ထက်တော် ရောက်သောအခါ၌ လည်း၊ ပဏ္ဍည်းဘဏ္ဍာ၊ ရွှေငွေရတနာ ကြွယ်ဝ ချမ်းသာ သော၊ အမျိုးကောင်းသားတယောက် ဖြစ်လာ၍၊ သိကြား လိမ္မာသောအရွယ်သို့ ရောက်လတ်သော်၊ ဘုရားသာသနာ တော်သို့ဝင်၍ ရဟန်းပြုသဖြင့်၊ ရဟန္တာမထေရ်ကြီးဖြစ်၍ မိမိပြုခဲ့ဘူးသော ကောင်းမှုအားလျော်စွာ၊ ဓါတုပူဇက မထေရ်ဟု၊ နေ-လပမာ၊ လွန်စွာထင်ရှားကျော်စောတော်

မှုလေ၏၊ ထိုအခါ မထေရ်မြတ်သည်။ မိမိပြုခဲ့သောကောင်းမှုနှင့်တကွ၊ အကျိုးရရှိပုံတို့ကို။ ပရိသတ်အများ၊ သိမှတ်သွားလျက်၊ သဒ္ဒါပွားများကြရန်။ ပြန်ကြားဟောတော်မူလို၍၊ ဤသို့ရွတ်ဆိုတော်မူ၏။ ။

စတုန္နဝုတိတော ကပ္ပေ၊
ယံဓာတုံ ပူဇယိံ တဒါ၊
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ဓာတုပဋ္ဌဟာနေ ဖလံ။ ။

ဣတော၊ ဤကမ္ဘာမှ။ စတုန္နဝုတိတော ကပ္ပေ၊ ပြန်ဆရေတွက်။ ကိုးဆဲ့လေးကမ္ဘာထက်၌။ တဒါ၊ ထိုသိဒ္ဓတ္ထဘုရားပွင့်တော်မူသောအခါက။ ယံဓာတုံ၊ အကြင်မြတ်စွာဘုရား၏ဓာတ်တော်ကို။ အဟံ၊ ငါသည်။ ပူဇယိံ၊ သဒ္ဒါကော်ရော်။ ရှိခိုးပူဇော်ခဲ့ရလေပြီ။ တတော-ပဘုတိ၊ ထိုအခါမှစ၍။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ မသိစဘူး၊ မရောက်ဘူးပါ။ ဣဒံ၊ ဤသို့။ ကိုးဆဲ့လေးကမ္ဘာတိုင်တိုင် အပါယ်သို့မလားမရောက်ရဘဲ။ လူနတ်၏စည်းစိမ်ကို။ အကြိမ်ကြိမ်ခံစားစံစား၍။ ယခုလိုရဟန္တာမထေရ်ကြီးဖြစ်၍သာရခြင်း သည်ကား၊ ဓာတုပဋ္ဌဟာနေ၊ ဓာတ်တော်ကို လုပ်ကျွေးပူဇော်ခြင်း၏။ ဖလံ၊ အကျိုးပေတည်း။ ။

ဓာတုပူဇကမထေရ်ဝတ္ထု ပြီး၏။

## ဆတ္တာဒိဆတ္တိယမထေရ်ဝတ္ထု။

ဤကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော်၊ တရာ့ တဆဲ့ ရှစ်ကမ္ဘာထက်၌၊ သောဘဏပြည်ကြီးတွင်၊ အတ္ထဒဿီ မြတ်စွာဘုရား ထင်ရှား ပွင့်တော်မူသော အခါ၊ **အရှင် ဆဋ္ဌာဒိ-ဆဋ္ဌိယမထေရ်** အလောင်းသည်၊ တဦးသော အမျိုးသားတယောက်ဖြစ်လေ၏။ ထိုအခါဘုရားရှင် ပရိနိဗ္ဗာန်စံလွန် လေသော်၊ သက်တော် ထင်ရှား ဘုရားမဖူး လိုက်ရသဖြင့်။ ဘုရားရှင်၏ ကိုယ်တော်စား ဓာတ်တော် ဌာပနာ၍ တည်ထားသောစေတီတော်၌၊ *အဆင့်အဆင့် ဖြင့်ပြုလုပ်အပ်သော ထီးတော်ကိုပြုလုပ်၍ တင်လှူလေ၏။ မကြာမကြာလည်း ဘုရားစေတီသို့ လာ၍၊ ပန်းနံ့သာတို့ ဖြင့်ရှိခိုးပူဇော်လေ၏။

ဤသို့ ထီးတင်လှူဒါန်းခဲ့သော ကောင်းမှု ကြောင့်။ လူ့ပြည်ဘိုပင်မဆင်းလာရဘဲ။ နတ်ပြည်မှာချည်း။တရာ့တဆဲ့ ရှစ် ကမ္ဘာ တိုင်တိုင်။ နတ်ဘုံ၏ စည်းစိမ် ချမ်းသာ တို့ကို၊အမျိုးမျိုးခံစားစံစားပြီး၍။တရာတဆဲ့ရှစ်ကမ္ဘာမြောက်သော။ ငါတို့ဘုရား လက်ထက်တော်မှ။ လူ့ပြည်သို့ ဆင်းလာ၍၊ ပစ္စည်းဘဏ္ဍာ ရတနာရွှေငွေ။ အထွေထွေတို့ဖြင့်၊ ပေါများ ကြွယ်ဝ ချမ်းသာသော အမျိုးကောင်းသား တယောက်ဖြစ်လာ၍။ သိကြားလိမ္မာသောအရွယ်သို့ ရောက်

---

*အဆင့်ဆင့်လုပ်ထားသောထီး—ဟူသည်ကား။ ယခု စေတီတော်တို့၌တင်ထားသော ထီးပုံမျိုးတည်း။

လေသော်။ ဘုရားရှင် သာသနာတော်၌ ရဟန်းပြုသဖြင့်။ မကြာမြင့်မီပင်လျှင် ရဟန္တာ ဖြစ်တော်မူ၍။ မိမိ ပြုခဲ့ဘူးသော ကုသိုလ် နှင့် လိုက် ညီအောင် **ဆဍ္ဍာဒိ ဆင်္ဃိယ မထေရ်** ဟု ကျော်ကြားတော်မူလေ၏။

သတ္တရသေကပ္ပ သတေ၊
ဒေဝရဇ္ဇမကာရယိံ။
မနုဿတ္တံ-နဂစ္ဆာမိ၊
ထူပပူဇာယိဒံဖလံ။ ။

သတ္တရသေကပ္ပသတေ၊ တရာ့ တဆဲ့ ခုနစ် ကမ္ဘာတို့ ကာလပတ်လုံး။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို၊ အကာရယိံ၊ ပြုခဲ့ဘူးသပြီ။ မနုဿတ္တံ၊ လူ၏ အဖြစ်သို့။ နဂစ္ဆာမိ၊ ဤ ယခုနိဗ္ဗာန်ကူးမဲ့-ပစ္ဆိမဘဝမှလွဲ၍။ တခါတခေါက်မှ ပြန်မရောက်ရပါ။ ဇာနံ၊ ဤသို့ တရာ့တဆဲ့ခုစ်ကမ္ဘာတိုင်တိုင် အပါယ်မလားရဘဲ။ လူ နတ်ဘို့၏ စည်းစိမ်ချမ်းသာကို။ ခံစားပြီး၍။ ယခုလိုဘုရားသားတော်အစစ် ရဟန္တာဖြစ်၍လာရ ခြင်းသည်ကား။ ထူပပူဇာယ၊ စေတီ တော်ကို ထီးတင်၍ လှူဒါန်း ပူဇော် ရခြင်း၏၊ ဖလံ၊ အကျိုးဖြစ်ပေတည်း၊

**အသုံးအနှုတ်ချက်။** ။ဤ ဆဍ္ဍာဒိ ဆင်္ဃိယ မထေရ်၏ ဝတ္ထု၌။ အဋ္ဌဒဿီ ဘုရားရှင် လက်ထက်တော်၌ ပြုခဲ့သော ကုသိုလ်ဖြစ်၍၊ ကမ္ဘာ၏ ယူဆကြပုံ ဝါဒကွဲဘို့ကိုပြပေအံ့။ **၊ငီသာဒသာ၉-အဋ္ဌဒသာ၉**

မဇ္ဈဒေသ ဘုရားသုံးဆူသည်။ ဤကမ္ဘာမှတရာ့ တဆဲ့ ရှစ်ကမ္ဘာ ထက်။ ဝရကမ္ဘာ၌ ပွင့်တော်မူ၏။ ဤနေရာ၌-ဇမ္ဗူဝင်ပါဠိတော်၌။ (အဋ္ဌာရသေ-ကပ္ပသတေ )ဟု ပါလာ၏။ အဋ္ဌကထာ၌ (အဋ္ဌရသကပ္ပသတမတ္ထကေ) ဟုပါလာ၏။ ဇမ္ဗူဝံ နိဿယသစ်၌။ တထောင့် ရှစ်ရာကမ္ဘာဟု ပြန်မာပြန်၏။ အဋ္ဌသာလိနီ အဋ္ဌကထာနိဿယက။ တရာ့တဆဲ့ ရှစ်ကမ္ဘာဟုပြန်ဆို၏။ ဤသို့အယူခြားနားဝါဒပြားခြင်းကား။( သတ္တရသေ-ကပ္ပသတေ )၌။အဋ္ဌသာလိနီနိဿယဆရာတော်ကား။ရော၍ယူအပ်သော မိဿက သချာကို နှလုံးသွင်း၍ ( ၁၁၇ )ကမ္ဘာ ဟုပြန်ဆိုတော်မူ၏။ ဇမ္ဗူဝင် ပါဠိတော် နိဿယသစ် ဆရာတော်ကား၊ မြောက်၍ ယူအပ်သော ဂုဏိတသချာကိုနှလုံးသွင်း၍(၁၇၀၀)ဟုပြန်ဆိုတော်မူ၏။ ထိုသို့ သချာ ကွဲပြားသော်လည်း။ ပူဇော်ရခြင်းအကျိုးမှာ မပျက်ပြား မဆုတ်ယုတ်၍။ နှစ်သက်ရာယူကြပါကုန်။ ။ဤဝတ္ထုကိုမှီ၍။ ယခုအခါ ဘုရားနှင့်စိန်ဖူးကို သွန်းဒါန်း ပူဇော်ရသော ပုဂ္ဂိုလ်တို့သည်လည်း။ ထိုမထေရ်ကဲ့သို့ လူ့နတ် နိဗ္ဗာန်သုံးတန်သော ချမ်းသာသုခကို မချေကြည် ဟုယုံကြည်မှတ်သားနှလုံးထားကြရာသည်။ ။

ဆဋ္ဌာဒိဆတ္တိယမထေရ်ဝတ္ထုပြီး၏။

## ဓာတုစေတီတော်မြတ်တို့ကိုအထူးရှိခိုးပူဇော်ကြရန်။ တဖန်နိဂုံးစကားဖြင့်ပြခြင်း။

ဤကဲ့သို့ဓာတုစေတီတော်မြတ်တို့ကို။ ရှိခိုးပူဇော်ခြင်းစသော ကောင်းမှုကို ပြုကြသဖြင့်။ လူ, နတ်, နိဗ္ဗာန်, သုံးတန်သော ချမ်းသာမြတ် တို့ကို ရရှိခံစားကြရ ကုန်သော။ ဝတ္ထုသက်သေပေါင်း များစွာ ရှိသေး၏။ သို့သော် ဤမျှ လောက်ထုတ်ပြလော ဝတ္ထုသက်သေ။ အထွေထွေစကား တို့ကို ထောက်ထား၍ သိလောက်စရာအကြောင်းရှိပြီ။ ထို့ပြင် ထေရာအဋ္ဌကထာ မိန့်မှာချက်စကားကို။ မှတ်သား၍။ ဓာတ်တော် စေတီတော်များတို့ကို။ အားထားယုံကြည်စွာနှင့် ကိုးကွယ်ပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရှိခိုး သင့်ကြောင်းကို။ ဖွင့်ပြ တိုက်တွန်းတော် မူသည်မှာ။ ။

ယောစပူဇေယျ-သမ္ဗုဒ္ဓံ၊
တိဋ္ဌန္တံ လောကနာယကံ။
ဓာတုံသာသပမတ္တမ္ပိ၊
နိဗ္ဗုတဿပိ-ပူဇယေ။ ။
သမေစိတ္တပသန္နမှိ၊
သမံပုညံ-မဟဂ္ဂတံ၊
တသ္မာဟိထူပံ-ကာတွာန၊
ပူဇေယျ,ဇိနဓာတုယော။ ။

ယောစ၊ အကြင်သူသည်လည်း။ တိဋ္ဌန္တံ၊ သက်တော်ထင်ရှားရှိသော။ လောကနာယကံ၊ လူသုံးပါး တို့၏။ ကိုး

ကွယ်ရာ ဖြစ်တော်မူသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာ ဘုရားကို။ ပူဇေယျ၊ ရှိခိုး ပူဇော်ရာ၏။ ယောစ၊ အကြင်သူသည်လည်း နိဗ္ဗုတသာ၊ ပရိနိဗ္ဗာန်ယူတော်မူပြီးသော မြတ်စွာဘုရား၏။ သာသပမတ္တံ၊ မုန်ညှင်းစေ့ လောက်သော။ ဓာတုံပိ၊ ဓာတ်တော်ကို သော်လည်း။ ပူဇယေ၊ ပူဇော်ရာ၏။ ။ တေသံ၊ ထိုသက်တော်ထင်ရှားရှိသော မြတ်စွာဘုရားအား။ ပူဇော် သောသူ၊ မုန်ညှင်းစေ့ ခန့် ပမာဏ ရှိသော ဓာတ်တော် စေတီတော်ကိုပူဇော်သောသူ နှစ်ယောက်တို့၏။ ပသန္နမှိ၊ ကြည်ညိုသော။ စိတ္တေ၊ စိတ်သည်။ သမေ၊ တူမျှသည်ရှိသော်။ မဟဂ္ဂတံ၊ ကြီးမြတ်လှစွာသော။ ပုညံ၊ ကောင်းမှုသည်။ သမံ၊ တူမျှသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာပိ-- တသ္မာဧဝ၊ ထိုကြောင့်သာလျှင်။ ဇိနဓာတုယော၊ မြတ်စွာဘုရားရှင်ဓာတ်တော်တို့ကို။ ထူပံ၊ စေတီတော်ကို။ ကာတွာန၊ ထည့်သွင်းတည်ထားသည်ကိုပြု၍။ ပူဇေယျ၊ ရှိခိုးခါခါ။ ပူဇော်ရာ၏။ ။

ဓာတုစေတီကိုပူဇော်ခြင်းအခန်းပြီး၏။

## ပရိဘောဂစေတီတော်အခန်း။

ပရိဘောဂစေတီဟူသည်ကား။ ဘုရားရှင်သုံးဆောင်တော်မူသော သင်္ကန်း, သပိတ်, ပရိက္ခရာ, ကျောင်း အာသောင်အဦးနှင့်တကွ မဟာဗောဓိပင်သည်။ ပရိဘောဂစေတီတော်မည်၏။ ဤပရိဘောဂစေတီအခန်း၌။ ယာခု

လူအများတို့တွေ့မြင်လွယ်၍။ ရှိခိုးပူဇော်ခြင်းငှါ လွယ်သင့်တကူ ဘတ်ဘွမ်းနိုင်သော **မဟာဗောဓိပင်ခေတ်ကို** အထူးထုတ်ပြပေအံ့။ ။

ဗုဒ္ဓဟိပရိဘုဂ္ဂေတ္တာ—မဟာဗောဓိရုက္ခော။
ဗုဒ္ဓေသု—ရေနေ့ကတ္ထုသုပိ—စေတိယမေဝ။ ။

**ဗုဒ္ဓဟိ**၊ မြတ်စွာ ဘုရားတို့သည်။ ပရိဘုဂ္ဂေတ္တာ၊ သုံးဆောင်တော်မူအပ်သော။မဟာဗောဓိရုက္ခော၊မဟာဗောဓိပင်သည်။ ဗုဒ္ဓေသု၊မြတ်စွာဘုရားတို့သည်။ ရေနေ့ကတ္ထုသုပိ၊ သက်တော်ထင်ရှားရှိကုန်သော်လည်း၊ စေတိယမေဝ၊ လူနတ်, ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်ခြင်းကို ခံတော်မူထိုက်သော စေတီမည်သည်သာလျှင်တည်း။

ဤသို့တေရသနိပါတ်-မဟာကလိင်္ဂဇာတ်တော်တွင်။ ဟောကြားတော်မူသော ဒေသနာ တော်ကို ထောက်ထားသဖြင့်။သက်တော်ထင်ရှားရှိတော်မူစဉ်ကပင်လျှင်၊စေတီတော်ထိုက်သဖြင့်၊ ယခုဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည့်နောက်မှာကား ဘယ်မှာဆိုဘွယ်ရှိတော့အံ့နည်း။ ဘုရားရှင်ကိုယ်စား အထူးသဖြင့်အားထား၍။ အမြဲမပြတ် ရှိခိုး ပူဇော်အပ် တော့သည် သာလျှင် တည်း။ ။ဤ **ငရိဘောဂစေတီ**ဖြစ်တော်မူသော ဗောဓိပင်ကို၊ ယခုမှရှိခိုးပူဇော်ခြင်းစသော အမှုပြု ကြသည် မဟုတ်။ ဘုရားရှင်လက်ထက်တော်ကပင်။လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့နှစ်တောင်းအားရ ရှိခိုးပူဇော်ခြင်းစသည် ပြုကြသည်ကို။

အောက်ပါအာနန္ဒာဗောဓိပူဇော်ခဏ်းအားဖြင့်သိသင့်ကြပေ၏။ ။

## အာနန္ဒာဗောဓိအခဏ်းကိုပြခြင်း။

ဘုရားရှင်လက်ထက်တော်က၊ ဇေတဝန်ဇွေကျောင်း၌ဘုရားရှင်မရှိသောအခါ၊ ဘုရားရှင်ကိုယ်စားအမြဲပူဇော်ကြရန်။ ဗောဓိပင် စိုက်လိုကြောင်း အရှင်အာနန္ဒာမထေရ်လျှောက်လေသော်၊ ဘုရားရှင် သာရုခေါ်တော်မူ၍ ခွင့်ပြုတော်မူ၏၊ ထိုအခါ ရှင်အာနန္ဒာမထေရ်သည်။ ရှင်မောဂ္ဂလာန်မထေရ်ကို ဗောဓိသီး ဆောင်ယူပေးရန် လျှောက်သဖြင့်။ ကောင်းကင်မှတန်းခိုးတော်ဖြင့်ကြွတော်မူ၍၊ မြေသို့မကျဘဲ။ အညွှာမှလွတ်သော ဗောဓိသီးမှည့်ကိုယူဆောင်၍၊ရှင်အာနန္ဒာအားပေးလေ၏၊ ရှင်အာနန္ဒာသည်၊ကောသလမင်းကြီး အနာထပိဏ် ဝိသာခါစသော လူများအပေါင်းကိုခေါ်၍၊ ဇေတဝန် ကျောင်းတော်တံခါးဝ၌၊ နံ့ သာညွှန်ဖြင့်ပြည့်စေပြီးမှ၊ ဗောဓိသီးကို မင်းကြီးအား ပေး၏။ မင်းကြီးကတဖန်။ အနာထပိဏ်သူဌေးအား ပေး၍စိုက်စေ၏။ သူဌေးကြီးသည်။ဗောဓိစေ့ကို၊ လက်မှနံ့သာညွှန်သို့ထည့်လိုက်လျှင် ထိုလိုက်ခြင်း၊ လူခေါင်းဘို့ မြင်စဉ်ပင်လျှင်၊ ထွန်တုံးပမာဏ ရှိသည်ဖြစ်၍၊ "**အမြင့် အတောင် ငါးဆယ်,ခက်မငါးဖြာ အတောင် ငါးဆယ်**"ရှိသော၊ ဗောဓိပင်ကြီးသည်၊ "အံ့ဩ၍ မဆုံးနိုင်အောင်" တခဏခြင်းပေါက်လာလေ၏။

ထိုအခါမင်းကြီးသည်တဆဲ့ရှစ်လုံးသောရွှေအိုးငွေအိုးတို့ကို။နံ့သာရေဖြင့်ဖြန်းစေ၍။ ကြာညိုပန်းစသည်ဖြင့်။တန်ဆာဆင်လျက် မဟာဗောဓိပင်ကိုရံ၍ထားစေ၏။ ရတနာရနှစ်ပါးတို့ဖြင့် ပြီးသော။ ကွန်ယက်တို့ကိုလည်း ရံစေ၏။ ရွှေမှုန့်ဖြင့်ရောသောသဲတို့ကိုလည်း ဖြန့်ကြဲစေ၏။ တံတိုင်းရံကာစေပြီးမှ၊ ရတနာရနှစ်ပါးတို့ဖြင့် စီခြယ်သော။ တံခါးမုခ်-တံခါးရွက်တို့ကိုပြုစီရင်၍ထား၏။ ထိုမှတပါး။ အနာထပိဏ် ဝိသာခါစသော။ သူဌေးသူကြွယ်။ အသွယ်သွယ်သော သူတို့ကလည်း အတိုင်းမသိ ပူဇော်ကြ၏။ သိကြားဗြဟ္မာ။ နတ်များစွာတို့သည်လည်း။ နတ်ပန်း စသည်ဖြင့်ပူဇော်ကြလေ၏။ ပုထုဇန်အစရဟန္တာ အဆုံးရှိသော။ ဘုရား သားတော်ရှင်-ရဟန်းတို့ကလည်း။ အမြဲမပြတ် ရှိခိုးပူဇော်ကြ၏။ ။ဤသို့အားဖြင့် ပန်းဆီးမီးအနံ့ အရောင်တို့ဖြင့်။ ဘယ်အခါမှမပြတ်။ အခါခပ်သိမ်း တည်ရှိလေတော့၏။ ။

ဤကဲ့သို့ ဘုရားရှင် လက်ထက် တော်ကပင်။ "**အာနန္ဒာဗောဓိ**" တော်ဖြစ်သော။ မဟာဗောဓိပင်ကို၊ လူ, နတ်,ဗြဟ္မာ, အပေါင်းတို့။ နှစ်ထောင်းအားရ။ ရှိခိုးပူဇော်ကြကြောင်းကို ကောင်းကောင်းကြီး မှတ်သားနည်းယူကြရာသည်။ ။အရှင်အာနန္ဒာလျှောက်ထားချက်အရ။ ဘုရားရှင်ကိုယ်တော်တိုင်။ တညဉ့်ပတ်လုံး ထိုဗောဓိပင် ရင်း၌၊ သမာပတ် ဝင်စားတော်မူ၏။ ထိုဗောဓိပင်ကိုလည်း၊ ရှင်

အာနန္ဒာ ကြွပ်မပ်စိမ်ံ ဝိုက်ပျိုးတော်မူသဖြင့်။ "**အာနန္ဒာ
မောဓိ**" ဟု။ယာရတိုင်ထင်ရှား ကျော်ကြားလျက်ရှိလေ၏
အာနန္ဒာမောမိအခန်းပြီး၏။

---

## သီဟိုဠ်မောမိပင်အခန်း။

ထိုမှတပါး၊ယာရအခါအလွန့်အလွန်ကျော်စောထင်ရှား လှသဖြင့်။ မြန်မာပြည်ကပင်။ မကြာမကြာ—ရဟန်းရှင်လူ တို့ အဖူး အမျှော်သွားကြသော၊ သီဟိုဠ်ကျွန်း မောမိပင် သည်လည်း။ သီရိမေဃာသောကမင်းကြီးကိုယ်တိုင်ကိုး၍ါန့် သာသနာပြုလွှတ်ရာတွင်၊သီရိမေဃာသောကမင်းကြီး၏သား တော် အရှင် မဟိန္ဒနှင့်မြေးတော် ကိုရင် သုမန ရဟန္တာမ ထေရ်မြတ်တို့ သာသနာပြုကြွတော်မူရာတွင်။ သုမနသာမ ဏေကလေး၏ မယ်တော်၊ သင်္ဃမိတ္တာ ရဟန္တာထေရီမ လည်း၊ဘိက္ခုနီသာသနာပြုကြွတော်မူဘယ်။ ထိုအခါသင်္ဃ မိတ္တာထေရီမသည်။ ဘုရားပွင့်တော် မူရာဖြစ်တဲ့။ မဟာ ဗောဓိပင်မင်း၏။ "ဒက္ခိဏသာခါ"ခေါ်တဲ့။ လက်ျာတောင် ကိုင်းကို။ ဆေးဒါန်းမြင်းသီလာဖြင့်ရစ်ပတ်၍။ ဓိဋ္ဌာန်တော် မူပြီးပင့်သောအခါ၊ ထိုဒက္ခိဏသာခါကိုင်းသည်။ ကောင်း ကင်းသို့ ပြန်တက်၍။ တန်ခိုးပြာဋိဟာဘို့ကို ပြတော်မူပြီး၊ ထေရီမပင့်တော်မူရာသို့ကြွဆင်းတော်မူလာသဖြင့်၊ထေရီ မလည်း အမျိုးမျိုး ရှိခိုးပူဇော်လျက်။ သီဟိုဠ်ကျွန်းသို့ ပင့် ဆောင်တော်မူကာ၊ ကြီးကျယ် ခန်းနားစွာ။ပူဇော်ပွဲကြီးပြု

၍စိုက်ပျိုးတော်မူသဖြင့်။ ယခုတိုင်လူနတ်ဗြဟ္မာတို့၏ ကိုးကွယ်ရာဖြစ်လျက်။ တည်ရှိတော် မူလေ၏။ ထို့ကြောင့်စေတီထိုက်တော်မူသော။"ဗောဓိပင်"အား။ သူတော်ကောင်းအများတို့သည်၊ ရှိခိုး ပူဇော်ခြင်း ကောင်းမှု ပြုလုပ်ကြသဖြင့်၊ လူနတ် နိဗ္ဗာန်။ သုံးတန်သော ကောင်းကျိုးချမ်းသာတို့ကို၊ ခံစားကြရကြောင်းကို။ ဝတ္ထုသက်သေ တို့ဖြင့် ထုတ်ဆောင်၍အောက်၌ ပြသွားဦးအံ့။

## ပရိဘောဂစေတီတော်ကို ပူဇော်ရခြင်း အကျိုး ထူးကိုထုတ်ပြသော

တေလမက္ခိယမထေရ်ဝတ္ထု။

ဤကမ္ဘာ၌ ပြန်၍ ရေတွက်သည် ရှိသော်။ ကိုးဆဲ့လေးကမ္ဘာတက်၌၊ ဝေဘာရပြည်ကြီးတွင်။ လူနတ်တို့၏ဆရာ၊ သမ္မာသမ္ဗုဒ္ဓ၊ အတုလမှန်းကင်း။ တရေးမင်း ဖြစ်တော်မူသော၊ "**သိဒ္ဓတ္ထ**"မြတ်စွာဘုရားရှင် ပွင့်တော်မူလေသော်။ **အရှင်တေလမက္ခိယ** အလောင်းသည်၊ မထင်ရှားသော။တဦးသော အမျိုးသား တယောက် ဖြစ်လေ၏။ ထိုသူသည်။ သိဒ္ဓတ္ထဘုရားပွင့်တော်မူရာဖြစ်သော"**ဗောဓိပင်**"ကိုရိသေသမှု။အကာအရံပြုလုပ်၍ထားအပ်သော။ ပွတ်တိုင်ပွတ်လုံးတို့ကို။ ကြည်ညိုဘွယ် ဖြစ်ပိမ့်သောငှါ။ ဆေးကြောသုတ်သင်၍။ အရောင်တင်ဆီတို့ဖြင့် သုတ်လိမ်းကာ။ အရောင်တင်ခြင်းကို။ ပြုလုပ်လှူဒါန်းခဲ့ရသော ကောင်းမှုကြောင့်။

နတ်ပြည်၌ဖြစ်၍၊ မြင့်မြတ်ကြီးကျယ်စွာ နတ်တို့၏ စည်း
စိမ်ချမ်းသာကို၊ ခံစားစံစားရ၏။ ဤကဲ့သို့လျှင်ကိုးဆဲ့လေး
ကမ္ဘာတို့ပတ်လုံး။ အပါယ် လေးပါးသို့ မလား မကပ်မ
ရောက်ရဘဲ၊ လူ့ပြည် နတ်ပြည်တို့၌။ လူမင်း နတ်မင်းတို့၏
စည်းစိမ်ကို။အကြိမ်ကြိမ်ခံစားရပြီးမှ။ ငါတို့ဂေါတမ ဘု
ရားသခင်လက်ထက်တော်အခါ။ ပစ္စည်းဘဏ္ဍာ။ ရွှေငွေရ
တနာ၊ ပေါများချမ်းသာသော။ အမျိုး၌ အမျိုးကောင်းသား
တယောက် ဖြစ်ပြီး၊ သိကြွားလိမ္မာသော အရွယ် ရောက်
သော်။ ဘုရားရှင်၏ သာသနာတော်သို့ဝင်၍၊ ရဟန်းပြုသ
ဖြင့်။ မကြာမီ ရဟန္တာဖြစ်တော်မူလေ၏။ ထိုအခါ။ မိမိလှူ
ဒါန်းခဲ့ဘူးသော။ ကောင်းမှုနှင့် လျော်ညီစွာ။ (**တေလမက္ခိ
ယမထေရ်**)ဟုနေ့လ,အသွင်။ပေါ်လွင်ထင်ရှားတော်မူလေ
၏။ ထိုမထေရ်မြတ်သည်။ မိမိ၏ရှေးက ပြုခဲ့သောကောင်း
မှု။ အကြောင်းပြု၍၊ ဤကဲ့သို့ ဘဝသံသရာ၊ ချမ်းသာစွာ
ကျင်လည်ရသည့်ပြင်၊ ယခုလိုရဟန္တာ မထေရ်မြတ်ကြီး
ဖြစ်လာရကြောင်းကို။ ပရိသတ် အများနှင့်တကွ နောင်
လာ နောက်သားတို့ သဒ္ဒါပွားကြစေခြင်းငှါ။ ဤသို့ဟော
ကြားတော်မူ၏။

စတုန ဝုတိတော ကပ္ပေ၊
ယံတေလံ မက္ခယိံ တဒါ၊
ဒုဂ္ဂတိံ နာဘိ ဇာနာမိ၊
မက္ခနာယ ဣဒံ ဖလံ။

ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ စတုနဝုတိတောကပ္ပေ ပြန်ဆရေ

ထွက်။ကိုးဆဲ့လေးကမ္ဘာထက်၌။တဒါ၊ ထိုသိဒ္ဓတ်ဘုရား။ ထင်ရှားပွင့်တော်မူသောအခါ၌။ယံတေလံ၊ အကြွင်ဆိကို။ မကျွယိ်၊ လိမ်းသုတ်ပြီ။ တတော၊ ပဘုတိ။ တိုဘဝမှရ၍။ ဒုဂ္ဂတိ်၊ အပါယ်ဌာန။ ဒုဂ္ဂတိဘဝကို။ နာဘိဇာနာမိ၊ တခါ ဘူးမှ မသိစဘူး။ မရောက်ဘူးပါ။ ဣဒံ၊ ဤသို့ကိုးဆဲ့လေး ကမ္ဘာပတ်လုံး။ အပါယ်လေးပါးသို့ မလားမရောက်ရဘဲ။ လူ-နတ်တို့၏စည်းစိမ်ချမ်းသာကိုသာ ခံစားစံစားရသျှက်။ ယခုပစ္ဆိမဘဝ၌လည်း။ဘုရားသားတော်အစစ်။ ရဟန္တာ ကြီးဖြစ်၍ လာရခြင်းသည်ကား။ မကျွနာယ၊ ဗောဓိပင်၏ အရံအကာ။ ပွတ်တိုင် ပွတ်လုံးဘို့ကို။ အရောင်တင်ဆီတို့ ဖြင့်သုဘ်သိမ်းရခြင်း၏၊ ဖလံ၊ ဥပနိဿယ။ ပစ္စည်းရ၍။ ကျမတိုးဘက်။ အကျိုးဆက်ပေတည်း။

တေလနကွိယမထေရ်ဝတ္ထုပြီး၏။

---

## ကေဒိဒိယမထေရ်ဝတ္ထု။

ဤကမ္ဘာမှ ရေတွက်သော်။ကမ္ဘာတသိန်းအက်က၊ ပဒု မုတ္တရဘုရားရှင် ပွင့်တော်မူသောအခါ။ **အရှင်ကေဒိဒိယ မထေရ်**အလောင်းသည်။ ပစ္စည်းချမ်းသာသော ဂဟပတိ မဟာသာလ သူဌေးမျိုး၌။ အမျိုးကောင်းသားတယောက် ဖြစ်လေ၏။ ထိုသူငယ်သည် သိကြားသိမ္မာသော အရွယ် သို့ရောက်သော်၊ သဒ္ဓါကြည်ညိုခြင်းရှိသည်ဖြစ်၍။ ထိုဘု ရားရှင်ပွင့်သောဗောဓိပင်ကို ဆိမ်းဝဲခွက်ညှိထွန်းလျှူဒါန်း

ပူဇော်လေ၏၊ ထိုဆီမီးတခွက် အမြဲထာဝရ ညှိထွန်း လှူဒါန်းပူဇော်စေရန်လည်း ဆီဝတ်ကိုပြုလေ၏။ ထိုကောင်းမှုကြောင့် ဤဘဝမှ စုတေလေသော် နတ်ပြည်၌ ဖြစ်၍ ကြီးကျယ်သောနတ်စည်းစိမ်တို့ကိုခံစားစံစားရလေ၏။

ဤသို့လျှင်ကမ္ဘာတသိန်းတိုင်တိုင် အပါယ်သို့ မလားမရောက်ရဘဲ။ လူနတ်တို့၏ စည်းစိမ်ကို ခံစားစံစား ပြီး၍။ ငါတို့ဘုရား လက်ထက်တော်၌။ သာဝတ္ထိ ပြည်ကြီးတွင် ပစ္စည်းဥစ္စာရတနာရွှေငွေတို့ဖြင့်ပြည့်စုံသောအမျိုးကောင်းသားတယောက်ဖြစ်လာ၍။ သိကြားလိမ္မာသော အရွယ်သို့ရောက်လေသော်၊ဘုရားရှင်သာသနာ၌ရဟန်းပြုသဖြင့်၊ မကြာမြင့်မီပင် ရဟန္တာဖြစ်တော်မူ၍။ ရှေးကပြုခဲ့သော ကုသိုလ် ကောင်းမှုနှင့် လျော်ညီစွာ **ဒီပိယ ထေရ်** ဟု ဘုရားရှင်သာသနာတော်၌။ တင့်တယ်ထင်ရှားလျှံနှံ့ကျော်ကြားတော်မူ၏၊ ထိုအခါမထေရ်မြွက်သည်။ မိမိရှေးကပြုတဲ့အတိုင်း၊ပရိသတ်အများ၊သိမှတ်သားရန်။ ထင်ရှားပြလိုတော်မူသည်မှာ။

ဘဂဝေ နိဗ္ဗုတ္တ သနမှိ၊
နိဗ္ဗုတ္တေ ပုညသဥ္စယော၊
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ဒီပဒါနဿိဒံ ဖလံ။ ။

နိဗ္ဗုတ္တေ၊ ဤကမ္ဘာမှ ပြန်သရေတွက်။ ကမ္ဘာ တသိန်းထက်က။ ဗောဓိပင်အား ဆီမီးတခွက်လှူဒါန်းခဲ့ခြင်း ဖြစ်သော။ ပုညသဥ္စယော၊ ကောင်းမှု ကုသိုလ် အစုကြောင့်။

နိဗ္ဗုတ္တမာနမ္ဟိ၊ ဖြစ်တိုင်းဖြစ်တိုင်းသော၊ ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း၌။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးကို၊ နာဘိဇာနာမိ၊ မသိစဘူး-မဖြစ်ဘူးပါ။ ဆုစံ၊ဤသို့ကမ္ဘာတသိန်းတိုင်တိုင် အပါယ်မလားရဘဲ၊ လူနတ်တို့၏စည်းစိမ်ချမ်းသာကို။ အစဉ် ခံစား စံစားပြီး၍၊ ယခုလို ဘုရားသားတော် အစစ် ရဟန္တာဖြစ်၍လာရခြင်းသည်ကား၊ ဒီပဒါနသဿ၊ဆီမီးလှူခြင်း၏။ ဖလံ၊အကျိုးပေတည်း။ ၊

ကောဒိဝိယမထေရ်ဝတ္ထုပြီး၏။

## ဓေဒါယကမထေရ်ဝတ္ထု။

ဤကမ္ဘာမှနောက်ပြန်ရေတွက်သော်။ ကမ္ဘာတသိန်း ထက်က။ပဒုမုတ္တရဘုရားရှင်ပွင့်တော်မူသောအခါ၊ အရှင် ဓေဒါယကမထေရ်အလောင်းသည်။ သူတော်ကောင်းအမျိုး၌။အမျိုးကောင်းသားတယောက်ဖြစ်လေ၏။ထိုသူငယ်သည်။ ကြီးရင့်လိမ္မာသော အရွယ်သို့ ရောက်သတ်သော် ဘုရား့ရှင်၏ဓောဓိမင်အား။ အဝတ်အထည်ဖြင့် တံခွန်ပြုလုပ်ပြီးလှူဒါန်းလျက်၊ ကြွေကျသော ဓောဓိရွက်တို့ကို။ရှင်းလင်းသုတ်သင်ပြီး ရိုသေစွာ၅ိခိုးပူဇော်လေ၏။

## ဘုရားရှင်ဗျာဒိတ်ထားတော်မူခြင်း။

ဤသို့ ဓေဒါယကမထေရ်အလောင်း သူတော်ကောင်း ပြုလုပ်သောကောင်းမှုကို။ ပဒုမုတ္တရဘုရားရှင် မြင်တော်မူ

လျှင်။ ရဟန်းသံဃာတော်အပေါင်း၏အလယ်၌ ရပ်တော်မူလျက်။ ထိုဒါယကာသည် ဤသို့ပြုလုပ်ရခြင်း ကောင်းမှုကြောင့်။ ကမ္ဘာတသိန်းတို့ ကာလ ပတ်လုံး။ မကောင်းသောသူတို့လားရာ။ အပါယ်လေးရွာသို့ မလားမရောက်ရဘဲ။ နတ်ပြည်၌ မရေမတွက်နိုင်သောနတ်တို့ထက်။ မြင့်မြတ်လွန်ကဲတင့်တယ်စွာ။ နတ်ဘို့၏စည်းစိမ်ချမ်းသာကို ခံစားစံစားရပြီးလျှင်။ အကြိမ်ပေါင်းအရာမက။ များလှစွာသော၊ မင်္ဂလာမတိုက်၌မင်းဖြစ်၍ ဥဿဘ အမည်ရှိသော။ စကြာဝတေးမင်းဖြစ်လတံ့။ ဤသို့ လူ့ပြည်နတ်ရွာ နှစ်ဖြာသော စည်းစိမ် ချမ်းသာတို့ကို ခံစားစံစားပြီးနောက်။ ဂေါတမ ဘုရားလက်ထက်၌ရဟန်းပြုသဖြင့်ရဟန္တာဖြစ်ပြီး။ နိဗ္ဗာန်ရွှေမြို့သို့ကြွသွားလတံ့ဟု ဗျာဒိတ်ထားတော်မူလေ၏၊

မှတ်ချက်။ ။ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်ပင်လျှင်။စေတီတိုက်ပုံ။ရှိခိုးပူဇော်သဖြင့်အကျိုးအလွန်ကြီးပုံတို့ကို။ (ဓဇဒါယကမထေရ်ာ့ဒ္ဓါ) ၌ ပဒုမုတ္တရဘုရားရှင်ဗျာဒိတ်ထားတိုင်းခံစားရပုံတို့ကို သတိပြု၍။ ပရိဘောဂ စေတီတော်တို့ကိုကား။ရှိခိုးပူဇော်ခြင်း အမှုပြုကြရန် အလွန်သင့်လျော် လျောက်ပတ် အားတက်ဘွယ်တရပ်တည်း။

ထိုသုလင်သည်။ ထိုပဒုမုတ္တရ ဘုရားရှင် ပွင့်တော်မူသော၊ ကမ္ဘာ တသိန်းထက်က၊ ဗောဓိပင်အား တံခွန်လှူဒါန်း ပူဇော်၍၊ ရှိခိုးမှူးမျှော်ခြင်း ပြုခဲ့သော ကောင်းမှုကြောင့်။ ဘုရားရှင်ဗျာဒိတ်တော်အတိုင်း။ အပါယ်မလား

ရဘဲ။ လူနတ်တို့၏စည်းစိမ်ကိုခံစားစံစားပြီးမှ။ ငါတို့ဘုရားရှင် လက်ထက်တော်၌။ ပစ္စည်းဘဏ္ဍာ ရတနာရွှေငွေ အထွေထွေတို့ဖြင့် ပေါများပြည့်စုံသော သူကြွယ်မျိုး၌ဖြစ်လာ၍။အရွယ်ရောက်လတ်သော်၊ သားသမီးအခြွေအရံများစွာနှင့်။ သူတို့၏စည်းစိမ်ချမ်းသာကိုခံစားပြီးသော်၊သတိ သံဝေဂ ရရှိသဖြင့်။ ဘုရားရှင့်ထံသွား၍ ရဟန်းပြုလျက်၊ တရားအားထုတ်တော်မူသဖြင့်။ မကြာမြင့်မီရဟန္တာဖြစ်တော်မူ၍။မိမိ၏ရှေးကပြုခဲ့ဘူးသောကောင်းမှုနှင့်လျော်ညီစွာ**ဓဇဒါယကမထေရ်**ဟု ထင်ရှားကျော်ကြားတော်မူလေ၏။ ထိုအခါမထေရ်မြတ်သည် မိမိ၏ပြုခဲ့ဘူးသောကောင်းမှုနှင့်အကျိုးဘို့ကို၊ ပရိသတ်များသိကြ၍ သဒ္ဓါတရားတိုးပွားကြစေခြင်းငှါ။ ပြန်ပြောင်းဟောကြားတော်မူသည်မှာ။

သတသဟဿေ-ဣတောကပ္ပေ၊
ယံကမ္မမကရိံ တဒါ၊
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ဓဇဒါနဿိဒံဖလံ။ ။

ဣတော၊ဤကမ္ဘာမှ၊သတသဟဿေကပ္ပေ၊ပြန်ဆရေတွက်။ ကမ္ဘာ တသိန်း တက်၌။ ယံကမ္မံ၊ ဗောဓိပင် အားတံခွန်လှူဒါန်း ပူဇော်ခြင်း ဟူသော အကြောင်းကောင်းမှုကို။ အကရိံ၊ ပြုခဲ့ဘူးပြီ။ တေနကမ္မေန၊ ထိုကောင်းမှုကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ တခါဘူးမျှ မသိစဘူး-မရောက်ဘူးပါ။ ဣဒံ၊ ဤသို့တကမ္ဘာတသိန်းတိုင်

ဘုံ၌။ အပါယ်လေးပါးသို့မလားမရောက်ရဘဲ။ လူနတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားစံစားပြီး၍၊ ယခုလိုဘုရားသားတော်အစစ်။ ရဟန္တာကြီးဖြစ်၍သာရခြင်းသည်ကား။ ဓဇဒါနဿ၊ တံခွန်လှူဒါန်းရသည်၏။ ဖလံ၊ အကျိုးဆက်ပေတည်း၊ ။

ဓဇဒါနမထေရ်ဝတ္ထုပြီး၏။

## ပဋ္ဋဒီပိကာဘိက္ခုနီမဝတ္ထု။

ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌။ ဟံသာဝတီပြည်ကြီးတွင်။ ပဒုမုတ္တရဘုရားပွင့်တော်မူသောအခါ။ ဗောဓိပင်ရင်း၌သွား၍၊ ဗောဓိပင်အားရှိခိုးပြီး၊ တန်ခိုးပြတော်မူရန် ဆင်ခြင်မိပြန်လေသျှင်။ ဗောဓိပင်မင်းသည် ဝင်းဝင်းတောက်ပ၊ တန်ခိုးပြတော်မူ၍။ အလွန်ကြည်ညိုစွာဖြင့် ခုနစ်ရက်ပတ်လုံး။ ဗောဓိပင်အားဆည်းကပ်ဖူးမြော်လျက်။ ခုနစ်ရက်မြောက်သောနေ့၌၊ ဆီမီးငါးခွက်ကိုအာရုဏ်တက်အောင်ပူဇော်လေ၏၊ ထိုကောင်းမှုကြောင့်။ ပဋ္ဋဒီပိကာဘိက္ခုနီမအလောင်း အမျိုးကောင်းသမီးသည်။ ဤဘဝမှ စုတေသေလေသော်၊ တာဝတိံသာနတ်ပြည်ဝယ်၊ အမြင့်ယူဇနာခြောက်ဆယ်။ အကျယ်ယူဇနာသုံးဆယ်တိုင်အောင်မရေမတွက်နိုင်သော ဆီမီးလျှံအရောင်တို့ဖြင့်။ နတ်ပြည်အလုံး လောင်မတတ် ပြောင်ပြောင်တောက်ပသော ပဋ္ဋဒီပ မည်သောဗိမာန်ဘုံဆောင်ကြီး၌၊ ပဋ္ဋဒီပအမည်ရှိ

**သောနတ်ဘုန်း**ဖြစ်၍။ မျက်ကွယ်၌ပင် နေငြားသော်လည်း၊ အရပ်ဆယ်မျက်နှာ၌။တောင်,သစ်ပင်,အကွယ်အကာမရှိ မြင်နိုင်သောမျက်စိကိုရလေ၏။

## အကျိုးထူးကိုရရှိပုံ။

ထိုမှတပါးနတ်မင်းကြီးတို့၏မိဖုရားအကြွမ်ရှစ်ဆယ်။ လေးကျွန်းလုံးကို အစိုးရသောစကြာဝတေးမင်း၏ မိဖုရားကြီးကအကြွမ်တရေ။ ဖြစ်လေရာရာဘဝတို့၌၊ အသိန်းမျှလောက်သောဆိမ်းတို့သည်အနိုး၌အမြဲထွန်းလင်းတောက်ပလေ၏၊ ။နတ်ပြည်မှစုတေ၍။လူ့ပြည် အမိဝမ်းတွင်း၌ နေငြားသော်လည်း။ မျက်ငံမှိတ်ခြင်း မရှိရ။ မွေးဖွားသောကာလ၌သည်း။ မီးနေအိမ်၌ တသိန်းမျှလောက်သောဆီမီးခေုင်တို့ဖြင့် ထွန်းလင်းတောက်ပလေ၏။ ဤမှတပါး မျှားလှစွာသောလူနတ်တို့၏စည်းစိမ်ချမ်းသာတို့ကိုခံစားပြီးမှ။ ငါတို့ဘုရားလက်ထက်တော်၌။ အထက်ပါအကျိုးဖလတို့နှင့်ပြည့်စုံစွာ လူ့ပြည်၌ချမ်းသာကြွယ်ဝသောအမျိုးသို့တယောက်ဖြစ်လာ၍။ခုနစ်နှစ်အရွယ်ကပင်ဘုရားရှင့်သာသနာတော်၌ဝင်၍ရဟန်းပြုသဖြင့်။ မကြာမီရဟန္တာထေရ်မဖြစ်၍ မိမိရှေးက ပြုခဲ့ဘူးသော ကောင်းမှု နှင့် လျော်စွာ။ **ပဉ္စဒိဋ္ဌဓမ္မနိဗ္ဗာန**ဟု။နေလပမာလွန်စွာထင်ရှားကျော်ကြား တော်မူလေ၏။ ထို့ကြောင့် နောင်လာ နောက်သားလူအများတို့ သဒ္ဓါပွားများစေခြင်းငှါ။ မိမိ၏ရှေးကောင်းမှုကိုဘုရားရှင်အား။ရွတ်ဆိုလျှောက်ထားလေသည်မှာ။

သတာသဟာသိတောကပွေ၊
ယံဒိပမဒိ တဒါ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊
ပဋ္ဌဒိပါနိဒံဖလံ။ ။

ရှုတော၊ ဤကမ္ဘာမှ။ သတာသဟာသေတကပ္ပေ၊ ပြန်ဆရေ တွက်။ ကမ္ဘာတသိန်းထက်၌၊ တဒါ၊ ထိုပဒုမုတ္တရဘုရား။ တင်ရှားပွင့်တော်မူသောအခါက။ ဒိပံ၊ ဆီမီးကို။ ယံအဒဒိ ၊ အကြွင်သည္ဒါဖွေးဖြူ၍ပေးလှူခဲ့လေပြီ။ တေန၊ ထိုဗောဓိပင် အား ဆီမီးငါးခွက်လှူရသော ကောင်းမှုကြောင့်။ ဒုဂ္ဂတိ ၊ အပါယ်ငြာနဒုဂ္ဂတိဘဝကို။ နာဘိဇာနာမိ၊ တခါဘူးမျှသိ ဘူးမရောက်ဘူးပါ။ ဣဒံ၊ ဤသို့ကမ္ဘာတသိန်း တိုင်တိုင်။ အပါယ်သို့မလားရဘဲ။ လူနတ်တို့၏စည်းစိမ်ကို။အကြွမ် ကြွမ်ခံစားရ၍။ ယခုလိုဘုရားသွဲ့းတော်အစစ်။ ရဟန္တာမ ကြီးဖြစ်၍လာရခြင်းသည်ကား။ပဋ္ဌဒိပါနံ၊ ဆီမီးငါးပွင့်တို့ ၏(ဝါ)ဆီမီးငါးတိုင်လှူဒါန်းပူဇော်ခဲ့ရခြင်းတို့၏။ ဖလံ၊ အ ကျိုးပါပေတည်း။ ။

ပဋ္ဌဒိပိကာဘိက္ခုနီမဝတ္ထု ပြီး၏။

## ညောင်ရေသွန်းခြင်း အကျိုးကိုပြသော ဗောဓိသိဉ္စကမထေရ်ဝတ္ထု။

ဤကမ္ဘာမှ ပြန်၍ရေသည့်၇ါသော်။ ကိုးဆဲ့ တကမ္ဘာ ဆက်၌။ ဝိပဿိ ဘုရားရှင် ရွှေလက်ထက်တော်တွင်၊ သူ

ကြွယ်သားတယောက်သည်။ဘုရားသာသနာ၌ တော်၌ သဒ္ဓါ ကြည်ညိုသဖြင့် ရဟန်းပြုလျက် တရားနှင့်လျော်ညီစွာ နေ သလေ၏။ ထို မထေရ်သည် ဘုရားရှင် ပွင့်တော်မူသော ပေါဒိပင်ကို။အသီးအသီးဆည်းကပ်ပူဇော်ကြသည်ကိုမြင် လေလျှင်။ အလွန်သဒ္ဓါကြည်ညိုခြင်းဖြစ်၍၊*ပန်းနံ့သာ ထုံ သော ရေတို့ကို ယူခဲ့၍ ပူဇော်ဉှင်းပြု၏၊ ညောင်ရေလည်း သွန်းလောင်းလေ၏။

ထိုရဟန်းသည် ဤသို့ "ညောင်ရေသွန်းလောင်း" ပူဇော်ရသောကောင်းမှုကြောင့်။ နတ်ပြည်၌နတ်သမီးပေါင်း များစွာခြံရံလျက်။နတ်ဘုံ၏ကြီးကျယ်သောစည်းစိမ်ချမ်း တို့ကိုခံစား စံစားရလေ၏။ ဤသို့လျှင် ကိုးဆဲ့တကမ္ဘာတို့ ပတ်လုံး။ အပါယ်လေးပါးမလားမရောက်ရဘဲ။ လူနတ်တို့ ၏ စည်းစိမ်ချမ်းသာကို ခံစားပြီးမှ ငါတို့ဘုရား ဖွားလက် ထက်တော်တွင်။ ပစ္စည်းဥစ္စာကြွယ်ဝပေါများသော အမျိုး ကောင်းသားတယောက်ဖြစ်လာ၍။သိကြားလိမ္မာသောအ ရွယ်သို့ရောက်သော်။ ဘုရားရှင့်သာသနာတော်သို့ ဝင်၍ ရဟန်းပြုသဖြင့်။ ကြာမြင့်မီပင်လျှင် ရဟန္တာဖြစ်တော်မူ ၍။မိမိရှေးကောင်းမှုနှင့်လျော်ညီစွာ **ဗောဓိသိဥ္စကမထေရ်** ဟု။ခေါ်လအသွင် အလွန်လျှင် ထင်ရှားကျော်ကြား တော်မူ သလေ၏။ ။ထိုအခါ မိမိ၏ရှေးကောင်းမှုကို မြင်တော်မူ၍။

* ပန်းနံ့သာထုံသောရေဟူသည်ကား ယခုအခါရေမွှေးဖြင့်ရော၍ ညောင်ရေသွန်းလောင်းပူဇော်ကြသောရေမျိုးတည်း။

ဝမ်းသာခြင်းဖြစ်သဖြင့်။ပရိသာတ်အများ၊ သိမှတ်သား၍။ သဒ္ဒါတရားဖြစ်စိမ့်သော၄ါ။ဤသို့ရွတ်ဆိုတော်မူ၏။ ။

ကောနုဂတိတောကမ္ဘေ၊
ယံဗောဓိ-အဘိသိဥ္စယေ။
ဒုဂ္ဂတိံနာဘိဇာနာမိ၊
ဗောဓိသိဥ္စာယိဒံဖလံ။ ။

ဆိုသော၊ ဤကမ္ဘာမှ။ကောနုဂတိကမ္ဘေ၊ပြန်ဆရေတွက် ကိုးဆဲ့ တကမ္ဘာထက်၌။ ယံဗောဓိံ၊ပရိဘောဂစေတီဖြစ် တော်မူသော။အကြွင်ဗောဓိပင်ကို အဘိသိဥ္စယေ၊ နောင် အရှည်ထွန်းစေဘို့။ ညောင်ရေသွန်းခဲ့လေ၏။တနကမ္ဘေ၊ ထိုညောင်ရေ သွန်းလောင်းခဲ့ရသော ကောင်းမှု ကြောင့်။ ဒုဂ္ဂတိံ၊အပါယ်လေးပါးကို။ နာဘိဇာနာမိ၊တခါဘူ မျှမသိ စဘူး။မရောက်ဘူးပါ။ ဆိုနိ၊ဤသို့ကိုးဆဲ့ တကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့မလားရောက်ဘဲ။လူနတ်တို့၏စည်းစိမ် ကိုအကြိမ်ကြိမ်ခံစားခဲ့ပြီး၍။ယခုလို ဘုရားသားတော်အ စစ်။ရဟန္တာမထေရ်ကြီးဖြစ်၍သာရခြင်းသည်ကား။ ဗော ဓိသိဥ္စာယ၊ ဗောဓိပင်အား၊ ရေသွန်းလောင်း ရသည်၏။ ဖလံ အကျိုးပါပေတည်း။ ။

ဗောဓိသိဥ္စကမထေရ်ဝတ္ထုပြီး၏။

## ပရိဘောဂစေတီတော်မြတ်ကိုယုံကြည်စွာ ရှိခိုးပူဇော်ကြရန်ပြဆိုတိုက်တွန်းခြင်း။

ထိုမှတပါး။ ပဒုမုတ္တရဘုရားရှင်ပွင့်တော်မူရာ။ ဗောဓိပင်ကို။ ဆီမီးတို့ဖြင့်ပူဇော်ခဲ့၍-လူနတ်နိဗ္ဗာန်။ သုံးတန်သော ချမ်းသာမြတ်ကို။ ခံစားတော်မူရသော ပဉ္စဒီပကာမထေရ် ဝတ္ထု။

ခုနစ်ဆဲ့လေးကမ္ဘာထက်။ တိဿဘုရားရှင်ပွင့်တော်မူသောအခါက။ ဗောဓိပင်ကိုစိုက်ပျိုး ပူဇော်ခဲ့သောကောင်းမှုကြောင့်၊ လူနတ်နိဗ္ဗာန်သုံးတန်သော စည်းစိမ် ချမ်းသာကို။ ခံစားတော်မူရသော၊ ဗောဓိရောပကာ မထေရ်ဝတ္ထု။

ထိုပြင် ဤကဲ့သို့ ပရိဘောဂ စေတီသိုက်တော်မူသော ဗောဓိပင် အားရှိခိုးပူဇော်သဖြင့်။ လူနတ်နိဗ္ဗာန်။ သုံးတန်သော ချမ်းသာတော်မြတ်တို့ကို ခံစားကြရကုန်သော။ ဝတ္ထုသက်သေကား။ အလွန်လျှင်၊ များပြားလှပေ၏။ ထို့ကြောင့်။ ကောင်းကျိုးလိုလား။ သူတော်ကောင်းအများတို့သည်။ အမြဲမပြတ်ရှိခိုးပူဇော်ဖူးမြှော်ဆည်းကပ်။ အထပ်ထပ်။ ကိုးစားသမှုကြိုးစား၍ ပြုလုပ်ကြရန်။ အောက်ပါဂါထာတို့ဖြင့်။ တိုက်တွန်းလိုက်ရပေသတည်း။

ရေမာနံ-ဘဂျဝန္တံ၊
ဥဏ္ဏသာ-ပရိဘောဂိကံ။
ဥပဋ္ဌဟန္တာ-ပူဇေန္တာ၊
သဒ္ဓာ-ဂစ္ဆန္တိ-သုဂ္ဂတိံ။ ။

ဝေနေယျာနံ၊ သက်တော်ထင်ရှားရှိတော်မူသော။ဘဂ်ဝန္တံ၊ မြတ်စွာ ဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ ပရိဘောဂကံ၊ ဘုရားရှင်အသုံးအဆောင် သပိတ် ပရိက္ခရာ။ ကျောင်းအာ သောက်အဦးနှင့် တကွ။ ဇေ ဝဓိပင်တည်းဟူသော။ ပရိ ဘောဂစေတီတော်ကို၊ ဥပဋ္ဌဟန္တာ။ပူဇေန္တာ။ လုပ်ကျွေး ပူဇော်ကြကုန်သော။ သတ္တာ၊ လူ-နတ်-ဗြဟ္မာ။ များစွာ သောင်းသောင်း၊ သတ္တဝါအပေါင်းဘို့သည်။ သုဂတိံ ။ လူ-နတ်နိဗ္ဗာန်။ သုံးတန်သောသုဂတိအထင်။ချမ်းသာရာအရပ် သို့။ ဂစ္ဆန္တိ၊ သွားရောက်ကြလေကုန်၏။

ဤကဲ့သို့-အကျိုးထူးမဟာမှလက်ရှိသဖြင့်။ရှေ့နောက်မြော် သိ။ပညာရှိတို့သည်။ ဘုရားရှင် စေတီတော်တို့အားပူဇော် ခြင်းအမှု၊ အားထုတ်ပြုလုပ် သင့်ကြောင်းကို။ အသူးတိုတ် တွန်း လိုသောကြောင့်။ အောက်ပါဥဿျောဇဉ် ဂါထာကို၊ ရေးသားလိုက်ရပေကြောင်း။

တပဟ္ဃဟိ-ပဏ္ဍိတော-ပေါသော၊
သမ္ဘသံ-အတ္ထမတ္တနော။
နိစ္စံပုညံ၊ဝါယာမေယျ ၊
အပေါ့ရတ္ထ-မတန္ဒိတော။ ။

တသ္မာဟိ၊ တသ္မာဝေ၊ ထိုသို့-လူနတ်နိဗ္ဗာန်။ သုံးတန် သော။ချမ်းသာမြတ်ကို။ ဆတ်ဆတ် မသွေ့။ ရရှိလေသော ကြောင့်သာလျှင်၊ အတ္တနော၊ မိမိ၏။အတ္ထံ၊အကျိုးစီးပွါးကို။ သမ္ဘသံ။သမ္ဘသန္တော၊ ကောင်းစွာမြင်သော။ပဏ္ဍိတော၊

ရွှေနောက်မြှော်သိ။ပညာ၈ှိသော။ ပေါ်သော၊သတ္တဝါသည် (ဝါ) ရွှေနောက် မြှော်မြင်။ ဆင်ခြင်-ရှုဗြောင်း သူတော်ကောင်းသည်။နှိုးစွ်၊အမြဲ။အဟောရဆ့ံ၊ နေ့ညဥ့်ပတ်လုံး။အတန်တော၊ မပျင်းရိဘဲ။ ပုညဲ ၈ှိနိုးပူဇော်ရခြင်းဟူသည် ကောင်းမှုကို။ ဝါယမေယျ၊ လုံးလကြိုးကုတ်။ အားထုတ်ရာ၏။ ။

ပရိဘောဂစေတီတော် မည်ခြင်းအကြောင်း ထုပ္ပတ်နှင့်
တကွ နှိုးပူဇော်ရခြင်း၏ အကျိုးမဟာဖလ။
သက်သေသာဓကတို့ကို ပြခြင်း အခဏ်းရပ် အပြီးသတ်ပြီ။

## ဥဒ္ဒိဿစေတီတော်အခဏ်း။

ဥဒ္ဒိဿစေတီတော်ဟူသည်ကားဘုရားရှင်ကိုယ်တော်မြတ်-သဏ္ဌာန်တော် တို့ကို။ထုလုပ်ရေးဆွဲ၍။ကိုးကွယ်ကြသော။ဘုရားရှင်၏ပုံတော်သည်။ ဥဒ္ဒိဿစေတီမည်၏။

**မှတ်ချက်။** တရားတော်ပိဋကတ်သုံးပုံ တည်းဟူသော ဓမ္မစေတီတော် နှင့် ခြေတော်ရာ ပါဒ စေတီတော် တို့ကို။ ဘုရားရှင်၏ သဏ္ဌာန်တော်စွဲ၍ဖြစ်သောကြောင့်။ ဥဒ္ဒိဿစေတီ၌ သွင်းယူရမည်ဟုရှေးဆရာမြတ်တို့မိန့်ဆိုတော်မူသည်။

ထိုဘုရားကိုယ်စား ဥဒ္ဒိဿ စေတီတော် များသည် လည်း။ယခုအခါမှ လူအများတို့။ ရမ်းဆပြီး ထုလုပ်ကိုးကွယ်ကြသည်မဟုတ်၊ ဘုရားရှင် ရွှေလက်ထက်တော်က

ပင်လျှင်။ဘုရားရှင်ခွင့်ပြုတော်မူချက်အရ။သူတော်ကောင်း
အပေါင်းတို့၊ထုလုပ်၍အစဉ် အမြဲကိုးကွယ် ကြကြောင်း
နှင့်။ ဘုရားရှင်၏ပုံသဏ္ဍာန်တော်အမျိုးမျိုး ရေးဆွဲပြုလုပ်
ကိုးကွယ်နိုင်ပုံ။ **ကောသလမင်းကြီးလျှောက်ထားသဖြင့်**
ဘုရားရှင်သည်။ဘုရားရှင့်ပုံတော်ထု လုပ်ကိုးကွယ်ရခြင်း
၏အကျိုးတို့ကို ဟောကြားပုံ။ စသည်ဖြင့် လူအများ သိရှိ
စိမ့် သော၄ှာ။ မကျဉ်းမကျယ်။ အဓိပ္ပါယ်ဘို့ကို သိလွယ်
ထင်ရှားအောင်။ ရေးသား ဘော်ပြဦးအံ့၊ အထူးမှတ်မှတ်
သားသားနှင့် ကြည့်ရှု မှတ်သားကြပါကုန်။ ။

## ကောသလမင်းကြီး ဘုရားရှင်အားဆင်းတုတော် ထုလုပ်ကိုးကွယ်ရန်ခွင့်တောင်းသည်ကို ပြခြင်း။

တနေ့တ၌ကောသလမင်းကြီးသည်။မှူးမတ်ဗိုလ်ပါ ခြံ
ရံလျက်။ကျောင်းတော်သို့ သွားပြီးသော်။ မြတ်စွာဘုရား
အားရှိသေစွာရှိခိုး၍။ တင့်အပ်လျှောက်ပတ်သော နေရာ၌
နေပြီးလျှင် မြတ်စွာဘုရားအား။ ဤသို့ လျှောက်လေ၏။
မြတ်စွာဘုရား။အရှင်ဘုရားသည်။ ကျောင်းတော်၌ရှိသော်
ကား။ တပည့်တော်တို့သည်။ ကျောင်းတော်သို့ ရောက်
သောအခါ၊အလှူလည်းပေးရ၏။တရားတော်ကိုလည်း နာ
ရ၏။သိတင်းသီလဆောက်တည်ရ၏။ အရှင်ဘုရားသည်။
ဒေသစာရီကြွချီတော်မူ၍။ကျောင်းတော်၌ရှိတော်မမူသော်
ဘုရားတပည့်တော်တို့သည်။ အလှူလည်းမပေးရ၊ တရား

လည်း မနေရ။ သီတင်း သီလ လည်း မဆောက် တည်ရ ဖြစ်ပါသည်။ယင်းသို့ဖြစ်ပါသောကြောင့်။ ရှင်တော်ဘုရား ကို၊အမြဲဖူးမြော်၍။ ကောင်းမှုအရပ်ကို။ အမြဲမပြတ် ဖြူ လျက်နေ့ညမပြတ် ရှင်တော်ဘုရား၏ အနီး၌။ ကိုးကွယ် ဆည်းကပ်၍။ရှိခိုးပူဇော်ခြင်းအရပ်ရပ် ပြုနေသကဲ့သို့။ ဖြစ် ပါရန်။ရှင်တော်မြတ်ဘုရား၏။ကိုယ်တော်စား၊ ဆင်းထု ရုပ်ပွားတော်ကို ထုလုပ်ကိုးကွယ်ရန်၊ ခွင့်ပြုတော် မူပါ ဘုရားဟုလျှောက်ထားလေသော်။ သာဓု-သာဓု-သာဓုဟု သုံးကြိမ်ခေါ်တော်မူ၍၊ ။မင်းကြီး။ ဧရာဘုရားရှင် တို့ လက်ထက်တော်အခါကလည်း။ ဧရာဘုရားရှင်တို့၏။ ရုပ် တုဆင်းတုတော်တို့ကို။ထုလုပ်ရေးဆွဲခဲ့သော်ငြား သွန်း လုပ်၍သော်ငြား။ကိုးကွယ်ကြကုန်၏ဟု။ မိန့်တော်မလျက် ခွင့်ပြုတော်မူ၏။

## ဘုရားရှင်၏ပုံတော် ထုလုပ်ကိုးကွယ် နိုင်သောအရာ ဝတ္ထုပစ္စည်းများကိုပြခြင်း။

သဒ္ဒါတရားနှင့်ပြည့်စုံ၍။ပစ္စုပ္ပန်သံသရာ။ နှစ်ဖြာသော အကျိုးကို။သိမြင်ကြသော။ပညာရှိ သူတော်ကောင်း ဖြစ် ကြသည့်။ မင်း, ပုဏ္ဏား, သူဌေး, သူကြွယ်, သူဆင်းရဲ, ယောကျ်ား,မိန်းမ,တို့သည်။ မိမိတို့ တတ်နိုင်သည့် အား လျော်စွာ။ရွှေဖြင့်ငြား,ငွေဖြင့်ငြား,ပတ္တမြားဖြင့်ငြား,စိန်ဖြင့် ငြား,ကြေးဖြင့်ငြား,သံဖြင့်ငြား, ခဲမဖြင့်ငြား,ခဲပြာဖြင့်ငြား။ ကြေးနီဖြင့်ငြား, သစ်သားဖြင့်ငြား, ကျောက်ဖြင့်ငြား,အင်္ဂ

ဖြင့်၎င်း,ကျောက်မျက်ရွဲဖြင့်၎င်း, အဆင်းလှသောဆေးဖြင့် ၎င်း,သွန်းသော်လည်းသွန်းရာ၏။ ထုသော်လည်းထုရာ၏။ ရေးသော်လည်းရေးရာ၏။ အပ်သည်ချည်းဟု မှတ်ရမည်။

## ပုံပန်း သဏ္ဍာန် အနေအထား ထုလုပ်ရန် အမျိုးမျိုး နှင့်ပြုတော်မူသည်ကိုပြခြင်း။

၁။ ဗောဓိပင်နှင့်ရွှေပလ္လင်၌မာရ်စစ်သည်ကိုအောင် တော်မူသောပုံကို၎င်း။

၂။ အနိမိသ၌ရပ်နေတော်မူသောပုံဟန်ကို၎င်း။

၃။ ရတနာစင်္ကြံ၌ စင်္ကြံသွားတော်မူသော ပုံဟန် ကို၎င်း။

၄။ ပဉ္စဝဂ္ဂီငါးဦးတို့အား။ဓမ္မစကြာတရား ဟောနေ တော်မူသောပုံဟန်ကို၎င်း။

၅။ အာဠာဝ,ဥဒကတို့သည်၊ ရှုံးခြင်းကြီး ရှုံးလေစွ တကားဟု"လက်အုပ်တီး၍"ရင်ဘတ်တော်ကို လက်ဖြင့်အုပ်ကာ။အံ့တော်မူသောပုံဟန်ကို၎င်း။

၆။ ၎င်အာနန္ဒာအား။လက်သန်းတော်ဖြင့်မြေမှုန့်ကို ကော်ယူ၍၊ အာနန္ဒာ လက်သည်းဖျားတွင် ပါ သော မြေသည်များ မည်လော။ နှစ်သိန်း လေး သောင်းရှိသော မြေမှုန့်သည်များမည်လော ဟု လက်သန်းတော်ကိုချိ၍ ပြနေတော် မူသော ပုံ ဟန်ကို၎င်း။

၇။ ကပ္ပိန္နမင်းကို။ ရုပ်တုဘနိဆင်းတော်မူ၍ပြတော်မူသောပုံဟန်ကိုဒင်း၊
၈။ ကျောင်းတော်၌ လျှောင်းစက်၍။ ကျိန်းတော်မူနေသောပုံဟန်ကိုဒင်း။
၉။ ပရိနိဗ္ဗာန်ပြုတော်မူနေသောပုံဟန်ကိုဒင်း။

ဤသို့မိမိသဒ္ဓါကြည်ညိုသော ပုံသဏ္ဍာန်တော်ကို၊ ဘုရားရှင်၏ပမာဏမျှလောက်သော်ဒင်း။ ငယ်စွအဆုံးရှစ်ရှားလုံးမျှသော်လည်း။ သွန်း,ထု,ရေးဆွဲလျက်၊ ကိုးကွယ်ပူဇော်ရာသည်။

ထိုးပြုတော်တို့လည်းငယ်စွ အဆုံး ဗိုးရွက်ပမာဏကိုပြုအပ်၏၊ တံခွန်-ကြက်လျှာ မှာလည်း။ ငယ်စွ အဆုံး၊ ရှစ်ရှားရွက်ပမာဏကိုပြုလုပ်၍ပူဇော်အပ်၏၊ ။ .

ဤစကားတို့ကားဗဟုသုတပွားများ၍မှတ်သားစေရန်ထည့်လိုက်၏။

## မင်းကြီး ဘုရားပုံထုလုပ်ခဏ်း။

ပသေနဒီကောသလမင်းကြီးသည်၊ ဘုရားရှင် ခွင့်ပြုတော်မူသည်ကိုကြားရလျှင်။ အလွန်ဝမ်းသာစွာနှင့်။ ဘုရားအားရှိခိုး၍ပြန်ကြွခဲ့လေ၏၊ နန်းတော်သို့ရောက်လေလျှင်၊ မှူးမတ်တို့နှင့်တိုင်ပင်၍။ စန္ဒကူးနံ့သာသားကို ရအောင်ရှာစေပြီးသော်၊ ပန်းပုလက်သမားကောင်းအပေါင်းတို့ကိုခေါ်၍။ နန်းတော်တွင်း၌ မဏ္ဍပ်ကြီးဆောက်လုပ်လျက်။ ဘုရားရှင်ကိုယ်တော်စား။ ရုပ်ပွားဆင်းတုတော်ထုလုပ်ရန် အစီအရင်ကိုပြုတော်မူ၏။ ၊

## ဝိသကြုံနတ်သားလူ့ပြည်ဆင်းလာခြင်း။

ထိုအကြောင်းကို သိကြားမင်းသိသဖြင့်။ ဝိသကြုံနတ်
သားကိုခေါ်၍ အချင်းနတ်သား-ယခုကောသလမင်းသည်
ဘုရားဆင်းတုတော်ကိုထုလုပ်လိမ့်မည်။သင်သွား၍ အတု
မရှိ ဘုရားဆင်းတုတော်ကို။ ကောင်းမွန် သပ္ပါယ် အလွန်
တင့်တယ်အောင်။ မြတ်စွာဘုရား ပမာဏတော်နှင့် အမျှ
သောဆင်းတုတော်ကို။ ကြပ်မပ်၍ထုလုပ်ချေရမည်ဟု စေ
ခိုင်းလိုက်လေ၏။ဝိသကြုံနတ်သားသည်လည်းကောင်းပြီဟု
ဝန်ခံ၍။ ဗိသုကာအသွင်ဖြင့်ဆင်းသက်လာ၍၊ ခင်းကျင်း
ရေး။မဏ္ဍာင်သို့ရောက်လျှင်။ဗိသုကာဆရာများကို ဤသို့ဆို
၏။ သင်တို့ကား ကောင်းစွာ နေပါလော့။ ငါသည်အလွန်
တင့်တယ်သပ္ပါယ်အောင် ထုပါမည်ဟု ဆိုပြီးလျှင်။ မိမိ
ပညာတန်ခိုးဖြင့် ထုလုပ်လေသော်။ အလွန် တင့်တယ်
၍။ ဘုရားရှင်ပုံသဏ္ဌာန်တော်နှင့်တူစွာ။ အထူး ကြည်ညို
ဘွယ်ရှိတော်မူသဖြင့်။ မင်းကြီးလည်း အဘိုးလက္ခ အသ
ပြာတို့ကိုများစွာ ပေးလေလျှင်။ အကျွန်ုပ်ကား အခကြေး
ငွေကိုအလိုမရှိပါ။ မင်းကြီး၏ကောင်းမှုအကျိုးကိုသာ။ဝေ
ငှပါလော့ဟုဆိုလေ၏၊ မင်းကြီးလည်းယူပါကုန်လော့ဟု
ဆို၍ အမျှပေးဝေ၏၊ သာဓုခေါ်၍ ဝိသကြုံနတ်သားသည်
နတ်ပြည်သို့ပြန်သွားလေ၏၊ ။

## ဆင်းတုတော်၏အံ့ဩဖွယ်တန်ခိုးနှင့် ဘုရားရှင်၏မှတ်ဖွယ်မိန့်ခွန်း။

ကောသလ မင်းကြီးလည်း။ ဘုရား ရုပ်ပွား ဆင်းတုတော်ပြီးလျှင်။ မြတ်စွာဘုရားထံသို့ သွား၍။ အရှင်ဘုရား သဏ္ဌာန်တော်နှင့် တူစွာသော ဆင်းတုတော်သည် ထုပြီးပါပြီ။ တပည့်သား သံဃာတော်နှင့် တကွ ကြွတော်မူ၍ ရှုစားတော်မူပါဘုရားဟု တောင်းပန်လျှောက်ထား၍။ နန်းတော်သို့ ပင့်ခေါ်လေသော်။ မြတ်စွာဘုရား ရှင်သည်။ တပည့်သံဃာတော်ငါးရာနှင့်တကွ။ ထိုမင်းကြီးနန်းတော်သို့ ကြွတော်မူ၏။ နန်းတော်သို့မြတ်စွာဘုရား ရောက်တော်မူလျှင်။ တန်းခိုးတော်ကြောင့်။"ထိုစန္ဒကူးနှစ်ဘုရားဆင်းတုတော်သည်။ ထက်ဝယ်မှဖြေလျက်။ ပလ္လင်မှဆင်းမည့်ဟန်ကိုပြု၍။ တင့်တယ်စွာနေ၏။" မြတ်စွာဘုရားလည်း ထိုအခြင်းအရာကိုမြင်တော်မူသော်၊ လက်တော်ဖြင့် တားတော်မူ၍။ငါ့ညီတော် ငါတမူကား အသက်ရှစ်ဆယ်ပြည့်လျှင် ပရိနိဗ္ဗာန်ပြုရလိမ့်မည်။ ငါ့ညီတော်သည် ငါ၏ကိုယ်စား ငါကဲ့သို့ ဝေနေယျသတ္တဝါတို့ကို။ တရားဟောပြော ချစ်ရမည်။ ကယ်ချွတ်ချန်အလို့ငှါ အပူဇော်ခံ၍ နေရစ်ခဲ့ရမည်။ ပလ္လင်မှမဆင်းနှင့်ဟုမိန့်တော်မူလျှင်။ ထက်ဝယ်ဖွဲ့ခွေ။နေမြဲတိုင်းနေတော်မူ၏။

ထိုအခါမင်းကြီးသည်၊ အတိုင်းထက် အလွန့် အလွန် ဝမ်းမြောက်လှသဖြင့်။ မြတ်စွာဘုရား။တပည့်သားသံဃာ

တော်ငါးရာနှင့်တကွ။ ဆွမ်းလုပ်ကျွေးပြီးသော်။ တင့်အပ် လျောက်ပတ်သောနေရာ၌ နေလျက်။ မြတ်စွာဘုရားအား ဤသို့လျှောက်ထားလေ၏။ ။မြတ်စွာဘုရား။ အကြင်သူ သည်။ မြတ်စွာဘုရား၏ ဆင်းတုရုပ်ပွားတော်တို့ကို ထု၍ ၎င်း, သွန်း၍၎င်း,ရေး၍၎င်းပူဇော်ကုန်၏။ ထိုဒါယကာတို့ သည်။ အဘယ် သို့သော အကျိုး ထူးကို ရပါသနည်း မြတ်စွာဘုရားဟု လျှောက် ထား လေသော်။ ထိုအခါ ဘုရားရှင်သည်။ ဤသို့ အကျိုးထူး မဟာပွလ တို့ကို ရရှိ ကြောင်း ဟောကြား လို၍ (ဗုဒ္ဓဗိမ္ဗ-ကာရေယေတေ(လ) ဝရံနိဗ္ဗာနံပါပုဏိ) ဟူ၍ (၁၂)ဂါထာတို့ဖြင့် ဟောကြား တော်မူ၏။ ၎င်းပါဠိအနက်တို့ကိုအကုန်ဆော်ပြက။အလွန် ရှည်သွားမည်ဖြစ်၍။ပါဠိတော်၏အဓိပ္ပါယ်ကိုသာအောက် ၌၊ရှင်းလင်းစွာရေးပြပါတော့အံ့။

၁။ မြေ၌မဒေသ၌သာဖြစ်ရခြင်း။
၂။ ယောကျ်ားမြတ် ဖြစ်သော လူ၏ အဖြစ်ကိုရ ခြင်း။
၃၊ ဇာနဲ့ချို့တဲ့ခြင်းမဖြစ်ခြင်း။
၄။ အပါယ်လေးပါးသို့မလားရခြင်း။
၅။ နှိမ်းစဏ္ဍားမျိုး၌မဖြစ်ရခြင်း။
၆။ ကျွန်မျိုး၌မဖြစ်ရခြင်း။
၇။ လောကဒ္ဓိရက်ငရဲ၌မဖြစ်ရခြင်း။
၈။ ယုတ်မာသောအမျိုး၌မဖြစ်ရခြင်း။

၉။ ရွှေအဆင်းကဲ့သို့အဆင်းလှခြင်း။
၁၀။ ဘုန်းတန်းခိုးကြီးခြင်း။
၁၁။ မြင်သမျှသောသူအပေါင်းတို့ချစ်ခင်ခံရခြင်း။
၁၂။ ကောင်းမြတ်သောလာဘ်လာဘပေါများခြင်း
၁၃။ ကျီကျဘဏ္ဍာနှင့်ပြည့်စုံခြင်း။
၁၄။ များသော ကျွဲ-နွား-ဆင်-မြင်း-ဥစ္စာရွှေငွေနှင့်
ပြည့်စုံခြင်း။
၁၅။ မိမိကြီးစိုးတိုင်းပြည့်စုံခြင်း။
၁၆။ နတ်မင်းကြီးဖြစ်ခြင်း။
၁၇။ စကြာဝတေးမင်းအဖြစ်ကိုရခြင်း။
၁၈။ နတ်များသနင်း သိကြားမင်း အဖြစ် အကြိမ်
တထောင်ဖြစ်နိုင်ခြင်း။
၁၉။ စကြာဝတေးမင်း အဖြစ် အကြိမ်တထောင်
ဖြစ်နိုင်ခြင်း။
၂၀။ ပဒေသရာဇ်, ကောရဗျမင်းတို့ကား၊ မရေမ
တွက်နိုင်အောင်ဖြစ်နိုင်ခြင်း။
၂၁။ ဘုရားဆုကိုရနိုင်ခြင်း။
၂၂။ ပစ္စေကဗုဒ္ဓါဆုကိုရနိုင်ခြင်း။
၂၃။ သာဝကဆုကိုရနိုင်ခြင်း။
၂၄။ မင်းမျိုး-ပုဏ္ဏားမျိုးဖြစ်သောမြတ်သောအမျိုး
၌သာဖြစ်ခြင်း။
၂၅။ ယုတ်ညံ့သိမ်ဖျင်းသောအမျိုး၌မဖြစ်ခြင်း။

၂၆။ ချမ်းသာခြင်း၊ လာဘ်များခြင်း။ အခြံအရံများ ခြင်း။ ပညာကြီးခြင်း။ တန်းခိုးကြီးခြင်း။ အနာ ရောဂါကင်းခြင်း။ ဤခြောက်ပါးသော အကျိုး တရားတို့နှင့်ပြည့်စုံခြင်း၊

၂၇။ အသက်ရှည်ခြင်း။ ခွန်အားကြီးခြင်း၊ မြဲမြံ သောပညာရှိခြင်း။ ရဲရင့်ခြင်း၊ အကြံအမြင် များခြင်း။ ထက်သောပညာရှိခြင်း။ ချစ်ဘွယ် သော ရုပ်လက္ခဏာရှိခြင်း။ ဤရှစ်ပါးသော အကျိုးတရားတို့နှင့် ပြည့်စုံခြင်း။ ။

၂၈။ သံသရာ၌ ကြဉ်လည်ရသည်ရှိသော်။ မနိုင်း ယှဉ်အပ်သော စည်းစိမ် ချမ်းသာ တို့ကိုရ ခြင်း။ ။

၂၉။ နိဗ္ဗာန်ရွှေပြည်မြတ်ကြီးသို့ ရောက်ရခြင်း။

ဤသို့ဘုရားရှင်သည်။ အတိုင်းမသိသော၊ ကြီးကျယ် မြင့်မြတ်လှစွာသော။အကျိုးထူး တရားတော် တို့ကိုဟော လေလျှင်။မင်းကြီးသည်။အတိုင်းထက်အလွန် ဝမ်းသာစွာ နှင့်တသက်ပတ်လုံး။ ဆင်းတုတော်အား။ ရှင်တော်ဘုရား ကိုယ်စားကိုးကွယ်တော်မူလေ၏။ ။

ဤကား –ဘုရားရှင်လက်ထက်တော်က။ကောသလမင်းကြီး။ ဥဒ္ဒိဿစေတီထုလုပ်ကိုးကွယ်ခြင်းအကြောင်းတရပ်တည်း။

## ဘုရားရှင်လက်ထက်ပင်ကိုယ်တော်စားရဟန္တာမြတ်တို့စေတီတော်တည်ထားကိုးကွယ်ခြင်း။

မြတ်စွာဘုရား။ဝေဠုဝန်ကျောင်းတော်၌၊ သီတင်းသုံးနေတော်မူစဉ်၊အရှင်အနုရုဒ္ဓါ။ အရှင်သောဘိတ၊အရှင်ပဒုမုတ္တရ။အရှင်ဂုဏသာရ။အရှင်ဉာဏပဏ္ဍိတ၊ အရှင်ရေဝတ။ ဤရဟန္တာခြောက်ပါးတို့သည်။ မြတ်စွာဘုရားထံမှ။ သွားလေရာ။ကိုယ်တော်စားကိုးကွယ်ရန်။ ဘုရားတံဆိပ်တော်ကိုတောင်းကြရာ၊ ခြောက်ဆူသော ဆံတော်တို့ကို။ ပေးတော်မူလိုက်၍။ပင့်သွားကြပြီးလျှင်၊ သမုဒ္ဒရာ၏အနီး။ တခုသောပဗ္ဗတဂါမသို့ရောက်သောအခါ။ စေတီတည်ရန်နေရာကို ရ၍။ အလုပ်အကျွေးတကာကို တောင်းတလေသော်။တာဝတိံသာမှသိကြားမင်းသည်သိရှိသဖြင့်၊ ဆင်းလာသောအခါ။သိကြားမင်းအား။ဆံတော်ဓါတ်၏။ ဒါယကာခံပါဟု တိုက်တွန်းရာ။ ကောင်းပါပြီ ဟုရေးဟုဝန်ခံလျက်၊ အရှင်အနုရုဒ္ဓါလက်တော်မှ၊ ဆံတော်ကိုယူ၍။ ဦးခေါင်းပေါ်တွင်တင်ထားပြီးမှ။ဓါတ်တော်တည်ရာတွင်းကိုတန်းခိုးဖြင့်။ဘန်ဆင်းပြီးသော်။ အသိတိ မဟာသာဝက။ မြတ်စွာဘုရား၏မယ်တော်ခမည်းတော်တို့၏။ရုပ်ပုံနှင့်တကွ "ကိုယ်တော်စားရုပ်ပွားဆင်းတုတော်ကို ဘန်ဆင်း၍။ ဌာပနာလျက်။တည်ထားကိုးကွယ်တော်မူကြသည်" ဟု ကေသဓာတုဝင်ကျမ်း၌လာရှိလေသည်။

## နတ်များဆင်းတုတော်ကိုးကွယ်ခြင်း။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်။ ဟိမဝန္တာဂန္ဓာဂိရိတောင်တွင်။ ဟာရိနိမည်သော။ နတ်မိဖုရားနှင့်။ မဟောသရမည်သောဘုမ္မစိုးနတ်မင်းတို့သည်။ ရတနာ အတိပြီးသော၊ ကိုယ်တော်စား။ ရုပ်ပွား ဆင်းတုတော်ကို။ ဘန်ဆင်း၍။ ကိုးကွယ်ကြ ကြောင်းကို၊ အရှင်အာသဘ ထေယသထေရ် စီရင်သော်မူသော။ လောကပညတ္တိ ဆဂတိဒိပကာကျမ်း၌ဖွင့်ပြတော်မူလေသည်။ ။

## ဘုရားရှင်၏အံ့ဩဖွယ်တန်းခိုးတော်။

ဘုရားရှင်ကိုယ်တော်စားရုပ်ပွားတော်တို့ကို။ယခုအခါ။ထုလုပ်ကိုးကွယ်ကြရာ၌။မြန်မာကလည်း။ မြန်မာဆန်ဆန်၊ကုလားကလည်း ကုလားဆန်ဆန်။ တရုပ်ကလည်း တရုပ်ဆန်ဆန်။ ရှမ်း-ကရင်စသည်တို့ကလည်း ရှမ်း-ကရင်ဆန်ဆန်စသည်ဖြင့်။လူအမျိုးမျိုးတို့သည်။မိမိတို့၏ မျက်စိနှင့်ကြည့်ကောင်း ရှုကောင်းအောင်၊ ထုလုပ်-သွန်း ရေး၍၊ကြည်ညိုလေးမြတ်စွာ ကိုးကွယ်ကြပေ၏၊ ဤသို့ မိမိတို့စိတ်ထဲ၌ကြည်ညိုဖွယ်ပုံတော်တို့ကို။ ရေးဆွဲ။သွန်း ထု။ပြုလုပ်ကိုးကွယ်ခြင်းသည်၊ဘုရားရှင်၏ ဂုဏ်တော်ကို သာအာရုံပြု၍။ ရှိခိုးပူဇော်ကြပါမူကား။ အကျိုးရှိသည် ချည်းဟု မှတ်ကြရမည်။ ဘုရားရှင်ကမူကား။ မိမိကိုယ် တော်ကို။ အသူးသူးအပြားပြားဘန်ဆင်းတော်မူသည့် မ

ဟုတ်။တန်းခိုးတော်အားဖြင့်။သူအချားစိတ်၌။ မိမိဘို့ထင်သည့်အဘိုင်းကြည်ညိုလိုသည့်ရုပ်တော်အတိုင်းကြည်ညိုသူတို့၏မျက်စိ၌မြင်ရ၏။ဒါကြောင့်အဋ္ဌကထာ ဆရာက။အောက်ပါအတိုင်းမိန့်တော်မူ၏။ ။

ဗုဒ္ဓဝသေနေဝ-နိသိဒိ၊
တေပန-အညွှနော-အညွှနော၊
သမသဏ္ဌာနမေဝ-ပညာယန္တိ။ ။

**သာရတ္ထသင်္ဂဟအဋ္ဌကထာ။**

ဗုဒ္ဓဝသေနေဝ၊ဘုရား၏ဝသင့်တယ်၊စမွယ်နေထိုင်ခြင်းဖြင့်သာလျှင်။နိသိဒိ၊နေတော်မူ၏။တေပန၊ ဖူးမျှော် နေကြကုန်သော။ထိုသူတို့သည်ကား။အညွှနော အညွှနော။ မိမိမိမိ၏။သမသဏ္ဌာနမေဝ၊ တူမျှသောသဏ္ဌာန်အသွင် ကိုသာလျှင်။ပညာယန္တိ၊ထင်ကုန်၏။ ။

ငါတို့ဘုရားသခင်သည်။တပါးသောစကြဝဠာသို့။ အထုံဝါသနာဖြစ်ကြစေခြင်းငှာ။ ကြွသွားတော်မူ၍။ ထိုပရိသတ်တို့အလယ်၌။ တင့်တယ်စွာ သတင်း သုံးတော်မူသောအခါ။အဆင်းအသံ။ သဏ္ဌာန်တောင်ကို။ ပြောင်းလွှဲခြင်းမရှိ။ပကတိသော၍စကြဝဠာကအဆင်းတော်၊အသံတော်ဖြင့်။ ဟောကြား ဆုံးမတော်မူသျှင်။ ပရိသတ်တို့သည်။မိမိ-မိမိတို့၏။အသွင်သဏ္ဌာန်။အသံ အဆင်းတို့နှင့်တူမျှသည်ဟု။အသီးသီးထင်မြင်ကြလျက်။ တရားတော်တို့

လည်း။ မိမိတို့ဘာသာအားဖြင့်၊ နားလည်ကြကုန်၏။ ဤသို့ထင်မြင်ရခြင်းသည် **ဏုန္တိ-ဏုန္တိဝိလာသက-ဏုန္တိအခမ်းနားဟူ** ဖြစ်တော်မူ၍၊ မကြံအပ်မကြံစည်နိုင်သော။ ဘုန်းတော်သခံပါဖြစ်၍မကြံစည်နိုင်ပေ၊ သို့ဖြစ်၍ မိမိတို့စိတ်၌။ ဘုရားရှင်၏ဒြပ်တော်ကိုထင်၍။ ဂုဏ်တော်ကိုမြင်အောင်ရှုနိုင်သော။ ပုံတော်တို့ကို၊ သွန်းထုရေးဆွဲ၍၊ မကိုးကွယ်တန်ဆော။ အဖြာဖြာဝံ့သောရတနာတို့ဖြင့်။ မိမိတို့ သဒ္ဓါအလျောက်စိခြယ်မွမ်းမံဆောက်ကိုးကွယ်ကြရသည်။

**မှတ်ချက်**။ ဥပမာအားဖြင့်ဘုရားရှင်သည် သာကီဝင်ဖြစ်သောမြန်မာအမျိုး၌ဖြစ်၏။ ကုလားနှင့်လည်းပုံသဏ္ဌာန်မတူ၊ ဥရောပတိုက်အင်္ဂလိပ်၊ ဂျာမဏီတို့နှင့်လည်း ပုံမတူစကားမတူ။ သို့သော်ဘုရားရှင်ထိုဥရောပတိုက်သို့ ကြွသွားက ၎င်းတိုင်းသူပြည်သားတို့သည်။ သူတို့၏ ရုပ်ဆင်း ပုံသဏ္ဌာန်နှင့် တူသည်ဟု ထင်သည့်ပြင်။ သူတို့စကားနှင့်ပင်၊ တရားဟောသည်ဟုအင်္ဂလိပ် ဂျာမဏီ ပြင်သစ်တို့အသီးသီးထင်ရ၏ဟူလို၊

ဤသို့အကျယ်တဝင့်အဆင့်ဆင့်စကားတို့ဖြင့်။ သိရှိမှတ်သားနိုင်ကြရန်ဘော်ပြခဲ့ပြီဖြစ်၍။ ဘုရားရှင်ကိုတ်တော်သား။ ပြုလုပ်ကိုးကွယ်မှုအရပ်ရပ်တို့ကို။ သိသာလောက်ကြပြီဖြစ်သည့်ပြင်၊ သက်တော်ထင်ရှားဘုရားရှင်လက်ထက်တော်ကပင်။ သူတော်ကောင်းများ ထုလုပ် ကိုးကွယ်

ကြောင်းကိုလည်းသိမြင်ကြရ၍။အကျိုးတရားတို့ကိုလည်း ဘုရားရှင်ကိုယ်တော်တိုင်။ ကောသလမင်းကြီးအားဟော ကြားတော်မူသည်ကို။သိရှိကြရသဖြင့်။ ဘုရားရှင်၏။ ရုပ် ပွားတော်တို့ကို။ ကိုးကွယ်မှု၌။ဒွိဟ သံသယ ကင်းရှ လျက်။အချို့ မိစ္ဆာဉာဏ်ဝင်စား။မသူတော်များ၏။ စကား တို့ကိုလုံးလုံးအယုံအကြည်မရှိဘဲ။ သဒ္ဓါစစ် သဒ္ဓါမှန်ဖြင့်။ ယုံကြည်စွာ ကိုးကွယ်သင့်လောက်ကြပေပြီ။ ။သို့သော် ထိုထက်ဆပွား။သဒ္ဓါတရားဖြင့်၊ကိုးစားသမှု။ ရှိခိုးပူဇော် ခြင်းပြုနိုင်ကြရန်၊ ဝတ္ထု သက်သေ။ အထွေထွေတို့ကို။ အောက်၌ထုတ်ပြပါဦးအံ့။ ။

## ရှင်တော်ဘုရား၏ ကိုယ်စား ရုပ်ထုတော်ဥဒ္ဒိဿစေ တီတော်တို့အားပူဇော်ရခြင်း၏အကျိုးကိုပြသော တိရဏသာရ ဥပါသကာဝတ္ထု။

သိဟိုဠ်ကျွန်း၌။ သာသနာ အလွန်ကောင်းစားစဉ် ဗုဒ္ဓ **ဘဒ္ဒိသာရိယ** အမည်ရှိသော မင်းသည်။ မင်းပြုသောအ ခါ။တရက်မြစ်အနီးဝယ်။၎င်းမြစ်ကိုအမှီပြု၍တိရက်ရွာငယ် သည်ရှိ၏။ ထိုရွာ၌အယူမှားနေသော။ **မိသာနိုးနတ်** ကို ဘုရားမှတ်၍၊ကိုးကွယ်နေသော **ကောသရော်ဘတ္တိ**အမည် ရှိသော။မိစ္ဆာဒိဋ္ဌိကြီးတယောက်ရှိ၏။ ထိုမိစ္ဆာဒိဋ္ဌိ ဆရာ ကြီးသည်။ရွာတံခါးအနီး၌။ မဏ္ဍပ်ကြီးကို ဆောက်လုပ် လျက်။သူတို့ဘုရားဟုယူမှတ်တဲ့။ မိသာနိုးနတ် ပူဇော်ပွဲ

ကြီးပြုလေ၏၊ထိုပူဇော်ပွဲ၌ **ကောသရတိဗ္ဗိက** ဆရာကြီး
သည်။ဗုဒ္ဓဘာသာကိုနှိမ်ချိုး၍။ မိမိအယူဘာသာကို၊ ချီး
မြှင့်လိုသောကြောင့်။ ငါတို့၏ဂေါတမရှင်၏ ဆင်းတုရုပ်
ပြောင်ကို။သူတို့ဘုရားဖြစ်တဲ့။ဗိဿနိုးနတ်ရုပ်ကြီးကို။ ရှိခိုး
ခစားနေပုံပြုလုပ်ထားလျက်။ မိမိတပည့် အပေါင်းတို့ကို
စည်းဝေးစေ၍။ကောင်းချီးနှုမော်ပြုကာ။ အမျိုးမျိုးတီးမှုတ်
ခြင်းတို့ဖြင့်။ ကြွေးကြော်ပူဇော်ကြလေ၏။

ထိုအခါ။ **ဒိဂုအာသခရ-ဥပသကာ** သည်။ ရေချိုးဆိပ်
သို့ရေချိုးရန်ဆင်းလာစဉ်။တိတ္ထိတို့၏မဏ္ဍပ်မှ ကြွေးကြော်
ဆူညံ့ပွါ၊အော်ဟစ်ခါကောင်းကြီးပေးနေကြသည်ကိုကြား
သဖြင့်။ ဘာချီးလုပ် နေကြပါလိမ့်မလဲဟု။ မဏ္ဍပ်တွင်း
သို့ဝင်ကြည့်ရာ။ငါတို့ဘုရားရှင်ဆင်းတုတော်မြတ်၏ပုံကို
ဗိဿနိုးနတ်မင်းကြီးအားရှိခိုးညွတ်ခနေဟန် ပြုလုပ် ထား
သည်ကို မြင်ရသောအခါ။ မိမိရင်ဘတ်ကိုတီး၍၊ **နမော**
**ဗုဒ္ဓါယ**၊ ဆို၍ငိုကာ။ ပရိသတ်အတွင်းသို့ အတင်းဝင်၍။
ဘုရားဆင်းတုတော်ကို။ပွေ့ပိုက်ရှိခိုး၏။ထိုအခါ တိတ္ထိတို့
သည်။ သူတို့ မင်္ဂလာပွဲကို ငိုရိကာ။ အမင်္ဂလာ ဖြစ်အောင်
ဖျက်ဆီးသည်ဟု ဆို၍၊ **ဒိဂုအာသခရဥပသကာ** အား
ရိုက်ပုတ်ကြလေ၏။ ဘယ်လိုရိုက်နှက်ဆဲထုတ်သော်လည်း
အတင်းရုန်းကန်ငြင်းဆန်လျက်။"နမောဗုဒ္ဓါယ" ဟူ၍တွင်
တွင်ဆိုလျက်ဘုရားရှင်ကိုသာဘက်လေ၏။ဤသို့ဆူညံ့ပွါ
ဖြစ်နေသောအခါ။ရွာမှလူအများတို့သည်၊ ထွက်လာကြသ
ဖြင့်။ ကြည့် လေ သော်။ ထို အ ကြောင်း သိရှိကြ၍။

မိဿာ ဒိဋ္ဌိ ဂိုဏ်း၊ သမ္မာ ဒိဋ္ဌိဂိုဏ်း ဖြစ်သော။ **ကောသရေ တိတ္ထိက**အမည်ရှိသော တိတ္ထိဆရာကြီး ဘက်နှင့် **တိရအား သာရ ဥပသကာ၊** ဗုဒ္ဓဘာသာ ဒါယကာကြီး ဘက်အားဖြင့် နှစ်ဘက်ကွဲကာ။ အကြီးအကျယ် ရိုက်နှက်ထိုးခုတ်။သတ်ပုတ်ခြင်းတည်းဟူသော၊ အဓိကရုဏ်းကြီးဖြစ်ကြလေ၏။ဤအဓိကရုဏ်းကြီးသည်ကား၊ ၁၃၀၀ပြည့်နှစ်ဝါဆိုလကွယ်နေ့က စ၍။ ရွှေဖီစာအုပ်၌၊ ငါတို့ဘုရားကိုပုတ်ခတ်ဆဲရေးထားသည်ကိုအကြောင်းပြု၍။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့မခံမရပ်နိုင်ကြသဖြင့်၊ မွတ်စလင် ကုလားတို့နှင့်ဗုဒ္ဓဘာသာ။မြန်မာများအဓိကရုဏ်း အကြီးအကျယ်။ဖြစ်သကဲ့သို့တည်း။

**မှတ်ချက်။** ။ဗုဒ္ဓဘာသာတို့သည်၊မိမိတို့ကိုရိုက်နှက်ဆော်ကားသော်လည်း၊ခန္တီတရားလက်ကိုင်ထား၍သည်းခံနိုင်ကြသော်လည်း။မိမိတို့ဘာသာထိကအသက်ထွန့်လွှတ်၍ခုခံတိုက်ခိုက်ကြမြဲဖြစ်၏။ဘာသာစော်ကားလိုသူ။မိဿာဒိဋ္ဌိများကြင်ကြပ်သတိထားသင့်၏။ မြန်မာပြည်အဓိကရုဏ်းကြီးသည်လည်းဘာသာကို စော်ကားလို့မခံမရပ်နိုင်ဘဲ။ အမြို့မြို့အရွာရွာ၌ဖြစ်ကြ ကန့်ကွက်ကြသည်ကို။ စုံစမ်းရေးကော်မီတီကဘုန်းကြီးများသခင်သင်းများနှင့်သတင်းစာ များကြောင့်ဖြစ်၏၊ ရွှေဖီစာအုပ်မဟုတ်ဟု။ ရေးသားထားခြင်းသည် ဒုတိယရွှေဖီ

စာအုပ် ဖြစ်နေသဖြင့်။ တရားလမ်းမှန် ရောက်
အောင် ဤစာအုပ်ကိုချက်ခြင်း သိမ်းကား ထင်မ်၍
အသုံးစုံစမ်းသင့်ကြောင်းဆိုင်ရာအစိုးရအားသတိ
ပေးစကားရေးသားရကြောင်း။

ထိုအမိကရုဏ်း ကြီးသည်၊ ချက်ခြင်း တမြို့လုံး ပျံ့နှံ့သဖြင့်။ ဆိုင်ရာ ပုဂ္ဂိုလ်ဘို့သည်။ ဘုရင်မင်း မြတ်အား လျှောက်ထားကြလေသော်။ မင်းကြီးလည်းချက်ခြင်းဆင်တော်ကိုစီးလာ။ရဲခက်ဒိုလ်ပါခြံရံလျက်။ အမိကရုဏ်းဖြစ်ရာမြို့သို့။လျှောပ်သို့လာ၍။ အမိကရုဏ်းကိုငြိမ်းစေပြီး၊ **ကောသရာဘိဿိက**။ကြီးနှင့်**ဓိရ အာဿာရဥပဿကာ**။ တို့ကိုခေါ်တော်မူ၍။စစ်ဆေးမေးလေသော်။ ဖြစ်ခြင်း အကျိုးအကြောင်းသိရသဖြင့်။ ဘုရင်မင်းမြတ်က။ ကဲဒါဖြင့်လျှင်။ **ကောသရ**ကြီးကလဲ သူ့ဘုရားကမြတ်လို့စသည်ဖြင့် သူ့ဘုရားရုပ်တု၏ဂုဏ်ကိုဆိုသည်။**ဓိရဏဲ အာဿာဥ**ကြီးမိမိဘုရားရှင်ကမြတ်တော်မူကြောင်း။မိမိဘုရား ဂုဏ်ကျေးဇူးကိုဆိုသည်။သို့ဖြစ်၍မည်သည့်ဘာသာ၊မည်သည့် ဘုရားကမှန်ကန်ကြောင်းအစစ်သိရလေအောင်။ ဤရုပ်တု နှစ်ဆူကို။ တန်းခိုးပြခိုင်းကြပါ။တန်းခိုးပြနိုင်ဟာ ပြနိုင်သော၊ ရုပ်တုတော်၏ဘာသာတရားကို။ငါမင်းမြတ်နှင့်တကွ။ တပြည်လုံးကို။ကိုးကွယ်စေရမည်ဟုအမိန့်မှတ်တော်မူ၏။

မှတ်ချက်။ ရှေးမင်းကောင်းမင်းမြတ်များတော့။ဘာသာတရားစုံစမ်းပုံ။အမိကရုဏ်းငြိမ်းစေပုံ။နှစ်ဦးနှစ်ဘက်၊ ဘာသာစစ် ဘာသာမှန်ရောက်အောင်စီမံပုံဘို့သည်။အသူးချီးမွမ်းထွန်ကောင်းလှပေတော့၏။

ထိုအခါရှေးဦးစွာကောသရေတီဥ္ဘိကဆရာကြီးက။မိမိ၏မိသသနီးနှတ်ရုပ်ကြီးကို၊ ဂုဏ်ပုဒ်အမျိုးမျိုး ထုတ်၍၊ တပည့်ပရိသာတ်အစုံ နှင့်ချီးကြူးကာ အထူးထူးအပြားပြားပူဇော်ကြလျက်၊ ရှိခိုးပြီးတန်းခိုးပြဋိဟာပြစေရန် တောင်းဖန်သော်လည်း နဂိုရ်ကမှပြစ ရာမရှိသော နတ်ရုပ်ဖြစ်၍။ တုပ်တုပ်မှမလှုပ်ဘဲရှိလေ၏။ ထိုသို့မတတ်နိုင်၍။တိတ္ထိကြီးလက်လျှော့သွားသောအခါဝိဂုဏသာရဥပသကာသည်မင်းကြီးခွင့်ပြုချက်အရ။ မိမိအပေါင်းအဘော်တို့အား နှိုးဆော်၍၊ ဂုဏ်တော်အမျိုးမျိုးကို ချီးကြူးလျက်။ သဗ္ဗဝါတွေအကျိုးကိုငဲ့တော်မူ၍။ဘုရားရှင်ကိုယ်တော်စားအရှင်ဘုရားသည်၊ တန်းခိုးပြာဋိဟာပြတော်မူပါဘုရားဟု။ ရှိခိုးဝတ်တွားလျှောက်ထားလေ၏။

## ဆင်းတုတော်တန်းခိုးပြာဋိဟာပြခြင်း။

ထိုသို့ ဝိဂုဏသာရဥပသကာ။ သည်ဂါထာပေါင်း ၂၅ ဂါထာတို့ဖြင့်။ ဂုဏ်တော်အထူးထူးတို့ကိုချီးကြူးကာ သစ္စာပြုလျက်။ မိစ္ဆာဒိဋ္ဌိအပေါင်းတို့၏ ယုံမှားခြင်းဖျောက်ဖျက်တော်မူရန်တောင်းပန် လေသော်။ အနန္တ ဂုဏ်ကြီးသခင်ဘုရားရှင်၏ရုပ်ပွား ဆင်းတုတော်သည်။ လည်တော်ကိုမော့ကြည့်တော်မူ၍။ သက်တော်ထင်ရှားဖြစ်သော၊ ဘုရားရှင်၏ပမာဏကဲ့သို့တဆဲ့ ရှစ်တောင်အမြင့်အကျယ်စောက်ရှိသော၊ ကိုယ်တော်ကိုဘန်ဆင်းလျက်။ သုံးဆဲ့ နှစ်ပါးသောယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီး တရှေ့ရှစ်ဘွက်

စကၠဝဠာအစုံတို့ဖြင့်။ တင့်တယ်စွာတန်းဆင်းတော်မူ၍။ ကောင်းကင်သို့ပြန်တက်ကာ၊ နီလ, ပီတ, လောဟိတ ဩဒါတ, မဉ္ဇိဋ္ဌ။ ပဘဿရတည်းဟူသော။ ညို, ရွှေ, နီ, ဖြူ, မောင်း, ပြိုးပြိုးပျက်, ဟူသော။ ခြောက်ဖြာသော ရောင်ခြည်တော်ကွန့်မြူးလျက်။ အံ့မဆုံးနိုင်သော။ တန်းခိုးပြာဋိဟာတို့ကိုပြတော်မူ၏၊ ထိုသို့ပြတော်မူသောအခါ။ မင်းနှင့်တကွ လူအပေါင်းတို့သည်။ အံ့ဘွယ်သရဲ မဖြစ်ဘူး။ မမြင်ဘူးသောတန်းခိုး ပြာဋိဟာတွေကိုမြင်ရတော့။ မရှိခိုးမပူဇော်သူမရှိ၊ အားလုံးပင်ရှိခိုးပူဇော်ကြရကုန်၏။ လူတွေမဆိုထားဘိ။ ကောင်းကင်အထက်ဘုံမှ။ နတ်ဗြဟ္မာ တို့သည် ပင်ကြီးကျယ်စွာကောင်းချီးနှုတ်မြွက်သာရခေါ်ကြ၍၊ အထူးသဖြင့်ပူဇော်ကြကြောင်းကို။ ဤဂါထာဖြင့်သိအပ်၏။ ။

ဣဒ္ဓိံ မန္တာ ရစပုမ္ဗံ။
ပဒုမံ-ပါရိဆတ္တကံ။
ဒိဗ္ဗောဒိဗ္ဗံ- ဝိကိရိံသု။
နဘာဘလ ဂတာ, မရူ။
သမ္ဗုဒ္ဓေဝါသမာဂတ္တာ။
ဗုဒ္ဓရူပံ-သုပူဇယေ။
(မခုဒ္ဒ၊ ရသဝါဟိနီကျမ်း။)

နဘာဘလဂတာ၊ ကောင်းကင်အပြင်၌ နေကြကုန်သော မရူ၊ နတ်တို့သည်။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ မန္တာရစပုပ္ဖံ၊ အဂုံဆုံးမှာ ခုံးသောက်ခန့်။ အပွင့်ထီးခန့်ပမာဏရှိသော။ မန္တာ

ရဝအမည်ရှိသောပန်းကိုရင်း။ ပဒုမံ၊ကြာပဒုမ္မာပွင့်ကိုရင်း၊ ပါရိစ္ဆတ္တကာ၊တာဝတိံသာနတ်ပြည်၌ဖြစ်သော။ ပင်လယ် ကာသစ်ပွင့်ကိုရင်း။ ဗိသောဒိသံ၊ အထက်အောက်အရပ်၌။ ဝိဘိရိံသု၊ကြဲဖြောက်ပူဇော်ကုန်၏။ ဒေဝါ၊ နတ်ဗြဟ္မာတို့ သည်။ သမာဂတ္တာ၊ တညီတညွတ် စည်းဝေး ရောက်လာ ကြကုန်သည်ဖြစ်၍။ ဗုဒ္ဓရုပ်၊ ဘုရားသခင်၏ ရုပ်တုတော် ကို။ သုပူဇယေ၊ကောင်းစွာပူဇော်ကြလေကုန်၏။ ။

မှတ်ချက်။ ။မိလိန္ဒပဉှာ ပါဠိတော် စေတိယ ပဋိဟာရိယပဉှာ ခဏ်း၌။ သဒ္ဓါယုံကြည်ခြင်း၊ ပညာအဆင်ခြင်ရှိသော သူတော် ကောင်းများသည်ရှိခိုးပူဇော်၍။တန်းခိုးပြာဋိဟာပြရန်တောင်း ပန်မိဌာန်သော်။တန်းခိုးပြကြောင်းပါရှိလေသည်။ သို့ဖြစ်၍ ဤ နေရာ၌တန်းခိုးပြာဋိဟာ ပြတော်မူခြင်းသည်။ ထိုပါဠိတော်နှင့် အလွန်ကိုက်ညီလေသည်၊

ထိုသို့ တန်းခိုးတော်တို့ကို မင်းကြီး မြင်လျှင်။ အလွန် ကြည်ညိုလေ၍။ ရှိခိုးလျက် လက်ဖြောက်ခါပင့်လေသော်။ ဆင်းတုတော်မြတ်လည်း မူလရှိရင်းပမာဏအတိုင်းပြန်၍ ဖန်ဆင်းကာ။ မင်းကြီး လက်တော် ပေါ်သို့ ကြွဆင်းလာ လေ၏။ ထိုအခါမင်းကြီးသည်။နန်းတော်သို့ပင့်၍။တသက် ပတ်လုံး နန်းဦးက ထား၍ ကိုးကွယ် ပူဇော်လေ၏။ တိုင်း ပြည် ကိုလည်း။ ဗုဒ္ဓဘာသာ ကိုသာ အားလုံး ယူစေ၍၊ တိရုဏသာရဥပသကာကိုလည်း။ အမတ်ကြီးရာထူးပေး ကာ။ကြီးကျယ်သော စည်းစိမ်တို့ဖြင့် ပူဇော်ထားလေ၏။ မင်းနှင့်တကွ ဘိဿာရဥပသကာအမတ်ကြီးတို့သည်၊ ဘု

ရဟန်းရှင်၏သာသနာတော်အား။ အထူးယုံကြည်သည်းကပ်၍။ဘုရားရှင်တို့အား ရှိခိုးပူဇော်ကြသဖြင့်၊ သေသည်၏အခြားမဲ့၌နတ်ပြည် ဘုံချည်းရောက်ကြလေကုန်၏။

## မဂ္ဂရ-ရသဝါဟိနီကျမ်းကအဆုံးမဂါထာ။

ဗုဒ္ဓဂုဏံ ပသိတွာန၊
ပသန္နာ-သဒ္ဓါအစလိ။
တေရတနဿယော သုယော၊
ဂုဏာယုတ္တာ-မနောရသာ၊
သဂ္ဂဂ္ဂေသု သုခံလဘန္တိ။ ။

ဘောဒတ္တာ သုဇနာ၊ အရိသူတော်ကောင်းဖြစ်သော လူအပေါင်းတို့။ ယော၊ အကြင်သူတော်ကောင်းတို့သည်။ ဗုဒ္ဓဂုဏံ၊ မြတ်စွာဘုရား ကျေးဇူးတော်-ဂုဏ်တော်ကို။ ပသိတွာန၊ သိမြင်သည်ဖြစ်၍၊ တေရတနဿယောသု၊ ထိုရတနာသုံးပါးတို့၌။ ပသန္နာ၊ ကြည်ညိုကုန်သော။ ယော၊ အကြင်သူတို့သည်။ ဗုဒ္ဓဂုဏံ၊ မြတ်စွာဘုရားဂုဏ်ကျေးဇူးတော်ကို။ ပသိတွာန၊ မြင်သည်ဖြစ်၍။ သဒ္ဓါ၊ ကြည်ညိုယုံကြည်သော သဒ္ဓါသည်။ အစလိ၊ မိန္တာယူချော်။မသူတော်တို့၊ဘယ်လို ပင်ဖျက်သော်လည်း၊ မပျက်မယွတ်။ မတုန်လှုပ်ခြင်းသဒ္ဓါတရားနှင့်ပြည့်စုံသောသူတို့သည်။ဂုဏာယုတ္တာ၊သိမြင်ခြင်းရှိသောဂုဏ်နှင့် ယှဉ်ကုန်သော၊ မနော-သြရသာ၊ မြတ်စွာဘုရား၏တရားတည်းဟူသောနှိရည်ကိုရှိကုန်သော သား

တော်သွီးတော်တို့သည်။ သဂ္ဂေသု၊ နတ်ပြည်နိဗ္ဗာန်တို့၌။ သုခံ၊ ချမ်းသာကို။ လဘာန္တိ၊ ခံစားစံစားရကြလေကုန်၏။

မှတ်ချက်။ ။ဤဝတ္ထုကိုထောက်၍။နတ်ကို ကိုးကွယ်သူတို့အထူး မှတ်ရန်။ဘုရားဟောပါဠိတော်မှ။နတ်ပူဇော်နည်းတို့ကိုထုတ်ပြ ဦးအံ့။ ကေသရတိတ္ထိကကြီးလို။ နတ်ကိုဘုရားမှတ်ပြီး အယူလွဲ တတ်သည်ကို။သတိပြု၍ကြည့်ရှုပါကုန်။

တိဂုဏသာဝရ ဥပသကာဝတ္ထုပြီး၏။

## နတ်များကိုကိုးကွယ်ပူဇော်ခြင်း၏ အကျိုးအပြစ်ကိုပြခြင်း။

ယံကိဉ္စာ-ရမ္မဏံကတွာ၊
ဒတွာဒါနံ,မမစ္ဆရီ။
ပုဗ္ဗေပေတာစ-အာရက္ခေ၊
အထဝါ-ဝတ္ထုဒေဝတာ။ ။

(ပေတဝတ္ထုပါဠိတော်)

မဟာသေဋ္ဌိ၊ တကာတော်-သူဌေးကြီး။ အမစ္ဆရီ၊ ဝန် တိုခြင်းကင်းသဖြင့်။ စွန့်ကြဲပေးကမ်း။ လှူဒါန်းလေ့ရှိသော။ သူတော်ကောင်းသည်။ ယံကိဉ္စိ၊ အမှတ်မရှိ-တချုချသော ဝတ္ထု ပျက်စီးခြင်း။ အမှတ်မရှိသော လောကမှု တခုခုကို။ အာရမ္မဏံကတွာ၊ ရည်မှတ်သမှုအကြောင်းပြု၍။ ဒါနံ၊ အလှူ ကို။ ဒတွာ၊ ပေးလှူရာ၏။ ပုဗ္ဗေ၊ ရှေး၌(ဝါ)လွန်လေပြီးသော

အခါက။ ပေတာ်ဝ၊ ကွယ်လွန်ကုန်ပြီးသော သူတို့ကိုရင်း။ အထဝါ၊ ထိုမှတပါး။ ဝတ္ထုဒေဝတာ၊ အိမ်ရာအစရှိသည်တို့၌။ စောင့်ကုန်သော နတ်တို့ကိုရင်း (ဝါ) ကိုယ်စောင့်နတ် အိမ်စောင့်နတ်-မိရိုးဖလာ နတ် စသည် တို့ကို။ အာရက္ခ၊ ရည်မှတ်သမှု။အကြောင်းပြု၍၊ ဒါနံ၊အလှူကို။ ဒဇ္ဇာ၊ ပေးလှူရာ၏။ ။

စတ္တာရောစ-မဟာရာဇာ၊
လောကပါလေ-ယသဿိနော။
ကုဝေရံ-ဓတရဋ္ဌဉ္စ၊
ဝိရူပက္ခံ-ဝိရူဠှကံ။
တေစေဝ-ပူဇိတာဟောန္တု၊
ဒါယကာစ-အနိမ္မလာ။ ။

(ပေတဝတ္ထုပါဠိတော်။)

ကုဝေရဉ္စ၊ ကုဝေရအမည်ရှိသော။ ဝေဿဝဏ်နတ်မင်းရင်း။ ဓတရဋ္ဌဉ္စ၊ ဓတရဋ္ဌ နတ်မင်း ရင်း။ ဝိရူပက္ခဉ္စ၊ ဝိရူပက္ခ နတ်မင်းရင်း။ ဝိရူဠှကဉ္စ၊ ဝိရူဠှက နတ်မင်း ရင်း။ တေစတ္တာရော၊ ထိုလေးယောက်ကုန်သော။ လောကပါလေ၊ လူတို့ကိုစောင့်တတ်ကုန်သော။ ယသဿိနော၊များသော အခြံအရံ ရှိကုန်သော။ မဟာရာဇေ၊ နတ်မင်းကြီးလေးပါးတို့ကိုရင်း၊ အာရက္ခ၊ ရည်မှတ် သမှု။ အာရုံပြု၍။ ဒါနံ၊အလှူကို၊ဒဇ္ဇာ၊ပေးလှူရာ၏။ မဟာသေဋ္ဌိ၊တကာတော် သူဌေးကြီး။ ဧဝံ-ဒိန္နေ။ဤသို့ဆိုခဲ့တဲ့အတိုင်း။ ပေးလှူသည်

ရှိသော်။ တေစေ၊ ထိုမိဘ ဆွေမျိုး၊ ဖြစ်ဘူးသောပြိတ္တာ။ အိမ်ရှေ စသည်ကို စောင့်သောနတ်၊ လောကကို စောင့်သောနတ်တို့ကို။ ပူဇိတာ၊ချီးမြှောက် ထောက်ပံ့ခြင်း အားဖြင့်။ မြတ်နိုးသမှု၊ ပူဇော်ခြင်း ပြုသည် မည်ကုန် သည်။ ပေဟာန္တ၊ဖြစ်ကုန်၏။ဒါယကာစ၊နတ်တို့ကိုရည်မှတ်၍။လှူဒါန်းအပ်သော။သူတို့သည်လည်း။အနုမ္မလာ၊ လောက-သံသါနှစ်ဖြာကောင်းကျိုးဖွင့်ဖြိုးစွာရရှိကြလေကုန်သတည်း။

## ဤပါဠိအလာအဓိပ္ပါယ်မှာ။

နတ်ပူဇော်သောသူတို့-အထူးမှတ်စရာကောင်းလှ၏။ အနာထပိဏ်သူဌေးကြီးလျှောက်၍၊ ဘုရားရှင်ဟောသော။ တရားတော်ဖြစ်၍။၎င်းတရားတော်၏-ဆိုလိုရင်းအဓိပ္ပါယ်မှာ။စတုလောကပါလ နတ်မင်းကြီးအစရှိသော။သိကြားမင်း-နတ်မင်း-အိမ်စောင့်နတ်- ကိုယ်စောင့်နတ်- မိရိုးဘလာနတ်စသောနတ်တို့ကို အကြောင်းပြု၍။(ဝါ)ထိုနတ်များအဘို့အတွက်ရည်စူး၍။ရတနာမြတ်သုံးပါးတို့အား။ ပေးလှူခြင်းတည်းဟူသောကောင်းမှုပြုလုပ်၍။သူတို့ကိုအမျှပေးဝေပါလျှင်။ထိုအမှုသည်-နတ်များကို ပူဇော်သည် မည်သည့်ပြင်။မိမိတို့မှာလည်း။ ယခုဘဝ၌လည်း။ နတ်များ ချစ်ခင်မြတ်နိုး၍။ပစ္စုပ္ပန်ကောင်းကျိုး ရရှိနိုင်ခြင်း။ သံသရာဘဝ၌လည်းကောင်းကျိုးအမျိုးမျိုးခံစားပြီးနိဗ္ဗာန်သွားနိုင်ခြင်းအကျိုးတို့ကိုရနိုင်ခြင်းအားဖြင့် တချက်ခုတ် နှစ်ချက်ပြတ်သော

ပူဇော်ခြင်း မျိုးဖြစ်၍။အလွန်နည်းယူမှတ်သားစရာကောင်းလှ၏။ ။

## တနည်းမှတ်စရာ-ဥဒါန်း ပါဠိတော်လာဂါထာ။

ယသ္မိံပဒေသေကပ္ပေတိ၊
ဝါသံပဏ္ဍိတ-ဇာတိယော။
သီလဝန္တေတ္ထ-ဘောဇေတွာ၊
သညာတေ-ဗြဟ္မစာရိနော။
ယာတတ္ထဒေဝတာ-အာသုံ ။
တာသံ-ဒက္ခိဏ-မါဒိသေ။ ။

ဥဒါန်းပါဠိတော်။

ပဏ္ဍိတဇာတိယော၊ ပညာရှိသော။ အမျိုးသားသည် ယသ္မိံပဒေသေ၊ အကြင်အရပ်ဒေသ၌။ဝါသံ၊နေခြင်းကို။ကပ္ပေတိ၊ပြု၏။ဧတ္ထ၊ဤမိမိနေရာအရပ်၌၊သညာတေ။ကိုယ်နှုတ်နှလုံးစောင့်သုံးခြင်းရှိကုန်သော။ ဗြဟ္မစာရိနော၊ မြတ်သောအကျင့်ကို။ကျင့်လေ့ရှိကုန်သော။သီလဝန္တေ၊သီလဝန္တေ၊ ပုဂ္ဂိုလ်တို့ကို။(ဝါ)အကျင့်သီလနှင့်ပြည့်စုံသော။ရဟန်းသံဃာတော်တို့ကို။ဘောဇေတွာ၊ကျွေးမွေးလှူဒါန်း၍။တတ္ထ၊ထိုမိမိနေရာ၌။ ယာဒေဝတာ၊ အကြင် အိမ်စောင့်နတ်-ရွာစောင့်နတ်။မြို့စောင့်နတ်။အစရှိသည်တို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏၊ တာသံ၊ထိုနတ် အရှင်ကြီးတို့အား။ဒက္ခိဏံ၊ မိမိပြု၍။ရပ်အပ်သောကုသိုလ်၏အကျိုးကို၊အာဒိသေ၊ အမျှပေးဝေကုန်ရာ၏။

**မှတ်ချက်။** ဤပါဠိတော်စကား မြတ်ဘုရား၏ဆိုလို ရင်းအဓိပ္ပါယ်မှာ၊ အမြော်အမြင်အဆင်ခြင်ရှိသူ လူအပေါင်း တို့သည်၊ မိမိတို့သည် ဤအရပ်-ဤအိမ်၌နေမည်ဟု ကြံစီ ၍၊ ထိုအိမ်၌ ရဟန်းသံဃာ အရှင်မြတ်တို့ ပင့်ဘိတ်၍၊ ဆွမ်းကျွေးခြင်းစသော အလှူကို ပြုလုပ်၍။ ထိုအိမ်စောင့် နတ်,ရွာစောင့်နတ်,မြို့စောင့်နတ်စသည်တို့ကိုအမျှပေးဝေရ မည်။ ဤသို့ ပေးဝေပါက။ ထိုနတ်အပေါင်းတို့က စောင့် ရှောက်,ကြည့်ရှု,မစ,သဖြင့်၊ ဘေးရန်ကင်း၍။ချမ်းသာခြင်း ဖြစ်နိုင်သည်ဟုဆိုလိုသည်။ ။

## နတ်လိုမှ-ကြိုဟ်ကြွဂါထာတော်။

တာပူဇိတာ-ပူဇယန္တိ၊
မာနိတာမာနယန္တိနံ။
ဒေဝတာနု-ကမ္ပိတောပေါသော၊
သဒ္ဓါဘဒြာနိ-ပဿတိ။

ဥဒါန်းပါဠိတော်။

ပူဇိတာ၊ ပူဇော်ပသအပ်ကုန်သော။တာ၊ ထိုနတ်အရှင် ကြီးတို့သည်။ နံ၊ ထိုမိမိတို့အား ပူဇော် ပသသော သူကို။ ပူဇယန္တိ၊ တဖန် ပြန်၍။ ပူဇော်ခြင်း အားဖြင့်၊ စောင့် ရှောက်မစ ကြကုန်၏။ မာနိတာ၊ ကြည်ညို မြတ်နိုးအပ် ကုန်သော။ တာ။ ထိုနတ် အရှင်ကြီးတို့သည်။ နံ၊ ထိုမိမိ အားမြတ်နိုး သောသူကို။ မာနယန္တိ၊ တဖန်ပြန်၍၊ ကြည်

ညိုမြတ်နိုးကြကုန်၏။ ဒေဝတာနှ၊ ကမ္ဘောဇ၊ နတ်သခင် အရှင်ကြီးတို့သည်၊ ကြည်ညို မြတ်နိုးသဖြင့်။ သနား စောင့်ရှောက်၏။ စောင့်မကြည့်ရှုခြင်းခံရသော။ပေါ်သော၊ ပူဇော်ပသနေသောသူသည်၊ သဒ္ဓါ၊ အခါခပ်သိမ်း၊ ဘဒြာနိ၊ ကောင်းမြတ်သောအာရုံတို့ကို။ ပဿတိ။တွေ့မြင်ရ၏။ **(ပဿတိ)** **(နတ်လိုမှ=ဂြိုဟ်ကြ)** ဆိုကြတဲ့ စကားလာကို။ တရားဓမ္မာနှင့်-နှိုင်းကြည့်တော့။ အတိုင်းမသိအောင်။ ဟုတ်မှန်ကြောင်း တွေ့မြင်ရလေတော့သတည်း။

**ဤပါဠိတော်၏အဓိပ္ပါယ်ကတော့။** ။ဆိုင်ရာနတ်များကို မိမိတို့က၊ ကိုးကွယ် ဆည်းကပ်ခြင်း။ အုံးပွဲငှက်ပျောပွဲ မုန့်ပွဲစသော။ ပူဇော်ဘွယ်တို့ဖြင့်ပူဇော်ပသ၏၊ ထိုသူတို့၏ ပူဇော်ပသခံရသောနတ်များကလည်း။ ပြန်၍ချစ်ခင်နှစ်သက်စွာနှင့်။ဘေးအပေါင်းကင်းရှင်း၍။ချမ်းသာခြင်းနှင့်။ ပြည့်စုံအောင် မစစောင့်ရှောက်ကြကြောင်းကိုဆိုလိုသည်။ဤကဲ့သို့နတ်များကိုပူဇော်သဖြင့်နတ်များကပြန်ကာမစ၍ ကောင်းကျိုးချမ်းသာ ခံစားရသော၊ **(ကုဏ္ဍလကုမာရဝတ်)** တော်၌။ ကြက်ဆူပင်စောင့်နတ်အား။ ဆန်ခွဲဆုံ့ကလေးဖြင့် ပူဇော်ပသ၍၊ နတ်ကရွှေအိုးကြီးများပေးပြီးမစသဖြင့်၊ သူဌေးကြီး ဖြစ်ရခြင်းစသော ဝတ္ထုသက်သေတွေများစွာရှိပေ၏။ လောကီ ဥပမာအားဖြင့်ဆိုသော်၊ မိမိကိုသူတပါးကအမြဲပေးကမ်းလှူဒါန်းနေခြင်း၊ မိမိကောင်းကျိုးကိုဆောင်ရွက်ခြင်း စသော။ မိမိကိုကြည့်ရှုမစသူကို၊ မိမိသည်ထိုသူကို ပြန်၍ ချစ်နှစ်သက်စွာနှင့်၊ ထိုသူ၏ ကိုယ်

စိတ်နှစ်ဖြာချမ်းသာခြင်းကိုသာလိုလားသကဲ့သို့ရင်း။မိမိကို ပျက်စီးအောင် လုပ်၍။ အမြဲတန်း ဆဲ ဆိုနေသူကို၊ မိမိက လည်း။ ထိုသူကိုမချစ်မနှစ်သက်နိုင်သကဲ့သို့ရင်း။ နတ်များ လည်း။ မိမိကိုပူဇော်သူကို။ စောင့်ရှောက်မစ၍။ မပူဇော် ဘဲ၊အမြဲဆဲရေးရှုတ်ချနေသူကို၊ ဘမ်းစားခြင်းစသောပျက် စီးရေးပျက်စီးကြောင်း ပြုတတ်သည်သာတည်း၊ ။သို့ဖြစ် ၍။ အချို့ အယူသီး သူတို့ ကြပ်ကြပ် သတိထားကြရာ သည်။

## လူက,ပ-သလျှင်။နတ်က,မ-စစောင့်ရှောက်ရမည်ဟု ဘုရားရှင်ဟောကြားမြွတ်တရား။

ဒိဝါစ-ရတ္တော၁စ-ဟာရန္တိယေဗလိံ၊
တသ္မာဟိ-နေ-ရက္ခထ-အပ္ပမတ္တာ၊ ။

(ပရိတ်ကြီးပါဠိတော်။)

ယေမနုဿာ၊ အကြင်လူတို့သည်။တုမှေ၊ သင်နတ်မင်း တို့ကို၊ ဥဒ္ဒိဿ၊ရည်ရော်သမှု အာရုံပြု၍။ ဒိဝါစ၊နေ့၌ရင်း၊ ရတ္တော၁စ၊ညဉ့်၌ရင်း။ ဗလိံ၊ဗလိနတ်စာ။ပူဇော်သကာကို။ ယသ္မာ၊အကြင်ကြောင့်၊ ဟာရန္တိ၊ပူဇော်ပသတင်မြှောက် ကြကုန်၏။တသ္မာဟိ–တသ္မာဝေ၊ထိုကြောင့်သာလျှင်။ တု မှေ၊သင်နတ်မင်းတို့သည်။ နေ–မနုဿေ၊ထိုလူတို့ကို။အပ္ပ မတ္တာ၊ နေ့နေ့ ညည။ မမေ့မလျော့ကြ ကုန်သည် ဖြစ်၍။ ရက္ခထ၊ ညီညာဖြဖြ။ စောင့်ရှောက်ကြကုန်လော။

## ဤပါဠိအရဆိုလိုရင်းအဓိပ္ပါယ်မှာ။

ဤသို့ဖြတ်စွဲဘုရားသခင်က။နတ်အပေါင်းတို့-သင်တို့ကို လူအပေါင်းတို့သည်၊ ဗလိနတ်စာအဖြာဖြာဖြင့် ပူဇော်ကြကုန်၏။ ထိုလူတို့ကို သင်တို့သည်၊ ဘေးမရှိရန်မခတဲ့။ ကိုယ်စိတ်နှစ်ပါးချမ်းသာပွားများအောင် စောင့်ရှောက်ကြရမည်ဟုဆိုလိုသည်။ ဤနေရာ၌အထူးမှတ်စရာကား။နတ်များကို၊ ကိုးကွယ် ပူဇော် ပသခြင်းသည်၊ လူ့,နတ်,နိဗ္ဗာန်သုံးတန်သောအကျိုးတို့ကို ရရှိနိုင်သည်။ ပေးစွမ်းနိုင်သည်ဟူ၍၎င်း၊ ကြက်,ဝက်,နွား,ဆိတ်,တို့ကိုသတ်ဖြတ်လျက်၊ ပူဇော်ခြင်းကို၎င်း၊ မှတ်ယူပြုလုပ်ခြင်းကို၊ ဘုရားရှင်ခွင့်ပြုတော်မမူ။မိစ္ဆာအယူ ဖြစ်သဖြင့်။ သံသရာဝဋ်အလွန်လေးသော မှတ်ယူ,ပြုလုပ်ခြင်းဟုမှတ်ကြရမည်။ စင်စစ်ဘုရားရှင်အလိုတော်ကား။အကုသိုလ်အပြစ်မရှိသော။ အုံး,ငှက်ပြောစသောပူဇော်ဘွယ်အသွယ်သွယ်တို့ဖြင့်။ယခုပစ္စုပ္ပဘဝ၌။ ဘေးရန်ကင်းရှင်းရန်ကိုသာရည်မှတ်၍ ပြုလုပ်ကိုးကွယ်ပူဇော်ခြင်းကို။ခွင့်ပြုမိန့်ကြား ဟောထားတော်မူလေသည်။ ပစ္စုပ္ပန်—သံသရာ နှစ်ဖြာလုံးအကျိုးကို ရရှိအောင်။ နတ်များကို ပူဇော်သောနည်းကား။ အထက်ဆုံးကပြခဲ့တဲ့နည်းအတိုင်း။ မိမိတို့ ကိုးကွယ်သော၊ ဆိုင်ရာနတ်စသည်တို့ကိုအမျှပေးဝေခြင်းသည်၊ နတ်နှင့်လူ နှစ်ဦးလုံးအကျိုးအကြီးဆုံးပူဇော်ခြင်းဖြစ်သဖြင့်။ ဘုရားအကြိုက်ကိုသာအားထုတ်ပြုလုပ် နိုင်ကြရာသည်။

ယခုအခါ၌။ အချို့ဘာသာ၌။ နတ်ကိုပင် ဘုရားတင်ပြီး အလွဲလွဲ အမှားမှားကိုးကွယ်ပူဇော်ခြင်းသည်ကား။ မိစ္ဆာ အယူဖြစ်၍။ အကျိုးမရှိ။ အပြစ်ကြီးလှပေ၏။ ဆိုင်ရာနတ် များကိုကား။မိမိတို့ဘေးကင်းရန်ကွာ အတွက်။ ငဲ့ကွက်၍။ ယခုမျက်မှောက် ပစ္စုပ္ပန်အကျိုးကိုသာရည်၍။ ပူဇော်ကြရ သည်။ထိုနတ်များက။ စင်စစ်မိမိတို့အား။ လူနတ်နိဗ္ဗာန်သုံး တန်သောအကျိုးကိုမပေးနိုင်။ရတနာမြတ်သုံးပါးသာလျှင်။ ချမ်းသာ သုံးပါးကို။ ပေးစွမ်း နိုင်ကြောင်း ကို တရားစစ် ကို သိရှိထားကာ။ အထက်ပါ နည်းနယတို့ဖြင့်။ပူဇော်ကြ ရသည်။ ။

နတ်များပူဇော်ခြင်း၏အကျိုးအပြစ်ပြခြင်းပြီး၏။

မြန်မာသက္ကရာဇ် ၄ ၀ ၅ ခုနှစ်တွင်။ပဲခူးမြို့၌။မိစ္ဆာဒိဋ္ဌိ အယူရှိသော။ တိဿမင်းကြီး။ မင်းပြုသောအခါ။မိစ္ဆာအ ယူရှိသော။မသူတော်ပုဏ္ဏားတို့ကို။ဆရာတသူလုပ်၍။ ကိုး ကွယ် ဆည်းကပ်လေ၏။ ပုဏ္ဏားတို့သည်။ မင်းကြီးအား တဖြေးဖြေးမိမိ၏အလိုသို့ရောက်အောင်။ ဆွဲယူဟောကြား တရားများတို့ကိုပြလျှင်။ မင်းကြီး မိမိတို့ဘက် လုံးလုံးပါပြီ ကိုသိရသော်။ ဘိုးစဉ်ဘောင်ဆက် လက်ထက်က။ မပျက် အစဉ်။ ဘုရင်အဆက်ဆက် ပူဇော်ဆည်းကပ် ကိုးကွယ် လာကြသော။ဘုရားရှင်ရုပ်ပွါးဆင်းတုတော်၏။ အပြစ်ကို အမျိုးမျိုး။ မဟုတ်မတရား။ ယုတ္တိယုတ္တာပြခါ။ အသင်မင်း

ကြီး။သင်မင်းကြီးတို့ယခုကိုးကွယ်နေတဲ့။ ဘုရားဆိုတဲ့အရုပ်တွေဟာ။ ထမင်းကျွေးလို့စားသလား။ ရေတိုက်၍သောက်သလား။ ပန်းပေးလို့နမ်းသလား။ မီးထွန်းပေးလို့။ ထင်းမှန်း-မှောင်မှန်းသိသလား။ဤကဲ့သို့ဘာမှ။ မသောက်မစား-မခံစားနိုင်သော-အရုပ်တို့ကို။ဘုရားမှတ်ပြီးကိုးကွယ်နေ၍။ ဘာအကျိုးရှိအံ့နည်း။ အရုပ်ဆိုတဲ့အတိုင်း။ (ပညာပ်သွားရာခေတ်သက်ပါ)ဆိုတာလို။ တိုင်းပြည်ကြီးသုတ်ယုတ်ပျက်ပြားစရာသာ အကြောင်းရှိသည်။တိုင်းပြည့်စည်ကားခြင်းကို မြင်လိုလျှင်။ဒီအရုပ်တွေကို။ နန်းတော်နှင့်တကွ။ တိုင်းပြည်မြို့ရွာ၌။ မထားပါနှင့်ဟု။မိစ္ဆာဒိဋ္ဌိဘိက္ခုသဘော၊ မင်းကြီးအား။ထင်မြင်ရာပြော၍။ဟောကြား ဆုံးမလေ၏။ ။

ထိုအခါ-အသိဉာဏ် အလွန်နည်းသော တိဿမင်းကြီးသည်။ပုဏ္ဏားတို့၏ ပြောစကားကို။အဟုတ်ယုံပြီး။အမင်းမင်းအဆက်ဆက်။ ကိုးကွယ်တော်မူလာသော။ စေတီရုပ်ပွါးတော်တို့ကို။ အားလုံးမြစ်ချောင်းထဲသို့ စွန့်ပစ်စေသည့်ပြင်းတိုင်းပြည်မြို့ရွာမှာလည်း။မထားရ-စွန့်ပစ်ရမည်။ထားရှိကိုးကွယ်က။ မင်းဒဏ်ခတ်မည်ဟု အမိန့် ထုတ်ဆင့်ထားကြလေ၏။ ။

(မှတ်ချက်)။ ။ကြောက်ဘွယ် ကောင်းစွ- ဝန်လေးစွ တကား။
အထက်ကပြခဲ့သော-ဇဋိလ ဇာတ်တော်ထောက်
ကြည့်လျှင်။ ဤအမှုသည် ဝန်လေးစွ တကား။
ယခုအခါမှာသည်း။ မိစ္ဆာဒိဋ္ဌိ- ဂိုဏ်း အစစ်တွေ
နှင့် ဗုဒ္ဓဘာသာအမည်ခံ၍။မိစ္ဆာဉာဏ်သက်ဝင်

နေကြသော။အချို့သူတို့-ထို ပုဏ္ဏားတို့ လေမျိုး
ကိုသုံးကာ- ပြောဟော သည်ကို အချို့ဉာဏ်
နည်းသူတို့ ယုံကြည်မိတတ်သည်။ အလွန်ဝန်
လေးသောအမှုဖြစ်၍ ကြပ်ကြပ်သတိထားကြပါ
ကုန်။ ။

တနေ့သောအခါ၊ထိုအကြောင်းကိုမသိရှာသော၊ ရတနာ မြတ်သုံးပါးကို၊ အလွန်ကြည်ညိုသော၊ **တလဲထော်** အမည် ရှိသော၊ ကုန်သည်ကြီး၏ သမီးကလေး တယောက်သည်၊ မိမိ၏၊ အစေခံများနှင့်၊ မြစ်တွင်းသို့ ရေဆင်းချိုးလေသော်၊ အောက်မှ-ဟိုဟိုဒီဒီတိုက်မိ၍၊ ကောက်ယူကြည့်လိုက်သော အခါ၊ ဘုရားဆင်းတုတော်များကို တွေ့ရလေ၏၊ ထိုအခါ ခြင်း....ဘုရားရှင်ရုပ်ပွါးတော်တွေပါလား၊ ဘာပြုလို့မြစ် တွင်းရောက်နေကြပါလိမ့်မည်ဟု၊ အစေခံများကို မေးလေ သော်၊ ဘုရင်မင်းကြီးက၊ မကိုးကွယ်ရ- စွန့်ပစ်ရမည်-ကိုး ကွယ်ဆည်းကပ် သူဘို့အား၊ မင်းဒဏ်ခတ်မည်ဟု အမိန့် ထုတ်ထား၍၊ မကိုးကွယ်ဝန့် သဖြင့်၊ ပစ်စွန့်ထားကြရပုံ၊ အကုန်အစုံတ်လှန်၍၊ ပြောပြလေသျှင်၊ **တလဲထော်** အမည် ရှိသော။ တလိုင်းမကလေးသည်၊....ရင်ကို မ ၍၊ဖြစ်မှဖြစ်ရ ပလေ၊ ဘုရင်မင်းမြတ်ကြီးလဲ၊ အယူမှားနေရှာပါပေါ့လား၊ ဝန်လေးသော အမှု ပြုပုံပေစွ၊ ဘုရားရှင် ကိုယ်တော်စား၊ ဤရုပ်ပွါးဆင်းတုတော်တို့မှ၊ငါတို့မဆည်းကပ်။ မကိုးကွယ် ရသျှင်။ ဘယ်မှာသျှင်။ အားကိုးဘွယ်ရှိတော့အံ့နည်း။ လူ- နတ် နိဗ္ဗာန်၊သုံးတန်သောချမ်းသာကို၊ ရောက်ကြောင်းတရား

ဘယ်မှာလျှင် ပွါးများနိုင်ပါတော့အံ့နည်းဟု။ အမျိုးမျိုးညီး ဘုရားပြောဆိုပြီးလျှင်။ ဗိမိအခစခံတို့ကို၊ ပြောပြသည်မှာ၊ ငါကိုးကွယ်အံ့။ မင်းမြတ်ငါ့ကို။ သတ်လိုကသတ်ပေစေ။ အလုတုမရှိ ကိုးကွယ်ရာ ဖြစ်တော်မူသော။ ဘုရားရှင်တို့ကို တော့ ငါစွန့်နိုင်ပြီ။တသက်တခါသေရမြဲ ဓမ္မတာရှိ၏။ ဘုရား ဘက်၌သေရခြင်းကားမြတ်၏ဟု....ပြောဆိုကာ။၎င်း အနီး ၌။ရသမျှဘုရားရှင်တို့ကို။ လိုက်ရှာဆယ်ယူလေသော်။ဆင်း တုတော် ရှစ်ဆူကို တွေ့ရှိသဖြင့်။ အမွှေး နံ့သာရေတို့ဖြင့်။ သပ္ပါယ်ကာ၊တခုသော စေတီယင်ပြင်ပေါ်၌။ သဲဖြူများခင်း ကျင်း၍။ကျနစွာ တည်ထားလျက်။ပန်းစသည်ဖြင့်၊ကိုးကွယ် ပူဇော်လေ၏။ ။

ထိုအကြောင်းကို။ မင်းချင်းယောကျ်ားတို့ သိရှိရသဖြင့်။ မင်းကြီးအား လျှောက်ထားလေသော်။ မင်းကြီးသည်။ချက် ခြင်း၊ ထိုသတို့သမီးကို၊ဖမ်းစေ၍၊ စစ်ဆေးမေးမြန်းလေသော်။ **ဘာလဲဟေ့** သတို့သမီးကလေးက။ ဟုတ်မှန်ကြောင်း ဝန်ခံ လေလျှင်။ ငါအမိန့်ထုတ်ထားတာမသိဘူးလားဟု- မင်းကြီး ကမေးမြန်းသောအခါ။ သိပါ၏၊ သို့သော်၊ အသက်ကိုစွန့်ဘို့ ရန်အသင့်ဖြစ်ပါသည်။ကျေးဇူးတော်အရုံ၊ဂုဏ်တော်အနန္တ နှင့် ပြည့်စုံတော်မူသော၊ ဘုရားရှင်တို့အား မကိုးကွယ်ဘဲ မနေနိုင်ပါဟု။ပြန်၍လျှောက်ထားလိုက်လေ၏။ ။ထိုအခါ မင်း ကြီးသည် အလွန်စိတ်ဆိုးလာသဖြင့်။ ကဲဘာဖြစ်-နင့်ဘုရား တွေကကယ်လိမ့်မယ်၊သိရောပေ!ဟုပြောဆိုကာ။ အာဏာ တော်သားများဘက်သို့ လှည့်၍- မောင်မင်းများ။ ဤသတို့

သွေးကို။ဆင်တော်နှင့်နှင်းသတ်ကြစေဟု- တချက်လွှတ်အမိန့် တော်မှတ်လိုက်လေ၏။

ထိုအခါ၊ အာဠာဝကတော်သားတို့သည်။ သတို့သွေးအား။ လက်ပြန်ကြိုး တုပ်နှောင်၍။ မြို့ပြင်ထုတ်ခါ။ ဆင်နှင့်တိုက်ရော် လေသော် **တာလခေဘ်** သူငယ်မ ကလေးသည်။ စိတ်ကို ခိုင်ခိုင်ထား၍။(ဗုဒ္ဓါမေ-သရဏံ-အညံနတ္ထိ- ဓမ္မောမေသရ ဏံအညံနတ္ထိ- သံဃောမေသရဏံ-အညံနတ္ထိ) ဟုသာရွတ် ဆိုလျက်။ ဘုရားရှင်ဂုဏ်တို့ကို။ အမြဲနှလုံးသွင်းကာ၊ ဘုရား ရှင်ဂုဏ်ကို မြင်အောင်အာရုံပြု၍သာ နေသောအခါ။ နှင်း ရန်လာသောဆင်သည်။ အနီးရောက်လာသော်။ မီးပုံကြီးကို နှင်းရတော့မည်ကဲ့သို့စိတ်တွင်ထင်လျက်။အော်ဟစ်ခါ-ပြန် ပြေးလေ၏။ ။တဖန်-ထိုအကြောင်းကိုမင်းချင်းတို့လျှောက် ထားလေသော်။ ဒါဖြင့်၊ ကောက်ရိုးအမှိုက်တို့ဖြင့် ဖုံးအုပ်၍။ မီးရှို့သတ်စေဟု၊အမိန့်ချမှတ်ပြန်လေ၏။မင်းချင်းယောကျာ်း တို့သည်လည်း။ရှေးနည်းတူ၊အမိန့်တော်အတိုင်း။ မီးရှို့သတ် သော်လည်း။ **တာလခေဘ်** သတို့သွေးသည်။ရှေးနည်းအတိုင်း။ ဘုရားရှင်၏ဂုဏ်တော်ကိုသာ၊ ရွတ်ဆိုလျက်။ အမြဲထင်မြင် အောင်အာရုံပြုခါ ပွါးများ၍နေလေ၏။ ထိုသို့ ဘုရားကိုသာ အားကိုးလျက်နေသောကြောင့်၊ဘုရားရှင်၏ဘုန်းနိုးတော် အာနုဘော်ကြောင့်၊ထိုမီးသည်၊လူကိုမဆိုထားဘဲ။ မွေးညှင်း ကလေးတပင်ကိုမျှပင်မလောင်ကျွမ်းနိုင်ဘဲ။မီးပုံကြီးအလယ်။ ကြာပွင့်ကြီးသဖွယ် တင့်တယ်စွာဖြစ်လေ၏။

(မှတ်ချက်)။ ။ဤရာဇဝင်ဝတ္ထုကဲ့သို့၊မမ္မပဒလာ- လှည်းသွား သားအဘနှစ်ယောက် ဝတ္ထု၌လည်း၊ ယခုလို၊ ဘုရားကိုကြည်ညို၍ ဘုရား ဂုဏ်တော်ကို အာရုံ ပြု၍ရှိခိုးသည်မဘုတ်- ကစားလျှင် နိုင်ရန်ကျက် ထားသော- (နမောဗုဒ္ဓဿ)ဟု- ရောင်ရမ်းဆိုခါ မျှဖြင့်၊သတ်စားမဲ့လုပ်တဲ့ဘီလူးဘေးက- လွတ်ရ ၍-လောကီ- လောကုတ္တရာချမ်းသာရဘူးတဲ့ထုံး ရှိလေသည်။ ထိုမှတပါး၊ သာမာဝတီတို့လည်း- ဘုရားဂုဏ်တော်အာရုံပြုနေကြသဖြင့် ဥတေနမင်း ကြီးမြှားနှင့်ပစ်ရာ၊ မြှားပြန်သွားသောဝတ္ထုသက် သေရှိလေသည်။

ထိုအကြောင်းကို။ ဘုရင်မင်းမြတ်အားလျှောက်ပြန်လေ သော်။နန်းတော်သို့ သွင်းခဲ့စေ၍။ဟဲ့ တာသဆော် နှင့်ဘုရား တွေ၊ နင်ဒါလောက်အားကိုးလှတာဟာ။ နင့်ဘုရားတွေဟာ။ သွားနိုင်သလား၊ လာနိုင်သလား၊ ဆွမ်းကျွေးလို့ စားနိုင်သ လားစသည်ဖြင့်။ ပုဏ္ဏားဆရာတွေ ဟောထားတဲ့အတိုင်း- ပုတ်ခတ်၍မေးလေသော်....“မင်းမြတ်....ဒိလိုအမိန့်ရှိတော် မမူပါနှင့် ဤဆင်းတုတော်တွေသည်ကား။ဘုရားရှင်ကိုယ်စား တော်များဖြစ်၍။ ဘုရားရှင်၏ဂုဏ်တော်အာရုံပြုလျက်-ရှိခိုးပူ ဇော်ပါလျှင်။ သက်တော်ထင်ရှားရှိသော။ ဘုရားသခင်ကို။ ရှိခိုးပူဇော်ဘာနှင့်တူပါတယ်အရှင်မင်းကြီး၊ ဤကဲ့သို့တူညီ သွာအကျိုးရှိကြောင်းလဲ။ ကျမ်းဂန်အခိုင်အမာရှိပါတယ်။နား ဆင်တော်မူပါ” ဟုလျှောက်၍။ အောက်ပါဂါထာကိုရွတ်ပြ သောဟူ၏၊ ။

တိဋ္ဌန္တေ-နိဗ္ဗုတေစာပိ၊
သမေ စိတ္တေ-သမံဖလံ။ ။

စေတောပဏိဓိ-ဟေတုဟိ၊
သတ္တာ ဂစ္ဆန္တိ-သုဂ္ဂတိံ။

ဝိမာနဝတ္ထုပါဠိတော်။

တိဋ္ဌန္တေစ၊ သက်တော်ထင်ရှားရှိသော၊ ဘုရားရှင်ကိုယ်တော်မြတ်၌၎င်း။ နိဗ္ဗုတေစ၊ ပရိနိဗ္ဗာန်၊ ဝင်စံကြွသွား၊ ရှင်တော်ဘုရား၏၊ ကိုယ်စားတော်ဖြစ်သော၊ စေတီတော်မြတ်အပေါင်း၌၎င်း။ စိတ္တေ၊သဒ္ဓါကဲ့သို့၊ ကြည်ညိုတတ်သောစိတ်သည်။သမေ၊ အညီအမျှ၊ တူစွာထားနိုင်ကြသည်၊ သတိ၊ရှိသော်။ သမံဖလံ၊ မပိုမကြွ၊ တူမျှသောအကျိုးကိုရသည်။ ဟောတိ၊ရချုပ်သော၊ဖြစ်ပါပေ၏၊ဟိသဒ္ဒံ၊ သက်တော်ထင်ရှားမြတ်ဘုရားနှင့်၊ ကိုယ်စားစေတီ၊ ထိုနှစ်လီကို၊ တူညီစိတ်ထား၊ဆည်းကပ်ငြားက၊ ကျိုးကားညီမျှ၊ အမှန်ရ၏ဟူသော၊ ထိုစကားသည်၊ မမှားဧကန်၊ စင်စစ်မှန်၏။ စေတောပဏိဓိဟေတုဟိ၊ ဂုဏ်တော်သို့ရောက်အောင်။ ဓိဓိဘူ စိတ်ထားကောင်းကြသောကြောင့်သာလျှင်။ သတ္တာ၊ ရှင်တော်ဘုရား။ ကိုယ်စားစေတီ၊ အလီလီကို၊ရှင်ကြည်ကိုးစား၊သတ္တဝါများတို့သည်။ သုဂ္ဂတိံ၊ လူနတ်နိဗ္ဗာန်၊ သုံးတန်သော-သုဂတိအထပ်။ချမ်းသာရာအရပ်သို့။ ဂစ္ဆန္တိ၊ ပမ်း သာဝမ်းမြောက်နှင့်၊ သွားရောက်ကြရလေကုန်တော့သတည်း။ ။

ထိုအခါမင်းကြီးသည်။ သာလွန် စိတ်ဆိုးလာပြန်တယ်-ဘာ့ကြောင့်လဲဆိုဘော့။ (အသဒ္ဓသ- သဒ္ဓကထာ- ဒုက ထာ)အသဒ္ဓသ၊ ဘုရားအစရှိသော။ ရတနာသုံးပါးကို။မယုံကြည့်။မကိုးစား။ မကြည်ညိုသောသူအား။ သဒ္ဓကထာ၊ကံ-ကံ့၏အကျိုးယုံကြည်မှု။ ရတနာသုံးပါး ယုံကြည်မှုစသော။ သူတော်ကောင်းတရားသည်။ ဒုကထာ၊ ကျွဲပါးစောင်းတီး။ ပမာနည်းသို့။အချည်းနှီးဖြစ်သွား။ မကောင်းသောစကားမည့်၏ ။ဟု ဘုရားရှင်ဟောတဲ့အတိုင်း။ တလဲဆော် သတ္တိသွီး ဟောပြတဲ့၊ သူတော်ကောင်းဘရားသည်။ မသူတော်မိစ္ဆာ မင်းကြီးနား၊ ဆဲသကဲ့သို့ဖြစ်လေ၏။ ဒါ့ကြောင့်။မင်းကြီးက ကဲကဲ နင်ဒါလောက်နင့်ဆရာ ဘုရားတွေကိုအားကိုးလှဘာ။ ယခုငါ့နန်းတော်က- ဒီကိုကြွလာအောင်ပင့်ရမည်။ ကြွလာနိုင်လျှင်။အသက်ချမ်းသာပေးမယ်။ မကြွလာလျှင်-နင့်ကို,ငါ ကိုယ်တိုင်သန်လျက်ဖြင့်၊ လည်ဖြတ်သတ်မည်ဟု၊ အမိန့်ချမှတ်ပြန်လေ၏၊(မခုနိုင်ဘူးဟုမှုချမှတ်ထင်၍ သတ်လိုသဖြင့် နိုင်းခြင်းဖြစ်လေ၏)။ ။

ထိုအခါ၊သတ္တိသွီးသည်၊ကောင်းပါပြီဟုဝန်ခံကာ၊ ဘုရားဂုဏ်တော်အပေါင်းတို့ကို၊အထက်ကပြခဲ့သော၊ တိဂုဏသာရ။ ဥပါသကာကဲ့သို့၊အမျိုးမျိုးချီးကျူးကာရှိခိုးလျက်၊ မိစ္ဆာ ညာဏ်-နရက်သွားလူအများတို့ကို၊ ကယ်ချွတ်တော်မူ၍၊ ရှင်တော်ဘုရား၏သာသနာတော်ကြီး၊ မပျက်မစီး၊ မညှိုးငယ်ရအောင်၊ကောင်းကင်ခရီးဖြင့်၊ဈာန်ယာဉ်စီးကာ၊ကြွလာတော်မူပါဘုရားဟု၊မိမိရေမှဆယ်တင်၍-ပူဇော်ထား သော၊ဆင်း

တုတော်မြတ်တို့ထံ မြှော်မှန်းပြီးပင့်လိုက်ရာ။ ။ဘုရားရုပ်ပွါးတော်တို့သည်၊ သူတော်ကောင်းမကလေးမိဋ္ဌာန်ချက်ဖြင့်၊ သက်တော်ထင်ရှားရှိသော၊ ဘုရားရှင်ကဲ့သို့၊ ကောင်းကင်ပျံတက်၍၊ ရောင်ခြည်တော်ခြောက်ဖြာကွန့်မြူးလျက်၊နန်းတော်သို့ကြွတော်မူလာကြလေ၏။

ဤသို့- ရုပ်ပွါးဆင်းတုတော်ရှစ်ဆူကောင်းကင်မှ၊ ရောင်ခြည်တော်ခြောက်ဖြာကွန့်မြူး၍-ကြွသာသည်ကို၊ လူအများမြင်ရသော်၊ အုတ်ြသြော်-သောင်းခြင်းဖြစ်လျက်၊ အထူးပင်ပန်းနှံ့သာလက်ဆွဲ၍၊သူ့ထက်ငါ၊ ထွက်ကာပူဇော်ကြသည်မှာ၊တမြို့လုံးဆူညံနေတော့၏၊ ဘုရားဆင်းတုတော်မြတ်များလည်း နန်းတော်ပြာသာဒ်ကို လက်ျာရစ်လှည့်၍၊ တန်ခိုးပြတော်မူနေသောအခါ၊ **တာသဆော်** သတ္တုသွီး ကလေးသည်၊ ဝမ်းသာအားရအမျိုးမျိုးရှိခိုးပူဇော်လျက်၊မင်းကြီးအားဘော်၍ပြောလေ၏။မင်းကြီးလည်း- နန်းပြင်ထွက်၍- ကြည့်သော်၊ မတွေ့ဘူးမကြုံဘူးသောတန်ခိုး ပြာဋိဟာတို့ကို မြင်ရသဖြင့်၊ ရှိခိုးလျက်နေ၏၊ထိုအခါ **တလဆော်** သူငယ်မကား၊အရှင်မင်းကြီးဘုရားနေရာကို မြင့်မြတ်ရာမှာခင်းကျင်း၍၊ ပင့်တော်မူလော့ဟု ပြောသဖြင့်- ပင့်လေသော်၊ သက်တော်ထင်ရှားဘုရားကဲ့သို့ ကြွဆင်းတော်မူကာ၊ ခင်းအပ်သောနေရာ၌၊ သီတင်းသုံးတော်မူနေကြလေ၏။

ထိုအခါမှ၊**တာလဆော်**သတ္တုသွီးကလေးက၊အရှင်မင်းကြီးကျွန်တော်မ၏၊ဆရာဘုရားတို့သည်၊ရုပ်ပွါး ဆင်းတုတော်မျှသာဖြစ်ပါသည်၊သက်တော်ထင်ရှား ဘုရားသာ ဆိုလျှင်၊ ဤ

ထက်အာဆပေါင်းမရေမတွက်၊ မကြံဆနိုင်အောင်၊ တန်းခိုးပြ
တော်မူနိုင်လိမ့်မည်ဟုယုံကြည်ပါသည်။ ယခု အရှင်မင်းကြီး
ကိုးကွယ်နေတဲ့ ပုဏ္ဏား ဆရာဘုရားတို့သည်၊ သက်တော်ရှိ
သေးသည်ဖြစ်၍တရားစစ်ရှိသော၊ ဘုရားစစ်မှန်လျှင်ကောင်း
ကင်ပါက်၍၊ ယခုကျွန်တော်မ ကိုးကွယ်တဲ့ရုပ်ပွါးတော်တို့
ထက်၊ တန်းခိုး ပြနိုင်ပါလိမ့်မည်၊ သို့ဖြစ်၍၊ တန်းခိုးပြစေ
ချင်တော်မူပါဟု၊ မင်းကြီးအားလျှောက်ထားလေသော်၊ မင်းကြီး
ထည်း၊ သတို့သွီးလျှောက်ထားသောစကားသည်၊ သင့်လျော်
ပေသည်ဟုယူဆကာ၊ သူ၏ဆရာဘုရားပုဏ္ဏားတို့ကိုပင့်၍၊
ကောင်းကင်ဗျာန်ပျံ၍၊ တန်းခိုးပြရန်၊ တိုက်တွန်းပြောဆိုလေ
သော်၊ မိစ္ဆာ လူမော်၊ မသူတော်ပုဏ္ဏားတို့သည်၊ (ဍဒ) ငိုင်-ငိုင်
၍သာနေကြလေတော့၏။ ။ဒီတော့မှ၊ မင်းကြီးသည်။ သူ့
ဆရာဘုရား- ပုဏ္ဏားတို့အကြောင်း ကောင်းကောင်းကြီးသိ
ရှိကာ။ ။ပြော်- ငါကားဒီပုဏ္ဏားတွေ အကြောင်းပြု၍၊
ဘုရားရှင်တို့အားပြစ်မှားမိလေပြီ၊ ဝန်လေးသောအမှုတွေငါ
ပြုမိလေပြီဟု-(သံဝေဂသံဝေဂ)ရရှိ၍၊ ဘုရားရှင်ရုပ်ပွါးတော်
တို့ကို ရှိခိုးခါ၊ ဒူးမျိုးမျိုးမှားကြောင်းဝန်ခံလျှက် တောင်းပန်
ကန်တော့ပြီး၊ တလဲလဲ ငါသတို့ သွီးကလေးကို ရှိခိုးတောင်း
ပန်ကာ။ သူတော်ကောင်းမကလေးအား ဘဒ္ဒရဒေဝီဟူသော
ဘွဲ့တံဆိပ်ခတ်နှိပ်လျှက်၊ မိဖုရားကြီး ရာထူးပေးသနား၍။ ကြီး
ကျယ်သောစည်းစိမ်ဖြင့်မြောက်စားတော်မူလေသည်။ ။
ပုဏ္ဏားယုတ် တို့ကိုလည်း။ ပြည်မှနှင်ထုတ်- သုတ်သင်ရှင်း
လင်းအောင်ပြုလုပ်လျှက်၊ တတိုင်းတပြည်လုံး- ရတနာသုံးပါး

အသားထားမှိုရှိ၊ ကိုးကွယ် ဆည်းကပ်ကြရန်၊ စည်လည်ကား ကြေးကြော်စေပြီ လျှင်၊ မိမိလည်း၊ ရတနာသုံးပါးကို၊ အမြဲ ဆည်းကပ်လျက်၊ဘုရားရှင်ကိုယ်တော်စား၊စေတီတော်များ ကိုအထူးကိုးကွယ်ပူဇော်လေတော့သတည်း။ ။

(မှတ်ချက်)။ ။ယခုအခါမှာလည်း၊ ဤမိစ္ဆာပုဏ္ဏားကဲ့သို့သော၊ လူယုတ်မာတွေ- ပေါ်ပေါက်လာကြသည်မှာ၊အ တော်များလာလေပြီ၊ ဤကဲ့သို့- သာသနာဖျက် သွား၊မိစ္ဆာဒိဋ္ဌိများကို၊ သုမ်သင်မွဲမင်းကောင်း မင်းမြတ်များ၊အမြန်ပေါ်လာပါစေဟုသာအမြဲဆု တောင်းရပါတော့၏၊ ဤဝတ္ထုကိုဘတ်သားမှတ် သား၍၊ မသူတော်စကားတို့ကို၊ကြပ်ကြပ် သတိ ထားရှောင်ရှားကြရာသည်။

ဘဒ္ဒရဒေဝိဝတ္ထု ပြီး၏။

---

သောဘဏဇနေ ရိုအိုဃေဃ-ရဟန်းအိုကြီး ဝတ္ထု။

သောဏတောင်ခြေယာ၊ ပဋ္ဌလကျောင်း၌ သောဏ အမည်တော် ရှိသော၊ ဓမ္မကထိက မဟာ့ထေ်ရ် တပါးသည်။ သီတင်းသုံး နေထိုင်တော်မူ၏၊ ၎င်းမထေရ်၏ အဘသည် မုဆိုးအလုပ်ဖြင့် အသက် မွေးလျှက် ကြီးပြင်းလေသော်၊ အဖေအိုကို အတင်းရဟန်းပြုစေ၏။ ထိုရဟန်းအိုကြီးသည်၊ မကြာမီ လူကြီးရောဂါဖြင့် သေရညောင်စောင်းဖွဲ့ လျောင်း စက်လေသော်။ငရဲနိမိတ်သည်ထင်လာသဖြင့်၊ သားရဟန်း ကိုခေါ်၍၊ချစ်သား-ခွေးတွေငါ့လာ ကိုက်ဆွဲကုန်ပြီ။ကယ်ပါ

ချောက်ပါ စသည်ဖြင့် အောင်လေ၏။သောဏာမထေရ်သည်၊ ဘခင်ရဟန်းကြီးသည်၊ မုဆိုးဘဝက၊ ခွေးတွေဖြင့် အမဲလိုက်ခြင်းစသော အကုသိုလ် ဒုစရိုက်ကြောင့်၊ ယခု ငရဲလားရန်၊ ငရဲနိမိတ်ထင်လေပြီ။ ငါကဲ့သို့သော သားရဟန်းရှိလျက် သားနှင့် ငရဲ မလားစေရဟု၊ နှလုံး သွင်းလျက်၊ ဘခင် ရဟန်းအိုကြီးအား၊ ညောင်စောင်းနှင့်တကွ စေတီဖြင်သို့ ဆောင်လျက်၊ သာမဏေတို့ကို ပန်းများ ရှာစေပြီးလျှင်၊ရပ်ပွါးဆင်းတုတော်ဘသူကို ပင့်လျက်။ ဘုရားစေတီအား၊ပန်းတို့ဖြင့် ပူဇော်ထားလျက်၊ရဟန်းအိုကြီးအား၌သို့ဆိုလေ၏။ ။

ဘခင်ရဟန်းကြီး၊ ဤအထူးထူးသောပန်းတို့သည်ကား၊ ဘခင်ရဟန်းကြီးအတွက် ပူဇော်ခြင်းဖြစ်သည်။ သို့ဖြစ်၍၊ မြတ်စွာဘုရားအား ရှိခိုးလျက်၊ ဘုန်းတော်- တန်းခိုးတော် အလွန် ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားအား ပန်းတို့ဖြင့် ရှိခိုး၍ ပူဇော်ပါသည်။ ဘုရားတပည့်တော်၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်တော်မူပါ-ဟု လျှောက်စေလေသော်။ ။ရဟန်းကြီးလည်း၊ ဘုရားရှင်အား ရှိခိုး၍၊ သားရဟန်း ပြောသည့်အတိုင်း ပြောဆိုကာ။ ဘုရားရှင်အား စိတ်ကို ကြည်ညိုစေလေ၏။ ထိုခဏ၌၊ ငရဲနိမိတ်သည်၊ ပျောက်သွား၍၊ နတ်ပြည်နိမိတ်သည် ထင်သဖြင့်။ နန္ဒဝန်ဥယျာဉ်၊ စိတ္တလတာဥယျာဉ်၊ မိဿကဥယျာဉ်၊ဖါရုသကဥယျာဉ်၊နတ်ဗိမာန်၊နတ်ကချေသည်တို့သည်၊ ဝန်းရံလျက် တည်ကုန်သကဲ့သို့ ထင်လာလေ၏။ ထိုအခါ-ရဟန်းအိုကြီး

သည်၊ချစ်သား သောဏ၊ဆုတ်လော့ဆုတ်လော့-ဟု ဆိုပြန်သော် သောဏမထေရ်ကအကြောင်းမေးသောအခါ၊ ချစ်သား သင်၏မိခင်တို့သည်လာကြကုန်၏ဟုဆိုသဖြင့်၊ဘခင်ရဟန်းကြီးအား၊ နတ်ပြည်နိမိတ်သည် ထင်ပေပြီဟု ယူဆတော်မူလေ၏။ဒါကြောင့်-ဥပရိပဏ္ဏာသအဋ္ဌကထာ-ဝိဘင်းအဋ္ဌကထာတို့၌ ဖွင့်ပြသည်မှာ....

ထေရော“သဂ္ဂေါ ဥပဋ္ဌိတော
မဟာထေရဿာတိ”စိန္တေသိ၊ ။

ထေရော၊သားသောဏမထေရ်သည်။ မဟာထေရဿ၊ အဘ မထေရ်ကြီးအား။ သဂ္ဂေါ၊ နတ်ပြည်သည်။ ဥပဋ္ဌိတော၊ထင်မြင်ပြီ။ဣတိ၊ဤသို့။စိန္တေသိ၊ကြံအောက်မေ့၏။ ။

ဤဝတ္ထု၌လည်း၊ အရှင် သောဏမထေရ်၏- ဘခင်ရဟန်းအိုကြီးသည်၊ သေခါနီး၊ ငရဲလားမဲ့ ဆဲဆဲပင်လျှင်၊ ဘုရားရှင်ကိုယ်တော်စား၊ရုပ်ပွါးစေတီတော်များကို၊ပန်းတို့ဖြင့်ပူဇော်၍၊ရှိခိုးရသော ကောင်းမှုကြောင့်၊ ချက်ချင်း ငရဲဘေးကလွတ်ကင်း၍၊ နတ်ပြည်သို့ ရောက်ရသော၊ ဝတ္ထုသက်သေစကားကို ထောက်ထား၍၊ဘုရားရှင် ကိုယ်တော်စား၊စေတီတော်များကို၊ အမြဲမပြတ် ရှိခိုးပူဇော်အပ်လှလေတော့သတည်း။ ။

သောဏမထေရ်၏-အဘရဟန်းအိုကြီးဝတ္ထု ပြီး၏။

## သုဓာပိဏ္ဍိယထေရဝတ္ထု။

ဤကမ္ဘာမှပြန်၍ ရေတွက်သည် ရှိသော်၊ ကိုးဆဲ့လေး ကမ္ဘာ့ထက်က၊ သိဒ္ဓတ္ထဘုရားပွင့်တော်မူသောအခါ၊ သုဓာပိဏ္ဍိယမထေရ်၏အလောင်းသည် ဝေဘာရပြည်ကြီးတွင်၊ အမျိုးကောင်းသားတယောက်ဖြစ်၍၊ ကာလရှည်လျား၍၊ ပျက်ပြားချို့ယွင်းလျက်၊ ကျိုးပဲ့ပျက်စီးနေသော၊ ရုပ်ပွါးဆင်းတုတော်များကို၊ ကောင်းမွန် သပ္ပါယ်အောင်၊ ထင်မံ ပြုပြင်ဆင်ခဲ့ဘူးသော ကောင်းမှုကြောင့်၊ ကိုးဆဲ့လေးကမ္ဘာပတ်လုံး၊ အပါယ်လေးပါးသို့ မလားမရောက်ရဘဲ၊ လူနတ်တို့၏ စည်းစိမ်ကို အကြိမ်ကြိမ်ခံစားပြီးမှ ငါတို့ဘုရားရှင် လက်ထက်တော်တွင်၊ သာဝတ္ထိပြည်၌၊ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာသော အမျိုးကောင်းသားတယောက်ဖြစ်လာ၍၊ သိ-ကြားလိမ္မာသော-အရွယ်သို့ရောက်လေသော်၊ ဘုရားရှင် သာသနာ၌ ရဟန်းပြုသဖြင့်၊ မကြာမြင့်မီပင်လျှင်၊ ရဟန္တာမထေရ် ဖြစ်တော်မူ၍၊ မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုနှင့် လျော်ညီစွာ။(သုဓာပိဏ္ဍိယမထေရ်)ဟု သာသနာတော်၌နေ့လအသွင် အလှုန်လျှင် ထင်ရှားတော် မူလေသည်။ ။ဒါ့ကြောင့်၊ ရှေးနည်းတူ မိမိ၏ကောင်းမှုကို ရွတ်ဆိုတော် မူလိုသည် ဖြစ်၍....

စတုန္နဝုတိတော ကပ္ပေ၊
ယံ ကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
သုဓာပိဏ္ဍဿိဒံ ဖလံ။ ။

ရှုတော။ ဤကမ္ဘာမှ။ စတုနဝုတိကပ္ပေ၊ ကိုးဆဲ့လေးကမ္ဘာ ထက်၌။ တဒါ၊ ထိုသိဒ္ဓတ်ဘုရားရှင် ပွင့်တော်မူသောအခါက။ ယံကမ္ဘ၊ အကြင် ဘုရားရုပ်ပွါးတော် ပျက်ယွင်းနေခြင်းကို၊ တဖန်ကောင်းမွန်အောင် ထပ်မံပြုပြင်ခြင်း တည်းဟူသော ကောင်းမှုကို။ အကာရိ၊ ပြုခဲ့ဘူး၏။ တေနကမ္မေန၊ ထိုကောင်းမှုကြောင့်။ ဒုဂ္ဂတိ၊ အပါယ်၌ဘာန ဒုဂ္ဂတိဘဝကို။ နာဘိဇာနာမိ၊ တခါဘူးမျှသိဇဘူး မရောက်ဘူးပါ၊ ရှုဒံ၊ ဤသို့ ကိုးဆဲ့လေး ကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့ မလား မရောက်ရဘဲ၊ လူနတ်ဘုံ၏စည်းစိမ်ချမ်းသာကို ခံစားစံစားရပြီးမှ၊ ယခုလို ဘုရားသားတော်အစစ်၊ ရဟန္တာမထေရ်မြတ်ကြီး ဖြစ်၍ လာရခြင်းသည်ကား။ သုသင်္ခတသာ၊ ရုပ်ပွါးဆင်းတုတော် ပျက်တို့ကို၊ တဖန်ကောင်းမွန်အောင် ထပ်မံပြုပြင်ခဲ့ရခြင်း၏။ ဖလံ၊ အကျိုးပေတည်း။ ။

သုသင်္ခတမထေရ်ဝတ္ထု ပြီး၏။

---

### ဃောသသာသူခွေးသား-မထေရ်ဝတ္ထု။

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သည် ရှိသော်၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်းထက်က၊ တဏှင်္ကရာဘုရားရှင် ပွင့်တော်မူ၏။ ထိုအခါ၌ မင်းသာဝတီ အမည်ရှိသောမြို့၌ အလွန်ဆင်းရဲသောသူတယောက်သည်။ သဒ္ဓါသမ္ပတ္တိနှင့်ပြည့်စုံသူဖြစ်၍ ဤသို့ကြံ၏။ ငါကား၊ ဧဝံဘဝက အလှူ အတန်း

ပေးကမ်းခြင်းစသော ဒါနကုသိုလ်ကံမရှိ။ ဒါ့ကြောင့်၊ငါ့မှာ သချဂြိုဟ်မှုလောက် ဆင်းရဲ ပင်ပန်းရပေ၏ဟု သံဝေဂဘရား ရသံဖြန့်။ငါသည်ယနေ့မှစ၍၊ကုသိုလ်လုပ်ခြင်းငှါသင့်၏ဟု အောက်မေ့ဆင်ခြင်လျှက်၊နံနက်စောစော အိမ်မှထွက်သွား၍၊ဂင်္ဂါမြစ်နားသို့ ရောက်လေသော်၊ငွေပြားအဆင်းနှင့် တူသော သဲကို ညှန်ဖြင့် ရောနှော၍၊လေးမျက်နှာရှိသောလိုဏ်ဂူကို ပြုလုပ်၍၊ လိုဏ်အတွင်း၌ ပလ္လင်ကို လုပ်လျှက်၊ ထိုပလ္လင်တော်အထက်၌၊ ဆင်းတုပုံတော် ပြုလုပ်ခဲ့၊ဂူလိုဏ်ပလ္လင်နှင့်တကွ ဘုရားဆင်းတုတော်ကို။ မိမိစိတ်တိုင်းကျဗီရင်ပြုလုပ်ပြီးလေသော်။ ထိုဆင်းရဲသားယောက်ျားသည်၊ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လှသဖြင့်၊ အထူးပင် စိတ်ထည့်၍·ကြည်ညိုဘာ၊တော၌ဖြစ်သော ပန်း-သစ်သီးတို့ကို ယူ၍၊မိမိဘုရား၌ လှူဒါန်းပူဇော်လေ၏။

ထိုသို့ ရှိခိုးပူဇော်ပြီးသော်၊ဤသို့ဆုတောင်းလေ၏။ ဤသို့ ဘုရားကျောင်းပလ္လင်တော်နှင့်တကွ၊ ရုပ်ပွါး ဆင်းတုတော်ကိုထုလုပ်၍၊ ပန်းသစ်သီးတို့ဖြင့် ပူဇော်ရသော ကောင်းမှုကြောင့်၊ဖြစ်လေရာဘဝတိုင်း ဘဝတိုင်း၌၊ကိုယ်စိတ်နှစ်ပါး အမြဲ ချမ်းသာခြင်းနှင့် ပြည့်စုံရပါလို၏။ ဆင်းရဲကိုလည်း ဘယ်ဘော့မှ မတွေ့ရပါလို၊ နောင်လာလတ္တံ့သော ဘုရားရှင်တို့၏ မျက်မှောက်တော်တွင်၊ ရဟန္တာဆုကို ပြည့်စုံရပါလို၏ဟု ဆုကို တောင်းလေ၏၊ထိုဆင်းရဲသားသည်၊အသက်အတိုင်းနေ၍သေလေသော်၊နတ်ပြည်၌ဖြစ်လေ၏။နတ်ပြည်မှ အသက်အတိုင်းနေ၍ စုတေပြန်သော်၊ ဗြဟ္မာ့ပြည်၌

ဘုရားလက်ထက်တော်၌၊ ပစ္စည်းဘဏ္ဍာပေါများစွာသော၊ သူတော်ကောင်းအမျိုး၌ဖြစ်၍၊ သိ-ကြားလိမ်မာသော အရွယ်သို့ရောက်သော်၊ဘုရားရှင်သာသနာတော်၌ရဟန်းပြုလေရာ၊ မကြာမြင့်မီပင်လျှင်၊ ဘုရားသားတော် အစစ်ရဟန္တာ ဖြစ်တော်မူလေ၏။ ။ထိုအခါ မိမိရှေးကောင်းမှုကို၊ပရိသတ်အများတို့ သိရှိ၍၊သဒ္ဓါတရား ဖြစ်စေလိုသောကြောင့်၊ဤသို့ရွတ်ဆိုတော်မူလေ၏၊ ။

နွေနုဝတေ-ဇာတောကပ္ပေ၊
ယံသညမလဘိံ တဒါ။
ဒုဂ္ဂတိံ နာဘိ-ဇာနာမိ၊
ပဒသညာယိဒံဖလံ။ ။

ဇာတော၊ဤကမ္ဘာမှ။ နွေနုဝတေကပ္ပေ၊ ပြန်ဆရေတွက်ကိုးဆဲ့နှစ်ကမ္ဘာထက်၌၊တဒါ၊ထိုတိဿဘုရားရှင်ပွင့်တော်မူသောအခါက။ယံသညံ၊အကြင် ခြေတော်ရာခေါ်၊ ခြေစက်တော်၌၊ ဖူးမြော်ကြည်ညိုခြင်း တည်းဟူသော အမှတ်ကို။ အလဘိံ၊ရရှိခဲ့ပေပြီ၊ တေန-ကမ္မေန၊ထိုသို့၊ ဘုရားရှင်ခြေတော်ရာကို ရှိခိုးပူဇော်ခဲ့ရသော ကောင်းမှု ကံကြောင့်။ ဒုဂ္ဂတိံ၊မကောင်းမှုပြုသောသူတို့၏ လားရာ၊ ပါယ်လေးရွာကို။နာဘိဇာနာမိ၊တခါဘူးမျှ မသိစဘူး မရောက်ဘူးပါ။ဇာဒံ၊ဤသို့ ကိုးဆဲ့နှစ်ကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့ မလားမရောက်ရဘဲ၊ လူမင်းနတ်မင်းတို့ စည်းစိမ်ချမ်းသာကို ခံစားစံစားပြီး၍၊ယခုလိုဘုရားသားတော်အစစ်၊ရဟန္တာမထေရ်

မြတ်ကြီးဖြစ်၍လာရခြင်းသည်ကား။ ပဒသညာယ၊တိဿ မြတ်စွာဘုရား ခြေတော်ရာ၌ ကြည်ညိုခြင်းတည်းဟူသော အမှတ်သညာ၏ဖလ၊အကျိုးပါပေတည်း။ ။

ဤ"ပဒသညကာမထေရိ"ဝတ္ထုသည်၊ ဘုရားရှင်၏ ခြေတော်ရာကို ရှိခိုးပူဇော်ရခြင်း၏ အကျိုးကို ပြခြင်းဖြစ်၏။ ထိုခြေတော်ရာစေတီတော်ကိုလည်း၊ ဥဒ္ဒိဿစေတီတော်၌ သွင်းယူအပ်၏။ ဘာ့ကြောင့်နည်းဟူမူ၊ ဘုရားရှင်၏ပုံတော် တစိတ်တဒေသဖြစ်ခြင်းကြောင့်တည်း။ သို့ဖြစ်၍၊ယခုအခါမှာ"ရွှေစက်တော်"ခေါ်သော ဘုရားခြေတော်ရာကို၊ ရှိခိုးပူဇော်ကြရကုန်သော သူတို့သည်။ ဤဝတ္ထုကို ထောက်ဆသဖြင့်၊ရချ လူ့,နတ်,နိဗ္ဗာန်, သုံးတန်သော ချမ်းသာမြတ်ကို ရနိုင်ကြောင်း ယုံကြည်စိတ်ချစွာနှင့် အမြဲမပြတ်ဆည်းကပ် ပူဇော်ဖူးမြော်ရှိခိုးကြရာသည်။ ။

ပဒသညကာမထေရိဝတ္ထု ပြီး၏။

---

## သဲပုံစေတီအဆောင်ခန်း။

ဤအခန်း၌။ အလွန်အံ့ဩဘွယ်ကောင်းသော။ အကျိုးထူးတို့ကို။ တွေ့မြင်ရပေလိမ့်မည်။ အထက်၌ ဖော်ပြခဲ့သော။ စေတီတော်မြတ်တို့သည်ကား။ အသီးသီးအားဖြင့်။ ဘုရားရှင်ကြွင်းကျန်ရစ်သော။ ဓာတ်တော်ဖြစ်သည့် ဓာတုစေတီတော်ကို တိုက်ရိုက်အာရုံ ပြုနိုင်ခြင်း။ ဘုရားရှင်ပွင့်

တော်မူသော- ဗောဓိပင်ကိုလည်း။ ပရိဘောဂစေတီဖြစ်၍- တိုက်ရိုက်အာရုံ ပြုနိုင်ခြင်း။ဘုရားရှင်၏။ ရုပ်ပုံတော်ကိုအာရုံ ပြု၍။ ထုလုပ်ထားသည့် ဖြစ်သောကြောင့်။ ဥဒ္ဒိဿစေတီ တော်မြတ်ကိုလည်း။ တိုက်ရိုက်အာရုံ ပြုနိုင်ခြင်းစေသော။ အသီးသီးသောစေတော်တီမြတ်တို့သည်ကား။ကြံဆ၍ရှိခိုး ပူဇော်ရခြင်းဟုတ်။တိုက်ရိုက်ပင်။ စိတ်စေတနာကို။ညွတ် စေ-ကြည်ညိုစေနိုင်ကြပေ၏။ ။ထို့ကြောင့် ယခုပြလတ္တံ့ သော။ဓာတ်တော်-ရုပ်ပွါးတော်တို့ကို ဥပနာခြင်းမရှိ။ ပက တိ-သဲချည်းသက်သက်။ ဘုရားစေတီပုံကို။ ရမ်းဆပြုလုပ် လျက်။ ဘုရားရှင် ကိုယ်တော်စား စေတီတော်များသည်။ ဤလိုဘဲ ရှိလိမ့်မည်ဟု။ အာရုံပြုကာ။ မိမိဖါသာ-ကြံဆ၍ တည်ထားသော။သဲပုံစေတီတော်ကို။ ဘုရားရှင်ဂုဏ်တော် ကိုအာရုံပြု၍ကိုးကွယ်ဆည်းကပ်။ မပြတ်မလတ်- အထပ် ထပ်ရှိခိုးပူဇော်ခြင်းကို ပြုသဖြင့်။လူ-နတ်-နိဗ္ဗာန်- သုံးတန် သော ချမ်းသာမြတ်တို့ကို ခံစားစံစားရသော ဝတ္ထုသက် သေတို့ကိုပြဦးအံ့။အထူးမှတ်မှတ်သားသားနှင့်။ ကြည့်ရှုကြ စေလိုကြောင်း။

## သကာစိန္တနိယမထေရ်ဝတ္ထု။

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော်။ ကိုးဆဲ့တကမ္ဘာ ထက်က။ဗန္ဓုမတီပြည်ကြီးတွင်။ ဝိပဿီမြတ်စွာဘုရားပွင့် တော်မူသောအခါ။ အရှင်သကာစိန္တနိယမထေရ်အလောင်း

သည်။ ပစ္စည်း ဥစ္စာကြွယ်ဝသော။ အမျိုးကောင်းသားတယောက်ဖြစ်လေ၏။ မြတ်စွာဘုရားပရိနိဗ္ဗာန် စံလွန်ပြီးလေသော်၊ ငါကားဘုရားရှင်ကို မဖူးမျှော်လိုက်ရ။ လူဖြစ်ရှုံးစွာကားဟုငြိုးတွားကာ။ သတိသံဝေဂရသဖြင့် မိမိပစ္စည်းဥစ္စာတို့ကိုစွန့်လွှတ်ခဲ့၍။ ဟိမဝန္တာတောအရပ်သို့ချဉ်းကပ်ပြီး။ ရသေ့ ပြုလုပ်၍နေလေ၏။ ထိုသို့နေထိုင်သောအခါ။ တရသောချောက်ကြား၌။ ပုလဲအဆင်းနှင့်တူသော- သဲဖြူတို့ကိုမြင်၍။ ထိုသဲတို့ကိုကောင်းစွာ စုဆောင်းပြီးလျှင်။ သဲပုံစေတီတည်လေ၏။ ထိုစေတီကို မြတ်စွာဘုရား ဓာတ်တော်တည်ထားသော။ စေတီတော်အမှတ်ဖြင့်၎င်း၊ မြတ်စွာဘုရားသခင် ဟူသောအမှတ်ဖြင့်၎င်း၊ အာရုံပြု၍။ အထူးထူးသောတောပန်းတို့ဖြင့်။ လှူဒါန်းပူဇော်လျက်၊ ရှိသေစွာရှိခိုးလေ၏။ ။ဤကဲ့သို့ သဲပုံစေတီတော်အား။ ရှိခိုးပူဇော်ခဲ့သော ကောင်းမှုကြောင့်။ နတ်တို့သနင်း သိကြားမင်း၊ လူတို့သနင်းစကြဝတေးမင်း၊ စသော။ လူ နတ်တို့၏ စည်းစိမ်ချမ်းသာကိုခံစားပြီး၍ငါတို့မြတ်စွာဘုရား လက်ထက်တော်၌။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသော။ အမျိုးကောင်းသားတယောက်ဖြစ်လာ၍။ သိကြားလိမ္မာသော အရွယ်သို့ ရောက်လေသော်၊ ဘုရားသခင်သာသနာတော်၌ဝင်၍။ ရဟန်းပြုသဖြင့်။ မကြာမြင့်မီပင်။ ဘုရားသားတော်အစစ်။ ရဟန္တာဖြစ်တော်မူရလေ၏။ ။ထို့ကြောင့် ထိုမထေရ်သည်။ မိမိ၏ ရှေးကပြုခဲ့သောကောင်းမှုကို။ ပရိသတ်တို့။ သဒ္ဓါတရား ပွါးများနိုင်ကြရန်။ ဤသို့ဟောကြားတော်မူလေ၏။

ထူပံ ကတွာန ပုဠိနံ၊
နာနာပုပ္ဖံ သမောကိရိံ။
သမ္မုခါ ဝိယ သမ္ဗုဒ္ဓံ၊
နိမ္မိတံ အဘိဝန္ဒိယဟံ၊ ॥

ပုဠိနံ၊ငွေအဆင်းနှင့်တူသော။သဲကို။ထူပံ၊ ပုံ၍ပြုလုပ်အပ်သော စေတီတော်ကို။ကတွာန၊ပြု၍။ **နာနာပုပ္ဖံ**၊ အထူးထူးသောပန်းကို။သမောကိရိံ၊ ကောင်းစွာကြဲလှူခဲ့ပြီ။ သမောကိရိတွာ၊ကြဲလှူပြီး၍။ သမ္ဗုဒ္ဓံ၊ သမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သမ္မုခါဝိယ၊ မျက်မှောက်တော်၌ကဲ့သို့။နိမ္မိတံ၊ ဖန်ဆင်းပြုလုပ်အပ်သော။သဲပုံစေတီတော်ကို၊အဟံ၊“**သကစိန္တနိယ ထေရ်**”အမည်ရှိသော ငါရဟန်းသည်။ အဘိဝန္ဒိံ၊ ရှိသေ ညွတ်ကျိုး။ရှိခိုးခဲ့လေပြီ၊

ဤကဲ့သို့မိမိကြံစည်ပြုလုပ်တည်ထားကိုးကွယ်ရသော။ **စေတီတော်ကို**။ပန်းတို့ဖြင့်ပူဇော်ခဲ့ရသဖြင့်။အပါယ်လေးပါး မလားရဘဲ။ဤသို့သောကောင်းကျိုး ခံစားရကြောင်းကို၊ထင် လင်း၍ဟောကြားတော်မူသည်မှာ။

ဧကနဝုတိ တော ကပ္ပေ၊
ယံ ပုပ္ဖ မဘိ ရောပယိံ။
ဒုဂ္ဂတိံ နာဘိ ဇာနာမိ၊
ပုပ္ဖ ပူဇာ ယိဒံ ဖလံ။ ॥

ရှတော၊ဤကမ္ဘာမှ။ ဇောနေဝတီကပေ့၊ ပြန်ဆရေတွက်။ ကိုးဆဲ့တကမ္ဘာထက်၌၊ယံ ပုပ္ပံ၊ အကြင်ပန်းကို။ အဘိရော ပယိ ပူဇော်ခဲ့ရလေပြီ။တော့၊ထိုသဲပုံ စေတီအား။ ပန်းပူဇော် ခဲ့ရခြင်းကောင်းမှုကြောင့်။ဒုဂ္ဂတိ ၊ အပါယ်လေးပါးကို။နာဘိ ဇာနာမိ၊မသိစဘူး -မရောက်ဘူးပါ။ ရှုဒံ၊ဤသို့ ကိုးဆဲ့တ ကမ္ဘာတိုင်တိုင်။အပါယ်လေးသို့။မသွားပါ။မရောက်ရဘဲ။ လူ နတ်တို့၏စည်းစိမ်ချမ်းသာကိုခံစားစံစားရ၍ယခုလို ဘုရား သားတော်အစစ်။ ရဟန္တာမြတ်ကြီးဖြစ်၍ လာရခြင်းသည် ကား။ ပုပ္ပပူဇာယ၊ သဲပုံစေတီတော်ကို။ ပန်းပူဇော်ရသည် ၏၊ ဖလံ၊အကျိုးပါပေတည်း။

သကစိန္တနိယမထေရ်ဝတ္ထုပြီး၏။

---

## ပုဋ္ဌိနံမထေရ်ဝတ္ထု။

ရှေးလွန်လေသောအခါ ဟိမဝန္တာအနီး။ ယမကတောင် ကျောင်းကြီး၌။ တပည့်ပေါင်း တသောင်း လေးထောင်နှင့် တကွနေသော။ နာရဒရသေ့ သည်။ ငါကသာ-ဆရာဘခု လုပ်နေ၍ ငါကသာလျှင်၊ ရသေ့အပေါင်းတို့ကို ဆိုဆုံးမနေရ ၏။ငါ့ကိုကား။ ဆိုဆုံးမသူမရှိဟု။ နှလုံးသွင်းလျက်။ မိမိကိုး ကွယ်ရာ-ဆိုဆုံးမသူရှာအံ့ဟု ထွက်ခဲ့သေသော်။ အမရိကာ မြစ်သောင်ရိ၌။ ငွေအဆင်းကဲ့သို့သော သဲတို့ကို တွေ့လေ လျှင်။ မိမိကိုးကွယ်ဆည်းကပ်- အလေးအမြတ်ပြုဘို့ရန်-

ဆရာဘုရားဟာ၊ စိတ်ထား၍။ သဲပုံစေတီတည်လေ၏။ ။ ထိုစေတီတော်ကို။ မိမိအားသုံးမည့်ဆရာဟု။ နှလုံးသွင်းလျက်။နေ့စဉ်ဝတ်ကြီးဝတ်ငယ်ပြု၏။ ပန်းဆီမီးတို့ဖြင့်ပူဇော်လျက်။နေ့ညမပြတ်ရှိခိုးလေ၏။ပျက်ချော်သော မိဿာဝိတက်ဖြစ်ပေါ်လာသော်။ သဲပုံစေတီတော်သို့ သွား၍။ ဘုရားရှေ့တော်၌။မတော်သောဝိတက်ကို မပွါးအပ်သကဲ့သို့။ စိတ်ကိုသုံးမ၍ဖျောက်ဖြေလေ၏။

ဤသို့မိမိပြုလုပ်ကိုးကွယ်ထားသော ဆရာဘုရား စေတီတော်မြတ်အား အမြဲဆည်းကပ်လျက်။ မိဿာဝိတက်မပွါးစေဘဲ။ တရားကိုအားထုတ်သဖြင့်၊ ဈာန်တရားတို့ကိုရ၍။ ဝိပဿနာ ချမ်းသာဖြင့် သေလေသော်။ ဗြဟ္မာ့ဘုံသို့ရောက်လေ၏။ထိုမှတပါး-ဤသို့ သဲပုံစေတီအား။ ရှိခိုးပူဇော်ရသော ကောင်းမှုကြောင့်။ နတ်ပြည်၌ သိကြားမင်းကြီးအဖြစ်။အကြိမ်၃၆ဆယ်။လူ့ပြည်၌။စကြာဝတေး မင်းအဖြစ်ကအကြိမ်သုံးရာ။ ဤမှတပါး များစွာသော။ လူနတ်တို့၏စည်းစိမ်ချမ်းသာတို့ကို ခံစားပြီး၍။ ငါတို့ဘုရားလက်ထက်တော်အခါမှာ၊ သာဝတ္ထိပြည်၌။ ကြွယ်ဝ ချမ်းသာသော။ အမျိုးကောင်းသား တယောက်ဖြစ်လာ၍။ ခုနစ်နှစ်အရွယ်မှာ ရှင်သာရိပုတ္တရာမထေရ်မြတ်နှင့်တွေ့သောအခါ။ ဘုရားသာသနာတော်၌။ရှင်သာမဏေ ပြု၍။မကြာမီပင်။အရဟတ္တမဂ်-ဖိုလ်တရားရရှိသဖြင့်။ ခုနစ်နှစ်အရွယ်မှာပင် ရဟန္တာဖြစ်တော်မူလေ၏။ထိုကြောင့်မထေရ်မြတ်က။ ပရိသတ်တို့သိကြစေရန်။ဟောကြားတော်မူသည်မှာ။

ပသိတ္တာန-ဟံထူပံ၊
သရိ ပုဋ္ဌနစေတိယံ။
ကောသနေနိသိဒိတ္တာ၊
အရဟတ္တ-မပါပုနိ ။ ။

အာဟံ၊ငါသည်။ထူပံ၊ပုထိုးထူပဟုဆိုအပ်သော။ သရိ၊
စိတ်၌မပြတ်အောင်းမေ့အပ်သော။ ပုဋ္ဌနစေတိယံ၊ ကောင်း
စွာတည်အပ်။သဲပုံစေတီမြတ်ကို။ပသိတ္တာန၊ သဒ္ဓါကဲပို၍။
ကြည်ညိုခဲ့ရလေသောကြောင့်။ ကောသနေ၊ ကောင်းစွာဖွဲ့
ခွေ။ တခုတည်းသောနေရာ၌၊ နိသိဒိတ္တာ၊ ကြံ့ကြံ့ခိုင်ခိုင်။
ကောင်းစွာထိုင်၍။အရဟတ္တံ၊ ကိလေသာဇတ်၊ အကုန်ပြတ်
၍။အမြတ်ထွတ်မှူးရဟန္တာ အဖြစ်ထူးသို့။ အပါပုနိ ။ ချမ်း
ချမ်းသာသာ။ရောက်ခဲ့ရပါပြီ။

ဤသို့-ဓာတ်တော်မပါသော"သဲပုံစေတီကို"ပင်ရင်းမထေရ်
အလောင်းသည်။ ရမ်းဆ၍။ ငါယခုတည်ထား ကိုးကွယ်
သော။စေတီတော်သည်ကားပွင့်တော်မူသွားကြသော။ ရှေး
ဘုရားရှင်တို့၏စေတီတော်နှင့် တူလိမ့်မည်ထင်၏ တကား
ဟု။မှန်းဆ၍တည်လုပ်အပ်သော၊ သဲပုံစေတီတော်ကို ရှိခိုး
ပူဇော်ရသောကောင်းမှုသည်။ဤမျှကြီးကျယ်သော။လူ-နတ်
နိဗ္ဗာန်သုံးတန်သောအကျိုးတို့ကို။ ရရှိခံစားရသေး၏။ ယခု
ငါတို့မှာမူကား။ သာသနာ့ရောင် ဝင်းပြောင်တောက်၍။
စေတီတော် အရပ်ရပ်တို့ကို။မျက်ဝါး ထင်ထင် တွေ့မြင်ဖူး
မျှော်-ကြည်ညိုပူဇော်၊ ဂုဏ်တော်ကို ရည်ရော် မှန်းလျက်။

ဖြောင့်တန်းစွာ ရှိခိုးရသူတို့မှာကား။ ဘယ်ဆိုဘွယ်ရှိတော့အံ့နည်း။ဆထက်တံပိုးတိုး၍သာလျှင်၊ကောင်းကျိုးမဟာပွါးသ၊ပြည့်ပုံရတော့မည်ဟုရချယုံကြည်ကြရာသည်။

ပုဏ္ဏမထေရ်ဝတ္ထုပြီး၏။

---

## ဗုဒ္ဓသညကမထေရ်ဝတ္ထု။ အံ့ဩဘွယ်အကျိုး။

အထက်ကပြခဲ့ပြီးသော။ ပုဏ္ဏ- သဲ့ပုံစေတီစသော။ စေတီတော်မြတ်တို့သည်ကား မျက်မြင် အထည်ဒြဗ်အားဖြင့်။ ဒက္ခိဏေယျ- အသင်အရှားရှိသောကြောင့်။ မိမိတို့သဒ္ဓါကြည်ညိုဘွယ်။ အသွယ်သွယ်ကို အာရုံပြုကား။ ရှိခိုးပူဇော်ကြသဖြင့်။ အကျိုးထူး တရားများကို။ ရရှိကြသည်ကားအံ့ဘွယ်မဟုတ်သေး။အထင်အရှားဒက္ခိဏေယျမရှိဘဲလျက်။အိပ်မက်၌ မြင်မက်၍။ ဘုရားရှင်အား ကြည်ညိုရသဖြင့်။လူ နတ်-နိဗ္ဗာန်။ သုံးတန်သောချမ်းသာမြတ်ကိုခံစားရရှိသည်။အလွန်အံ့ ဘွယ်ကောင်းသောအပဒါန် ပါဠိတော်လာ။ ဗုဒ္ဓသညကမထေရ်ဝတ္ထုကိုထုတ်ပြဦးအံ့။

ဤကမ္ဘာမှပြန်၍ ရေတွက်သော်။ကိုး ဆဲ့လေးကမ္ဘာထက်က။သိဒ္ဓတ်ဘုရားရှင်ပွင့်တော်မူ၏။ ထိုအခါ။ အရှင်ဗုဒ္ဓသညကမထေရ်အလောင်းသည်။ဝေဘာရပြည်ကြီးတွင်။ မထင်

ရှားသောအမျိုးကောင်းသားတယောက်ဖြစ်လေ၏၊ ထိုအမျိုးသားသည်။တနေ့သောညဉ့်အခါ၌။ အိပ်စက်၍နေစဉ်။ ပြုဗ္ဗာဇွဲရပ်။ လောကဓာတ်မှ။တက်လတ်ပြီးပြောင်။ အရောင်ထွန်းလင်း။ရှင်နေမင်းကဲ့သို့။လောကဇေဋ္ဌ၊ လောကနာယက၊ နရာသဘာအစစ်။ ဖြစ်တော်မူသော။ သိဒ္ဓတ်မြတ်စွာဘုရားသခင်သည်။တင့်တယ်သပ္ပါယ်စွာသော။ အသရေတော်ကိုဆောင်လျက်။တောင်တောင်ဂနိုင်-မြိုင်ဝနာစခမ်း။ ခရီးလမ်းမှ။ ကြွမြန်းတော်မူလာသည်ကို။အိပ်မက်ထည်း၌။ တွေ့မြင်ရသောအခါ။အလွန်ကြည်ညိုမြတ်နိုး။ ရှိခိုးပူဇော်။ ဖူးမျှော်ရသည်ဟု။ အိပ်မက်-မက်ဘူးသော ကောင်းမှုကြောင့်။ ။ကိုးဆဲ့လေးကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့မလားမရောက်ရဘဲ။ လူ-နတ်-တို့၏စည်းစိမ်ချမ်းသာကို။ ခံစားစံစားပြီး၍။ ငါတို့ဘုရားလက်ထက်တော်၌။ ပစ္စည်းဥစ္စာ-ရတနာရွှေငွေတို့ဖြင့်ပေါများကုံလုံ-ကြွယ်ဝသော။အမျိုးကောင်းသားတယောက်ဖြစ်လာ၍။ သိကြားလိမ္မာသော အရွယ်သို့ ရောက်သော်။ ဘုရားရှင့်သာသနာတော်၌၊ ရဟန်းပြုသဖြင့်၊ မကြာမြင့်မီ။ ရဟန္တာဖြစ်တော်မူ၍မိမိ၏ ရှေးကပြုခဲ့ဘူးသော။ ကောင်းမှုနှင့်လျော်ညီစွာ။ "ဗုဒ္ဓသညကမထေရ်"ဟု။ နေ-လ-အသွင်။ အလွန်လျှင် ထင်ရှားတော်မူလျက်။မိမိ၏ ရှေးကောင်းမှုကိုသိမြင်ရသောအခါ။အလွန်တရာမှ။ အံ့ဩ၍ မဆုံးနိုင်အောင်ဖြစ်သောဝမ်းသာခြင်းဖြင့်။ဝမ်းမြောက်လျက်။ နောက်သားနောင်လာတို့ ကုသိုလ်ပွါးများ။ သဒ္ဓါတရားဖြစ်စိမ့်သောငှါ။ ပရိသတ်အများတို့အား။ဤသို့ဟောကြားတော်မူလေ၏။

စတုန္နဝုတိတောကပ္ပေ၊
ယံ သညံ-မလဘိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ဗုဒ္ဓ သညာယိဒံ ဖလံ။ ။

ဣတော၊ဤကမ္ဘာမှ။စတုန္နဝုတိကပ္ပေ၊ ပြန်ဆရေတွက်။ ကိုးဆဲ့လေးကမ္ဘာထက်၌။တဒါ၊ ထိုသိဒ္ဓတ္ထဘုရား။ ထင်ရှား ပွင့်တော်မူသောအခါက။ယံသညံ၊အိပ်မက်တွင်မြင်ရသော။ အကြင်ဘုရားဟူသောသညာကို။အလဘိံ၊ ကုသိုလ်အထူး။ ရခဲ့ဘူးပြီ။တတော-ပဘုတိ။သိဒ္ဓတ်ဘုရားရှင်ကို။ အိပ်မက်၌ ဦးတင်၍။:ဖူးမြင်ရှိခိုးခဲ့ရသော ဘဝမှစ၍။ဒုဂ္ဂတိံ၊အပါယ်ဌာ န။ဒုဂ္ဂတိဘဝကို။နာဘိဇာနာမိ၊ တခါဘူးမျှမသိစဘူး။ မရောံ ဘူးပါ။ဣဒံ၊ဤသို့။ ကိုးဆဲ့လေးကမ္ဘာတိုင်တိုင်။ အပါယ်သို့ မလားမရောက်ရဘဲ။လူ နတ်တို့၏စည်းစိမ်ချမ်းသာကို။ခံစား ယံစားပြီး၍။ယခုလို။ ဘုရားသားတော်အစစ်။ ရဟန္တာကြီး ဖြစ်၍လာရခြင်းသည်ကား၊ဗုဒ္ဓသညာယ၊ အိပ်မက်တွင်မြင် ရသော၊ဘုရားမြတ်ကို။ မှတ်ထားကြည်ညိုခဲ့ရခြင်း၏၊ ဖလံ၊ အကျိုးမြတ်ပေတည်း။

ဗုဒ္ဓသညကမထေရ်ဝတ္ထုပြီး၏။

## စေတီတော်ပူဇော်မှုနှင့် ပတ်သက်၍အလှူနှင့်အလှူ မှာဘ်သားဘွယ်တို့ကိုပြခြင်း။

ယခုအခါစေတီတော်မြတ်တို့ကို။ ရှိခိုးပူဇော်ခြင်းနှင့်ပတ်သက်၍။အချို့မိစ္ဆာယောင်ယောင်ဝိစိကိစ္ဆာယောင်ယောင်အံ့ရှုကြောင်ကြောင်သွားတို့သည်။ စေတီတော်မြတ် တို့ကိုပုတ်ခတ်၍။ လုပ်ဇာတ်ဘုရားဖြင့်။ မဟားဒယား ပြောဆိုကြလျက်။ ဝန်လေးဘွယ်အမှုတို့ကို။ ပြုလုပ်ဟောပြောကြလေသည်။ဤကဲ့သို့။ ကောက်သင်းကောက်စားလေးနှင့်၊ ဟိုကြည့်ဒီကြည့်၍။ အဓိပ္ပါယ်မသိ။ ဘုရားရှင်အာဘော်မသိဘဲ။ ထင်မိထင်ရာပြောကြသော။ ပညာရှိယောင်ယောင်၊ သီလကြောင်တို့၏စကားကို၊ အသိဉာဏ်နုထွဲ၊ ဘိတ်မရှိသောသူတို့ယုံကြည်မိတတ်ကြ လေသည်၊ ။ဘုရားရှင် ပေါကြားတော်မူသောတရားတော်တို့သည်ကား။အလွန်ခက်ခဲ-နက်နဲသဖြင့်။ သင်တို့လို- ငါတို့လိုမဆိုထားဘိ။ ပိဋကတ်သုံးပုံဆောင်ဖြစ်သော-အချို့ပုဂ္ဂိုလ်မြတ်ကြီးတွေပင်-အချို့နေရာ။ ဉာဏ်မမှီသဖြင့်။ဒွဲယူအဆခက်ပြီး။ သဘောမနှစ်သက်နိုင်အောင်ဖြစ်ကြရသဖြင့်။ ပါရမီရှင်ဖြစ်တော်မူသော။ ဘုရားအလိုတော်ကျ။သိမြင်နိုင်းခ။ ကျနသေချာ။ ရှင်းလင်းဟောပြနိုင်သောသူနှင့်တွေ့မှ။ဘုရားရှင်၏ဆိုလိုရင်း ကျမ်းဂန်ကို။ ထမ်းမှန်အောင်သိရှိကြသဖြင့်။ သဘောကျ နှစ်ချိုက်။ အစစ်အမြိုက်တရားကိုသိရလေသည်။

သို့ဖြစ်၍ဤကဲ့သို့ အသိခက်ခဲ။ နက်နဲသောစေတီတော် ပူဇော်ခန်းကိုလည်း။ ပိဋကတ်သုံးပုံကို။ အဋ္ဌကထာနှင့် တကွ နှုတ်ငုံဆောင်တော်မူသော။ 'မိလိန္ဒမင်းကြီး''သည်။ ပါရမီထူး။ ပုဂ္ဂိုလ်ထူးဖြစ်တော်မူသော "အရှင်နာဂသိန်-ရ ပဉှာမေးတော်၏"ပြတ်ကို။ မေးအပ်သောစကားတို့ကို။စိတ် ဒွိဟာပွါး။လူအများတို့။ ပြတ်သားရှင်းလင်းစွာသိကြစေရန်၊ "မိလိန္ဒပဉှာပါဠိတော်၌" မိလိန္ဒမင်းကြီးမေး၍ ရှင်နာဂသိန်။ ဖြေဆိုတော်မူသော။ "ဗုဒ္ဓဿ ဘဂဝတော ပရိနိဗ္ဗုတဿ အဿသာဒိ ယန္တဿ ဝဇ္ဇာဝဇ္ဇ ဘာဝပဉှာ" အခန်းကို။ ကျမ်းရင်းမူအတိုင်း အကျယ်ဘော်ပြအံ့။ သဒ္ဒါတရားရှေ့ ထား၍။ သေသေချာချာ။ ကျကျနန။ ကြည့်ရှုဘတ်သွား၍။ မှတ်သားကြပါကုန်၊

## စေတီတော်ပူဇော်ခြင်းနှင့်ပတ်သက်၍မိလိန္ဒ မင်းကြီးနှင့် ရှင်နာဂသိန် အမေး အဖြေကို ပြခြင်း။

"မိလိန္ဒမင်းကြီးအမေး" အရှင်နာဂသေန မထေရ်မြတ် ဘုရား။ဂေါတမဘုရားသည်။ နတ်လူတို့၏ ပူဇော်သက္ကာကို။ အကယ်၍သာယာအံ့။ ဂေါတမဘုရားသည်ပရိနိဗ္ဗာန်မပြုရာ။ ဂေါတမဘုရားသည်။လောက၌ ကောင်းစွာယှဉ်ကောင်း၏။ လောက၌အကျုံးဝင်ကောင်း၏။လောက၌ ဆက်ဆံကောင်း ၏။ ထို့ကြောင့်ထိုဂေါတမဘုရားအား။ ပြုအပ်သောပူဇော် သက္ကာသည်။အကျိုးမရှိသည်ဖြစ်၍။ မပြုအပ်သည်ဖြစ်ရာ၏။ အကယ်၍ ပရိနိဗ္ဗာန်ပြုအံ့။ ဘုရားသည်လောက၌ မယှဉ်။

အလုံးစုံသော ဘ၀တို့မှ ကျွတ်လွတ်သည်၊ ဖြစ်အံ့၊ ထိုဘုရား အားပူဇော်ခြင်းသည်၊ မဖြစ်ကောင်း။ ပရိနိဗ္ဗာန်ပြုပြီးသော ဘုရားရှင်သည်။ တစုံတခုကိုမသာယာအံ့၊ မသာယာသော ဘုရားအားပြုအပ်သော ပူဇော်သက္ကာသည်။ အကျိုးမရှိပြု သည့်ဖြစ်ရာ၏၊ ဤသို့သောစကားကို တိတ္ထိဟူသည်ဆိုကြ ကုန်၏။ ဤသို့လျှင်နှစ်ဘက်အစွန်းထွက်သော။ ပြဿနာဖြစ်ခဲ့ ၏။ ဤပြဿနာသည်။ ပညာမမှိုကုန်သောသူတို့၏၊ အရာ မဟုတ်။ ထိုအယူဒိဋ္ဌိတည်းဟူသော ကွန်ယက်ကို။ အရှင် ဘုရားသည်။ ဖျက်ဆီးတော်မူပါလော့၊ ဤပြဿနာသည်။ အရှင်ဘုရားအားလျော်စွာရောက်၏၊ လာလတ္တံ့သောဘုရား တပည့်သားတို့အား၊ ပရဝါဒီ၊ ပုဂ္ဂိုလ်တို့ကို၊ နှိပ်စက်ခြင်းငှါ- ပညာမျက်စိကိုပေးတော်မူပါလော့ဟု လျှောက်ထားလေ၏၊

မှတ်ချက်.......ဤအရာ၌၊ တိတ္ထိတို့၏အယူသည်။ လူနတ် ဗြဟ္မာသတ္တဝါတို့၏အကျိုးငှါဘုရားဖြစ်သည်ဟူ ဆိုသော်။ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော် သက္ကာကို သာယာစွာခံရမည်။ လောကဥယျာဉ် ခြင်းအကျုံးဝင်ခြင်းကို ပြုရမည်။ သို့မှလှူဒါန်း သောသူတို့၏။အကျိုးရှိမည်။ ပရိနိဗ္ဗာန်ပြု၍ဘဝ သုံးပါးမှလွတ်သည်ဖြစ်အံ့။ ထိုသို့လှူဒါန်းပူဇော် ခြင်းကိုမသာယာသည်ဖြစ်အံ့။လှူဒါန်းပူဇော်၍။ အကျိုးမရှိဟု ဆိုလိုသည်။ ဤသို့နှစ်ဘက်အစွန်း ထွက်သောပြဿနာတည်း။

## ငှင်းအမေးကိုရှင်နာဂသေနမိလိန္ဒ၏အဖြေ။

အရှင်နာဂသေန မထေရ်သည်။ မင်းကြီး။ ဘုရားရှင်သည်။ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ ဘုရားရှင်သည်။ လူနတ်တို့၏ ပူဇော်သက္ကာကို သာယာတော်မမူ။ လာခြင်းကောင်းတော်မူသောဘုရားရှင်သည်။ မဟာဗောဓိပင်ရင်း၌ပင်လျှင်။ သာယာခြင်းရာဂနှင့်စပ်ယှဉ်သော။ တရားတို့ကို။ ပယ်တော်မူအပ်ကုန်ပြီ။ ကမ္မဇရုပ်အကြွင်းမရှိ။ ပရိနိဗ္ဗာန်ပြုပြီးသော ဘုရားအား အဘယ်မှာ။ ရာဂနှင့်စပ်ယှဉ်ခြင်းတရားကို။ သာယာပေအံ့နည်းဟုဆို၍။ မင်းကြီးတရားစစ်သူကြီးဖြစ်သော။ ရှင်သာရိပုတ္တရာသည်လည်း။ ဘုရားရှင်အား လှူဒါန်းပူဇော် လာပေသည်ကို။ သာယာတော်မမူကြောင်းကိုလည်း။ ဤသို့ ဟောဘူးပါ၏။

ပူဇယန္တာ အသမသမာ၊
သဒေဝမနုဿေဟိ။
န သာဒိယန္တိ သက္ကာရံ၊
ဗုဒ္ဓါနံ-ဧသဓမ္မတာ။ ။

သဒေဝမနုဿေဟိ၊ နတ်နှင့်တကွသောလူအပေါင်းတို့သည်။ အသမသမာ၊ အတုမရှိသော။ ဘုရားချင်းတို့နှင့်သာတူကုန်သော။ ဗုဒ္ဓါ၊ ဘုရားရှင်တို့ကို။ ပူဇယန္တာ၊ ပူဇော်အပ်ကုန်သော။ ဗုဒ္ဓါနံ၊ ဘုရားတို့အား။ သက္ကာရံ၊ ပူဇော်သက္ကာကို န သာဒိယန္တိ၊ မသာယာကုန်။ ဧသ-ဧသော။ ဤသည်လျှင်-ဓမ္မတာ၊ ဘုရားတို့၏သဘောတည်း။

ဤသို့ သင်္ကိုသေနှင့်တကွ ပြလေသော်။ မိလိန္ဒမင်းကြီးသည်း။အရှင်ဘုရား။ သားသည်လည်း အဘ၏ကျေးဇူးကို။ ချီးမွမ်းပြောဆိုဘတ်၏။အဘသည်လည်းသား၏ကျေးဇူးကို ပြောဆိုဘတ်၏။ဤသို့ဆိုအပ်သောအကြောင်းစကားသည်။ ပရဝါဒီ ပုဂ္ဂိုလ်တို့ကို။ နှိပ်စက်ခြင်းငှါ အကြောင်းစကား မဟုတ်ချေသေး။ဤဆိုအပ်ပြီးသောစကားသည်။သဒ္ဒါကြည် ညို၍သာဆိုသောသက်သေစကားဖြစ်ချေသည်။ ထိုနှစ်ဘက် အလွန်းရှိသောပြဿနာ၌။ သကဝါဒီပုဂ္ဂိုလ်တို့၏ အယူအမြဲ တည်စိမ့်သောငှါ၊ ပရဝါဒီ ပုဂ္ဂိုလ်တို့၏။ အယူကွန်ယက် အမြေးအရှက်ကို။ ဖြေအံ့သောငှါ။အကြောင်းကို၊ ကောင်းစွာ ပြတော်မူပါဘုရားဟုထပ်မံလျှောက်ထားလေ၏။

အရှင်နာဂသေနမထေရ်သည်။မင်းကြီး။ ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ ဘုရားရှင်သည် ထင်ရှားရှိတော်မူသောကာလ၌လည်း။ နတ်လူတို့၏ပူဇော်သက္ကာရကို။ သာဒါတော်မမူသော။ နတ်လူတို့၏ ပူဇော်သက္ကာရကို။ သာယာတော် မမူ ဘုရား တို့၏ "ဓာတ်တော် စေတီတော် ရတနာမြတ်ကို" ရိုသေစွာအရှင့်ကျောက်တို့ဖြင့် စီအပ်သည် ဖြစ်၍။ ဝဏ္ဏ၊ အကျည့် တည်ရာကိုပြု၍၊ ထာခြင်း ကောင်းသောဘုရားရှင်၏။ ဉာဏ်တော်ရတနာကို။ အာရုံပြုသဖြင့်။ ကောင်းသောအကျင့် ကို ဖွဲ့သောပုဂ္ဂိုလ်တို့သည်။ သုံးပါးသော ချမ်းသာတို့ကိုရကုန်၏။

---

## ဥပမာပြ၍ဖြေတော်မူခြင်း။

မင်းကြီး၊ ဥပမာသော်ကား၊ ကြီးလှစွာသောမီးပုံကြီးသည်။ ပြောင်ပြောင်တောက်၍ငြိမ်းရာ၏။ မင်းကြီး၊ ဤသို့သော မီးပုံကြီးသည်၊ မြက်ထင်းတည်းဟူသောမီးစာကို။ သာယာလေသလောဟု- မေးတော်မူလျှင်။ အရှင်ဘုရား၊ ပြောင်ပြောင်တောက်သောမီးပုံကြီးသည်။ လောင်စာဖြစ်သော၊ မြက်ထင်းတို့ကို မသာယာချေ။ ငြိမ်းလေပြီးသောမီးပုံကြီးသည်၊ စိတ်မရှိသည်ဖြစ်၍။ အဘယ်သို့လျှင် သာယာ ပေအံ့နည်း-ဟု လျှောက်လေသော်။ မင်းကြီး၊ ထိုမီးပုံသည် အချည်းနှီးငြိမ်းခဲ့သော်။ လောက၌ မီးအိပ်ညံ့သည် ဖြစ်ကောင်းအံ့လောဟု မေးလေသော်။ အရှင်ဘုရား၊ မီးလောင်စာ မြက်ထင်း အခကြောင်းသည်မရှိသည်ဖြစ်အံ့။ မီးသည် မဖြစ်ရာဟုလျှောက်သော်။မင်းကြီး၊ အချို့သောလူတို့သည် မီးကိုအလိုရှိကုန်၏။ ထိုမီးကိုအလိုရှိသောသူတို့သည်။ မိမိ၏အစွမ်းလုံ့လရှိသောယောက်ျားတို့၏၊ ပြုအပ်သောအမှုဖြင့်ထင်းကိုပွတ်၍ မီးဖြစ်စေသော်။ထိုမီးဖြင့်ပြုအပ်သောအမှုတို့ကိုပြုကုန်၏။ မင်းကြီး၊ ထို့ကြောင့် သာယာခြင်းမရှိသော။ ဘုရားအားပြုအပ်သောအရိုအသေပူဇော်သက္ကာရသည်။အကျိုးမရှိဟုဆိုအပ်သောတိတ္ထိတို့၏စကားသည် ချွတ်ယွင်းလေ၏။ မင်းကြီး၊ မီးပုံကြီးသည် ပြောင်ပြောင်တောက်သကဲ့သို့။ ထို့အတူ ဘုရားရှင်သည်။ တသောင်းသောလောကဓာတ်၌ ဘုရား၏အသရေတော်ဖြင့် ပြောင်ပြောင်တောက်တော်မူ၏။ မီးပုံကြီးသည်

ပြောင်ပြောင် တောက်ပြီး၍ ငြိမ်းလေသကဲ့သို့၊ ထို့အတူ ဘုရားရှင်သည်။ တသောင်းသောလောကဓာတ်၌ ဘုရား၏ နှာသရေတော်ဖြင့်။ ပြောင်ပြောင်တောက်၍ ကမ္ဘာဇရပ်အာ ကြွင်းမရှိပရိနိဗ္ဗာန်ဓာတ်ဖြင့်ပရိနိဗ္ဗာန်ပြုတော်မူ၏၊ မင်းကြီး၊ ငြိမ်းလေပြီးသော မီးပုံကြီးသည်။ မြက်ထင်းဘည်းဟူသော မီးစာကို မသာယာသကဲ့သို့၊ ထို့အတူ လောကသုံးပါးဘို့၏ အစည်းအပွါး ဖြစ်တော်မူသောဘုရားသခင်သည်။သာယာ ခြင်းတရားတို့ကို ပယ်တော်မူအပ်ကုန်ပြီ။ မင်းကြီး၊ လူတို့ သည် မီးစာမရှိ ငြိမ်းလေပြီးသောမီးပုံ၌။ ယောက်ျားတို့၏ အစွမ်းသတ္တိလုံးလဖြင့် မီးကိုပွတ်၍ မီးဖြစ်ပြန်စေသော်။ ထို မီးဖြင့်ပြုအပ်သောအမှုတို့ကိုပြုကုန်သကဲ့သို့။ ထို့အတူ နတ် လူတို့သည် လာခြင်းကောင်းတော်မူသော။ ပရိနိဗ္ဗာန်ပြုလေ ပြီးသော သာယာခြင်း မရှိတော်မူသည့်ဘုရားရှင်၏ ဓာတ် တော် ရတနာရှိသော။ ရုပ်တုတော်-စေတီ ပုထိုးတော်ကို။ ဘုရားရှင်၏ ဉာဏ်တော်မြတ်ကို အာရုံပြုသဖြင့်။ ကောင်း သောအကျင့်ကိုမှီဝဲသောပဋိပတ်သည်။သုံးပါးသော။ သမ္ပတ္တိ တို့ကိုရကုန်၏။ ။မင်းကြီး၊ဤသို့သောအကြောင်းတို့ကြောင့်။ ပရိနိဗ္ဗာန် ပြုတော်မူပြီးသော ပစ္စည်းလေးပါးတို့၌ သာယာ ခြင်း ရှိတော်မမူသည့်။ ဘုရားရှင် "ခေတီခဘာင"တို့အား။ ပြုအပ်သော ဒံ့ကိုအခသ ပူဇော်သက္ကာရသည်။ အကျိုးရှိ သော်သာဖြစ်၏။

(မှတ်ချက်)။ ။ရှေးကမီးခြစ်မရှိ။မီးအလိုရှိသော် ထင်းဝါးတို့ကို တခုနှင့်တခုပွတ်၍။ မီးဖြစ်အောင်ပြုရ၏။ သမ္ပတ္တိ

သုံးပါးရနံ့ဆိုရာ၌။ သူ-နတ်-နိဗ္ဗာန်သုံးတန်သော ချမ်းသာကိုရနံ့ဟုဆိုလိုသည်။

---

## တဖန်ဥပမာတနည်းဖြင့်ပြခြင်း။

မင်းကြီး၊ ဥပမာ တနည်းသော်ကား။ ပြင်းထန်စွာသော လေပြင်းသည် လာလတ်၍ငြိမ်၏။ မင်းကြီး၊ ထိုပြင်းထန်စွာ လာ၍ငြိမ်ပြီးသောလေသည်။ တဖန်ဖြစ်ပြန်အံ့ဟု။ သာယာခြင်းရှိသလောဟုဆိုသော်။ အရှင်ဘုရား၊ သည်းထန်စွာလာ၍ ငြိမ်လေပြီးသောလေအား တဖန် ဖြစ်စေခြင်းမရှိ။ အဘယ့်ကြောင့်နည်းဟူမူကား။ ထိုဝါယောဓာတ်သည် စိတ်စေတနာ မရှိဟုဆို၏။ သို့ဖြစ်၍-မင်းကြီး၊ စင်စစ်သော်ကား။ ငြိမ်လေပြီးသောထိုလေ၏။ လေ ဟူသော နာမပညတ်အမည်သည်။ ပျောက်ရာကင်းရာသလောဟု မေးလေသော်။ အရှင်ဘုရား၊ လေဟူသော နာမပညတ်အမည်သည် မပျောက်ချေ။ ထန်းရွက်ယပ်၊ လေးထောင့်ယပ်တို့သည်။ ထိုလေဖြစ်ခြင်း၏ အကြောင်းတို့တည်း။ အကြင်လူတို့သည်အမှုနှိပ်စက်သည်၏ အဖြစ်ကြောင့်။ ကိုယ်ပူရင်ဆာရှိကုန်၏။ ထိုလူတို့သည် ထန်းရွက်ယပ်ဖြင့်၎င်း။ လေးထောင့်ယပ်ဖြင့်၎င်း။ မိမိအစွမ်းသတ္တိဖြင့်၎င်း။ ယောက်ျားတို့သည် ပူအပ်သောအမှုဖြင့်၎င်း လေကိုဖြစ်စေ၍။ ထိုသို့သောလေဖြင့် အပူအဆာကို ငြိမ်းစေကုန်၏။ မင်းကြီး၊ ထို့ကြောင့် သာယာခြင်းမရှိသောဘုရားအား။

ပြုအပ်သော သုဒ္ဒါန်းပူဇော်သက္ကာရသည် အကျိုးမရှိ။ မြုံ၏
ဟူသောတိတ္ထိတို့၏စကားသည်။မှားခြင်းကြီးမကာ-မှားသည်
ဖြစ်ရာနု၏။ မင်းကြီး၊ ပြင်းစွာသောလေသည် လာသကဲ့သို့။
ထို့အတူ-ဘုရားရှင်သည် တသောင်းသောလောကဓာတ်၌။
ချမ်းမြေ့ကောင်းမွန် ငြိမ်သက်သိမ်မွေ့စွာမေတ္တာတည်း ဟူ
သောလေဖြင့် ရန့်လိုင်တော်မူစေ၏။ မင်းကြီး၊ ပြင်းထန်စွာ
သောလေသည်လာ၍ငြိမ်လေသကဲ့သို့။ ထို့အတူ-ဘုရားရှင်
သည်ချမ်းမြေ့ကောင်းမွန်ငြိမ်သက်သောမေတ္တာတော်တည်း
ဟူသောလေဖြင့်လာစေပြီး၍။ကမ္ဘာဇရပ်အကြွင်းမရှိပရိနိဗ္ဗာန
ဓာတ်ဖြင့်နိဗ္ဗာန်ပြုတော်မူလေပြီ။ မင်းကြီး၊ဥပမာသော်ကား။
ငြိမ်လေပြီးသောလေသည်။ တဖန်ဖြစ်ခြင်း၌ သာယာခြင်း
မရှိသကဲ့သို့။ ထို့အတူ လောကသုံးပါးတို့၏အစီးအပွါးဖြစ်
သောဘုရားရှင်သည်။ သာယာခြင်းတရားတို့ကို ပယ်တော်
မူအပ်ကုန်ပြီ။ မင်းကြီး၊ဥပမာသော်ကား။ လူတို့သည် အပူ
နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်။ ပူသောကိုယ် ရှိကုန်
သည်ဖြစ်၍။ထန်းရွက်ယပ်ဖြင့်၎င်း၊လေးထောင့်ယပ်ဖြင့်၎င်း။
လေကိုဖြစ်စေ၍အပူအဒိုက်ကိုငြိမ်းစေသကဲ့သို့။ ထို့အတူ-
နတ်လူတို့သည် သာယာခြင်းမရှိ ပရိနိဗ္ဗာန်ပြုလေပြီးသော
ဘုရားရှင်၏ ဓာတ်တော်ရတနာကို၎င်း။ သဗ္ဗညုတ ဉာဏ်
တော် ရတနာကို၎င်း။ သုဒ္ဒါန်း ပူဇော် သက္ကာရပြုလျက်။
ကုသိုလ်ကိုဖြစ်စေ၍ ထိုကုသိုလ်ဖြင့်။ ရာဂ,ဒေါသ,မောဟ
တည်းဟူသော။ ထင်ရှားရှိသောမီးကို ငြိမ်းစေကုန်၏။ ငြိမ်
သက် စေကုန်၏။ မင်းကြီး၊ ဤသို့သော အကြောင်းကြောင့်

သာယာခြင်းမရှိ။ ပရိနိဗ္ဗာန်ပြုတော်မူလေပြီးသော ဘုရားရှင်အား ပြုအပ်သော။ အရိုအသေပြု၍ လှူဒါန်းပူဇော်သက္ကာရသည် အကျိုးရှိ၏မဖြုံ။

---

## တဖန် ဥပမာတနည်းဖြင့်ပြခြင်း။

မင်းကြီး၊ လွန်စွာသော အကြောင်းစကားဖြင့်။ ပရဝါဒီ ပုဂ္ဂိုလ်တို့ကို နှိပ်အံ့။ နာဦးလော့ဟု တိုက်တွန်း ပြီးသော်။ မင်းကြီး၊ ဥပမာသော်ကား။ယောကျ်ားသည်စည်ကြီးကို တီး၍။ ဒီ‌သံကိုဖြစ်စေအံ့။အကြင်စည်ကြီးအသံကို ယောကျ်ားသည် ဖြစ်စေအပ်၏။ ထိုစည်ကြီးအသံသည် တဖန်ဖြစ်စေခြင်းကို သာယာအံ့လောဟုဆိုသော်။ အရှင်ဘုရား၊ထိုအသံသည်ကွယ်ခဲ့ပျောက်ခဲ့ပြီ၊တဖန်ဖြစ်စေခြင်းကိုမသာယာချေ။ တဖန်ဖြစ်စိမ့်သောငှါ နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း မရှိချေ။ တကြိမ် တီးအပ်သော စည်ကြီးအသံသည် ကွယ်ပျောက်သဖြင့်။ ထိုစည်ကြီးသည် ကောင်းမြတ်ခြင်းဖြစ်၏။စည်ကြီးသည်အသံဖြစ်ခြင်း၏အကြောင်းတည်း။ ထိုအခါယောကျ်ားသည် အသံဖြစ်စိမ့်သောငှါ အကြောင်းရှိသော်။ မိမိမှဖြစ်သော လုံ့လဖြင့် စည်ကြီးကို ခတ်အပ် တီးအပ်သည် ဖြစ်၍ အသံကိုဖြစ်စေသကဲ့သို့ ထို့အတူ-မင်းကြီး၊ဘုရားရှင်သည်။ သီလ,သမာဓိ,ပညာ,ဝိမုတ္တိ,ဝိမုတ္တိဉာဏ ဒဿနတရားလျှင် အပွန်ရှိသော ဓာတ်တော် မြတ်ကိုရင်း,, သုတ် အဘိဓမ္မာ

ဝိနည်း တရားတော်မြတ်ကိုရင်း„ အစဥ်အတိုင်း ဆုမ္ဘအပ် သောဘုရားဟူသောစည်ကြီးကို။ဆရာဟုထားပြီး၍။ ကိုယ် တော်တိုင်ကမ္ဘာ့ရပ်အကြွင်းမရှိပရိနိဗ္ဗာန်ခေတ်ဖြင့်ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီး သော်လည်း။ ရအပ်သောစည်းစိမ်မည်သည် ပြတ်ခြင်းမရှိ။ သံသရာဝဋ်၌ ဆင်းရဲနှိပ်စက်အပ်သောသူတို့သည်၊ ခေတ် တော်မြတ်ကိုရင်း„ သုတ်-အဘိဓမ္မာ-ဝိနည်း တရားတော် မြတ်ကိုရင်း„ အစဥ်အတိုင်း ဆုမ္ဘအပ်သောဘုရားတော်ကို အကြောင်းပြု၍။ စည်းစိမ် ချမ်းသာကို အလို ရှိကုန်သော သူတို့သည်။ လိုအပ်သော စည်းစိမ်ချမ်းသာတို့ကို ရကုန် ၏။ မင်းကြီး၊ ဤသို့သောအကြောင်းကြောင့် သာယာခြင်း ရှိတော်မမူသော။ လာခြင်းကောင်းတော်မူသော ဘုရားရှင် အား။ ပြုအပ်သော အလှူဒါနပူဇော်သက္ကာရသည်။ အကျိုး ရှိသည်သာဖြစ်၏။ မမြဲဟုဆို၍။ မင်းကြီး၊ ဘုရားရှင်လည်း လာလတ္တံ့သော အနာဂတ် ကာလကို မြင်တော် မူအပ်၏။ မြင်တော်မူသည်ဖြစ်၍လည်း ဟောအပ်သောဘုရားစကား ကိုလည်း ဟောတော် မူခဲ့ပေ၏။ ။ဟောတော် မူခဲ့သော ဘုရားတော်ကား။

သိယာစ ခေါပနာနန္ဒ တုမှာကံ ဧဝ မဿ
အတီတသတ္ထုကံ-ပါဝစနံနတ္ထိ နောသတ္ထာတိ။
နခေါပနေတံ အာနန္ဒဧဝံဒဋ္ဌဗ္ဗံ။ ။

ယောဝေါ အာနန္ဒမယာဓမ္မောစ၊ ဝိနယောစ-
ဒေသိတော-ပညတ္တော-သောဝေါ-မ မစ္စယေ
နသတ္ထာတိ။ ။

အာနန္ဒ၊ အာနန္ဒာ။ ခေါပန၊ စင်စစ်သော်ကား။ တုမှာကံ၊ သင်တို့အား။ ဧဝံပရိဝိတက္ကံ၊ ဤသို့သောအကြံသည်။ သိယာစ၊ ဖြစ်သော်လည်းဖြစ်ရာ၏။ ပါဝစနံ၊ ဘုရားရှင်အမိန့်တော်စကားသည်။ အတီတသတ္ထုကံ၊ လွန်ပြီးသောဘုရားရှိ၏။ နော၊ ငါတို့အား။ သတ္ထာ၊ ဆုမ္မသွန်သင်အပ်သောဆရာသည်။ နတ္ထိ၊ မရှိခဲ့ပြီ၊ ဣတိ၊ ဤသို့၊ ပရိဝိတက္ကံ၊ အဖန်ဖန်လဲလဲ အကြံသည်။ အဿာဘဝေယျ၊ ဖြစ်ရာ၏။ အာနန္ဒ၊ အာနန္ဒာ။ ခေါပန၊ စင်စစ်သော်ကား။ ဧဝံ၊ ဤသို့။ ဧတံ၊ ဤငါဘုရားကို။ နဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ အာနန္ဒ၊ အာနန္ဒာ။ မယာ၊ ငါဘုရားသည်။ ဝေါ၊ သင်တို့အား။ ယောဓမ္မောစ၊ အကြင်သုတ်အဘိဓမ္မာတရားကိုရင်း။ ယောဝိနယောစ၊ အကြင်ဝိနည်းတရားကိုရင်း။ ဒေသိတောစ၊ ဟောလည်းဟောတော်မူအပ်ပြီ၊ ပညတ္တောစ၊ ပညတ်လည်းပညတ်တော်မူအပ်ပြီ။ သောဓမ္မဝိနယော၊ ထိုသုတ်အဘိဓမ္မာဝိနည်းတရားတော်သည်။ မမ၊ ငါ၏။ အစ္စယေန၊ ပရိနိဗ္ဗာန်လွန်တော်မူသဖြင့်။ ဝေါ၊ တုမှာကံ၊ သင်တို့၏။ သတ္ထာ၊ ငါဘုရားကိုယ်စား ဟောကြားဆုမ္မရစ်မည့်ဆရာပေတည်းဟု-ဟောတော်မူခဲ့သော သက်သေသာဓကထင်ရှားလှ၏။ မင်းကြီး၊ ထို့ကြောင့်သာယာခြင်းမရှိ၊ ပရိနိဗ္ဗာန်ပြုတော်မူသောဘုရားရှင်အား။ ပြုအပ်သောပူဇော်သက္ကာရသည် အကျိုးရှိသည်

သာဖြစ်၏။ မြို့။ မင်းကြီး၊ထိုတိတ္ထိတို့၏။ ထိုအကျိုးမရှိဟု ဆိုအပ်သော စကားသည်။ မဟုတ်မမှန်- အလွန်လျှင်ချွတ် ယွင်း၏၊မမှန် ဆန့်ကျင်၏၊ဖေါက်ပြန်၏၊ ဒုက္ခငြိနှင့် ယှဉ်၏၊ မကောင်းသောအကျိုးပေး၏။ အပါယ်လေးပါးလားကြောင်း ဖြစ်၏၊

---

## တဖန်ဥပမာတနည်းဖြင့်ပြခြင်း။

မင်းကြီး လွန်စွာသောအကြောင်းစကားကို နာဦးလော့။ သာယာခြင်းရှိ၍တော်မမူသော လာခြင်းကောင်းသော ဘုရား အားပြုအပ်သော အလှူဒါန။ ပူဇော် သက္ကာရသည်အကျိုးရှိ သည်သာဖြစ်၏။ မြို့။မင်းကြီးဥပမာသော်ကား။ဤမြေကြီးနှ ခပ်သိမ်းသော မျိုးစေ့တို့သည် ကောင်းစွာ ရောက်ကုန်၏။ ဤမြေကြီးသည်၊သာယာခြင်းရှိသလောဟုမေးပြန်၏။ အရှင် ဘုရား။ဤမြေကြီးသည်ခပ်သိမ်းသောမျိုးစေ့တို့ကို မသာယာ ချေဟုလျှောက်လေသော်။ မင်းကြီး သာယာခြင်း မရှိသော မြေ၌ထိုမျိုးစေ့တို့သည်ကောင်းစွာတက်ပွါးကုန်လျက်။ မြဲစွာ သောအမြစ်တို့ဖြင့်ထွေးယှက်ကုန်လျက်တည်ကုန်၍၊ပင်စည် အနှစ် အခက် ထက်ဝန်းကျင်ပြန့်ပြောကြီးကျယ် ကုန်၍။အ ဘယ်ကြောင့်ကား။ အပွင့်အသီးကို ဆောင်ကုန်သနည်းဟု မေးပြန်သော်။ အရှင်ဘုရား။ သာယာခြင်းမရှိသော မြေကြီး သည်။ထိုအလုံးစုံသော မျိုးစေ့တို့၏ ဖြစ်ရာဌာနအကြောင်း

ဖြစ်၏။ အသက်သို့တက်ပွါးခြင်းအကြောင်း ဇာလုံးထောက်အပံ့ကိုပေး၏။ ထိုမျိုးစေ့တို့သည် ထိုမြေကြီးဟူသော တည်ရာအကြောင်းကိုအမှီပြု၍ ထိုမြေကြီးဟူသော အထောက်အပံ့ပစ္စည်းကြောင့် ကောင်းစွာတက်ပွါး၍မြစွာသော အမြစ်တို့ဖြင့်ထွေး၍ကျက်ကုန်၍ တည်ကုန်သော ပင်စည် အနှစ်အခက်တို့ဖြင့် ထက်ဝန်းကျင် ပြန့်ကုန်လျက် အပွင့်အသီး တို့ကိုဆောင်သည်ဖြစ်ပါသည်ဟုလျှောက်ထား၏။ မင်းကြီး။ ထိုအကြောင်းကြောင့်တိတ္ထိတို့သည်မိမိတို့အယူ၌ ပျက်စီးကုန်၏။ ထိုတိတ္ထိတို့သည် သာယာခြင်း ကင်းသော ဘုရားရှင်အားပူဇော်သက္ကာရသည်အကျိုးမင့်မြို့၏ဟုအကယ်၍ဆိုကုန်၏။

ထိုစကားတို့သည်ပျက်စီးလေကုန်၏။ ပျောက်လေကုန်၏၊ မင်းကြီး၊ လာခြင်းကောင်းတော်မူသော ဘုရားရှင်သည် မြေကြီးနှင့်တူတော်မူ၏။ မြေကြီးသည် တစုံတခုသောမျိုးစေ့ကိုသာယာခြင်းမရှိသကဲ့သို့၊ ထို့အတူ လာခြင်းကောင်းသော ဘုရားရှင်သည် တစုံတခုသော လာဘ်သပ်ပကာ လှူဒါန်းပူဇော်ခြင်းကိုသာယာတော်မမူ။ မင်းကြီး၊ ထိုမျိုးစေ့တို့သည် မြေကြီးကိုမှီ၍ ပွါးများကုန်လျက်၊ မြစွာသောအမြစ်တို့ဖြင့် ထွေး၍ကျက်လျက် တည်ကုန်၍ ပင်စည် အနှစ်အခက်တို့ဖြင့် ထက်ဝန်းကျင်ပြန့်ပွါးကုန်လျက်။ အပွင့်၊ အသီးတို့ကိုဆောင်လေကုန်သကဲ့သို့။ ထို့အတူ၊ နတ်လူတို့သည်။ ပစ္စည်းလေးပါး၌ သာယာခြင်း ရှိတော်မမူသော ဘုရားရှင်၏ ဓာတ်တော်စေတီတော်မြတ်, သဗ္ဗညုတဉာဏ်တော်မြတ်ကို အမှီပြု၍

မြဲစွာသောကုသိုလ်တည်းဟူသောအမြစ်၌ တည်ကုန်လျက် သမာဓိတည်းဟူသောပင်စည်။တရားတည်းဟူသောအခနှစ်။ သီလတည်းဟူသောအခက်တို့ဖြင့် ထက်ဝန်းကျင် ပြန့်ပြော သည်ဖြစ်၍။ဝိမုတ္တိတည်းဟူသောအပွင့်။ အရဟတ္တဖိုလ်တည်း ဟူသော အသီးကိုဆောင်ကုန်၏၊ မင်းကြီး၊ ဤသို့သောအ ကြောင်းကြောင့် ပစ္စည်းလေးပါးတို့၌ သာယာခြင်းမရှိ။ ပရိ နိဗ္ဗာန်ပြုတော်မူပြီးသော ဘုရားရှင်အားပြုအပ်သော ပူဇော် သက္ကာရသည်အကျိုးရှိသည်သာဖြစ်၏။မြို။

---

## တဖန်ဥပမာတနည်းဖြင့်ပြခြင်း။

မင်းကြီး လွန်စွာသော အကြောင်းသည်ရှိ၏။အကြင် အ ကြောင်းဖြင့်။ သာယာခြင်းရှိတော်မမူသော ဘုရားရှင်အား ပြုအပ်သော ပူဇော်သက္ကာရသည်အကျိုးရှိ၏။မြို။ ထိုအ ကြောင်းနာဦးလော့ဟုဆို၍။မင်းကြီး၊ မြည်း,ကုလားအုပ်,ကျွဲ, နွား,လူတို့၏ဝမ်း၌၊ ပိုးမျိုးတို့သည်ရှိသည်ဖြစ်ကုန်၏။ ထိုသူ တို့သည်သာယာခြင်း ရှိကုန်သလောဟုဆိုသော်။ အရှင်ဘု ရား၊လူတို့ကိုယ်၌ရှိသောပိုးမျိုးတို့သည်သာယာခြင်းမရှိကုန် ဟုလျှောက်လျှင်။မင်းကြီး၊အဘယ်ကြောင့်ထိုပိုးမျိုးတို့သည်။ ထိုလူ,ကျွဲ,နွားတို့၏ဝမ်း၌ကောင်းစွာဖြစ်၍။များစွာသော သား မြေးတို့ဖြင့် ပြန့်ပြောခြင်းသို့ ရောက်ကုန်သနည်းဟု မေးမြန် သော်။အရှင်ဘုရား၊မကောင်းသောအကုသိုလ်ကံ၏ အကျိုး

ဖြစ်သောကြောင့်။ သာယာခြင်းမရှိကုန်ဘဲလျက်။ လူ့ကျွဲနွားတို့၏ဝမ်း၌ ပိုးမျိုးတို့သည်ဖြစ်၍။ သား့မြေး့မြစ်တို့ဖြင့် ပြန့်ပြောကုန်၏ဟုလျှောက်သော်။ မင်းကြီး၊ ထို့အတူ လာခြင်းကောင်းသော ဘုရားရှင်၏ ဓာတ်တော်; စေတီတော်မြတ်ကိုဂုဏ်။ သဗ္ဗညုတဉာဏ်တော်မြတ်ကိုဂုဏ်။ အကျိုးရှိသည့်၏အဖြစ်ကြောင့် လာခြင်းကောင်းသော ဘုရားရှင်၌ ပြုအပ်သောပူဇော်သက္ကာရသည်အကျိုးရှိသည်သာဖြစ်၍။ မပြုံ။

---

## တဖန်ဥပမာတနည်းဖြင့်ပြခြင်း။

မင်းကြီး၊ လူအပေါင်းတို့သည်။ "ကိုးဆဲ့ခြောက်ပါးသော ရောဂါတို့သည်။ မိမိတို့ကိုယ်၌ ဖြစ်စေကုန်သတည်း"ဟု။ သာယာခြင်းရှိကုန်သလောဟု မေးပြန်သော်။ အရှင်ဘုရား၊ ကိုးဆဲ့ခြောက်ပါးသော အနာတို့သည်။ ကိုယ်၌ဖြစ်စေကုန်သတည်းဟု။ သာယာခြင်း မရှိကုန်ဟု လျှောက်လေလျှင်။ မင်းကြီး၊ အသယ့်ကြောင့် သာယာခြင်းမရှိသော လူတို့အား။ ထိုအနာတို့သည် ကိုယ်၌ဖြစ်လေကုန်သနည်းဟု ဆိုသော်။ အရှင်ဘုရား။ ရှေးရှေးသောကာလ၊ သံသရာဘဝ၌ ပြုမိဘူးသောဒုစရိုက် အကုသိုလ်ကံကြောင့်။ အနာရောဂါ တို့သည် ဖြစ်ကုန်၏ဟု လျှောက်သားပြန်လျှင် မင်းကြီးရှေးရှေးသော သံသရာဘဝ၌ ပြုမိဘူးသော အကုသိုလ်ကံသည် ဤဘဝ၌ အကျိုးကိုခံစားအပ်သည်။ အကယ်၍ ဖြစ်အံ့။ ထိုသို့တပြီး

ကား။ မင်းကြီး၊ရှေးရှေးသော သံသရာဘဝ၌ ပြုအပ်သော ကုသိုလ်,အကုသိုလ်ကံတရားသည် အကျိုးကိုပေးခြင်းရှိ၏။ မမြဲ့ချေ။ မင်းကြီး၊ ဤသို့သောအကြောင်းကို ထောက်သဖြင့်လည်း။သာယာခြင်းမရှိ။ ပရိနိဗ္ဗာန် ပြုတော်မူလေပြီးသော ဘုရားရှင်အား ပြုအပ်သော ပူဇော်သက္ကာရသည် အကျိုးရှိသည်သာဖြစ်၏။မမြဲ။

---

## တဖန်ဥပမာတနည်းဖြင့်ပြခြင်း။

မင်းကြီး။"နန္ဒကအမည်ရှိသောဘီလူးသည်။ရှင်သာရိပုတ္တရာမထေရ်၌ စိတ်ပြစ်မှားခြင်းရှိ၏။ ရှင်သာရိပုတ္တရာမထေရ်ကား။သာယာခြင်း,နှစ်သက်ခြင်းရှိတော်မမူဘဲလျက်။ ဘီလူးကိုမြေကြီးသည်မျိုအပ်လေသည်မဟုတ်လောဟု'မေးသော်။ အရှင်ဘုရား။ ရှင်သာရိပုတ္တရာကိုပြစ်မှားသော နန္ဒကဘီလူးကိုကြားဘူးပါ၏။ ဤသို့သောအခြင်းအရာသည် လောက၌ထင်ရှားပါ၏ဟု လျှောက်သလေသော်၊ မင်းကြီး၊ စင်စစ်သော်ကား။ ရှင်သာရိပုတ္တရာမထေရ်သည်။ နန္ဒကမည်သောဘီလူးအား မြေမျိုခြင်းကို နှစ်သက်ရာသလောဟု မေးပြန်သော်။ အရှင်ဘုရား။ နတ် ဗြဟ္မာနှင့် တကွသော လောကသည် ပြောင်းပြန်ရှိသော်လည်းရှိရာ၏။ နေဝန်း လဝန်း မြေသို့ကျသော်လည်းကျရာ၏၊ရွှေတောင်သည် ဖရိုဖရဲရှိသော်လည်းရှိရာ၏။ ရှင်သာရိပုတ္တရာသည်။ သူတပါး၏ဆင်းရဲခြင်းကို

သာသယာခြင်းရှိတော်မမူရာ။ အဘယ်ကြောင့်နည်းဟူမူကား။ အကြင် အမျက်ဒေါသဖြင့် ရှင်သာရိပုတ္တရာသည် အမျက်ထွက်သည်ဖြစ်ရာ၏။ ပြစ်မှားသည်လည်းဖြစ်ရာ၏ ထိုအမျက်ဒေါသတည်းဟူသောအကြောင်းတရားကို ရှင်သာရိပုတ္တရာသည်နုတ်အပ်,ဖြတ်အပ်,ပယ်အပ်ပြီ။ ဒေါသတည်းဟူသောအကြောင်းတရား၏ ပယ်အပ်, သတ်အပ် ပြီးသည်ဖြစ်၍။ ရှင်သာရိပုတ္တရာမထေရ်မြတ်သည်၊ကိုယ်အသက်ကို စောင့်ရှောက်တော်မူလိုသောကြောင့်လည်း။ အမျက်ထွက်ခြင်းကို မပြုရာဟုလျှောက်ထားလေလျှင်။ မင်းကြီး၊ ရှင်သာရိပုတ္တရာ မထေရ်သည်။ နန္ဒကအမည်ရှိသော ဘီလူးအား။မြေမျိုခြင်းကိုသာသယာခြင်းရှိတော်မမူဘဲလျက်။ အဘယ်ကြောင့်မြေမျိုအပ်လေသနည်းဟုမေးပြန်သော်။ အရှင်ဘုရား။အကုသိုလ်ကံအားကြီးသည်၏အဖြစ်ကြောင့် မြေကြီးမျိုအပ်လေသည်ဟုလျှောက်လေလျှင်။မင်းကြီး၊ အကုသိုလ်ကံအားကြီးသည်၏အဖြစ်ကြောင့်အကယ်၍နန္ဒကမည်သောဘီလူးကို မြေမျိုအပ်လေသော်။ သာသယာခြင်းရှိတော်မမူသော ရှင်သာရိပုတ္တရာအားပြုအပ်သောအပြစ်အမှုသည်အကျိုးကိုပေး၏။ မမြဲချေဟုဆို၏။မင်းကြီး၊သို့တပြီးကား၊ကုသိုလ်ကံတရား အားကြီးသည်၏အဖြစ်ကြောင့်။ သာသယာခြင်း ရှိတော်မမူသော ဘုရားရှင်အား ပြုအပ်သော ပူဇော်သက္ကာရသည် အကျိုးရှိသည်သာဖြစ်၍။မမြဲ။

## တဖန်ဥပမာတနည်းဖြင့်ပြခြင်း။

မင်းကြီး။အဘယ်မျှလောက်သောသူတို့ကိုလျှင်။ ဤသာသနာတော်တွင်း၌။ မြေမျိုအပ်လေကုန်သနည်း။ ထိုမြေမျိုသောလူတို့ကို ကြားဘူး၏လောဟု မေးသော်။ အရှင်ဘုရားကြားဘူးပါ၏ဟုဆိုလျက် အရှင်ဘုရား။ စိဉ္စမာဏ အမည်ရှိသောမိန်းမ သုပ္ပဗုဒ္ဓသာကီဝင်,ဒေဝဒတ်မထေရ်,နန္ဒကမည်သောဘီလူး,နန္ဒမည်သောလုလင် ဤငါးယောက်သော သူတို့ကိုမြေမျိုအပ်ကုန်၏ဟု လျှောက်ထားလေသော်။ မင်းကြီး၊ထိုသူတို့သည်အဘယ်ပုဂ္ဂိုလ်၌ပြစ်မှားခြင်း ရှိကုန်သနည်းဟုဆိုပြန်လျှင်။ အရှင်ဘုရား။ ဘုရားရှင်၌၎င်း, တပည့်သားတော်၌၎င်း ပြစ်မှားကြကုန်၏ဟု လျှောက်လျှင်။ မင်းကြီး၊ဘုရားရှင်သည်၎င်း,တပည့်သားတော်တို့သည်၎င်း ဤသူတို့အား မြေမျိုခြင်းကို သာယာခြင်း ရှိတော်မူကုန်အံ့လောဟုမေးသော်။ အရှင်ဘုရား၊ဘုရားရှင်နှင့် တပည့်တော်မြတ်တို့သည်။သာယာခြင်း ရှိတော်မမူကုန်ဟု လျှောက်ပြန်သော်။ မင်းကြီး၊ထိုသို့ဘပြီးကားသာယာခြင်းမရှိ။ ပရိနိဗ္ဗာန်ပြုတော်မူသောဘုရားရှင်အား ပူအပ်သောပူဇော်သက္ကာရသည် အကျိုးရှိသည်သာဖြစ်၏ဟုဖြေကြားတော်မူလေ၏။

---

## မိလိန္ဒမင်းကြီး အထူးကျေနပ်ခြင်း။

ထိုအခါ အရှင်ဘုရားပြဿနာကို ကောင်းစွာသိစေအပ်ပေ၏။ နက်နဲသောအဓိပ္ပါယ်ကို ထင်ပေါ်သည့်ကို ပြုအပ်ပါ

ပေ၏၊ လျှို့ဝှက်အပ်သော အနက်အဓိပ္ပါယ်ကို ဖျက်ဆီးအပ်ပေ၏၊ ခဲခက်သောအထုံးကိုချို ဖြတ်ဖြေရှင်းအပ်ပေ၏။ စွဲသမ်းရာကိုပြုအပ်ပေ၏၊ ပရဝါဒီပုဂ္ဂိုလ်တို့၏ မကောင်းသောအယူကိုပျောက်အပ်, ချိုးအပ်ပြီ၊ မှားသောအယူဝါဒ ရှိကုန်သော တိတ္ထိတို့သည် ဘန်းဆိုးအရောင် မရှိလေကုန်ပြီ။ မြတ်သော ဂိုဏ်းသဃ်ာရှိသော အရှင်ဘုရားသည်။ လွန်စွာ "ဥပမာ အမျိုးမျိုးတို့ဖြင့်" စီရင်တော်မူပေပြီဟု။ ချီးမြှောက် ထောမနာပြုလေ၏။

(အထူးမှတ်ချက်)။ ။ဤအခဏ်း၌။ပရိနိဗ္ဗာန်ပြုပြီးသော။ဘုရားရှင်၌ပူဇော် လှူဒါန်းခြင်းသည် အကျိုးမရှိနိုင်ဟု။ ယခုလည်း၊ အယူ လွဲမှားသော။ အချို့တိတ္ထိများဆိုကြ၍။နောင်ဒီသက်ကဲ၍။အယူမှားကြလိမ့်မည်ဟု-ပညာရှိသော မင်းကြီး မြင်တော်မူသဖြင့်။အလွန်နက်နဲသော ပုစ္ဆာအဖြာဖြာကို။ ကျနမှန်ကန်စွာဖြေဆို နိုင်သော။ ရှင်နာဂသိန်- ပညာရှင်မထေရ်မြတ်ဆုံးဖြတ်ရန် နောက်သား နောင်လာတို့အကျိုးမြှော်ကိုး၍ မေးသောပုစ္ဆာဖြစ်၏။ ဤကဲ့သို့တရားစင်တရားမှန်ကို။ ဥပမာ အထန်တန်ဖြင့်ဟောကြားတော်မူ ထားပါလျက်။ ယခုအခါမှာပင်။မိစ္ဆာဉာဏ်သက်ဝင်သော။ သူများရှိကြသေး၏။ အံ့ဘွယ်ရှိစွတကား။ ဤအခဏ်း၌။ သာယာခြင်းဟူသည်ကား။ သာယာနှစ်သက်ခြင်း လောဘကိုဆိုလေသည်။ဘုရားရှင်သည်။သဗ္ဗညုတဉာဏ်တော်ရပြီး။ဘုရားဖြစ်သည်ကစ၍။သာယာနှစ်သက်ခြင်း။ လောဘ တဏှာ တရားကုန်ခဲ့ပြီ။

ကင်းခဲ့ပြီ ဖြစ်သောကြောင့်၊ ဘုရားပရိနိဗ္ဗာန်ပြုပြီး၍၊ ဘုရား ကိုယ်တော်စား စေတီတော်မြတ် များသည်။ ဘယ်မှာလျှင်။ သာယာပါအံ့နည်း၊ အချို့အယူမှားနေ သူတို့သည်၊ ဘုရား သက်တော်ထင်ရှားရှိ စဉ်သာ။ လှူဒါန်း ပူဇော်၍ အကျိုး ရှိ၏။ ဘုရားသည်။ လှူဒါန်း ပူဇော်သည်ကို သာယာနှစ်သက် သဘော ကျစွာ ခံယူလေသည်။ စေတီတော်တို့က။ လှူဒါန်းပူဇော်ခြင်းကို။ မသာယာမနှစ်သက်နိုင်ဟုအတွေးချော်အယူမှားကြရာ၏။ သက်တော်ထင်ရှားရှိသော ဘုရားဖြစ်စေ၊ ဘုရားကိုယ်စားစေတီဖြစ်စေလှူဒါန်းပူဇော်ခြင်းကိုသာယာ နှစ်သက်သည်မရှိ၊ သာယာ နှစ်သက်တတ်သောတရားကိုပယ်တော်မူအပ်ပြီ။သို့ဖြစ်၍ ဘုရားမှမရှိတော့ဘဲ- ဤစေတီတော်ကြီး ရှိခိုးပူဇော်လို့ သိသလား။ သာယာနှစ်သက် နိုင်သလားစသည်ဖြင့်။ ရှေးကတိတ္ထိတို့ လေသုံး၍။ လုံးလုံးကြီးမှားနေကြရာသောသူများ။ ဤအခဏ်းကို ကြပ်ကြပ်သတိထား၍။ ကြည့်ရှု မှတ်သားကာ။ ဆိုလိုရင်းအဓိပ္ပါယ်ကိုသိအောင်ဘတ်ကြပါလေ။ဆိုလိုရင်းအဓိပ္ပါယ်ကား။ ဘုရားရှင်တို့မည်သည်။ သာယာနှစ်သက်ခြင်း ကင်းတော် မူပြီးဖြစ်၍။ ထိုဘုရားရှင်တို့ ကိုယ်စားစေတီတော်များကို။ ရှိခိုးပူဇော်သက္ကာရ ပြုကြခြင်းသည်။ သက်တော် ထင်ရှားရှိသောဘုရားရှင်အား လှူဒါန်းပူဇော်တာနှင့် အကျိုးတူကြောင်းကို ဟောကြား ဖြေဆိုခြင်းဖြစ်၏။ ဥပမာစကားဘို့မှာ။ ဘုရားရှင်အား ပြစ်မှားသောသူတို့ကို.ဘုရားရှင်သည် စိတ်ဆိုးခြင်း ထိုပုဂ္ဂိုလ်

ပျက်စီးစေခြင်း စိတ်ဆန္ဒတော် အလျှင်း မရှိသော်လည်း။ ထိုပြစ်မှားသူမှာ-မုချငရဲကျရသကဲ့သို့-ထို့အတူ- ဘုရားရှင်အား လျှုဒါန်း ပူဇော်ခြင်းကို။ မြတ်စွာဘုရားသည်။ သာယာတတ်မက်ခြင်း မရှိငြားသော်လည်း။ လှူဒါန်းပူဇော်သူမှာ။ မုချအကျိုးရှိသည်ဟုဆိုလိုရင်းဖြစ်၏။ ။မမြဲဟူသောစကားသည်။ အကျိုးမရှိသည်မဟုတ်။ ရှိသည်သာတည်းဟုဆိုလိုသည်။ ထို့ကြောင့်, မသူတော်ဖြစ်ကုန်သော။ သူယုတ် တို့သည်။ ဘုရားကို မြင်၍လည်း မကြည်ညိုနိုင်။ ဘုရားရှင်၏ ဂုဏ်ကျေးဇူးစကား။မြတ်တရားကို ကြား၍လည်း။ မနှစ်သက်နိုင်ဘဲ။မိုက်မြဲသာမိုက်ကြကြောင်းကို။ ထိုမရှရ-ရသဝါဟိနီကျမ်း၌။ဤသို့ဆို၏။ ။

ဒိသွာ သုတွာစ ဗုဒ္ဓဥ္စ၊
ဓမ္မံ သောတာ ရသာယနံ။
နာဇနေ့န္တိ မနောဟာသံ၊
တထာသံသာရ ခါဏုကာ။ ။

ဗုဒ္ဓဥ္စ၊ဘုရားသခင်ကိုယ်စား၊ တည်ထားသော ဆင်းတုတော်,မွေတော်မြတ်ကိုရင်း။ ဒိသွာစ၊မြင်၍ရင်း။ သောတ-ရသာယနံ၊ နား၏အရသာ အလွန်နာစချင်ဘွယ် ဖြစ်သော။ ဓမ္မဥ္စ၊တရားတော်ကိုရင်း။ သုတွာပိ၊ကြားနာရသော်လည်း။ မနောဟာသံ၊ စိတ်၏ရွှင်လန်းခြင်းကို။ သံသာရခါဏုကာ၊ ရတနာသုံးပါး၌၊မကိုင်းမညွတ်သော၊သံသရာ၌၊သစ်ငုတ်ဖြစ်

သောသူယုတ်တို့ရှိသည်။ နဓနေ့၌၊ ကြည်ညို နှစ်သက်ခြင်း စိတ်ကိုမဖြစ်စေကုန်။

ဤမိလိန္ဒ မင်းကြီးနှင့် ရှင်နာဂသိန် အမေး အဖြေကို သုံးကြိမ်သုံးခေါက်ထက် မနည်း ဘတ်ပါလျှင် ဘုရားရှင် အလိုတော်ကျ ရဟန္တာ မထေရ်မြတ် ဖြေဆိုဟောကြား တော်မူသည်ကို။ ရှင်းလင်းစွာသိရှိသာပါလိမ့်မည် မပျင်း မရိဘဲ။မှတ်မှတ်သားသားဖြင့် အထပ်ထပ်ဘတ်ကြပါကုန်။

နိဗ္ဗာန်ယူတော်မူပြီးသောဘုရားရှင်ကိုရှိခိုးပူဇော်သဖြင့်
အကျိုးရှိမရှိအမေးကို။အကျိုးရှိကြောင်း
ဖြေဆိုတော်မူခြင်းအခန်းပြီး၏။

---

## သီရိနာဂမင်းဝတ္ထု။

သင်္ဟိုဠ်ကျွန်း၌သီရိနာဂအမည်ရှိသောပုဏ္ဏားသားသည် တနေ့သည်ဆိတ်ငြိမ်ရာ၌နေပြီးလျှင်၊ဤသို့ကြံ၏။ ဥစ္စာကိုရှာ၍။ထိုဥစ္စာဖြင့် သူရဲကောင်းတို့ကိုပေးကမ်း၍။ အနုရာဓမြို့၌ ထီးဖြူဆောင်း၍ မင်းပြုရသော်ကောင်း၏ဟု ကြံပြီးသော်။ အဘယ်အရပ်၌ ဥစ္စာကိုရပါမည်နည်းဟု စဉ်းစားပြန်လေ လျှင်။မြို့၏တောင်ဒက္ခိဏမဟာဝိဟာရကျောင်းရပ်၌ စေတီ ကိုမြင်လေသော်။ ဤစေတီကိုဖျက်၍ အတွင်းရှိ ဥစ္စာတို့ကို ယူလျက်။လူအများကိုပေး၍ ငါအလိုအတိုင်းပြည့်စုံအောင် ခေါ်ယူအံ့ဟု။စိတ်ယုတ်မာတို့ဖြင့်ကြံ၍။ ရွှေငယ်ဓနပုဒ်တို့ကို

အနိုင်အထက်လုယူဖျက်ဆီး၍။ အင်အားရပြီးသော်။ ဒက္ခိဏာမဟာစေတီကို ဖြိုဖျက်ရန်လာ၍။ လူအများကို စေတီအား ဖျက်စေ၏။ လူအများသည် စေတီတော်၏ အုဋ္ဌ ကျောက်အစပ်တို့ကို ရှာသည်ရှိသော် မတွေ့သောကြောင့်။ အရှင်၊ အုဋ္ဌကျောက်အစပ်ကိုရှာမတွေ့ဟူ၍ဆိုကြကုန်၏။

ထိုအခါ။ အမောင်တို့ဘယ်သူသည်စေတီ၏အုဋ္ဌကျောက်စပ်ကိုသိပါသနည်းဟု။ သိရိနာဂအမည်ရှိသော အမတ်ကမေးလေ၏။ ဟင်္သာဝတီမည်သောရွာ၌။ "ဗဟုလ" အမည်ရှိသော စဏ္ဍာလသည်သိပါ၏ဟု ဆိုကြကုန်၏။ ထိုသိရိနာဂအမတ်သည်။ ထိုဗဟုလအမည်ရှိသောစဏ္ဍာလကို ခေါ်စေ၍။ ဟယ်သူကြီး။ သင်သည်, ဤစေတီ၌ ကျောက်စပ်ကို သိသလောဟု။ မေးသော်။ သိပ၏ဟုပြောလျှင် ဒါဖြင့် ဤစေတီကို ဖြိုဖျက်လော့ဟု ခိုင်းလေ၏။ ထိုအခါစဏ္ဍာလသူတော်ကောင်းသည် ဤသို့ဆို၏။ အရှင့်သား။ ကျေးဇူးတော်အရုံ။ ဂုဏ်တော် အနန္တနှင့် ပြည့်ရုံသော မြတ်စွာဘုရားကို။အကျွန်ုပ်သည်၊ ကိုးကွယ်ပါ၏။ဤကဲ့သို့အတုမရှိသော။ ဘုန်းတော်သခင်ဘုရားရှင်စေတီအား ဖျက်ပါလျှင် အနန္တရိယကံသင့်သည်ဖြစ်၍။ဘဝမခြား။ ငရဲသို့လားရပါမည်၊ သို့ဖြစ်၍။ကျွန်ုပ်မဖျက်နိုင်ပါဟု။ဘုရားရှင်၏ဂုဏ်ကျေးဇူးတို့ကို။အထူးထူးအားဖြင့်ချီးမွမ်း၍ပြောဆိုလေ၏။

ထိုစကားကို ကြားလျှင်။ သိရိနာဂသည်။ သူခိုင်းတာမလုပ်ရမည်လားဟု။အမျက်ထွက်၍။ဗဟုလအမည်ရှိသော။ စဏ္ဍာလသူအိုကြီးကို။ အသက်ရှင်စဉ်လျှင်။သံတံကျင်လျှို၍

ထားလေ၏။ ထို့နောက်။ ဗဟုလအဘိုးကြီးရဲ့သား။ (၁၇)
ဘကျိပ်ခုနစ်ယောက်တို့ကို ခေါ်၍။ ရှေးနည်းတူ မေးလေ
သော်။ ထိုသားတို့သည်။ဘခင်နည်းတူ။မိမိတို့သည်။ဘုရား
ကိုကြည်ညိုသော။ဗုဒ္ဓဘာသာသားများဖြစ်၍။ မပျက်စုံးကြောင်း
ဖြင့်။ ပြောဆိုငြင်းဆန်လေသော်။ ယုတ်မာလှစွာသော သိရိ
နာဂအမတ်သည်။ အမျက် ချောင်းချောင်းထွက်၍ ထိုသူ၏
သားတို့ကိုလည်း။တံကျင်လျှို၍ထားစေ၏။

## သူတော်ကောင်းသားအဘတို့ကိုနတ်ပြည်သို့ ဆောင်ယူခြင်း။

ထိုအခါ။ရတနာသုံးပါးကို။ အသက်ပမာ ကြည်ညိုသဒ္ဓါ
ဖြတ်နိုးရှာကြသော တကျိပ်ရှစ်ယောက်သော။ သား-အဘ
တို့၏။ ကောင်းမြတ်သော စေတနာဖြင့်။ ဘုရားရှင်၏ဂုဏ်
တော်ကို။အာရုံပြုခါပွားများနေကြသော ကောင်းမှုကြောင့်။
နတ်တို့သည်။ နတ်ပြည်မှ တဆဲ့ရှစ်စင်းသော နတ်ရထား
ဗိမာန်တို့ကို ဆောင်ခဲ့၍။ လူအပေါင်းတို့၏ မြင်စဉ်ပင်လျှင်။
ရထားဗိမာန်သို့။ သားအဘဘရုတို့ကို။ ရထားအသီးသီး၌
တင်ကုန်လျက်။ နတ်သူရဲအပေါင်းတို့နှင့် တကွ ခြံရံကာ။
တုသိတာနတ်ပြည်သို့။ ဆောင်ယူ သွားကြကုန်၏။ ။ထို
အရပ်၌စည်းဝေးလာကုန်သော များစွာသော လူအပေါင်း
တို့သည်။ ကြီးလှစွာသော။အံ့ဘွယ်သရဲတို့ကိုမြင်၍။ ကြည်
ညိုနှစ်သက်သော စိတ်ဖြစ်၍။ ထိတ်လန့် သဖြင့်။ အရှင်

မင်းကြီး။စေတီတော်ကိုမဖျက်ပါနှင့်ဟုတောင်းပန်ကြသောကြောင့်။ ထိုသိရိနာဂမင်းသည် အများတို့ကို မဆန့်ကျင်နိုင်သဖြင့်။ဒက္ခိဏာမဟာစေတီတော်ကို။မဖျက်တော့ဘဲ။ အရှေ့အရပ်သို့ဘဲသွား၍မဟာဂင်္ဂါ၏အနီး၌ရှိသော မရုပိဋ္ဌိသရွာသို့သွား၍။ ထိုရွာကိုတိုက်ခိုက် သိမ်းယူပြီး။ ထိုအရပ်၌ရှိသော။ (မရုပိဋ္ဌိစေတီတော်)ကို ဖြိုဖျက်ပြီး။ ဌာပနာတိုက်မှ။ ဥစ္စာပစ္စည်းအသီးသီးတို့ကိုယူလျက်ထိုဥစ္စာဖြင့်များစွာသောစစ်သည့်ဗိုလ်ခြေတို့ကို ပေးကမ်း၍ အနုရာဓမြို့ကိုစစ်ထိုးကာမင်းပြု၏။

မင်းအဖြစ်သို့ ရောက်ပြီးသော်။ သိရိနာဂ မင်းသည်။ ထိုစေတီတော်ကို ဖြိုဖျက်ဖေါက်ထွင်းခြင်း ပြုလုပ်သော။ အကုသိုလ်ကံကြောင့်။ မင်းဖြစ်၍ မကြာမတင်မီပင်လျှင်။ အလွန်ကြမ်းတမ်းလှစွာသော ဝမ်းအနာသည် ဖြစ်လေ၏။ ဆေးသမားတို့သည်-ဆေးကုစားပါကုန်သော်လည်း။ကုစားအံ့သော၌။မတတ်နိုင်ကုန်။ထိုသိရိနာဂမင်းသည်။သတိရ၍။ကြောက်ရွံ့သဖြင့်။ စေတီတော်ကိုဖေါက်မိသောအပြစ်ကိုပျောက်စိမ့်သော၄ါ။ထိုဥစ္စာတို့ကိုစိစစ်ရုံးရ၍။စေတီတော်၌ထည့်ပြန်စေ၍။ စေတီတော်ကို ပကတိသောအတိုင်း ဖြစ်အောင် တည်လုပ်ပြန်သော်လည်း။ ထိုဝမ်းအနာသည် မပျောက်တော့ဘဲ။ဝမ်းပေါက်ကွဲ၍ သေကာ။အလွန်ကြောက်မက်ဘွယ်ကောင်းသော။အဝီစိငရဲသို့စောက်ထိုးကျဆင်းရတော့၏။

(မှတ်ချက်) ယခုအခါမှာ-ဘုရားပြစ်မှားတဲ့လူတွေနှင့်ဘုရားဌာပနာ ဖောက်တွင်းခိုးယူသော။ အဝိစိလမ်းစာသတ္တဝါတို့ ဤ ဝတ္ထုကိုထောက်၍၊ ကြောက်ဘွယ်ရှိစွတကား။ ရှောင် ရှားကြပါအများ။

ဤဝတ္ထု-သက်သေတို့ကို ထောက်ထား၍။ ပရိနိဗ္ဗာန်စံ ဝင်တော်မူပြီးသော။ ဘုရားရှင်စေတီတော်တို့ကို။ကြည်ညို ကိုးကွယ်၍၊ ရှိခိုး ပူဇော်ခြင်း အမှုပြုပါက အကျိုးထူး မဟာပွလ။မုချရရှိကြောင်းနှင့်။ ထိုဘုရားရှင်စေတီတော်မြတ် တို့ကို။ ကဲ့ရဲ့ရှုံ့ချပြောဆိုခြင်း-ပြစ်မှားခြင်း။ ချိုးဖျက်ခြင်း တို့သည်။အလွန်ကြီးလေးသော အပြစ်ကို။ပစ္စုပ္ပန်-သံသရာ နှစ်ဖြာဆင်းရဲကို။ မုချမလွဲခံရကြောင်းတို့ကို။ သိရှိသင့်ကြ လောက်ပြီ။

ထိုမှတပါး။ အပဒါနစသောကျမ်းဂန်တို့၌ စေတီတော် တို့ကို။ ရှိခိုး ပူဇော်သက္ကာပြုခြင်း။ ဘုရားရှင်စေတီတော် တို့ကို။မြက်သုတ်သင်ခြင်း။ စေတီပျက်စီးနေသည်ကို။ ပြုပြင် ခြင်း။ စေတီတော်ဝတ်ကို ပြုခြင်းစသော။ အမှုကို ပြု၍။ ပစ္စုပ္ပန်၌လည်း။ အသက်ရှည်ခြင်း။ ဘေးကင်း ချမ်းသာ အဖြာဖြာတို့ကိုရရှိ၍။ သံသရာမှာလည်းဆင်းရဲမရှိ။ နိဗ္ဗာန် ထိအောင်။ အကျိုးခံစားတော်မူသွားကြသော။ ဥပဝါနမထေရ်ဝတ္ထု "ပဋ္ဌဒိပကာ မထေရ်ဝတ္ထု" "သုဓါ ပိဏ္ဍိယ မထေရ်ဝတ္ထု" "သောဓနမထေရ်ဝတ္ထု" အဘယမထေရ်ဝတ္ထု" အစရှိသော။ များစွာသော ဝတ္ထုသက်သေတို့သည်။

လယ်ပြင်ဆင်သွားသကဲ့သို့ ထင်ရှားစွာရှိကုန်၏။ ၎င်းဝတ္ထု သက်သေတို့ကို ထောက်ထား၍၊ စေတီတော်တို့ကို ရှိခိုး ပူဇော်ခြင်း၏ အကျိုးတို့ကို၎င်း။ “ဇနီလဝတ္ထု” “သံရိနာဂ မင်းဝတ္ထု” “ဒမ္ဗိလကျည်းအရှင်းတို့ဝတ္ထု” “ရှမ်း သိုဟံ ဘွားဝတ္ထု” အစရှိသော....ဝတ္ထု သက်သေပေါင်း များ စွာတို့၌။ ဝစီကံမှ ပြစ်မှားရုံနှင့်။ ဘေးဒုက္ခ အမျိုးမျိုး တွေ့ရပုံ။ ဘုရား စေတီတော်ဟ္ဂူကို ဖျက်ဆီးခြင်း, ဓမ္မ စေတီထိုက်တော်မူသော စာပေ ကျမ်းဂန်တို့ကို ဖျက် ဆီးခြင်းစသော မကောင်းမှုတို့ကြောင့်။ ယခု ပစ္စက္ခ ဘဝမှာပင်။ ဥပစ္ဆေဒက ကံဖြင့်။ အသတ် အဖြတ်ခံ၍ သေရခြင်း, ဘေး အမျိုးမျိုးသင့်၍သေရခြင်း, သေသည့်၏ အခြားမဲ့၌ ငရဲသို့ ကျရခြင်းစသော- ဘေးအပေါင်းတို့ကို တွေ့ကြုံ ခံစားရခြင်းဒုက္ခတို့ကို။ များများကြီး ထိတ်လန့် ကြောက်ရွံ့ကာဘုရားရှင်စေတီတော်မြတ်အပေါင်းတို့အား။ မပြစ်မှား,မပြောဆို,မဖျက်ဆီးမိကြရန်။ အထူးသတိထား၍ ရှောင်ရှားကြရာသည်။ သို့ဖြစ်၍ စေတီတော်အသီးသီးတို့ ကိုပြစ်မှားကာ။ အကုသိုလ်ဘေးအလွန်များ၍၊ ငရဲလားရ ကြောင်းတို့ကို။ နှုတ်ဆုံးဆောင်ထားရန်ဂါထာများကို။ “မခုခ- ရသဝါပ်နီကျမ်း” မှအသီးသီး ထုတ်နုတ်လျက်။ ကျက်မှတ် ကြရန်။ အစဉ်လိုက်ဘော်ပြသွားမည်ဖြစ်ကြောင်း။

## ဓာတုစေတီကိုဖျက်ဆီးခြင်းအပြစ်ကို ပြသောဂါထာ။

သဏ္ဍာတုကံ ထူပဝရံ၊
ယော ဘေဒယပနေတိ သော။
သိဂိနာဂေါဝ သော ဟောတိ၊
ဘာဂီ ဒုက္ခဿ ကေဝလံ။ ။

သော၊ ဒိုလူများအပေါင်း သူကောင်ကောင်းတို့။ ယော ပါပေါ။အကြင်ယုတ်မာသော သူသည်။ သဓာတုကံ။ ဘုရားသခင်-မွေးတော်ဓာတ်, တပည့်သားတော်တို့၏ မွေးတော်ဓာတ်,တို့ကို ဌာပနာရာဖြစ်သော။ထူပဝရံ၊ *စည်းခုံစေတီတော်မြတ်ကို။ ဘေဒံ။ ဖြိုဖျက်ခြင်းကို။ ဥပနေတိ။ ဖြစ်စေပြုစေ၏။သောပါပေါ။ထိုစည်းခုံစေတီတော်တို့ကို။ တူးဖြိုဖျက်ဆီးသောသူယုတ်သည်။ သိဂိနာဂေါ၊စေတီကို ဖြိုဖျက်သဖြင့်။ ဘိုက်ကွဲသေရ။ ငရဲကျသော။ "သိင်္ဂိနာဂမင်း"ကဲ့သို့။ ကေဝလံ၊စင်စစ်အမှန်။ဒုက္ခဿ၊ဆင်းရဲခြင်း၏။ ဘာဂီ၊ခံစားရာအဘို့ရှိသည်။ဟောတိ၊ဧကန်ဖြစ်ပုံသေ-ဖြစ်တော့လေ၏။

(မှတ်ချက်) *စည်းခုံ စေတီတော်ဟူသည်ကား။ မြေမှ ပေါက်၍။ အုဌ်ကျောက်တို့ဖြင့် တည်ထားအပ်သော။ ရွှေတိဂုံ ဘုရားပုံတော်ကဲ့သို့သောဘုရားစေတီဟုမှတ်ပါလေ။

## ပရိဘောဂစေတီကိုဖျက်ဆီးခြင်းအပြစ်ကို ပြသောဂါထာ။

ဆေတွာ ဘောဓ္ဓာဒိကံ ကတွာ၊
ယော ဝေ ဗောဓိံ မဟီရုဟံ။
ပစ္စေကွေပိ ဝိနာသံ သော၊
ယာတိ ပေစ္စပိ ရောရုဝံ။ ။

ယော။ အကြင်သူယုတ်သည်။ မဟီရုဟံ။ မြေ၌ပေါက်ရောက်သော။ ဗောဓိံ။ ဘုရားသခင်ပွင့်ရာဖြစ်သဖြင့် စေတီထိုက်တော်မူသောဗောဓိပင်ကို။ဝေ၊ စင်စစ်။ဆေတွာ၊ ခုတ်ဖျက်၍။ဘောဓ္ဓာဒိကံ၊ဖေါက်ခွဲခြင်းအစရှိသည့်ကို။ကတွာ။ပြုသောကြောင့်။ ပစ္စေကွေပိ။ မျက်မှောက်သော ဘဝ၌လည်း။ ဝိနာသံ။ ပျက်စီးခြင်းသို့။ ယာတိ။ ရောက်ရလေ၏။ ပေစ္စပိ။ တမလွန်ဘဝ၌လည်း။ ရောရုဝံ။ငရဲကြီးရှစ်ထပ် အဝင်အပါဖြစ်သော ရောရုဝငရဲကြီးသို့၊သော။ဗောဓိပင်ချိုးဖျက်သော ထိုသူယုတ်သည်။ယာတိ။ရောက်ရလေတော့၏။

(မှတ်ချက်) *ငရဲကြီးရှစ်ထပ်ကား။ ။သိဉ္စုဝ်း,ကာဠသုတ်,သံဃာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝီစိ-ဤကားငရဲကြီးရှစ်ထပ်တည်း။

## ဒုဋ္ဌသေစေတီကိုဖျက်ဆီးခြင်းအပြစ်ကိုပြသော ဂါထာ။

ဟတ္ထပါဒါဒိ သင့်ဍ္ဍာ၊
ဖိနပိဋ္ဌသံ ယော ကရေ။

သောဝိ တာဒိသကော ဟုတွာ၊
အပါယော သုပပဇ္ဇတိ။ ။

ယော။အကြင်သူယုတ်သည်။ဖိနုဗ်မှသော။ဘုရားသခင်၏ ရုပ်တုတော်ကို။ဟတ္ထပါဒါဒိသင္ကန္ဓံ။လက်တော်, ခြေတော် စသည်တို့ကိုချိုဖဲ့ဖျက်ဆီးခြင်းကို။ကရေ၊ပြုလေအံ့။သောဝိ၊ ထိုဘုရားသခင်ရုပ်တုတော်ကို။ ချိုးဖဲ့ဖျက်ဆီးသောသူယုတ် မာသည်လည်း။ တာဒိသကော။ ထိုသိရိနာဂမင်းကဲ့သို့ပင်။ ဟုတွာ။ဖြစ်၍၊အပါယော သု။ အပါယ်ဘုံတို့၌။ဥပပဇ္ဇတိ။ ကျ ရောက် မလွဲ ဆင်းရဲခံရလိမ့်သတည်း။

## ဓမ္မစေတီတော်ကိုဖျက်ဆီးခြင်းအပြစ်ကို ပြဆိုသောဂါထာ။

ယော ဟာဝေ ဓ ဝိနာသေတိ၊
သမ္ဗုဒ္ဓဓမ္မပေါတ္ထကံ။
ဆိန္နဘိန္နောဝိ-သောဟောတိ၊
နိရယဉ္စ-နိဂစ္ဆတိ။ ။

ယော။အကြင်သူသည်။ဟဝေ။ဤသာသနာတော်၌။သမ္ဗုဒ္ဓ ပေါတ္ထကံ၊ မြတ်စွာဘုရားသည်။ဟောတော်မူအပ်သော-ပိဋ ကတ်တော်ကို။ဝိနာသေတိ။ဖျက်ဆီး၏။ သော၊ ထိုပိဋကတ် တော်ကို၊ ဖျက်ဆီးသောသူသည်။ ဆိန္နဘိန္နောဝိ၊ ခြေလက် အင်္ဂါ။ကျိုးပဲ့ရုတ်ပြတ်သည်လည်း။ ဟောတိ၊ဖြစ်၏။ နိရ ယဉ္စ။ငရဲသို့လည်း။နိဂစ္ဆတိ၊လားရလေ၏။

(မှတ်ချက်) *ဤကဲ့သို့။ဓမ္မစေတီထိုက်တော်မူသော။ ကျမ်းဂန်တတ် အကျော်ဆရာတော်တို့ကဲ့။ သတ်ဖြတ်ပြစ်ခြင်း။ ကျမ်းစွာ တို့ကိုမီးနှင့်ရှို့၍ဖျက်ဆီးခြင်းအမှုဘို့ကိုပြုသော။ "ရှမ်း သိုဟန်ဘွားမင်း"သည်။ယခုပစ္စုပ္ပန္နဘဝမှာပင်။ ဥပစ္ဆေ ဒကကံဖြင့် ဦးခေါင်းပြတ်၍ သေရလေသည်။ မနောင် သံသရာ၌ကားဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း။

အထက်ပါ ဂါထာတော်မြတ်တို့၏ အဓိပ္ပါယ်ကို။ စိတ် ဝယ်မှတ်သား၍။မြတ်ဘုရားစေတီတော်တို့ကို။ပြစ်မှားပြော ဆို။ဖျက်ဆီးခြင်းအကုသိုလ်မှု။ အထူးသဖြင့်ရှောင်ကြဉ်ကြ ရမည်။ဥပမာမှာ။ သားရဲသစ်ကျား။ ကြောက်မက်ဘွယ်များ သော။ တောလမ်းခရီးသို့။ မသွားမလာဘဲ ရှောင်ရှားရ သကဲ့သို့။ကြောက်မက်ဘွယ် ကြီးလေးသော အပြစ်တို့ကို။ ကြဉ်ကြဉ်ကြီး ရှောင်ရှားသင့်ကြောင်းကို။ ၎င်းကျမ်းမြတ်၌ ပင်။ဤသို့ဆုံးမတော်မူထားလေသည်။

ဆုံးမဂါထာတော်။

မဟာနတ္ထကရံ ပါပံ၊
ဉတွိ ဝိညာယ-ပဏ္ဍိတော။
ဒူရတော ပရိဝဇ္ဇေယျ။
မဂ္ဂံ ပဋိဘယံ ယထာ။ ။

ဉတွိ၊ ဤသို့-ဝတ္ထုသက်သေ။ အထွေထွေ စကား။ ကျမ်းဂန်များနှင့်။ ပြထားသချာ၊ ဖြာဖြာရပေါင်း။ အ

ကြောင်းကြောင်းကို။ ပဏ္ဍိတော။ ရှေ့နောက်မြော်သိ။ ပညာရှိသည်။ ဝိညူယ။ ပညာဉာဏ်ဖြင့်။ တွေးကြံသတိ။ ဟုတ်ဘိုင်းသိ၍။ မဟာနက္ခတ္တရ၊ ကြီးစွာသောအကျိုးမဲ့ကိုပြုတတ်သော။ ပါပံ၊ ဘုရားရှင်စေတီ၊ အလယ်လိကို။ ဝစိကာယ၊ မနှလိုင်းခြား၊ ဒွါရများဖြင့်၊ ပြောကြပြစ်မှား။ ပျက်ပြားအောင်ပြု။ မကောင်းမှုကို။ ဒူရတော၊ ဝေးစွာ၊ ပရိဝဇ္ဇေယျ။ ရှောင်ကြဉ်ရာ၏။ ပဋိဘယံ။ ဘေးကိုပြုတတ်သော သားရဲရှိသော။ မဂ္ဂံ။ ခရီးကို။ ပရိဝဇ္ဇေတိ ယထာ။ ကြဉ်ရှောင်သကဲ့သို့၊ ပရိဝဇ္ဇေယျ၊ ဝေးဝေးကင်းကွာ၊ ရှောင်ကြဉ်ရာ၏။

ထို့ကြောင့် အလွန်ကြီးလေးလှသော။ ဘုရားရှင်စေတီတော်တို့အား။ မရိုမသေပြုခြင်း၊ ပြောဆိုပုတ်ခတ်ခြင်း၊ ချိုးဖဲ့ဖျက်ဆီးခြင်းစသော မသူတော် သူယုတ်မာ-အောက်လမ်းသွားတို့၏ အပြုအမူ အပြောအဆို အကျင့်အကြံတို့ကို။ ကြပ်ကြပ်ကြီးသတိပြု၍။ "အသေဝနာ စဗာလာနံ" ကျမ်းဂန်အရ။ ဝေးဝေးကြီးရှောင်ရှားကြလျက်။ အစဉ်နေယျ။ ဂုဏ်ပေါင်းခသော ဘုရားရှင် စေတီတော်တို့ကို။ ဂုဏ်တော်မပျက်။ အာရုံဘက်၍။ နှစ်သက်ကြည်ညိုစွာ ဆည်းကပ်ကိုးကွယ်ကြရမည်။ ဤကဲ့သို့မရေမတွက်နိုင်သော ဂုဏ်ပေါင်းသခင် ဘုရားရှင်ကိုဆည်းကပ်ကိုးကွယ်၍ ရှိခိုးပူဇော်ကြရကုန်သောသူတို့သည်။ မရေမတွက်နိုင် မကြံစည်နိုင်သော အာနိသံ အကျိုးကို ဖွင့်ဖြိုးစွာ ရရှိကြောင်းကို။ အပဒါန်ပါဠိတော်၌။ ဟောတော်မူထားတဲ့ ဂါထာတော်မြတ်ကို ထုတ်ပြလိုက်ဦးမည်။ နှုတ်ငုံအရဆောင်၍ထားကြပါကုန်။

၉၀· အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။ ။

## အပဒါနပါဠိတော်။

၉၀၊ ဤသို့များမြတ်- သုံးမသတ်အောင် ရေးသားပြသို အပ်ခဲ့ပြီးသောနည်းဖြင့်။ ဗုဒ္ဓါ၊ သဗ္ဗညလေးရပ်၊ ပရမတ်ကို။ ဆတ်ဆတ်သိမြင်။ ဘုရားရှင်တို့ကို။ အစိန္တိယာ။ ဤ၍-ဤမျှ၊ ဂဏန်းချထည်း။များလှဖုံဖုံ၊ မကြံစည်အပ်၊ မကြံစည်နိုင်လေကုန်။ ဗုဒ္ဓဓမ္မာ၊ဘုရားရှင်၏၊ဘုန်းတော်ကံတော်၊ သမ္ဘာတော်နှင့်၊ ဉာဏ်တော်အနန္တ၊ အံ့ဩ၍မပြီး၊ ချီးမွမ်း၍ မကုန်နိုင်သော၊ ကျေးဇူးတော်-ဂုဏ်တော်မြတ်တို့ကိုလည်း။ အစိန္တိယာ။ဤ၍ ဤမျှ၊ ဂဏန်းချလည်း၊ များလှဖုံဖုံ၊ မကြံစည်အပ်၊ မကြံစည်နိုင်လေကုန်၊အစိန္တိယေ၊မကြံစည်အပ်၊မကြံစည်နိုင်၊ပြန့်လှိုင်ဘုန်းတော်၊ ထင်ပေါ်ကျော်ကြား၊ မြတ်ဘုရားနှင့်၊ များပြားဥဿုံ၊ ပြောမကုန်သည့်၊ ကျေးဇူးတော်ဂုဏ်တော်မြတ်၌။ ပသန္နာနံ၊ ကြည်ညိုမြတ်နိုး၊ မပြတ်ကျိုး၍၊ ဝပ်သျိုးဆည်းကပ်၊အထပ်ထပ်အောက်မေ့ကြကုန်သော၊ပြဟ္မာနတ်လူ၊ သုံးဘုံသူတို့အား၊ အစိန္တိယော၊ မကြံစည်အပ်၊ မကြံစည်နိုင်သော။ဝိပါကော၊ အာနိသံသ၊ ကျိုးဖလသည်။ ဟောတိ။ စိတ်သာချပေတော့၊ ဒိဋ္ဌဖြစ်ရ- ရရ-လေတော့သတည်း။

သက်ငေတာ်ထင်ရှား မြတ်ဘုရားနှင့်တကွ၊ ဘုရားရှင်ကိုယ်တော်စွဲး၊စေတီတော်များတို့အား။ ကိုးကွယ် ဆည်းကပ်မှု၊ အစုစုအခကာ်းခကာ်းတို့ကို။ လူတိုင်းရှင်းလင်းသိသာအောင်၊ ကျမ်းဂန်အရပ်ရပ်မှ၊ ထုတ်နုတ်၍။ အကျိုးအပြစ်တို့ကို၊ စိစစ်၍ပြခဲ့သော၊အထွေထွေစကား၊ ဝတ္ထုသက်သေများကို။ တွေ့မြင်ဘတ်ရှုရသော ပုဂ္ဂိုလ် "ရှူ"မှန်သမျှတို့သည်။ နှိပ်ဟာမပွါး၊ ထင်ထင်ရှားရှား၊ သိလောက်ကြပေပြီဖြစ်၍၊ ကျမ်းငယ်ဖြစ်သဖြင့်၊ စကားကိုကျဉ်းနိုင်သမျှကျဉ်း၍။ လိုရင်းအဓိပ္ပါယ်ကို ပေါ်လွင်နိုင်သမျှ ပေါ်လွင်အောင်ရေးသားရသော။ ဘုရားရှင်စေတီတော်ခကာ်းလည်း-ဘခမ်းတနား။ရေးပြသွားသည်မှာ။ အတော်ပင်များပြီဖြစ်၍။ စာရှုသူလူအပေါင်းတို့။ ကောင်းကောင်းကြီးနားလည်လောက်ကြပြီဖြစ်သောကြောင့်။ဤအခကာ်းတို့ကို၊ ဤမျှပင်ရပ်လိုက်ရပါတော့သည်။ ဤအလွန် အရေးကြီးလှသော ဘုရားရှင်စေတီတော်ခကာ်းတို့ကို။ ပင်ပန်းသည် သဘောမထားဘဲ။ သဒ္ဓါတရားရွှင်ရွှင်နှင့် တွင်တွင်ကြီးအထပ်ထပ် ဘတ်ရှုတော်မူကြပါရန်ကိုလည်း။အထူးမေတ္တာရပ်လိုက်ပါကြောင်း။

ဤကားဘုရားရှင်-စေတီတော်ခကာ်းအရပ်ရပ်
အပြီးသတ်သတည်း။

## အထူးသတိပြုကြရန်အချက်ကို ပြခြင်း။

ယခုအခါကာလ၌။အချို့အသိဉာဏ်နည်းသူ။ မသူတော်နရက်သွားတို့က။ဘုရားရှင်၏တရားတော်နှင့် မလျော်သော၊ ပြောမှား၊ ဆိုမှား၊ယင်းစကားတို့ကို၊ များချားကြီးရှောင်ရှားကြရမည်။ ဘာ့ကြောင့်လဲဆိုတော့ ...ကဿပ ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးလေသော်။ ထိုဘုရားရှင်သာသနာ၌ ရဟန်းပြုသော "**ကပိလရဟန်းကြီး**"သည်။ ပိဋကတ်ကျမ်းဂန်ကိုအလွန်တတ်သိငြားသော်လည်း။ ။အခြံအရံပရိသတ်-လာဘ်သပ္ပကာကို တတ်နှစ်သက်ကာ၊မိမိ၏ သောကဋ္ဌထင်ရှားလိုသောစိတ်ယုတ်မာရှိသည်ဖြစ်၍။သူတပါးတို့ကဓမ္မ၏ဟုဆိုသော်-မဓမ္မဟုဆိုလေ၏၊ သူတပါးက မဓမ္မဟု ဆိုလေသော်။ဓမ္မ၏ဟုဆိုကာ။ တဂိုဏ်းထောင်၍၊ တိုင်းဘောင်လှည့်ပြီး၊မဟုတ်မတရား။ဟောကြားသည်ကို။"**ကပိလကြီး**"၏အမေ"**သာဓနီ**"နှင့်နှစ်မ"**တာပနာ**"တို့လည်းဘိက္ခုနီပြု၍။ "**ကပိလ**" အယူကို ယူကာ၊ ရဟန်းကောင်း- သူတော်ကောင်းတို့အား၊ ပုတ်ခတ်ဆဲရေး၏။ "**ကပိလ**"ကြီးကဲ့သို့-မဟုတ်မမှန်ပြောဟော၏။ ။

ဥပမာအခြားသောပုဂ္ဂိုလ်များက ဘုရားရှင်စေတီတော်များကို။ပန်း-သစ်သီး-ဆွမ်း-ရေချမ်းတို့ဖြင့်ရှိခိုးပူဇော်သော်။ လူ-နတ်-နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာကို ရရှိခံစား ရကြောင်းကို-ဘုရားရှင်အလိုတော်ကျ။ တရားနှင့် လျော်ညီစွာ ဟောလေသော် ဆွမ်းတော်ကပ် ကြွက်စာ-ဆီမီးထွန်း

ကြွက်လင်းပြ၊ ဒါနကိုပယ်မှ- သံသရာတိုလှမည်စသည်ဖြင့် တဂိုဏ်းထောင်၍ ဖေါင်လောက်အောင် ဟောကြသလို "ကပိလကြီး"နှင့်၊ သူ၏ ဂိုဏ်းသားတို့လည်းဓမ္မကိုအဓမ္မ၊ အဓမ္မကိုဓမ္မဟုဟောပြော၍။ သာသနာကို ပျက်စီးအောင်ပြုလုပ်နေသောအခါ။ "အစ်ကိုအရင်းဖြစ်တဲ့ သာဂတာချဟာန္တာ မထေရ်မြတ်"က။ ညီမောင်ကပိလ၊ သင်၏အယူကားမဟုတ်မမှန်သည်ဖြစ်၍၊ ဤသို့မဟောလေနှင့်။ သာသနာကိုပျက်စီးအောင်မပြုပါနှင့်ဟု အတန်တန်တားမြစ်-ဆုံးမ- ဟောပြပါသော်လည်း။ မိမိ၏ အယူမိစ္ဆာကို မစွန့်လွှတ်ဘဲ ရှေးနည်းအတူမဟုတ်မမှန်သော တရားတို့ကိုသာ ဟောမြဲဟော၍။ ကဿပဘုရားရှင်သာသနာကိုပျက်ဆီးခဲ့သဖြင့်။ သေသည်၏အခြားမဲ့၌၊ အဝီစိငရဲသို့ကျရလေ၏၊ သူ၏အမိနှင့်နှစ်မငယ်တို့လည်း"ကပိလ"ကဲ့သို့ အဝီစိငရဲကြီးသို့ပင်ကျရောက်ကြလေကုန်သည့်ပြင်"ကပိလ"၏အယူကိုအဟုတ်မှတ်၍ ယူမိကြသော သူ၏ တပည့်ပရိသတ်တို့လည်း "ငရဲ"၌သာ-ကျကြရလေကုန်၏၊

ထိုကပိလကြီးသည်။ငါတို့ဘုရားရှင်လက်တော်မှာ။ ရွှေအဆင်းနှင့်တူ၍။ ခံတွင်းအလွန်ပုပ်ဟောင်သောငါးကြီးလာဖြစ်လေ၏။ ရွှေအဆင်းနှင့်တူသည်ကား။ ပဋ္ဌမ-ပိဋကတ်ကို ကောင်းစွာ သင်ယူသော။ ရဟန်းအဖြစ်က အကျိုးဆက်ကြောင့်ဖြစ်၏၊ နောင်တရားဟုတ်သည်ကို မဟုတ်-မဟုတ်သည်ကိုအဟုတ်ဖြစ်အောင်။ ဟုတ်မဟုတ်-ယုပ်ဓာတ်တို့

ကိုပေါခဲ့သောကြောင့်။ ခံတွင်းကား"ဟ"လိုက်လျှင်။ မည်သူမှမချဉ်းကပ်နိုင်အောင်ပုပ်လေ၏။

ထို"ကပိလငါးကြီး"ကို။တငါတို့မိ၍-ကောသလမင်းကြီးကိုဆက်သဖြင့်။ တဖန်မင်းကြီးက ဇေတဝန်ကျောင်းတော်သို့ယူသွား၍။ ဘုရားရှင်အားပြလျှက်။ အကျိုးအကြောင်းလျှောက်ထားလေသော်။ ဘုရားရှင်က- ရဟန်း ပရိသတ်၊ မင်းပရိသတ်တို့၏ရှေ့မှာပင်။ "ကပိလငါးကြီး"ကို မေးလေလျှင်။ နောက်က အကြောင်းမှန်တို့ကို အကုန်ပြန်၍ ဝန်ခံလျှောက်ထားလေ၏။ ထိုအခါဘုရားရှင်က- "ကပိလ"သင့်အစ်ကိုရင်း"သာဂတမထေရ်" ယခုဘယ်မှာလဲဟုမေးလေသော်။နိဗ္ဗာန်သို့ကူးကြွပါပြီဘုရား။ဒါဖြင့်-သင်၏အမေ"သာဒိနီ"နှင့် နှစ်မ တာပနာ တို့ကော၊ ယခုဘယ်မှာလဲဟုမေးပြန်သော်။နှစ်ယောက်လုံးအဝီစိမှာပါဘုရားဟု လျှောက်လေသော်-ဒါဖြင့်။သင်၏"ငါး" ဘဝကသေလျှင်ဘယ်သွားမည်လဲဟုမေးတော်မူပြန်သောအခါ။ ဘုရားဘပည့်တော်သည်-ဤဘဝမှသေသော်။ "အဝီစိငရဲကြီး" သို့ ပြန်ဆင်းရပါအံ့မည်ဟုလျှောက်ထား၍။ မိမိ၏နောက်နောက်ကပြုခဲ့မိသောမကောင်းမှုတို့ကို ဘုရားရှင်၏ထံမှောက်။လာလျှောက်ထားရသည်ကိုရှက်နိုးခြင်း။အဝီစိသို့တဖန်ပြန်၍ ဆင်းရမည်ဖြစ်ခြင်းတို့ကြောင့်။အလွန်ပြင်းပြင်ဆင်းရဲ။နှလုံးကွဲမျှပူပွဲဝင်ကာ။တပျတ်ပျတ်လူးလှိမ့်၍။လှေနံရံနှင့်ခေါင်းနှင့် ဆောင့်ကာသေဆုံး၍။အဝီစိငရဲသို့။ဘဖန်ကျရပြန်ကြောင်းကို။ "ဓမ္မပဒပါဠိတော်-အဋ္ဌကထာ" ကပိလမစ္ဆဇာတ်၌။ ထင်ရှားစွာဟော

ကြားထားတော်မူသောတရားတို့ကို။ သေသေချာချာကြည့်ရှုသတိပြု၍။တရားနှင့်မလျော်။ မသူတော်တို့၏ စကားကို။ များများကြီး ရှောင်ရှားကြရာသည်။

သို့ဖြစ်၍ဘုရားရှင်သာသနာတော်ကြီးမှာ၊လူလာဖြစ်ရပါလျက်။ လူဖြစ်ကျိုးမနပ်မဖြစ်ကြပါစေနှင့်။ ယခုကာလငါတို့မြန်မာပြည်ကြီး၌။ အယူကွဲပြားဘာသာခြားတို့အား လွန်များ၍။ မိစ္ဆာဝါဒပျံ့နှံ့နေရတဲ့အထည်းမှာ။ အတွင်းရန်သဘော **ဗုဒ္ဓဘာသာ** အမည် ခံပြီး၊ ဘုရား သာသနာ ဆုတ်ယုတ်ပျက်ပြားအောင်မလုပ်ကြပါနှင့်။ ပညာရှိသူတော်ကောင်းတို့က လည်း "**မနေ့ဥဿန္တံ-ဓေတာသန္တိ-မနုဿာ**" ဟူသော ဝိဂြိုဟ်ဝစနတ္ထနှင့်အညီ။ ရှေ့ရေးနောက်ရေး သိတတ်သော။ အမြော်အမြင် အဆင်ခြင်ရှိနိုင်သည့် လူ့ဘဝ ရလာကြပါလျက်။မဟုတ်မတရား မသူတော်တို့၏စကားကို။ယောင်မှားကြပါလျှင်။ မိမိတို့၏ဘဝကောင်းဘဝမြတ်ကြီးကို၊ ရေတိမ်တွင် အနစ်ခံလိုက်ကြ၍ ဘဝကိုဆုံးရှုံးစေလျက်။ လူဖြစ်ကျိုးမနပ်ဖြစ်ကြတတ်သည်ကို။ ကြပ်ကြပ်ကြီးသတိထားကြရန် အမြဲ နှုတ်ငုံထားဘို့ ပါဋ္ဌတော် စကားဖြင့် မှတ်သားကြရန် သတိပေးလိုက်ဦးမည်။အရကျက်၍ နှုတ်တက်ဆောင်ကြပါ။

မနုဿ-လာဘံ-လဒ္ဓါန၊
သဒ္ဓမ္မေ သုပ္ပဝေဒိတေ။
ယောဇနာ-နာဝိဂစ္ဆန္တိ၊
အတိနာမေန္တိ တေ ခဏံ။ ။

အဋ္ဌကထာရပါဋ္ဌတော်။

ယောဇနာ၊ အကြင်လူတို့သည်။ သုပ္ပဝေဒိဟော၊ မြတ်စွာဘုရားသည် ကောင်းစွာသိစေတော်မူအပ်သော။ သဒ္ဓမ္မေ၊ သူတော်ကောင်းတရား၌။ မနုဿလာဘံ၊ တရားစစ်တရားမှန်ကို ဧကန်ကျနစွာ သိမြင်နိုင်သော လူ့အဖြစ် ရခြင်းကို။ ထဒ္ဓါန၊ ကံကောင်းထောက်မ၍ရကြရပါကုန်လျက်။ သဒ္ဓမ္မေ၊ သူတော်ကောင်းတရားတို့ကို။ နာဓိဂစ္ဆန္တိ၊ မသိ-မရလိုက်ကြလေကုန်။ တေဇနာ၊ ထိုလူတို့သည်။ ခဏံ၊ ဗုဒ္ဓုပ္ပါဒနဝမခဏ-မနုဿတ္တလာဘခဏကို။ (ဝါ) တွေ့ခဲကြုံခဲလှစွာသော ဘုရားရှင် သာသနာတော်မြတ်ကြီး၌။ လူဖြစ်၍ လာရသော အခါကောင်းကြီးကို။ အတိနာမေန္တိ၊ အလကားဖြုန်း၍အသုံးမကျအောင်လွန်စေကြလေကုန်၏။ (ဝါ) ဤဘဝဆုံးလူဖြစ်ရှုံးကြ ရလေကုန်တော့သတည်း။

ဤတရားတော်မြတ်ကိုမှတ်သား၍။ အထက်ကပြခဲ့သော ဘုရားရှင် စေတီတော် တို့ကို။ သာသနာတော်ကြီး၌။ ကံကောင်း ထောက်မ၍ လူ လာဖြစ် ကြရသောကြောင့်သာ။ ငါတို့သည် ကိုးကွယ်ဆည်းကပ်-မပြတ်အောက်မေ့နိုင်ကြပေသည် ဟု-ငမ်းသာစွာဖြင့်။ နေ့ညဉ့် မပြတ်-အထပ်ထပ် ပွါးများ ကုသိုလ်တရားတို့ကို အားထားပြုလုပ်ကြရာသည်။

(ဤကားအထူးသတိပြုကြရန်အချက်ကိုပြခြင်းပြီး၏)။

## ဒေဝတိဇတော်ဖြတ်အရင်ရပ်တို့ကို ရှိခိုးကန်တော့ရန် ဗုဒ္ဓပဏာမဂါထာများ။

ဟံ သရော့ ဦး ဓိမာလီ၊
သာ ရကာရံ သု စာပတိ။
ဝ န္တနေယျံ မ ဟာသာဟံ၊
တိ ရပတ္တံ န မေမဟံ။ ။

ဟံသရော့၊ ငှက်တို့သနင်းဟင်္သာမင်းကြီးနှင့်တူတော်မူပေသသော။ ဦဓိမာလီ၊ အစောက်လည်းနက်၊ အပြောလည်းကျယ်၊ မဟာသမုဒ္ဒရာ ပင်လယ်နှင့်တူသော၊ ပညာတော်သည်းရှိတော်မူပေထသော။ သာရကာရံ၊ လူနတ်ဗြဟ္မာသတ္တဝါကို၊ ကရုဏာပွါး၊စဉ်သနားသဖြင့်၊ ထင်ရှားစွာ ဒုက္ခဝတ်ခပင်းမှ၊ ရချလွတ်ကင်းအောင်၊ ကယ်မစောင့်ရှောက်တော်မူသည်ဖြစ်၍၊ ကောင်းချီးပေးခြင်းငှါထိုက်တော်မူပေထသော။ သုစာပတိ၊ နတ်တို့သနင်း သိကြားမင်းကြီးနှင့်သည်း တူတော်မူပေထသော၊ ဝန္တနေယျံ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါခပင်းတို့၏ရှိခိုးခြင်းငှါထိုက်တော်မူပေထသော။ မဟာသာဟံ၊ ကိုယ်နှင့်အသက်၊ မငဲ့ကွက်ဘဲ၊ ထက်မြက်လုံ့လ၊ ဥဿာဟနှင့်သည်း၊ပြည့်ဝတော်မူပေထသော။ တိရပတ္တံ၊ နိဗ္ဗာန်တည်းဟူသောကမ်းတဘက်သို့၊ လှမ်းဘက်, ကူးရောက်တော်မူပြီးထသော။ ဘဂဝန္တံ၊ ဣဿရိယ,ဓမ္မ, ယသ,သိရိ,ကာမ,ပယတ္တ-ခြို။ခြောက်ဘုန်းဂုဏ်နှင့်၊ ပြည့်စုံကျော်ကြား၊မြတ်ဘုရားကို။

အဓဟာံ၊ ရုပ်နာမ်နှစ်ပါး၊ ခေတ်တရားကို၊ မှတ်သားမှည့်ခေါ် တပည့်တော်သည်။ နမေ-နမာမိ၊သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏မြတ်စွာဘုရား။

| | | | |
|---|---|---|---|
| ဟံ | သိကော ယော | ဦး | နာဝိရော၊ |
| သာ | မံ ဖိနော | သု | ခေသိနော။ |
| ဝ | ရံဒဒေါ | မ | နောတိကြော၊ |
| တိ | ရောညဏော | နုံ | မာမဟာ။ ။ |

ယောဘာဂဝါ၊ဘုန်းတော်ခြောက်ပုံ၊ တန်းခိုးဂုဏ်နှင့်၊ ကုံလုံပြည့်ငြား၊ အကြင်မြတ်စွာဘုရားသည်။ ဟံသိကော၊ သံသရာစခန်း၊ ထွက်ရာလမ်းကို၊မြော်မှန်းငန့်စား၊ သတ္တဝါများတို့၏။ အားထားရာအစစ်၊ ရှင်လမ်းနှစ်သက်ခြင်းကိုလည်း၊ ဖြစ်စေတော်မူပါပေ၏။ ဦနာဝီရော၊ ယောကျ်ားဘ,သား-ငါ တကားဟု၊ စိတ်ထားမြင့်မြတ်၊နိဗ္ဗာန်ခေတ်ကို၊ ရအပ်လေအောင်၊ ယူဆောင်နိုင်သော။ လုံ့လ,ဝီရိယလည်း ရှိတော်မူပါပေ၏။ သာမံ၊ဘယ်သူဘယ်ဝါ၊ မကူပါဘဲ-မိမိအလိုလို၊ ကိုယ်တော်တိုင်သာ။ ဖိနော၊မာရ်မင်း၏ရန်စွယ်ကို၊ အမှန်တကယ်-အောင်မြင်ခြင်းလည်း ရှိတော်မူပါပေ၏။ သုခေသိနော၊သတ္တဝါအပေါင်းတို့၏၊ကိုးကွယ်အားထား၊ ချမ်းသာများကို၊ မနားမနေ၊ရှာဖွေခြင်းလည်း ရှိတော်မူပါပေ၏။ ဝရံဒဒေါ၊အမြတ်ချမ်းသာ၊နိဗ္ဗာန်ရတနာကိုလည်း၊သေချာ ထုတ်ပေါ်၊ပေးစွမ်းတော်မူနိုင်ပါပေ၏။မနောတိကြော၊အစဉ်မပျက်

အရောင်အဝါထွက်၍နေသောစိန်သံလျက်ကဲ့သို့၊ ထက်မြက်သော စိတ်နှလုံး တော်လည်း ရှိတော် မူပါပေ၏။ တိရော ဉာဏော၊ ပဋိစ္စစက်၊ဝဲဂရက်ကို၊ ခွဲဖျက်ချတ်ဖြတ်နိုင်သော၊ ဉာဏ်တော်ထည်းရှိတော်မူပါပေ၏။တံဘဂဝန္တံ၊ထိုမြတ်စွာဘုရားကို။ အဟံ၊ရုပ်နာမ်နှစ်ဖြာ၊ ပေါင်းကာရတည့်၊ ဘုရား တပည့်တော်သည်။ နမာမိ၊နဖူး-ဒူး လက်၊တည်ငါးချက်ဖြင့်၊ မပျက်ဝပ်လျှိုး၊လက်စုံမိုး၍၊ရှိခိုးပါ၏မြတ်စွာဘုရား။

## ဓာတုစေတီဘုရားရှိခိုး။

ဆဗ္ဗညုရံသိသံကိဏ္ဏံ၊
သိရိသောဘဂ္ဂသမ္ပန္နံ။
သဗ္ဗသတ္တာနံ အရဟံ၊
ဝန္ဒာမိ ဓာတုစေတိယံ။ ။

ဆဗ္ဗညုရံသိသံကိဏ္ဏံ၊ ညို-ရွှေ-နီ-ဖြူ-ရောင်မှုပြိုးပြက်-တခဲနက်သော ရောင်ခြည်တော်တို့ဖြင့်၊ ပြိုးပြွမ်းရောယှက်၊ နှစ်သက်ကြည်ညိုဘွယ်သည်းရှိတော်မူပေထသော။ သိရိသော ဘဂ္ဂသမ္ပန္နံ၊ဇမ္ဗူတခွင်မှာ၊မတူမယှဉ်သာအောင်၊ တင့်တယ်သောအသရေ မင်္ဂလာနှင့်လည်း ပြည့်စုံတော်မူပေထသော။ သဗ္ဗသတ္တာနံ၊ လူနတ်ဗြဟ္မာ၊များစွာသောင်းသောင်း၊သတ္တဝါ အပေါင်းတို့၏။အရဟံ၊လေးဖြာပစ္စည်း၊ အနည်းနည်းတို့ဖြင့်၊ ချီးမြှောက်ပူဇော်ခြင်းငှါ ထိုက်တော်မူပေထသော။ ဓာတု

စေတိယံ၊ ရွှေတုံးရွှေခဲ၊ရွှေကိုယ်ထဲမှ၊တခဲနက်၊ထွက်ပေါ်၊ ဓာတုစေတီတော်ကို။(ဝါ)ဓာတ်တော်တည်ထားမြတ်ဘုရား၏၊ ကိုယ်စားတော်တည်၊ မြတ်စေတီကို။ အဟံ၊ ခန္ဓာနာမ်ရုပ်၊ အကောင်ပုတ်ကို၊ သရုတ်မှည့်ခေါ်၊ တပည့်တော်သည်။ ဝန္ဒာမိ၊ရှိသေမြတ်နိုး၊လက်စုံချီး၍၊ရှိခိုးပါ၏မြတ်စွာဘုရား။

## ပရိဘောဂစေတီဘုရားရှိခိုး။

တိဝိဓ သုခ ဒါပေန္တံ၊
ပုညဖလဝိဝဍ္ဎနံ။
ပရိဘောဂဥ္စေတိယံ၊
ဝန္ဒာမိ သိရသာမဟံ။ ။

တိဝိဓသုခဒါပေန္တံ၊ လူ၊နတ်၊နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာမြတ်ကို ပေးစွမ်းတော် မူပေတတ်ထသော၊ ပုညဖလဝိဝဍ္ဎနံ၊ ကောင်းမှု၏အကျိုးကို၊ အများမျိုး တိုးပွါးစေတတ်ထသော။ ပရိဘောဂဥ္စ-စေတိယံ၊၊ဗုဒ္ဓမြတ်စွာစောသဗ္ဗညာ၏ သုံးဆောင်ရာ ဖြစ်သောကြောင့်၊ ပရိဘောဂ....လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ဝေနေ၊ များဖိုလ်ခြေ တို့၏၊ အရို အသေ ပြုအပ်သောကြောင့် စေတီယ-ဟူ၍ ရအပ်သော အမည် ပညတ်၊ဂုဏ်သကတ်ကြောင့်၊ ထူးမြတ်ထင်ပေါ်၊ပရိဘောဂစေတီတော်ကို။ အဟံ၊ သံသရာစခန်း၊ ထွက်ရာလမ်းကို၊ မျှော်မှန်းရည်ရော်၊တပည့်တော်သည်။ သိရသာ၊ ဦးခေါင်း

ရတနာ၊ မြတ်အာဂ်ါဖြင့်။ ဝဏ္ဏာမိ၊သဒ္ဒါညွတ်နူး၊ တည်ငါးဦးဖြင့်၊ ရှင်မြူးကြည်သာ၊ ရှိခိုးပါ၏ မြတ်စွာဘုရား။

**ဥဏှိသသစေတီဘုရားရှိခိုး။**

သဗ္ဗဘသ-နိဝါရနံ၊
နိဗ္ဗသုခ ပဝတ္တနံ။
နမာမိ သဗ္ဗ သိဒ္ဓနံ၊
အဟံ ဥဏှိသသစေတိယံ။ ။

သဗ္ဗဘယနိဝါရနံ၊များစွာသောင်းသောင်း၊ဘေးအပေါင်းတို့ကို၊တခဏတွင်း၊ တားမြစ်ခြင်းငှါ စွမ်းနိုင်ပေထသော။ နိဗ္ဗ-သုခ-ပဝတ္တနံ၊အမြဲမပြတ်၊အမျိုးမျိုးသော၊ ချမ်းသာမြတ်ကို၊ဖြစ်စေတော်မူဘတ်ထသော။ သဗ္ဗသိဒ္ဓနံ၊လုံးရုံများစွာ၊လိုရှိရာကို၊မကြွင်းချက်ခြင်း၊ ပြီး,ပြည့်ရုံနိုင်စေခြင်းငှါလည်း၊ တတ်စွမ်းတော် မူနိုင်ထသော။ ဥဏှိသသစေတိယံ၊ ရှင်တော်ဘုရား၊ ကိုယ်တော်စားကို၊ ပုံထားရည်ရော်၊ **ဥဏှိသသစေတီတော်ကို**။အဟံ၊ခန္ဓာငါးရပ်၊ရုပ်ကလာပ်ကို၊ပညွတ်မှည့်ခေါ်၊တပည့်တော်သည်။ နမာမိ၊ ဟတ္ထတင်၍၊ အဥ္ဇလီဖြင့်၊ရှင်ကြည်မြတ်နိုး၊မပြတ်ကျိုး၍၊ရှိခိုးပါ၏မြတ်စွာဘုရား။

**ပါဒစေတီတော် ဘုရားရှိခိုး။**

အပါယ သတ္တနာသကံ၊
နိဗ္ဗ ပါပ ဝိဓမနံ။

နာထံ ဒေဝမနုဿာနံ၊
ဝန္ဒာမိ ပါဒစေတိယံ။ ။

အပါယသတ္တနာယကံ၊ အပါယလေးဒုက္ခဘေးမှ၊ မနှေးမြန်စွာ၊ သတ္တဝါကို၊ လွတ်ရာလွတ်ကြောင်း၊ လမ်းကောင်းထွင်လို့၊ နိဗ္ဗာန်မြို့သို့၊ ဆောင်ဖို့ ကယ်တင်တော်မူပေထသော။နိစ္စံ၊အမြဲ။ပါပဝိဓမနံ၊မကောင်းပါပ၊ ရန်မျိုးဟူသမျှကို၊ တစမကျန်၊ တွန်းလှန်မှုတ်လွှင့်တော် မူပေထသော။ ဒေဝမနုဿာနံ၊နတ်လူတို့၏။နာထံ၊သံသရာစခန်း၊ထွက်ရာလမ်းမှ၊ မှိုင်ငြမ်းတရ၊အားကိုးအားထားရာအစစ်၊ ကိုးကွယ်ရာလည်း ဖြစ်တော် မူပေထသော။ ပါဒစေတိယံ၊ သတ္တဝါ အများ၊ ငဲ့သနား၍၊ချထားပေအပ်၊ ပါဒစေတီတော်မြတ်ကို။ ဝါ။ခြေစက်တော်ခေါ်၊ စေတီတော်ကို။ အဟံ၊ နိဗ္ဗာန် ရည်ရော်၊ တပည့်တော်သည်။ ဝန္ဒာမိ၊ခြေ၊လက်၊နဖူး၊တတောင်၊ဒူးဖြင့်၊ တည်ဦးငါးမျိုး၊တုပ်ဝပ်ကျိုး၍၊ရှိခိုးပါ၏မြတ်စွာဘုရား။

---

ဥဿယျာဇဥ္ဇဂါထာများ။

ဟံ သာဘိချ သုဝဏ္ဏဝ၊
သာ သန္တ ဟိတာဝရံ။
ဝ ဝဋ္ဋိတံ ရစယိံ ဟံ၊
တိ ရန္တရံ ပကာရဏံ။ ။

ဦး ဟာနုန္တာပိ ခါရေထ၊
သု ခကာမာ ဝရာဝရံ။
မ လာဘုမိဝ မဏ္ဍူ၊
နု နွိတံ ပရိယောသိတံ။ ။

ဟံသာဝတီချ သုဝဏ္ဏဝ၊ အမြဲမပြတ်၊ သိုမှိုးသိမ်းဆည်း အုပ်သော၊ ရွှေငွေရတနာနှင့်တူထသော။ သာသနဓုဟိတာ ရရံ၊သာသနာသုံးမျိုး၏ အကျိုးစီးပွါးကို ဆောင်နိုင်ထသော။ ဝဝဏ္ဏိတံ၊အမျိုးသားတို့၊အကျိုးများဘို့၊ အကိုးအကားအရံ၊ ဝဏ္ဏပုံပြင်ဖြင့်၊ ရုံလင်ပြည့်ဝသည်ဖြစ်၍၊ ပိုင်းခြားမှတ်သား ခြင်းငှါထိုက်ပေထသော။ တိရန္တ ရံ၊သံသရာတဘက်ကမ်း၊ နိဗ္ဗာန်နန်းသို့။ ပါပုဏာနံ၊ရချဆတ်ဆတ်၊ ရောက်စေတတ်ထံ သော။ ဓာဒံပကာရဏံ၊ သို့လော သို့လော၊ တွေးတောဖွယ်ဟာ၊ ကင်းစင်ပစေတတ်သည်ဖြစ်၍၊ကမ္ဘာသူ ကမ္ဘာသား၊ လူအ များတို့၏၊ အမြဲဆောင်ထားခြင်းငှါ ထိုက်သော "ဤကမ္ဘာ့ လက်စွဲကျမ်းကို"။အဟံ၊ဗုဒ္ဓဘာသာ၊သာသနာ့ပြုနယ်လှည့် ဝမ္မကထိက"ဟံသာဝတီဦးသုမန"အမည်ရသောငါသည်။ ရစယိ၊ပါဠိ့အဌကထာ၊ဋီကာ ရှာနောက်၊ ချင့်ကာထောက် ၍၊ သိထောက်အောင် တည်ထွင်လျက်၊ စီရင်ရေးသားလိုက် ပါပြီ။

ဦးဟာနုန္တာပိ၊ ဆင်ခြင်နှိုင်းချိန် တတ်သော အသိဉာဏ် ပညာနှင့်ပြည့်စုံသည်လည်းဖြစ်ကြကုန်သော။သုခကာမာပိ လူ,နတ်,နိဗ္ဗာန်၊သုံးတန်သောချမ်းသာကို အလိုရှိသည်လည်

ဖြစ်ကြကုန်သော။ မဟ္တာညှုပီ၊ အတိုင်းအဂျည်၊ ' အချိန်အခါ ကာလ၊ ပမာဏကိုလည်း သိကြကုန်သော။ တုမှေးကောင်း ကျိုးလိုလား၊ သင်အမျိုးသားတို့သည်။ ဝရာဝရံ၊မြတ်သည် ထက်မြတ်၊ကောင်းသည်ထက်ကောင်းစွာထသော။မဏိ ဘူမိ ဝ၊စိန်တွင်းကျောက်တွင်း၊ပတ္တမြားတွင်းနှင့် တူထသော။ နန္ဒိတံ၊သူတော်ကောင်းအပေါင်းတို့၊ နှစ်သက်အပ်ထသော။ ပရိယေသိတံ၊ချမ်းသာသုခ၊နိဗ္ဗာန်ရအောင်၊နေ့ညထပ်ထပ်၊ ရှာမှီးအပ်သော။ဣဒံပကရဏံ၊"ဤကမ္ဘာ့လက်စွဲကျမ်းကို"။ ခံရေထ၊ချမ်းသာသုခ၊ လိုတိုင်းရအောင်၊ တဦးတခုပ်ကျ၊ ဆောင်ထားလိုက်ကြပါကုန်လော့။

## နိဂုံးချုပ်ဥယျာဇဉ်ဂါထာ။

ဟံ့ သမာနာ ဦ ဟာယန္တု၊
သာ ရကာမာ သု ဒုလ္လဘာ။
ဝ ရာငရံ မ ဟာသိပိ၊
ဝီ ရဝမ္မံ နံ ယုဏ္ဍမ်။ ။

ဘောဇ္ဈော သပ္ပုရိသာ၊ ဤကမ္ဘာ့လက်စွဲကျမ်းစာကို၊ ဝမ်းသာစွာကြည့်ရှုသွဲ၊ သိမှတ်းပွါး၊အိုသူတော်ကောင်း အချားတို့၊ သာရကာမာ၊သာသနာဤခေတ်မှာ၊ အသိအနှစ်လိုလား၊သူတော်ကောင်းအများတို့သည်။ သုဒုလ္လဘာ၊ အလွန်အကျူး၊ အထူးရခဲ,တွေ့ခဲလှစွာသော။ဣဓသာသနေ၊ လိုရာသုမျိုး၊အမှန်တိုးတို့၊ အတိုးထိုက်စွာ၊ဤသာသနာတော်မြတ်

ကြီး၌။ ဝရုံဝရှိ၊လောကီရတနာ၊ အဖြာဖြာထက်၊ ဆတက်လွန်ကျူး၊ အထူးမြတ်စွာထသော။ မဟာ့ပွဲပီ၊ ကြက်သရေတန်းခိုး၊အမှန်တိုးတို့၊အမျိုးမကိုင်ရှိ၊အတိုးထိုက်စွာသော။တိရဝမ္မံ၊နိဗ္ဗာန်သောင်ကမ်း၊ခေမာနန်းသို့၊မပန်းမချူ၊ပေါင်ကူးတို့ဖြင့်၊ဆောင်ပို့ခြင်းသဘောရှိထသော။ နယုတ္တမံ၊ဒါန,သီလာ၊ဘာဝနာတသီး၊ ကောင်းမြတ်တဲ့နည်းကို။ ဟံသမာနာ၊သဒ္ဓါ.ပဲ့လွှမ်း၊ဇောပီသန်း၍၊ ရွှင်လန်းအလျောက်၊ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ဦဟာယန္တု၊ မနေမနား၊ လွန်ကြိုးစား၍၊ တရားမယုတ်ရအောင်၊ အားထုတ်လိုက်ကြပါကုန်လော့။ ဦဟာယန္တု၊ ကမ္ဘာမှာ၊ ယခုလိုတခါတရံ၊ ပေါ်လာတို့ရာခဲယဉ်းလှစွာသော၍ကျမ်းခုကို၊မှိုင်မြမ်းကာအယူချော်တာ.တွေပျက်စေတို့၊ သူတော်တကာတို့ ကျက်စရာ အနှစ်အဆီအဝဝတို့နှင့်၊စနစ်အတည်တကျ ရေးပြသည့် ဒေသနာကို၊သေအချာသတ်ပြုလို့ရှိ၊ ကြည့်ရှုကာ အစဉ်မပြတ်ကြစေ.ဘဲ၊သင်-မှတ်၍ အားထုတ်နိုင်ကြပါစေကုန်သတည်း။

၁၃၀၁-ခုနှစ်၊နယုန်လပြည့်ကျော် ဂ-ရက်၊သောကြာနေ့ညဉ့် ၉-နာရီနှင့် ၅-မိနစ်အချိန်တွင်၊၍ကမ္ဘာ့လက်စွဲကျမ်းကို။ရေးသားစီရင်၍။၍တွင်အပြီးသတ်သတည်း။

ကမ္ဘာ့လက်စွဲကျမ်း ပဌမတွဲ ပြီး၏။

J